အဝိပ္ပဝါသံ **အ**ဇာနန္တာပိတိဣဒံ၊ **အ**ဝိပ္ပဝါသံ **အ**ဇာနန္တာပိ-ဟူသော ဤစကားကို။ မဟာသီမာယ၊ မဟာသိမ်၏။ ဝဇ္ဇီမာနဝိဇ္ဇမာနတ္တံစ၊ ထင်ရှား ရှိသည် မရှိသည်၏ အဖြစ်ကိုငင်း။ တသာ၊ ထို မဟာသိမ်၏။ ဗာဟိရပရိ ဆေဒဠ္ဆ၊ အပဖြစ်သော အပိုင်းအခြားကိုငင်း။ **အ**ဇာနန္တာနံ၊ **မ**သိကုန်သော ရဟန်းတို့၏။ ဝသေန အစွမ်းဖြင့်။ အစားရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုပေတော်မူ ပ၏။ ဧဝံ၊ ဤသို့။ **အ**ဇာနန္တေဟိပိ၊ **မ**သိကုန်သော ရဟန်းတို့သည်ပင်လည်း။ **အ**ဇာနန္တာ**သီ**မာယ၊ **မ**ဟာသိမ်**အ**တွင်း၌။ ကမ္မဝါစာယ၊ ကမ္မဝါစာကို။ ကတာယ၊ ရွတ်ဖတ်သိုင်းကိုပြုအပ်သည်ရှိသော်။ သာသီ၊ ထိုမဟာ သိမ်သည်၊ သမ္ဘူဟတာ၊ **နှုတ်**အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဣတိတသ္မာ၊ ထို ကြောင့်။ သမ္ဘူဟနတုဠ္ဠဝ ဗန္ဓိတုဠ္ဠ သက္ခေါ သန္တိ၊ သမ္ဘူဟနိတုဠ္ဠဝ ဗန္ဓိတုဠ္ဠ ဟူ၍။ အစရှိသော၊ ဋီကာ ထာဆရာသည်။ အာဟ၊ မိန့်ဆိုတော်၏။ (ဤကား ၎င်းဋီကာ၏အနက်။)။

ပုံ-၁၁ ဤသိမ်ပုံကား မဇ္ဈိမ ဒသဋ္ဌသမုတ်ကြသော အဋ္ဌကထာ၌ မိန့်ဆိုဆဲပမာ ဟောသိမ်၏ဒေတွင်း၌ သံဃာကိုသိမ်းရှိ လွယ်ကူစေခြင်းငှာ ကျိုးငှာ ခဏ္ဍသိမ်ငယ်တခုကို သမုတ်ရှိထားသော သိမ်ပုံဖြစ်ပါသည်။ ဤသို့ သမုတ်ထားရာ၌ ခဏ္ဍသိမ်ငယ် ရှိသည်ကို ကောန်အံ့မှတ်သိသည်ဖြစ်အံ့ ဟောသိမ်ရှိသည်ကိုလည်း မှန်းဆရှိ သိနိုင်သောကြောင့် နှုတ်ရန်လွယ်၏ ဟူလိုပ်။



ပုံ - ၁၁

ဆက်ပါဦးအုံ၊ ဤခဏ္ဍသိမ် မဟာသိမ်မဟာသိမ် နှစ်မျိုးလုံးကိုပင် ရှိနေသည်ကို မသိသည်ဖြစ်အုံ့ ထိုသိမ်တို့တို့နှုတ်ရန်လည်းမလွယ်ကူ နောက်ထပ်တဖန် သမုတ်ရန်လည်း မလွယ်ကူပါ၊ မှန်၏ ဤသိမ်မည်သည် သိမ်နှုတ်ကမ္မဝါစာ ကြောင့် ၎င်း၊ သာသနာတော်၏ ကွယ်ပျောက်ခြင်းဌာန သိမ်ဟုတ်ဘဲ ဖြစ်တော့၏။ သိမ်ရှိမရှိကိုမသိသော ရဟန်းတို့သည် သိမသမ္မုတိကမ္မဝါစာကို ရွတ်ဖတ်၍ သမုတ်ခြင်းငှာ မစွမ်းနိုင်ကုန်ရာ၊ ထို့ကြောင့် သိမ်ရှိသည်ကို ကောင်းစွာ မသိမသာလျှင် နှုတ်လည်းနှုတ်ရမည် နောက်သပ်တဖန်သည်း ဖွဲ့သမုတ်ရပါမည်။ ဤအကြောင်းကို မဟာဝါအဋ္ဌကထာ၌-

ယေပန ဥဘောပိနဇာနန္တိ၊ တေနေဝသမူဟနိတုံ နဗန္ဓိတုံသက္ခိသန္တိ၊ အယံဟိသီမာနာမကမ္မဝါစာ ဝါအသီမာဟောတိ သာသနန္တရဓာနေနဝါ၊ နစသက္ကာသီမံ အဇာနန္တေဟိကမ္မဝါစာကားတုံ၊ တသ္မာနသမူဟိနိတဗ္ဗော၊ သာဓုကံပနဥတ္တာယေဝသမူဟနိနဗ္ဗာ စေဝဗန္ဓိတဗ္ဗာစ-ဟူ၍ မိန့်ဆိုတော်မူ၏။

ပန၊ ဆက်၍ဆိုပါဦးအုံ၊ ယောဘိက္ခု၊ အကြင်ရဟန်းတို့သည်။ ဥဘောပိ၊ နှစ်ပါးစုံသော ခဏ္ဍသိမ်မဟာသိမ်တို့ကိုလည်း။ နဇာနန္တိ၊ မသိကြကုန်။ တေဘိက္ခု၊ ထိုမသိကုန်သောရဟန်းတို့သည်။ သမူဟနိတုံ၊ နှုတ်ခြင်းငှာ။ နေဝသက္ခိသန္တိ၊ မစွမ်းနိုင်ကုန်လတံ့။ ဗန္ဓိတုံ၊ ဖွဲ့သမုတ်ခြင်းငှာ၊ နသက္ခိသန္တိ၊ မစွမ်းနိုင်ကုန်လတံ့။ ဟိသစ္စံ၊ မှန်၏။ အယံသီမာနာမ၊ ဤသိမ်မည်သည်ကား။ ကမ္မဝါစာယဝါ၊ သိမ်နှုတ်ကမ္မဝါစာကြောင့်၎င်း၊ သာသနန္တရ ဇာနေ

နဝ၀ါ၊ သာသနာတော်၏ ကွယ်ပျောက်ခြင်းကြောင့်ရင်း။ အသီမာ၊ သိမ်မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ သိမံ၊ သိမ်ကို။ အဇာနန္တေဟိ၊ မသိကုန်သော ရဟန်းတို့သည်။ ကမ္မဇ၀ါစာ၊ သီမသမ္မုတိ ကမ္မ၀ါစာကို။ ကာတုံ၊ ပြုခြင်းငှား။ နဲစသတ္တာ၊ တတ်လည်းမတတ်ကောင်း၊ တသ္မာ၊ ထိုကြောင့်။ နသမ္ဘဟနီတဗ္ဗစ၀၊ နှုတ်လည်းနှုတ်အပ်၏။ ဗန္ဓိတဗ္ဗာစ၊ ဖွဲ့သမုတ်လည်း ဖွဲ့သမုတ်အပ်၏။ (ဤကာဃရင်းဒဋ္ဌကထာ၏ အနက်။) ။

၁၈။ အာစရိယ၀ါဒကို ပြဆိုခြင်း

ဤအဋ္ဌကထာဆရာသည် အနောက်ဘက်အိန္ဒိယနိုင်ငံ သီဟိုဠ်ကျွန်းတို့၌ သမုတ်ကြသော သိမ်တို့ကိုရည်၍ မိန့်ဆိုပါသည်။ ငါတို့မြန်မာနိုင်ငံ၌ကား သုံးယူဇနာလောက်ကျယ်သော မဟာသိမ်ကို ရှေးကမဇဆတို့သမုတ်ကြောင်းကို ရာဇာဝင်အဆက်ဆက် သိမ်ကျောက်စာသမိုင်းအမျိုးမျိုးတို့၌ မလာမရှိ။ ထိုသို့ မလာမရှိသောကြောင့် ငါတို့မြန်မာနိုင်ငံ၌ သုံးယူဇနာလောက် ကျယ်သော မဟာသိမ်မရှိကြောင်းကို သိရမည်။ အကယ်၍ ငါတို့မြန်မာနိုင်ငံ၌လည်း ထိုသုံးယူဇနာလောက်ကျယ်သော မဟာသိမ်ကြီးသည် သမုတ်လတံ့သော ခဏ္ဍသိမ်နေရာရှိနေခဲ့သည်ဖြစ်အုံ့ ထိုမဟာသိမ်ကြီး၏ အပိုင်းအခြားကို မသိ၍ သံဃာကိုမသိမ်းနိုင်သောကြောင့် သိမ်နှုတ်ကမ်းပင်အောင်မြင်နိုင်ဘို့အကြောင်း မရှိရာ၊ ထိုကြောင့် ၎င်းမဟာသိမ်ကြီးကို နှုတ်၍လည်းမဖြစ်နိုင်။ မှန်းဆ၍ ပင် နှုတ်သော်လည်း အကျိုးမရှိ ပင်ပန်းရုံမျှသာဖြစ်၏။

ငါတို့မြန်မာနိုင်ငံ၌ကား ကျောင်းတိုက်တခုလောက်ကျယ်သော မဟာသိမ်မျိုးနှင့် စတုရန်းအတောင် ၃၀-၄၀-၅၀-၆၀-၁၀၀ အလွန်ဆုံးကျယ်သော ခဏ္ဍသိမ်ငယ်မျှားသာ ရှိနိုင်ပါသည်ဟု ဝိနယဓရအာစရိယပရမ္ပရ ဆရာတော်အဆက်ဆက်တို့ မိန့်ဆိုကြပါသည်။ ထို့ကြောင့် ကျောင်းတိုက်တခုလောက် ကျယ်သော မဟာသိမ်မျိုးနှင့် ခဏ္ဍသိမ်ငယ်မျှားရှိခဲ့ပါလျှင် ထိုသိမ်ဟောင်းများနှင့် စပ်၍ရင်း၊ ထပ်၍ရင်း၊ သမုတ်မိမည်စိုးသောကြောင့် မှန်းဆ၍ပင် နှုတ်ကြရလေသည်။

ထို့ကြောင့် သိမ်ဟောင်းများကိုနှုတ်ရာ၌ ဂါမသိမ်နှင့် မသက်ဆိုင်သောကြောင့် ဂါမခေတ်တခုလုံး၌ တည်ရှိသောရဟန်းများကို သိမ်းနေရန်မလိုပါ။

စတုရန်းအတောင် ၅၀-၆၀ စသည်ဖြင့် အလွန်ဆုံးကျောင်းတိုက်တခုလောက် ရှိသော အာရပ်အာဘုင်းဌာဘည်ရှိသော ရဟန်းများကိုသိမ်း၍ သမုတ်လိုခဲ့သော သိမ်ရုပြေကွက်၏ အရပ်ရှစ်မျက်နှာ၌ လေးတောင် ငါးခတောင်ကွာတိုင်အောင်သော အရပ်တို့၌ ရှစ်ကြိမ်အလည်တည့်တည့် သိမ်သမုတ်မည့်နေရာ၌ တကြိမ်အားဖြင့် (၉)ကိုးဌာန (၉)ကိုးကြိမ်လောက်နှုတ်လိုက်လျှင် စတုရန်းအတောင် (၃၀) သုံးဆယ်လောက်ရှိသော သိမ်ရုပြေကွက်၌ရှိသော သိမ်ဟောင်းများ ကျွတ်သွားနိုင်တော့သည်သာ။ ဤသိမ်နှုတ်ရာ၌ သိမ်ဟောင်းပေါ်၌ သံဃာ စည်းဝေး၍ထိုင်မိခြင်း၊ အယုတ်ဆုံးလေးပါး ငါးပါးသော ရဟန်းတို့သည် ကမ္မဝါစာရွတ်ဘာဝတ်ခြင်းအားဖြင့် ဤ အဂ်ါနှစ်ပါး ညီညွတ်လျှင်ပင် သိမ်ဟောင်းကျွတ်တော့သည်သာ·ဟု မိုးနံကုန်းဆရာတော် ညောလွန်တောရဆရာတော်တို့ အမိန့်ရှိတော်မူကြ၏။

၁၉။ ဌီကာဝါဒကိုပြဆိုခြင်း။

ဝိမတိ ဝိဒနာဒနီ ဌီကာဌီကား ငါးပါး ခြောက်ပါးမျိုးလောက်သော ရဟန်းတို့ကိုပင်ခေါ်၍ ဤသိမ်ရုပြေကွက်သည် ကျောင်းဘုရားအစွန် အနားကစ၍ ထိုးကျောင်းတိုက် အာရုံ၏ အာဘုင်းအဝ သိမ်ရုပြေကွက်၏ ပတ်ဝန်းကျင်ခဲကျဉ်းလောက် အရပ်တိုင်အောင် အလျားငါးခတောင် အနံနှစ်မတောင်တွေ့ရှိခဲသော ညောင်ခစောင်းအတိုင်း အရှည်ရှိသော ရေနရုပြေကွက်ရပ်၌ အကြားမဲ့ပ်ဟတ္ထပါသိစပိမိအောင် ထိုင်၍ထိုင်၍ ရေ ဦးစွာ အဝိပ္ပဝါသသိမ်ကို နှုတ်သော်ရှိသော် ထိုသိမ်သမုတ်လိုသောကျောင်းတို့ကို ခဏ္ဍသိမ်ဖြစ်စေ မဟာသိမ်ဖြစ်စေ သိမ်ဟောင်းများရှိခဲ့သော် အလျားငါးခတောင် အနံနှစ်ခတောင်တွေ့ ပဏာမရှိသော တခုသောခညောင်ခစောင်း ရာခြေကွက်သည် ထိုသိမ်ဟောင်းတို့၏ အလယ်ဘည့်တည့်ဖြစ်စေ အတိုင်းတနေရာ၌ဖြစ်စေ ကျရောက်၍ ထိုညောင်စောင်းရာမျိုးလောက်သော မြေကွက်ရပ်၌တည်၍ သိမ်နှုတ်ကြကုန်သော်ရဟန်းတို့၏ သိမ်နှုတ်ကမ်းအောင်မြင်၍ သိမ်ဟောင်းများကျွတ်သွားနိုင်သည်ဟူသော ကေစိဝါဒကို မိန့်ဆိုတော်မူ၏။ ထို့ကြောင့် ၎င်းဝိမတိဝိနောဒနီဌီကာ၌-

ကေမိပန ဣဒါနိ ဣသသုပိဝိဟာ ရေသုဆပဒ္ဓမတ္တေ ဘိက္ခူဂဟေတ္ဝာဝိဟာရကောဋိတော ပဋ္ဌာယဝိဟာရ ပရိဝေဏ္ဍပဿ အဓိဋ္ဌာနစဗဟိစသမန္တာလေ

ပါတေသဗ္ဗတ္တမဠ္ဆပ္ပမာနေ သြကာသေနိရန္ဆံရံ ဌတ္ဌာပဌမံအဝိပ္ပဝိသသိမံတတော သမာနသံဝါသ ကသိမဠ္ဆမ္ဟုဟနနဝသေန သီမာယသမ္ဘုဏာတေကတေတသ္မိ မိဟာရေခဏ္ဍာသီမာယ မဟာသီမာယဋ္ဌိတဝိဇ္ဇမာနတ္ထေသတိ အဝဿံကေသ္မိမဠ္ဆ ဌာနေတာ သံမစ္ဈဂတာ တေဘိက္ခူတာ သမုဟ့နေယ္ယုံ၊ တတောဂါမသီမာ ဧဝအ့ဝသိဿယ္ယုံ၊ နဟေတ္ထသီမားယ တမရိဏ္ဍေ ဒဿဝါဇာနန်အဂိ။ သီမာ ယပနအန္ဆောဌာနံ၊ သမုဟုနိသာမားတိ ကမ္မာ၀ိစာယကရဏ္ဍေတ္ထအင်္ဂ။ အဌ ကထာယံခဏ္ဍာသီမံပနဇာ နန္ဆာအဝိပ္ပဝါသံအံဇာ နန္ဆာပိသမ္ဘုဟနိတု ဥ္ဇေဝ၀ဗ္ဗ တုဠ္ဆသ္ကွ ိသန္ဆိဝေံ မဟာသီမာယ၎ရိဏ္ဍေ ဒဿ အဇာနာနေပိသမ္ဘုဟနသဝုတ္ထ တာဂါမ သီမာယဧ၀ အ၀သိဌာယတတ္ထယထာ ဝုစိဒုဝိ၀ မ္ပိသိ၀ံ၀ိ ကုဠ္ဆေ ဥ ပ် သမ္ဘဒါဒိကမ္ မ်ာ တုဠ္ဆ၀ဋ္ဌတိတိ၀ဒန္ဆိ။ တံယုတ္ထဝိယဒိဿတိ၊ ဝိမ်သိတ္ဌာဂတေ တဗ္ဗံ၊ ဟူ၍ မိန့်ဆိုတော်မူ၏။

ပန၊ အထူးကိုဆိုပါအုံ့၊ ကေစိ၊ အခ္ပါ့ သောဆရာတို့သည်၊ ဤဒီသေ သု၊ ဤသို့သဘောရှိကုန်သော။ ဝိဟာရေသုမိ၊ ကျောင်းတိုက်တို့၌လည်း။ ဆပဠ္ဆမတ္တေ၊ ခြောက်ပါးငါးအတိုင်း အရှည်ရှိကုန်သော။ ဘိက္ခူ၊ ပဂတတိ ရဟန်းတို့ကို။ ဂဟေတ္ဌာ၊ ပင့်ခေါ်၍ ဝိဟာရကောဋ္ဌိတော၊ ကျောင်းတိုက် အစွန်မှ ပဌာယ။ စ၍။ ဝိဟာရပရိက္ခေပယ၊ ကျောင်းတိုက်အာရုံ၏။ အန္ဆောစ၊ အ့လင်းဌ၌ရင်း။ ဗဟိစ၊ အပဌ၌ရင်း။ လေဋ္ဌပါတေ၊ ခဲတကျမျှ လောက်သော။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်ရှင်မျက်နှာဌ၌၊ ပဠ္ဆပ္ပမာဏော၊ ညောင်စောင်းအကိုင်း အရှည်ရှိသော။ သြကာသေ၊ မြေကွက်အရပ်ဌ နိရန္ဆရံ၊ အကြားမလပ်စပ်မိအောင်။ ဌတ္ဝာ၊ တည်ကုန်၍။ ပဌမံ၊ ရှေးဦးစွာ။ အ၀ိပ္ပ၀ါသသိမ်စ၊ အ၀ိပ္ပ၀ါသသိမ်ကိုဌင်း တတော၊ ထိုမှနောက်ဌ၌၊ သမာန သံ၀ါသကသီပဠ္ဆ၊ သမာနသံ ၀ါလကသိမ်ကိုဌင်း။ သမ္ဘုဟနနဝသေန၊ နှုတ်ခြင်း၏အစွမ်းအားဖြင့်။ သီမာယ၊ သိမ်ကို။ သမ္ဘုဏတေ၊ နှုတ်ခြင်းကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ တသ္မိ ဝိဟာရေ၊ ထိုကျောင်းတိုင်ဌ။ ခဏ္ဍာသိမ်ယ၊ ခဏ္ဍာသိမ်၏ဌင်း။ မဟာသီမာယ၊ မဟာသိမ်၏ဌင်း။ ဌိတ၀ိဇ္ဇမာ နတ္ထေ၊ တည်သည်ဖြစ်၍ ထင်ရှားရှိသည်၏အဖြစ်သည်။ သတိ၊ ရှိလသော်။ အ၀ဿ ံ၊ မခ္ခတ်မယွင်း။ ကေသ္မိ ံ၊ တခုသောသော။ ဗဟုဌာနေ၊ ညောင်စောင်း ရာမျှလောက်သောမြေအရပ်ဌ။ တာဝတ္ဌ ံ၊ ထိုသိမ်ဟောင်းတို့၏။ မဠ္ဆဂတာ၊

အလယ်ခ္ခ်ိတည်မိကုန်သော။ တေဘိက္ခု၊ ထိုခြောက်ပါး ငါးပါးအတိုင်း အရှည်ရှိကုန်သော ရဟန်းတို့သည်။ တာ၊ ထိုသိမ်ဟောင်းတို့ကို။ သမ္ဘဟနေယျုံ၊ နှုတ်မိကုန်ရာ၏။ တတော၊ ထိုသို့နှုတ်မိခြင်းကြောင့်။ ဂါမသီမာဝေ၊ ဂါမသိမ်တို့သည်သာလျှင်။ အဝသိဿေယျုံ၊ ကြင်းကျန်ကုန်ရာ၏။ ဟိသစ္စံ၊ မှန်၏။ ဧတ္ထ၊ ဤသိမ်ကိုနှုတ်ရာ၌။ သီမာယဝါ၊ သိမ်ကိုဂင်း။ တပ္ပရိစ္ဆေဒဿ ဝါ၊ ထိုသိမ်၏ အပိုင်းအခြားကိုဂင်း။ ဇာနနံ၊ သိခြင်းသည်။ နအင်္ဂံ၊ အင်္ဂါမဟုတ်။ ပန၊ စင်စစ်သော်ကား။ သီမာယ၊ သိမ်၏။ အ၌ဟော၊ အ၌တွင်း၌။ ဌာနံစ၊ တည်ခြင်းသည်ရင်း။ သမ္ဘဟနိဿဝမာတိ၊ နှုတ်ကုန်အံ့ဟူ၍။ ကမ္မဝါစာယ၊ ကမ္မဝါစာကို။ ကရဏဘူတ၊ ရှတ်ဘာသာခြင်းကိုပြုခြင်းသည်ရင်း။ ဧတ္ထ၊ ဤသိမ်ကို နှုတ်ရာ၌။ အင်္ဂံ၊ အင်္ဂါတည်း။ စသစ္စံ၊ မှန်၏။ အဌကထာယံ၊ အဋ္ဌကထာ၌။ ပန၊ စင်စစ်။ ဝိဏ္ဏာသီမံ၊ ခဏ္ဍာသိမ်ကို။ ဇာနန္တော၊ သိကုန်သောရဟန်းတို့သည်။ အဝိပ္ပဝါသံ၊ မဟာသိမ်ကို။ အဇာနန္တောပိ၊ မသိကုန်သော်လည်း။ သမ္ဘဟနိတုဥ္ဌေ၊ နှုတ်ခြင်းငှာရင်း။ ဗန္ဓိတုဥ္ဌေ၊ ဖွဲ့သမုတ်ခြင်းငှာရင်း။ သက္ခေါ သန္တိ၊ စွမ်းနိုင်ကုန်လတံ့။ ဧဝံ၊ ဤသို့။ မဟာသီမာယ၊ မဟာသိမ်၏။ ပရိစ္ဆေဒဿ၊ အပိုင်းအခြားကို။ အဇာနနေပိ၊ မသိရာ၌လည်း။ သမ္ဘဟနဿ၊ နှုတ်ခြင်းကို။ ဝုတ္တတ္တာ၊ မိန့်ဆိုအပ်သည်၏အဖြစ်ကြောင့်။ ဂါမသီမာယယေ၊ ဂါမသိမ်သည်သာလျှင်။ အဝသိဋ္ဌာယ၊ ကြင်းကျန်သည်ရှိသော်။ တတ္ထ၊ ထိုဂါမသိမ်၌။ ယထာဝုစိ၊ အလိုရှိတိုင်း။ ဒုဝိဓမ္မိ၊ နှစ်ပါးအပြားရှိသည်လည်းဖြစ်သော။ သီမံ၊ ခဏ္ဍာသိမ်မဟာသိမ်ကို။ ဗန္ဓိတုဥ္ဌေ၊ ဖွဲ့သမုတ်ခြင်းငှာရင်း။ ဥပသမ္ပဒါဒိကမ္မံ၊ ဥပသမ္ပဒါအစရှိသော သံဃကမ်ကို။ ကာတုဥ္ဌ၊ ပြုခြင်းငှာရင်း။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ မိန့်ဆိုကြကုန်၏။ တံ၊ ထိုကေစိဆရာတို့၏ စကားသည်။ ယုတ္တံဝိယ၊ သင့်မြတ်သကဲ့သို့။ ဒိဿတိ၊ ထင်၏။ ဝိမံသိတ္မာ၊ စုံစမ်းဆင်ခြင်၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ (ဤကား ဎင်းဋ္ဌိကာ၏အနက်။) ။

ဤဋီကာ၌ မဋ္ဌပမာဏောအရကို အလျား (၅) ငါးတောင်အနံ (၂)နှစ်တောင်ထုဝပမာဏရှိသော ညောင်စောင်းကိုဂင်း။ အလျား (၄)လေးတောင်အနံ (၂) နှစ်တောင်ပမာဏရှိသော ညောင်စောင်းကိုဂင်း ယူရပါမည်။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ၌—

သော ဟိ ပကတိ ဝိဒတ္ထိယာနဝဝိဒတ္ထိကော အဌဝိဒတ္ထိကောဝါ ဟောတိ-ဟူ၍ဌင်း။ မဇ္ဈသ ဝိတ္ထာရော ပန အာယာမသညေ ပဆောဟောတိ၊ တသ္မာ မဇ္ဈပ္ပမာဏဌာနံ အာယာမတော ပဇ္ဇဟတ္ထံ ဝိတ္ထာရတော ပဇ္ဇဝိဒတ္ထိကံ-ဟူ၍ဌင်း မိန့်ဆိုတော်မူ၏။

ဟိ၊ ခဲ့ပါဦးအုံ့။ သော၊ ထိုညောင်စောင်းသည်။ ပကတိဝိဒတ္ထိယာ၊ ပြကတေ သောလူတို့၏အထွာဖြင့်။ နဝဝိဒတ္ထိကောဝါ၊ (၉)ကိုးထွာရှိသည်ဌင်း။ အဌဝိဒတ္ထိကောဝါ၊ (၈)ရှစ်ထွာရှိသည်ဌင်း။ ဟောတိ၊ ဖြစ်၏။

ပန၊ ဆက်ပါဦးအုံ့။ မဇ္ဈသ၊ ညောင်စောင်း၏။ ဝိတ္ထာရော၊ အနံသည်။ အာယာမသ၊ အလျား၏။ ဥပဆု၊ ထက်ဝက်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ မဇ္ဈပ္ပမာဏဌာနံ၊ ညောင်စောင်းအတို့ဌင်းအရှည် ရှိသော မြေကွက်အရပ်သည်။ အာယာမတော၊ အလျားမှ။ ပဇ္ဇဟတ္ထံ၊ (၅)ဌါးတောင် ရှိ၏။ ဝိတ္ထာရတော၊ အနံမှ။ ပဇ္ဇဝိဒတ္ထိကံ၊ (၅)ဌါးထွာရှိ၏။ (ဤကား ဌင်း အဌကထာ၏ အနက်။) ။

၂၀။ ။အာစရိယဝါဒကို ပြဆိုခြင်း

ဤ ဋီကာဝါဒ၌ ညောင်လွန်တောရဆရာတော်ကား ညောင်စောင်း တကွက်ပမာဏမျှလောက်ဌင်း၊ ခြေရာတကွက်ပမာဏမျှလောက်ဌင်း ကျဉ်းငယ်သောသိမ်မရှိ။ သိမ်တို့မည်သည် အယုတ်ဆုံးအားဖြင့် (၂၁)နှစ်ကျိပ်ထက်ယောက်စည်းဝေးထိုင်နေလောက်ရမည်။ ထို့ကြောင့် စတုရန်းအတောင် ၃၀-၄၀ စသည် ပတ်လည်လောက်ကျယ်သော သိမ်ရာမြေကွက်ကိုနှုတ်လျှင် သမုဒ်လဘံ့သော သိမ်ရာမြေကွက်၏ အလယ်ဘည့်ဘည့်စုဝေ၍ (၁)တကြိမ်၊ ဘေးပတ်လည် ရှစ်ဌာနတို့၌ သိမ်ရာမြေကွက်မှ လေးတောင် ဌါးတောင်ကွာ အရပ်ဘိုင်ဝအာဝဲ (၈)ရှစ်ကြိမ်အားဖြင့် (၉) ကိုးကြိမ် ကိုးဌာနပေါက် နှုတ်လိုက်လျှင်ပင် သိမ်ဟောင်းမျှားကျွတ်၍ သံသယကင်းပျောက်နိုင်သည်သာ။ ဤ (၉)ကိုးဌာနနှုတ်ခြင်းကိုကား ယခုကာလသမုတ်ကြသော ခဏ္ဍသိမ်ငယ်မျှားကိုသာ ရည်ရွယ်ပြောဆိုပါသည်။ အကယ်၍ ကျောင်းတိုက်တခုလုံးကို လွှမ်းမိုး၍ သိမ်ကျယ်ကျယ်သမုတ်ရာ၌ကား သိမ်အားလျော်စွာ သိမ်ဟောင်းမျှား

ရှိတန်သလောက် မြေကွက်ရပ်များကို မှန်းဆ၍ အကြိမ်များစွာပင် နှုတ်ရပေလိမ့်မည်။ ဤ (၉)ကိုးဌာနနှုတ်ရာ၌ သမုတ်လတံ့သိမ်ရာမြေကွက်၏ အလယ်တည့်တည့်၌ ရှိသမျှသံဃာအားလုံး စုရုံနှုတ်လိုက်လျှင် ထိုနေရာ၌ သိမ်ဟောင်းကျတ်သွားလေသောကြောင့် ကြွင်းရှစ်ဌာနတို့၌ နှစ်စုခွဲ၍ ကိုယ့်ဘက်ကိုယ့်ကံနှင့် ကိုယ်အသီးသီးလက်ခြာရစ်လှည့်၍ နှုတ်မှုလည်းအပ်သည်သာ။ ဘေးပတ်လည် ရှစ်ဌာနတို့ကစ၍ နှုတ်မှုကား အားလုံး စုရုံစုရုံသာနှုတ်ရမည်။ သမုဘ်လတံ့သော သိမ်ရာမြေကွက်မှ လေးတောင်ငါးတောင်ခန့်ပို၍ သီမန္တရိက်အကျိုးဌာဝင်း၊ အနီးအပါး၌ သိမ်ဟောင်းများရှိနေက ထိုသိမ်ဟောင်းများ ကျတ်၍ ဂါမခြားပြီးလျှင် သီမသမ္ဘေဒ မဖြစ်စေခြင်းဌာဝင်း၊ သိမ်တို့မည်သည် နာနာသဂ္ဂာနဖြစ်၍ သံသယကင်းပျောက်စေခြင်းအကျိုးဌာဝင်း နှုတ်ရပါမည်။

ဤသို့ သိမ်နှုတ်သောအခါ သိမ်ဟောင်းပေါ်၌ အယုတ်ဆုံး ရဟန်းလေးပါး ငါးပါးထိုင်မိစုဝေးမိရမည်၊ သို့မှသိမ်ဟောင်းကျတ်ပါမည်။ အယုတ်ဆုံး ရဟန်းလေးပါး ငါးပါး မထိုင်မိ မစုဝေးမိမူ သိမ်ဟောင်းမကျတ်နိုင်ပါ။

ထို့ပြင် ဤသိမ်ကိုနှုတ်ရာ၌ သိမ်ဟောင်းနှစ်ခုသုံးခုစသည် နီးကပ်လျက်ရှိနေမူ သိမ်ချင်းရောယှက်၍ သိမ်နှုတ်ကမ်မအောင်မြင်နိုင်ရာသောကြောင့် ဖျာတွေကို မျှားစွာစပ်မိအောင် ခင်းရှိမနှုတ်ရ။ တယောက်ထိုင် ဖျာငယ်ကလေးများကို တခုနှင့်တခု မထိစပ်အောင်ခင်းရှိ နှုတ်မှုကား သင့်တော်စရာရှိပါ၏။

တိုင်တွေကို မျှားစွာစိုက်ရှိသည်း အမိုးပြုရှိမနှုတ်ရ။ ထီးကဲ့သို့ တလုံးတည်းသော တိုင်ဖြင့် အမိုးပြုရှိနှုတ်မှုကား သင့်တော်စရာရှိပါ။

ထို့ပြင် ဤသိမ်ကိုနှုတ်ရာ၌ သိမ်ဟောင်းရှိက ကိုသိမ်ဟောင်း ကျတ်ဘို့ရာသာ ကမ္မဝါစာကို ပညတ်တော်မူသောကြောင့်ရင်း၊ ဂါမသိမ်နှုတ်ဘို့ရာ ပညတ်တော်မူသည် မဟုတ်သောကြောင့်ရင်း ဂါမသိမ်ဒိုင်နယ်အတွင်းရှိ ရဟန်းတို့ကို အားလုံးကုန်သိမ်းရန်မလို၊ စတုရန်းအတောင် ၄၀·၅၀ စသည် အလုံနှုန်ဆုံးကျောင်းတိုက်တခုအတွင်းရှိ ရဟန်းတို့ကိုသာ ဝင် ဖြစ်မည်စိုးသောကြောင့် ဟတ္ထပါသ်အတွင်းသို့သော်လည်း ပင့်ခေါ်ရမည်။ ဆန္ဒကိုသော်လည်း ဆောင်ရမည်။

ထို့ပြင်ကျောင်းပေါ်ကနေ၍ သိမ်နှုတ်ရာ၌ ထိုကျောင်းသည်သိမ်ဟောင်း ပေါ်နှစ်ခုသုံးခုစသည်၌ တည်နေပါမူ သိမ်နှုတ်ကမ်မအောင်၍ ကျွတ်ဘွယ်ရာ အကြောင်းမရှိ။ သိမ်ဟောင်းတခုတည်းအပေါ်၌ တည်နေသော ကျောင်း ဖြစ်ပ မူကား သိမ်နှုတ်ကမ်အောင်မြင်၍ ကျွတ်နိုင်ပါ၏-ဟု အမိန့်ရှိတော်မူ၏။

၂၁။ ။မထေရ်တို့၏ ဝါဒကို ပြဆိုခြင်း

ညောင်လွန်တောရ ဘုရားကြီးကျောင်းဆရာတော် အသျှင်ကဝိန္ဒမထေရ်ကား သိမ်တို့မည်ကုန်သည် နာနာသဏ္ဌာနဖြစ်၍ သိမ်ချန်မျှားရှိနေက ကျန်နေမည် စိုးသောကြောင့် သိမ်ရာမြေကွက်၏ ဘေးပတ်လည်အရပ်ရှစ်မျက်နှာတို့၌ သီမန္တရိုက်အကျိုးငှာ စုထိုင်ကားပြောင်းရှေ့၍ ပြောင်းရှေ့၍ စပ်မိုးအောင်နှုတ်ရမည်။ ဤသို့ နှုတ်ပြီးသည်ရှိသော် နိမိတ်ရှစ်လုံးနေရာတို့၌ ရှစ်ကြိမ်၊ သိမ်ရာမြေကွက်၏အလယ်၌ တကြိမ်အားဖြင့်(၉)ကို ဌာနနှုတ်ရမည်ဟု အမိန့်ရှိတော်မူ၏။

ပျော်ဘွယ်မြို့ကန်မြင့်တောရဆရာတော် အသျှင်သီလာစာရမထေရ်ကား အကယ်၍ သိမ်နှစ်ခုသုံးခုစသည် နီးကပ်လျက်ရှိနေပုံ၌ သံဃာနှစ်ဆယ် သုံးဆယ်စသည် အများကြီးဖြင့်စု၍ရင်း၊ စီတန်း၍ရင်း နှုတ်ရာ၌ သိမ်ဟောင်း နှစ်ခုသုံးခုစသည်ပေါ်၌ ထိုင်မိနေခဲ့ပါမူ နာနာသီမာယ ဌိတစတုတ္ထောကမ္မ ကရေယျ၊ အကမ္မ နစကရေကိယံ ဟူသော စမ္မေယျခန္ဓကပါဠိတော်ကို သောက်၍ သိမ်နှုတ်ကမ် မအောင်မြင်နိုင်ရာ၊ ဤသို့သိမ်နှုတ်ကမ် မအောင်မြင်နိုင်ရာသောကြောင့် ဤသို့သောအပြစ်မှ လွတ်စေခြင်းငှာ ဝိမတိဝိနောဒနီဋီကာ ကေစိဝါဒ၌ ငါးပါးခြောက်ပါးမျှလောက်သော သံဃာဖြင့် ညောင်စောင်း ရာမျှ လောက်သော မြေကွက်၌ စု၍ စု၍ထိုင်ကာ သမုတ်လိုသော သိမ်ရာမြေကွက်ကို စပ်မိအောင် ရှေ့ပြောင်းကာ ရှေ့ပြောင်းကာ နှုတ်ရမည်ကို မိန့်ဆိုပါ၏။ ဤကေစိဝါဒသည် မဇ္ဈတ်ယွင်းနိုင်သော နည်းဖြစ်သောကြောင့် အလွန်ကောင်းသည်သာဟု အမိန့်ရှိ၏တော်မူ၏။

၂၂။ ။ဤကျမ်းဆရာ၏ မိမိဝါဒကို ပြဆိုခြင်း

ငါတို့ကား ဝိမတိဝိနောဒနီဋီကာ၌ မိန့်ဆိုအပ်သော ကေစိဝါဒသည် အလျားလေးဘောင် ငါးတောင် အနံနှစ်တောင်ထက် ပမာဏရှိသော ညောင်

စောင်းရာ မျှလောက်ရှိသော မြေကွက်တို့၌ ငါးပါးခြောက်ပါး ရဟန်းတို့သည် စုရှု့စုရှု့ထိုင်ကာ စပ်မိစေ၍ သမုတ်လိုသော သိမ်ရာမြေကွက်၊ ထိုသိမ်ရာ မြေကွက်မှ လေးတောင် ငါးတောင်ကွာ အရပ်တိုင်အောင် သိမ်နှုတ်ကမ္ဘာ၀စာ ကို ရွတ်ဘာသာ၍ ရှေ့ပြောင်းကာ ရှေ့ပြောင်းကာ နှုတ်လိုက်ပါလျှင် ဤညောင်စောင်းရာ တခုမျှလောက်သော မြေကွက်ရပ်သည် သိမ်ဟောင်းရှိပါက ထိုသိမ်ဟောင်း၏ အဝှေ့ဘက်အလယ်အရပ်ကိုသော်၎င်း၊ အနောက်တစိတ်တဒေသ အရပ်ကိုသော်၎င်း ထိုင်မိ စုဝေးမိ နှုတ်မိ၍ ထိုသိမ်ဟောင်းမျှားကျွတ်သွားနိုင်ရာ သောကြောင့်၎င်း၊ နာနာသီမာယ ဌိတစတုဋ္ဌာကမ္မ ကရေယျ၊ အကမ္မ နစ ကရဏီယံဟူသော စမ္မေယျခန္ဓက ပါဠိတော်အရ သံဃာလည်းနည်း မြေကွက်လည်းကျဉ်း၍ နှစ်သိမ် သုံးသိမ် စသည်ပေါ်၌ တည်၍ ကမ်ပြုခြင်းအပြစ်မှ ကင်းနိုင်ရာသောကြောင့်၎င်း၊ နှုတ်လိုသောသိမ်ဟောင်း၏ အတွင်း၌ စတုဝဂ္ဂ ကရဏီယကမ်ဖြစ်၍၊ အယုတ်ဆုံးလေးပါး ငါးပါးသော ရဟန်းတို့သည် သိမ်နှုတ်မည်ဟူသော နှလုံးသွင်းရှိသည်ဖြစ်၍ စုဝေးထိုင်မိခြင်း၊ သိမ်နှုတ်ကမ္ဘာ၀ စာကို ရွတ်ဘာသာခြင်းဟူသော အင်္ဂါမျှားနှင့် ပြည့်စုံနိုင်သောကြောင့်၎င်း၊ အလွန်ကောင်းမြတ်သော ၀ါဒဟူ၍ မှတ်ထင်ပေ၏။

ယခုခေတ်ကာလ၌ ရှည်လျားသော သံဃာအတန်းကြီးဖြင့် စီတန်း၍ နှုတ်ရာ၌၎င်း။ သံဃာနှစ်ဆယ် သုံးဆယ်လေးဆယ်စသည်ဖြင့် သံဃာမျှားနှုတ်ရာ၌၎င်း။ အချို့သောဆရာတော်တို့၏ ကြက်ခြေခတ်သဏ္ဌာန်စီတန်းထိုင်နေ၍ နှုတ်ရာ၌၎င်း။ ပြဆိုအပ်ခဲ့ပြီးသော စမ္မေယျခန္ဓကပါဠိတော်အရ အပြစ်မှမလွတ်နိုင်သောကြောင့်၎င်း၊ သံဃကမ်ကိုပြုရာ၌စီတန်း၍ ပြုရိုးထုံးတမ်းစဉ်လာမရှိသော ကြောင့်၎င်း၊ သံသယဖြစ်ဘွယ်ရှိ၏။ ထို့ကြောင့် ဤသိမ်ကိုနှုတ်ရာ၌ ငါးပါးခြောက်ပါးစသည် သံဃာနည်းနည်းဖြင့် ဝိုင်းဝန်းသောအခြင်းအရာဖြင့်စုရှု့စုရှု့ ထိုင်ကာနှုတ်ခြင်းသည်သာလျှင် အလွန်ကောင်းမြတ်သည်ဟု မှတ်ယူရမ်ပါမည်။

သီဟိုဠ်ကျွန်း ကလျာဏီသိမ်ကို သမုတ်ရာ၌လည်း ညောင်စောင်းရာ ပမာဏအတွက်ချ၍ (၁၄)တကျိပ်လေးပါးမျှသော ရဟန်းတို့ဖြင့်နှုတ်ကြောင်း သမုတ်ကြောင်း ကျောက်စာသမိုင်းတို့၌ လာသည်ဟု ဝိနယာလင်္ကာရဋီကာ ဆရာမိန့်မှာတော်မူ၏။ ဤသိမ်နှုတ် သိမ်သမုတ်ကမ်သည်လည်း စတုဝဂ္ဂ

ကရဏီယကံဖြစ်၏။ ဝိမတိဝိနောဒနီ ဋီကာ၌လည်း ရဟန်းတို့၏ ပဲကတိ သီလ ရှိသည်၏ အဖြစ်ကိုသိနိုင်ရန် ခဲယဉ်းသောကြောင့် ခြောက်ပါးငါးပါးသော ရဟန်းတို့ကို ပင့်ခေါ်၍ နှုတ်ရမည်ဟုမိန့်ဆိုတော်မူ၏။ အဖန်ဖန်အထပ်ထပ် ကမ်းကို ပြုခြင်းသည် မဆောင်မြင်၍ ပျက်စီးသော ဂ.မ်၏ အောင်မြင်၍ တည်မြဲခြင်း၊ အောင်မြင်ပြီးသော ကမ်၏ မြဲမြံစွာတည်စေရခြင်း အကျိုး ရှိ၏ဟု အဌကထာ၌ မိန့်ဆိုသောကြောင့် အကြိမ်များစွာ အဖန်ဖန်အထပ်ထပ် နှုတ်သင့်ကြောင်းကို ဝိနယာလင်္ကာရဋီကာဆရာမိန့်မှာတော်မူ၏။ ထို့ကြောင့် ဤသိမ်ကိုနှုတ်ရာ၌ ငါးပါး ခြောက်ပါးစသော ဂဏပူရဏ ဖြစ်လောက်ရုံ အနည်းငယ်သော ရဟန်းသံဃာတို့ဖြင့် အကြိမ်ကြိမ်အထပ်ထပ် စပ်မိအောင် နှုတ်ခြင်းသည် သာလျှင် အကောင်းဆုံးသော နည်းလမ်းဖြစ်ပေသည်ဟု ငါတို့ မှတ်ထင်ပေ၏။

ဝိနယ ၀ဲ ဂ ၊ ဋီကာ၌ သိမ်နှုတ်ကမ်ကို ပြုရာ ဂါမခေတ်အတွင်းရှိ ရဟန်းတို့ကို သိမ်းရမည်ဟုဆိုခြင်းသည် ထိုဂါမသိမ်ကို နှုတ်သော ကမ်မဟုတ်ကြောင့်ရင်း၊ ထိုဂါမတခုလုံးကို လွှမ်းမိုးရှိစည်သောမဟာသိမ်ကို သံသယရှိ၍ ဥ်နှုတ်သော ကမ်မဟုတ်သေးကြောင့်ရင်းယုတ္တိမရှိချေ။ ထိုကြောင့်ထိုဂါမတခုလုံး တည်ရှိသော ရဟန်းတို့ကို သိမ်းနေရန် မလိုဟုမှတ်ယူရမည်ဖြစ်ပေသတည်း။

၂၃။ ။ဝိမ်နှုတ်ပုံကို ပြဆိုခြင်း။



ပုံ-၁။ ။ဤပုံကား မိုးနံကုန်းညောင်လွန်ဆရာကောင်ကို အမိန့်ရှိသော (၉) ကိုးဌာနနှုတ်ပုံဖြစ်ပါသည်။ ဤ(၉) ကိုးဌာနနှုတ်ရာ၌သမုဒ္ဒာ်လတံ့သောသိမ်ရာမြေကွက်၏ ပတ်ဝန်းကျင်အရပ် (၈) ရှစ်မျက်နှာတို့၌ ဝိမန္ဓရိုက် အကျိုးဌာလေးတောင် ငါးတောင်ခန့် ပိုမိုရောက်စေ၍ နှုတ်ခြင်း (၈)ရှစ်ဌာန။ သိမ်ရာမြေကွက်၏ အလယ် ဗဟို၌ နှုတ်ခြင်း (၁)တဌာနအား ဖြင့် (၉)ဌာနနှုတ်ရမည်ဟူလိုစ်။



ပုံ - ၂

ပုံ ၂။ ။ဤပုံလည်း (၉) ကိုးဌာန နှုတ်ပုံပင် ဖြစ်ပါသည်။ ဤပုံအရ နှုတ်ရာဌ် သံဃာတော် ၂၀-၃၀-၄၀-၅၀ စသည်ဖြင့် မျှားသောကြောင့် သမုဒ္ဒာလတံ့ သိမ်ရာမြေ ကွက်၏ အလယ်ဗဟိုဌ် အားလုံး စုပေါင်း၍ (၁)တကြိမ်နှုတ်ပြီးလျှင် ဘေးပတ်ဝန်းကျင် (၈)ရှစ်ဌာနတို့ဌ် သံဃာကိုနှစ်စုခွဲ၍ကိုယ်ဘက် ကိုယ့်ဌာနနှင့်ကိုယ် လေးဌာနစီ နှုတ်ရမည် ဟူလိုဝ်။

ဤနှုတ်နည်းဌ် ဝင်ဖြစ်သည်ဟု အာချို့ပုဂ္ဂိုလ်မျှား သံသယရှိဘတ်၏။ အလယ်ဗဟိုက နှုတ်ပြီးဖြစ်၍ သိမ်တခြားစီ ဖြစ်သွားနိုင်သော ကြောင့်ဌင်း၊ သိမ်ရှိသည်ကိုအသေအချာမသိ မှန်းဆ၍သာ နှုတ်ရသော ကမ်ဖြစ်သောကြောင့်ဌင်း ဝင်ဖြစ်ရန်လည်းမလို။ ထိုဝင်ဖြစ်သည်ဌ် သံသယရှိရန်လည်း မလို။ သံဃာတော် ၂၀-၃၀-၄၀-၅၀ စသည်ဖြင့် အမျှားဖြင့် နှုတ်ရာဌ် ဤနှုတ်နည်းကသာ ၍ကောင်းသည်ဟု ညောင်လွန်တောရဆရာတော် အမိန့်ရှိတော်မူ၏။



ပုံ ၂

ပုံ-၃။ ။ဤပုံကား ဝိမတိဝိနောဒနီ ဋီကာ၊ ဝိနယာလင်္ကာရ ဋီကာ တို့ဌ် မိန့်ဆို အပ်သော အလျား (၄)တောင်၊ အနံ (၂)တောင် သို့မဟုတ် (၂)တောင်ထွာ ပမာဏညောင်စောင်း ကွက်ချ၍ နှုတ် သော ညောင်စောင်းပန္တီနှုတ် ပုံ ဖြစ်ပါသည်။ ဤပုံ အရညောင်စောင်းပန္တီ

နှုတ်နည်းဟူသည် ပဌမညောင်စောင်းကွက်အစဉ်မှစ၍ ပဌမညောင်စောင်း(၁) တကွက်၌ သံဃာငါးပါးသော်ရင်း ခြောက်ပါးသော်ရင်း ဟတ္ထပါသ် စပ်မိ အောင်ထိုင်၍(၁)တကြိမ်နှုတ်။ ပြီးလျှင်ဒုတိယညောင်စောင်းကွက်သို့ရွှေ့ပြောင်း၍ (၁)တကြိမ်နှုတ်။ ပြီးလျှင် တတိယညောင်စောင်းကွက် စသည်သို့ ရွှေ့ပြောင်းရှေ့ပြောင်း၍ ညောင်စောင်းကွက် အစဉ်ဆုံးအောင်တကွက်နှုတ်ပြီး လျှင် ဒုတိယ ညောင်စောင်းကွက် အစဉ်စသည်သို့ ရွှေ့ပြောင်း၍ တကွက်တကွက် ရွှေ့ပြောင်းကာ ညောင်စောင်းကွက် စေ့ငကုန်ဆုံးအောင်နှုတ်ရမည် ဟူလိုဝ်။ ဤပုံ၌ ဂဏန်းအစဉ်အတိုင်း နှုတ်၍ သွားသော် ၅၀ အကွက်သို့ ရောက်လျှင် ပြီးဆုံး၏ဟူ၍မှတ်။

ဆောင်ပုဒ်လင်္ကာ=ညောင်စောင်းပန္တီ၊ စဉ်တိုင်းမှီ၊ ပြောင်းလည်နှုတ်လေပါ။



ပုံ - ၄

ပုံ-၄။ ။ဤပုံကား ရှေးဆရာတော် အဆက်ဆက်တို့ နှုတ်ကြသော ပျားပန်းစုတ်နှုတ်ပုံဖြစ်ပါသည်။

ဤပုံအရ ပျားပန်းစုတ်မှုတ်နည်းဟူသည် သမုတ်လတံ့သော သိမ်ရာမြေကွက်၏ ဘေးပတ်လည် (၈, ရှစ်ဌာနတို့၌ သီမန္တရိုက်အကျိုးငှာ (၈) ရှစ်ကြိမ်နှုတ်ပြီး၍နောက်ဆုံးအလယ်ဗဟို၌ စုထိုင်ကာ နှုတ်ရမည် ဟူလိုဝ်။ ပျားပန်းခတ် နှုတ်နည်းဟူ၍ လည်းခေါ်ဆိုကြသေး၏။

ဆောင်ပုဒ်လင်္ကာ = ပျားပန်းစုတ်မှာ၊ လယ်၌သာ၊ ပေါင်းကာနှုတ်လေပါ။

ပုံ-၅။ ။ဤပုံကားရှေးဆရာဘော် အစဉ်အဆက်တို့ နှုတ်ကြသော ပျားကြီးစဲ့ နှုတ်ပုံဖြစ်ပါသည်။



ပုံ - ၅

ဤပုံ၌ပ ရ ပျားကြီးစဲ့နှုတ်နည်းဟူသည် သမုတ်လတံ့သော သိမ်ရာမြေကွက်၏ အတွင်း၌ (၅) ငါးဌာနငါးကြိမ်။ အပြင်ဘက်ထောင့်လေးထောင်၌(၄) လေးဌာန လေးကြိမ်အား ဖြင့် (၉) ဌာန ကိုးကြိမ်ကို စုရုံစုရုံ ထိုင်ကာ

နှုတ်ရမည် ဟူလိုစ်။ ဤပုံ၌ အလယ်ဗဟိုက စ၍ ဂဏန်းစဉ်အတိုင်း နှုတ်သည် ရှိသော်(၉) ကိုးဂဏန်းသို့ရောက်လျှင် ပြီးဆုံး၏ဟူ၍မှတ်ပါ၊လေ။

ဆောင်ပုဒ်လင်္ကာ= ပျားကြီးစွဲမှာ၊ လယ်ပြင်သာ၊ နှုတ်ပါ၊ငါ၊းလေးကြိမ်။



ပုံ - ၆

ပုံ-၆ ။ ။ဤပုံကားရှေးဆရာတော်အစဉ်အဆက်တို့ နှုတ်ကြသောထောင့်တန်းသွား နှုတ်ပုံဖြစ်ပါသည်။ဤပုံအရ ထောင့်တန်းသွားနှုတ်နည်း ဟူသည် သမုတ်လတ်သော သိမ်ရာမြေကွက်၏ အရှေ့မြောက်ထောင့်ကဈ၍အနောက်ဘောင်ထောင့်အရပ် တိုင်အောင် ရှေ့.၍ ရှေ့.၍ ထိုင်ကာ နှုတ်ခြင်းအားဖြင့်ရင်း။ အရှေ့ဘောင်ထောင့်ကစ၍ အနောက် မြောက်ထောင့် အရပ် တိုင်အောင် ရှေ့.၍ ရှေ့.၍ ထိုင်ကာ နှုတ်ခြင်းအားဖြင့်ရင်း နှုတ်ရမည်ဟူလိုပ်။ဤပုံ၌ အမှတ် ဂဏန်း ပြထားသည်အတိုင်း စုထိုင်ကာကမ္မဝါ၊ဝကို အနည်းဆုံး (၄) ခြောက်ဌာန ခြောက်ကြိမ်ခန့်ဝက်ရှက်ဖင်ရမည် ဟူ၍ မှတ်ပါ၊လေ။

ဆောင်ပုဒ်လင်္ကာ=ထောင့်တန်းသွားရှေ့၊ ထောင့်ကနေ၊ တန်းလေနှုတ်အပ်စွာ။



ပုံ - ၇

ပုံ-၇။ ။ဤပုံကားရှေ့ဆရာတော် အစဉ်အဆက်တို့ နှုတ်ကြသော ကြက်ခြေခတ် နှုတ်ပုံဖြစ်ပါသည်။ ဤပုံ အရ ကြက်ခြေခတ်နှုတ်နည်းဟူသည် သမုတ်လတ်သော သိမ်ရာမြေကွက်၏ အရှေ့အရေပ်မှစ၍ အနောက်အရပ်သို့ တိုင်အောင်ရင်း၊ တောင်အရပ်မှစ၍ မြောက်အရပ်သို့ တိုင်အောင်ရင်း ရှေ့.ပြောင်းကာ အကွက်တန်းဆုံးမအောင် နှုတ်ရမည် ဟူလိုလိုပ်။

ဆောင်ပုဒ်လင်္ကာ=ကြက်ခြေခတ်ပေ၊ ရှေ့တောင်နေ၊ တန်းလေနှုတ်အပ်စွာ။

ပုံ-၈။ ။ဤပုံ၏ကား ရှေးဆရာတော်အစဉ် အဆက်တို့ နှုတ်ကြသော ယင်ပေါင်တန်း နှုတ်ပုံ ဖြစ်ပါသည်။ ဤပုံ၏အရ ယင်ပေါင်တန်း နှုတ်နည်းဟူသည် သမုတ်လတံ့သော သိမ်ရာ မြေကွက်၏ အရှေ့အရပ်ကစ၍ အနောက်အရပ်သို့ အကွက်တန်းဆုံးသည်တိုင် အောင် ရှေ့.၍ ရှေ့၍ထိုင်ကာ နှုတ်ရမည် ဟူလိုပ်။



ပုံ - ၈



ပုံ - ၉

ပုံ-၉။ ။ဤပုံ၏ကား ရှေးဆရာတော်အစဉ်အဆက်တို့ နှုတ်ရိုးပြုကြသောယက်ကန်းခတ်ပုံဖြစ်ပါသည်။ ဤပုံ၏အရ ယက်ကန်းခတ် နှုတ်နည်းဟူသည် သမုတ် လတံ့သော သိမ်ရာမြေကွက်၏ မြောက်အရပ်ကစ၍ တောင်အရပ်သို့ အကွက်တန်းဆုံးသည် တိုင်အောင် ရှေ့.၍ရှေ့.၍ ထိုင်ကာနှုတ်ရမည်ဟုဆိုပါသည်။

ဆောင်ပုဒ်လေးခု=ယင်ပေါင်ယက်ကန်း၊ရှေ့မြောက်တန်း၊ စဉ်မြန်းနှုတ်လေပါ။

ပုံ-၁၀။ ။ဤပုံ၏ကား ရှေးဆရာတော် အစဉ်အဆက်တို့ နှုတ်ရိုးပြုကြသော ခရုပတ်နှုတ်ပုံ ဖြစ်ပါသည်။ ဤပုံ၏အရ ခရုပတ်နှုတ်နည်းဟူသည် အမှတ်ဂဏန်း ပြုထားသည်အတိုင်း သမုတ်လတံ့သော သိမ်ရာမြေကွက်၏ အရှေ့မြောက်ထောင့်အရပ် (၁)ဂဏန်းကစ၍ ဂဏန်းစဉ်အတိုင်းလက်ျာရစ်လှည့်ကာ အလယ်ဗဟို(၉) ဂဏန်းတိုင်အောင် (၉) ကိုးဌာနစသည် နှုတ်ရမည်ကို ဆိုလိုပါသည်။



ပုံ ၁

ဤနှုတ်နည်း၌ အရပ်တမျက်နှာ်လျှင် ကမ္မဝါစာ (၁) ကြိမ်သာဘာသ်၍ နှုတ်ရမည်ဟူ၍ မှတ်လေ။



ပုံ ၁၁

ပုံ-၁၁။ ။ဤပုံကား ရှေးဆရာတော် အစဉ် အဆက်တို့ နှုတ်ရိုးပြုကြသော ပရက်ကြောင်းလိုက် နှုတ်ပုံဖြစ်ပါသည်။ ဤပုံအဲရ ပရက်ကြောင်းလိုက် နှုတ်နည်းဟူသည်အမှတ်ဂဏန်းပြထားသည့်အတိုင်း သမုတ်လတံ့သော သိမ်ရာမြေကွက်၏ အလယ်ဗဟို (၁)ဂဏန်းကစ၍ လက်ဝဲရစ်လှည့်ကာအရှေ့တောင် ထောင့်အရပ်သို့ အမှတ်(၉)ဂဏန်း တိုင်အောင် အရပ်(၁) တမျက်နှာလျှင် ကမ္မဝါစာ (၁)ကြိမ် ရွတ်ဘာသ်၍ အရပ်(ဂ)ရှစ်မျက်နှာ စပ်မိအောင် ကမ္မဝါစာ (ဂ)ရှစ်ကြိမ်ရွတ် ဘာသ်၍ နှုတ်ရမည်ဟု ဆိုလိုပါသည်။

ဆောင်ပုဒ်လက်ဘ–ခရုပ်ရွက်၊ ပြင်တွင်းထွက်၊ စလျက်နှုတ်လေပါ။ ။

ပုံ-၁၂။ ။ဤပုံကား ရှေးဆရာတော်အစဉ်အဆက်တို့ နှုတ်ရိုးပြုကြသော အဋ္ဌသိမန္တရိကနှုတ်ပုံ ဖြစ်သည်။ ဤပုံအရ အဋ္ဌသိမန္တရိက နှုတ်နည်းဟူသည် သမုတ်လတံ့သော သိမ်ရာမြေကွက်၏ ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာတို့၌ သိမန္တရိက်ကနေ၍ အရပ် (၁)တမျက်နှာလျှင် (၁) တကြိမ်စီ စု၍စု၍ နှုတ်သောအားဖြင့်(ဂ) ရှစ်ကြိမ် ကမ္မဝါစာရွတ်ဖတ်၍ နှုတ်ရမည် ဟု ဆိုလိုပါသည်။



ပုံ ၁၂



ပုံ-၁၃။ ။ဤပုံကား ရှေးဆရာတော် အစဉ်အဆက်တို့ နှုတ်ရိုးပြုကြသော သိမ်မန္တရိက ပရိကွေ့ပ နှုတ်ပုံဖြစ်ပါသည်။ ဤပုံအရ သိမ်မန္တရိကပရိကွေ့ပ နှုတ်နည်းဟူသည် သမုဒ္ဒာလတံ့သော သိမ်ရာ မြေကွက်၏ ပတ်ဝန်းကျင်အရပ် (၈)ရှစ်မျက်နှာ တို့၌ စပ်မိုးအောင် ထေရ်စဉ်အတိုင်း ထိုင်လျက် အရပ်(၁)တမျက်နှာလျှင်ကမ္မဝါစာ(၁)တကြိမ်စီ ရွတ်ဖတ်၍ နှုတ်ရမည်ဟု ဆိုလိုပါသည်။

ဆောင်ပုဒ်လက်ခ....သိမန္တရိက်မှာ၊ ရှစ်ဌာနခ၌၊ ဝိုက်ကာပတ်လည်၊ နည်းနှစ်လီ၊ စီစဉ်နှုတ်လေပါ။



ပုံ-၁၄။ ။ဤပုံကား ညောင်လွန် တောရ တတိယဘုံက်အုပ်ဆရာ တော်ဦးနာယကအမိန့်ရှိသော မြင့်မိုရ်တက် နှုတ်ပုံဖြစ်ပါသည်။

ဤပုံအရ မြင့်မိုရ်တက်နှုတ်နည်းဟူသည် သမုဒ္ဒာလတံ့သော သိမ်ရာ မြေကွက်၏ နံပါး (၄)လေး ဘက် ညောင် စောင်း အကွက်စဉ်ကစ၍အလယ် ဗဟိုတိုင်အောင် ညောင်စောင်းကွက်အစဉ်အတိုင်း တက်၍နှုတ်ရမည်ဟု ဆိုလိုပါသည်။



ပုံ-၁၅

ပုံ-၁၅။ ။ဤပုံလည်း ၎င်းညောင်လွန်တောရ ဟတိယ တိုက်အုပ်ဆရာတော် အမိန့်ရှိသော မြင့်မိုရ်ဆင်းနှုတ်ပုံဖြစ်ပါသည်။

ဤပုံအရ မြင့်မိုရ်ဆင်းနှုတ်နည်းဟူသည် အမှတ်ဂဏန်း ပြထားသည် အတိုင်း အလယ်ဗဟို (၁) တစ်ဂဏန်းကစ၍ နံပါး(၄) လေးဘက်အမှတ်ဂဏန်း ဆုံးသည် တိုင်းအာဝင် နှုတ်ခြင်း ဖြင့်နှုတ်ရမည်ဟု ဆိုလိုပါသည်။

ဆောင်ပုဒ်လက်ဝ....မြင့်မိုရ်ဘက်ဆင်း၊ ဘေးလယ်သွင်း၊ စလျှင်းနှုတ်လေပါ။



ပုံ - ၁၆

ပုံ-၁၆။ ။ဤပုံကား ၎င်းဆရာတော် အစဉ်အဆက်တို့ နှုတ်ရိုးပြုကြသော လူးလားပြန်ခေါက်နှုတ်ပုံ ဖြစ်ပါသည်။

ဤမဏ္ဍိုရ လူးလားပြန်ခေါက်နှုတ်နည်း ဟူသည် အမှတ်ဂဏန်းပြထားသည့်အတိုင်း အစေ့ရှေးမြောက်ထောင့်အရပ် နံပါတ် (၁)တစ် အကွက်ကစ၍ သံယောင်းပါး သော်ရင်း၊ ခြောက်ပါး စသည်သော်ရင်း တကွက်တကွက် စုထိုင်လျက်ခေတာင်အရပ်

သို့အကွက်တန်း ဆုံးသည်တိုင်အောင်ငင်း၊ တဖန် တောင်အရပ် ဒုတိယအကွက်တန်း၏ အဲစအကွက်ကစ၍ မြောက်အရပ်သို့ တကွက်တကွက် နှုတ်လျက် အကွက်တန်းဆုံးသည်တိုင်အောင်ငင်း၊ ဤသို့စသည်ဖြင့် အပြန်အလှန်အကွက်စဉ်အတိုင်း နှုတ်သွားလျက် အနောက်မြောက်ထောင့် အရပ် နံပါတ် (၃၆) အကွက်သို့ ရောက်လျှင် ဤနည်း၌ နှုတ်ခြင်းကိစ္စပြီ·ဆုံး၏ဟု မှတ်ပါလေ။

သိမ်နှုတ်ရာ၌ အကျဉ်းမှတ်ရန်ဆောင်ပုဒ်လင်္ကာ-

ပျားပန်းကြက်ခြေ၊ တထွေးထောင့်တန်း၊ယင်ပေါင်တန်းနှင့်၊ ယက်ကန်းတဖြာ၊ တက်ကာမေရှ၊ ဆင်းပြုပုံဟန်၊ ပျားစဲ့မှန်လို၊ ခွေပြန်ခရှ၊ ထွက်စပ်ပြန်၊ ပရွက်ကြောင်းဟန်သို့၊ စီမံပိုင်းခြား၊ ဤဆယ်ပါးနှင့်၊ မမှားကိုးဌာန၊ စသည်တဝ၊ သိမ်နှုတ်ကြသည်။ ရှေးကဝိနိစ္ဆယထုံးတမ်းတည်း။ ။

ဤသိမ်နှုတ်ရာ၌ အထူးမှတ်ရမည်ကား၊ မစပ်သေးဘဲ ကျန်နေသေးသည်ဟူ၍ငင်း၊ ထိုင်ပုံမကျနသေး၍ ဟိုဘက်တိုးပါဦး သည်ဘက်တိုးပါဦးဟူ၍ငင်း၊ နောက်သို့ဆုတ်ပါဦး ရှေ့သို့တိုးပါဦးဟူ၍ငင်း၊ သက်နှိုးချင်းလည်းမထိပါစေနှင့်၊ ယတ္ထပါသ်လည်း စပ်ပါစေ ဟူ၍ငင်း၊ အပြောရအဆိုရကိုလည်း သက်သာစေနိုင်သောကြောင့်ငင်း၊ သံသယကိုလည်း ကင်းပျောက်စေနိုင်သောကြောင့်ငင်း၊ အချိန်ကိုမကုန်စေဘဲ ပြီးစီးလွယ်သောကြောင့်ငင်း၊ အကွက်မချဘဲ နှုတ်ခြင်းထက် အကွက်ချ၍ နှုတ်ခြင်းသည်သာလျှင် သာလွန်ကောင်းမြတ်၏ဟု မှတ်ပါလေ။

အကွက်ချရာ၌ ရှေးဦးစွာကြိုးဖြင့်ဆွဲ၍ ညီညွတ်ဖြောင့်မတ်စွာ မျဉ်းဆွဲပြီးလျှင် ထိုမျဉ်းနှင့်ကြောင်းပေါ်၌ ထုံးကို ရေဖြင့်ဖျော်၍ ကရားထဲသို့ ထည့်ပြီးလျှင် ထိုကရားမှ ထုံးရေကို မနှည်းများ ညီညွတ်စွာ ကြည့်ကောင်းအောင် လျှောက်၍ လောင်းရပါမည်။ ဤသို့ လောင်းမှသာ အကွက်ထင်ရှားမည်ဟု မှတ်ပါလေ။

၂၄။ ။သိမ်သမုတ်ပုံကို ပြဆိုခြင်း

သူကြီးတယောက် ပိုင်ဆိုင်အုပ်ချုပ်သော ဒိုင်နယ်တခု၏အတွင်း၌ ဝိသုဂါမမခံယူဘဲ ဒိုင်နယ်အံတွင်းရှိရဟန်းတို့ကိုသိမ်၍ သိမ်သမုတ်ကမ်းကို ပြုလိုသော

ရဟန်းတို့သည် ထိုသိမ်သမုတ်ကမ်ကိုပြုရာ ဂါမခေတ်ဒိုင်နယ်အတွင်း၌ တည်ရှိသော ရဟန်းတို့ကို အကြင်းအဆ ကျန်မရှိ ကိုန်စင်ခေအောင်ပင့်ဖိတ်ရမည်။ ပင့်ဖိတ်၍ သိမ်သမုတ်ရာရဟန်းတို့၏ ဟတ္ထပါသ်သို့ မလာနိုင်သောရဟန်းတို့၏ ဆန္ဒကို ဆောင်ယူရပါမည်။ သမုတ်အပ်ပြီးသော သိမ်ရှိသော ကျောင်းဘုံဂ်ရှိ ရဟန်းတို့ကိုမူကား ဘပည့်တော်တို့ ယခုနေ့ မည်သည့်အချိန်၌ သိမ်သမုတ်ကမ်ကို ပြုပါမည်။ သိမ်နိမိတ်ကြားမည့်အခါ မကြာမီ ငါးမိနစ်လောက်က ကျောက်စည် ခေါင်းလောင်း အုန်းမောင်းကရဒက် ကြေးစည် ခရုသင်း သေနတ် စသည်တို့တွင် တခုခုဖြင့် အမှတ်သညာအချက်ပေးပါမည်။ သိမ်သမုတ်ကမ်ကို ပြုပြီးသော အခါ၌လည်း ပြီးကြောင်းကို ၎င်းနည်းအမှတ်သညာပေးပါမည်။ ပဌမ အမှတ်သညာအချက်ပေးသည်မှစ၍ ဒုတိယ အမှတ်သညာအချက်ပေးသည်တိုင်အောင် ထိုအတောအတွင်း၌ မိမိတို့၏သမုတ်ထားအပ်ပြီးသော ဗဒ္ဓသိမ်အတွင်းမှ အပြင်ပသို့ မထွက်ကြပါကုန်လင့်-ဟု လျှောက်ကြားထားရမည်။ လျှောက်ကြားသည်အတိုင်းလည်း အမှတ်သညာအချက်ကိုပေးရမည်။ သိမ်သမုတ်ကမ်ကို ပြုရာသံဃာ၏ဟတ္ထပါသ်သို့ မလာရောက်နိုင်သော ရဟန်းတို့၏အထံမှ ည(၇)ရှစ်နာရီ (၉)ကိုးနာရီ အချိန်လောက်မှာ ကိစ္စပြီးစီးအောင် ဆန္ဒကိုဆောင်ယူရပါမည်။

ထို့အပြင် ထိုထိုသို့သောလမ်းခရီး ထိုထိုသို့သောရေဆိပ် ထိုထိုသို့သော ရွာတံခါး စသော ခရီးသွားအာဂန္တုကရဟန်းများ ထွက်ဝင် သွားလာတတ်သော နေရာဌာနဟူသမျှတို့၌ ခရီးသွားအာဂန္တုကရဟန်းတို့ကို အဆောတလျင် ဂါမခေတ်ဒိုင်နယ်နိမိတ်အတွင်းသို့ မဝင်စေခြင်းငှာ၎င်း၊ သို့မဟုတ် သိမ်သမုတ်ကမ်ကို ပြုရာ သံဃာ၏ ဟတ္ထပါသ်သို့ ပင့်ဆောင်ခြင်းငှာ၎င်း သွက်လက်ချက်ချာသော လူ သာမဏေ အာရုံမ်စောင့် ကပ္ပိယတို့ကို အမှတ်သညာ အချက်ပေး၍ စောင့်စေရပါမည်။

ဤသို့ပြုအပ်သော ပုဗ္ဗကိစ္စတို့ကို ပြုပြီးသည်ရှိသော် ဇသွားအလာပြတ်၍ အများအပြားခိုန် ည(၁၀)ဆယ်နာရီလောက်ဖြစ်စေ၊ သို့မဟုတ်ည(၁၁)တဆယ့်တစ်နာရီ (၁၂)တဆယ့်နှစ်နာရီလောက် ဖြစ်စေ သံဃာစည်းဝေး၍ အမှတ်သညာအချက်ကို ပေးပြီးလျှင် နိမိတ်ကြားပြီးသည်ရှိသော် ကမ္မဝါစာကို ရွတ်

ဖတ်၍ သမုတ်ရပါမည်။ ကမ္မဝါစာ၏ အဆုံးဌ နိမိတ်တို့ကို သိမ်မှုအပပြု၍ နိမိတ်တို့၏အတွင်းရှိ မြေအားလုံးကို ပယ်နှုတ်၍ မြေကိုခံသောရေတိုင်အောင် သိမ်သက်ရောက်၍သွားပါသည်။ ထို့ကြောင့် မဟာဝါ အဋ္ဌကထာ၌-

ဒိသာစာရိကဘိက္ခူနုံ နိဿဋ္ဌာရသမယေ သစေ ကေသို့ ဂါမခေတ္တာ သီမံ ဗန္ဓိတုကာမာ၊ ယေဘုတ္ထဗဒ္ဓသီမဝိဟာရာ၊ တေသုဘိက္ခူနုံမယံအဇ္ဇသီမံဗန္ဓိဿာမ၊ တုမ္ဟေသကသီမာပရိစ္ဆေဒေတာ မာနိက္ခမိတ္ထာတိပေသေတဗ္ဗံ၊ ယေအဗဒ္ဓသီမ ဝိဟာရာ၊ တေသု ဘိက္ခူ ကေစ္စ ံ သန္နိပါတေတဗ္ဗာ၊ ဆန္ဒာရဟာနုံ ဆန္ဒေါ အာဟာရုပေဘာဇ္ဇော-ဟူ၍ဌင်း။

ဝေဿန္ဒိတိတေသုပနဘိက္ခူသု ဆန္ဒာရဟာနုံဆန္ဒေအာဟဋ္ဌေ တေသု တေသုမဂ္ဂေသုနဒီတိတ္ထဂါမခ္ဒါရာဒီသုစအာနုဿကဘိက္ခူနုံသီဃံသီဃ ံဟတ္ထပါသာ နယနတ္ထဉ္ဉ ဗဟိသီမာကရဏတ္ထဉ္ဉ အာရာမိကေစေဝ သမဏုဒ္ဒေသေစ ဌပေတ္ဗာ ဘောရိသည်ံ ါ သခ်ိသည်ံ ါ ကတ္ဗာ နိမိတ္တကိတ္တနာနန္တရံ ဝုတ္ထာယ သုဏာတု မေဘဒန္တ သံဃောတိအာဒိကာယ ကမ္မဝါစာယသီမာဗဒ္ဓ ံတဗ္ဗာ။ ကမ္မဝါစာ ပရိယောသာနေယေဝ နိမိတ္တာနိ ဗဟိကတ္ဗာ ဟောဌ္ဌာပဏဝိသန္ဓာရကံ ဥဒကုံ ပရိယန္တံကတ္ဗာ သီမာဂတာဝေဟာတိ-ဟူ၍ဌင်း မိန့်ဆိုတော်မူ၏။

ဒိသာစာရိကဘိက္ခူနုံ၊ အရပ်မျက်နှာတို့၌ လှည့်လည်ကြကုန်သော ရဟန်းတို့၏။ နိဿဋ္ဌာရသမယေ၊ မလှည့်လည်ရာအခါ၌။ ဝါ၊ အသွားအလာ ပြတ်ရာအချိန်အခါ၌။ ကေသို့ ံ၊ တခုသော။ ဂါမခေတ္တာ၊ ဂါမခေတ်၌။ သီမံ၊ သိမ်ကို။ ဗန္ဓ ံတုကာမာ၊ ဖွဲ့သမုတ်ခြင်းငှာ အလိုရှိကုန်သည်။ သစေဟောန္တိ၊ အကယ်၍ဖြစ်ကုန်အုံ့။ ဝေဿန္တေသု၊ ဤသို့ဖြစ်ကုန်သည် ရှိသော်။ တတ္ထ၊ ထိုတခု သော ဂါမခေတ်၌။ ယေဗဒ္ဓသီမဝိဟာရာ၊ အကြင်ဖွဲ့အပ် ပြီးသောသိမ်ရှိကုန်သော ကျောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ ဘေသုဗဒ္ဓသီမဝိဟာ ရေသု၊ ထိုဖွဲ့အပ်ပြီးသော သိမ်ရှိကုန်သောကျောင်းတို့၌။ ဝိဟာရန္တာနုံ၊ နေကုန်သော။ ဘိက္ခူနုံ၊ ရဟန်းတို့၏။ သန္တိကံ၊ အထံသို့။ မယံ၊ တပည့်တော်တို့သည်။ အဇ္ဇ၊ ယနေ့။ သီမံ၊ သိမ်ကို။ ဗန္ဓိဿာမ၊ ဖွဲ့သမုတ်ပါကုန်အုံ့။ တုမ္ဟေ၊ အရှင်တို့သည်။ သကသီမာပရိစ္ဆေဒေတာ၊ မိမိတို့၏သိမ်အပိုင်းအခြားမှ။ မာနိက္ခမိတ္ထ၊ မထွက်ကြပါကုန်လင့်။ ဟေ့တိ၊ ဤသို့ ပေသေတဗ္ဗ ံ၊ စေလွှတ်အပ်၏။ ယေအဗဒ္ဓသီမဝိဟာရာ၊ အကြင်ဖွဲ့ရှုမှတ် အပ်

သော သိမ်မရှိကုန်သော ကျောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသုဘဗဒ္ဓ သီမဝိဟာရေသု၊ ထိုဖွဲ့သမုတ်အပ်သောသိမ်မရှိကုန်သောကျောင်းတို့၌။ ဝသန္တာ၊ နေကုန်သော။ ဘိက္ခူ၊ရဟန်းတို့ကို။ ကေဠာ၊ တပေါင်းတည်း။ ဝါ၊ အတူတကွ။ သန္နိပါတေတဗ္ဗာ၊ စည်းဝေးစေအပ်ကုန်၏။ ဆန္ဒာရဟာနံ၊ ဆန္ဒထိုက်ကုန်သော ရဟန်းတို့၏။ ဆန္ဒေ၊ ဆန္ဒကို။ အာဟာရုပေတဗ္ဗော၊ ဆောင်စေအပ်၏။

ပန၊ ဆက်ပါဦးအံ့။ ဧဝံ၊ ဤသို့။ ဘိက္ခူသုံ၊ ရဟန်းတို့သည်။ သန္နိပတိတေသု၊ အဲညီအညွတ်စည်းဝေးကြကုန်ပြီးသည်ရှိသော်။ ဆန္ဒာရဟာနံ၊ ဆန္ဒကို ပေးခြင်းငှာ ထိုက်ကုန်သောရဟန်းတို့၏။ ဆန္ဒေ၊ ဆန္ဒကို။ အာဟရေ၊ ဆောင်အပ်ပြီးသည်ရှိသော်။ တေသု တေသုမဂ္ဂေသု၊ ထိုထိုလမ်းခရီးတို့၌ဌင်း။ နဒီ တိတ္ထဂါမဒ္ဒါရာဒီသု၊ မြစ်ဆိပ် ရွာတံခါးအစရှိသည်တို့၌ဌင်း။ အာဂန္တုကဘိက္ခူနံ၊ ဧည့်သည်ဖြစ်ကုန်သောရဟန်းတို့ကို။ ဝါ၊ တို့၏။ သီဃ သီဃ၊ လျင်စွာလျင်စွာ။ ဟတ္ထပါသနယနတ္ထဉ္စ၊ ဟတ္ထပါသ်သို့ ဆောင်ခြင်းအကျိုးငှာ ဌင်း။ ဗဟိသီမာဂတရဏတ္ထဉ္စ၊ ထိုသိမ်သမုတ်ကမ်းကို ပြုရာဂါမသိမ်မှ အပ၌ တည်ခြင်းကို ပြုခြင်းအကျိုးငှာဌင်း။ အာရာမိကေစေဝ၊ အာရုမ်စောင့် ဒါယကာတို့ကိုဌင်း။ သမဏုဒ္ဒေသေစ၊ သာမဏေတို့ကိုဌင်း။ ဌပေတွာ၊ ထားကြကုန်၍။ ဘောရိသည်ဝါ၊ စည်အမှတ်ကိုဌင်း။ သခ်သည်ဝါ၊ ခရုသင်းအမှတ်ကိုဌင်း။ ကတွာ၊ ပြုကြကုန်၍။ နိမိတ္တကိတ္တနာနန္တရံ၊ နိမိတ်တို့ကိုကြားပြီးသည်၏အခြားမဲ့၌။ ဘ ဝတာ၊ ပြတ်စွာဘုရားသည်။ ဝုတ္တာယ၊ ဟောတော်မူအပ်သော။ သုဏာတုမေဘဒန္တေသံ ဃောတိအာဒိကာယ၊ သုဏာတုမေဘဒန္တေသံ ဃော-ဤသို့အစရှိသော။ ကမ္မဝါစာယ၊ ကမ္မဝါစာဖြင့်။ သီမာ၊ သိမ်ကို။ ဗန္ဓိတဗ္ဗာ၊ ဖွဲ့ဆိုသမုတ်အပ်၏။ ကမ္မဝါစာပရိယောသာနေ ယေဝ၊ ကမ္မ ဝါစာ၏ အဆုံး၌သာလျှင်။ နိမိတ္တ နိ၊ နိမိတ်တို့ကို။ ဗဟိ၊ သိမ်မှ အပ၌။ ကတ္တဗ္ဗာ ပြု၍။ ဟေဋ္ဌာ၊ အောက်၌။ ပထဝိသန္ဓာရကံ၊ မြေကိုခံသော။ ဥဒကံ၊ ရေကို။ ဥဒ္ဓံ ယဝ ဗ္ဗဟ ၊ အပိုင်းအခြားကို။ ကတ္တဗ္ဗာ၊ ပြု၍။ သီမာ၊ သိမ်သည်။ ဂတာ၊ သက်ရောက်သည်။ ဟောတိ၊ ဖြစ်သတည်း။ (ဤကား ဌင်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာ၌ ဒီသာစာရိကဘိက္ခူနံ နိဿဠ္ဌာရသမယေ-ဟူသော စကားရပ်ကို ဝိသုံဂါမမခံယူဘဲ သိမ်သမုတ်ရာ၌ ထိုသိမ်သမုတ်ရာ ဂါမခေတ်

သိမ်အတွင်းသို့ သိမ်သမုဒ္ဒာကမ်းပြိုဆဲခဏ၌ ရဟန်းဝင်လာသည်ရှိသော် ဝဲဂ်ဖြစ်၍ ကမ်ပျက်မည်စိုးသောကြောင့် အဋ္ဌကထာဆရာမိန့်ဆိုပါသည်။

ယေတတ္ထဗဒ္ဓသီမဝိဟာရာ စသောစကားရပ်ကိုထိုသိမ်သမုတ်ရာဂါမခေတ် သိမ်အတွင်းရှိ ကျောင်းတိုဋ္ဌ သမုတ်ပြီး ခဏ္ဍသိမ်၏အပြင်ပသို့ ရဟန်းတို့ ထွက်နေခဲ့သည်ရှိသော် ဝဂ်ဖြစ်၍ ကမ်ပျက်မည်စိုးသောကြောင့် အဋ္ဌကထာဆရာ မိန့်ဆိုပါသည်။

ယေ အဗဒ္ဓသီမဝိဟာရာ စသော စကားရပ်ကို ထိုသိမ်သမုတ်ရာ ဂါမခေတ် သိမ် အတွင်းဋ္ဌ သမုတ်ပြီး ခဏ္ဍသိမ်မရှိသေးသောကျောင်းမှ ရဟန်းတို့ကို ဝဂ်ဖြစ်၍ ကမ်ပျက်မည်စိုးသောကြောင့် သိမ်သမုတ်ကမ်ပြိုသော ရဟန်းတို့၏ ဟတ္ထပါသ်သို့ ပင့်ခေါ်ရမည်ကို အဋ္ဌကထာဆရာမိန့်ဆိုပါသည်။

ဆန္ဒာရဟာနံ ဆန္ဒောအာဟရာပေတဗ္ဗော ဟူသော စကားရပ်ကို ပင့်ခေါ်၍ မလာနိုင်ကြမူ ထိုရဟန်းတို့၏ ဆန္ဒကိုဆောင်၍သာ သိမ်သမုတ်ကမ်ပြိုရမည်ကို အဋ္ဌကထာဆရာမိန့်ဆိုပါသည်။

၂၅။ ။ဆန္ဒဆောင်ရာ၌အထူးမှတ်ဘွယ်

ဤဆန္ဒကိုမဆောင်ရာ၌ အထူးကိုမှတ်ရမည်ကား ဂါမခေတ်ဒိုင်နယ်ကြီးက အလွန်ကျယ်ဝန်းလှသောကြောင့် တနေ့ချင်းရောက်အောင် ဆန္ဒကို ဆောင်ခြင်းငှာ မတတ်နိုင်ခဲ့သည်ဖြစ်အံ့ နက်ဖန် သမုတ်မည့်သိမ်အတွက် ယနေ့ကပင် ဆန္ဒကို ဆောင်၍ထားခြင်းငှာ အပ်ပါ၏။ ထိုအကြောင်းကို ပါစိတျာဒိ အဋ္ဌကထာ-ဘိက္ခုနီဝိဘင်္ဂ-ပါစိတ္တိယကဏ္ဍ- ကဲ့မာရိဘူတဝဂ်- ကောဒသမသိက္ခာပုဒ်၊ အဖွင့်၌—

ဘုန်းတော်ကြီးဘုရား သထာဒိနိ ကရိသ္သာမာတိ ရတ္တိ သန္နိပတိတွာ ယာဝသဗ္ဗေ သန္နိပတန္တိ၊ တာဝဝမ္ဘ သုဏိသ္သာမာတိ ကော်အဗ္ဗော်သန္တိ၊ တသ္မိ ဝမ္ဘကထံ ကထေန္တေ ယေဝ အရုဏောဒဲ ဥဋ္ဌဟိ၊ သစေ စာတုဒ္ဒသိကံ ဥပေါသထံ ကရိသ္သာမာတိ သန္နိသိန္နာ၊ ပန္နရသောတိ ကာတုံ ပဋ္ဌတိ၊ သစေ ပန္နရသိကံ ကာတုံ နိသီဒိန္နာ၊ ပါဋိပဒေ အနုဒေ ပါသထေ ဥပေါသထံ ကာတုံ နုဝဋ္ဌတိ၊ အညံ ပနသံဃကိစ္စံ ကာတုံ ဝဋ္ဌတိ—ဟူ၍ မိန့်ဆိုတော်မူ၏။

ပုန၊ တဖန်။ ဘိက္ခု၊ ရဟန်းတို့သည်။ ဥပေါသထာဒီနိ၊ ဥပုသ်ကမ်အစရှိသည်တို့ကို။ ကရိယာမတိ၊ ပြုကြကုန်အံ့ဟူ၍။ ရတ္တိ၊ ညဉ့်အခါ၌။ သန္ဓိပတိဘူဝ၊ အညီအညွတ်စည်းဝေးကြကုန်ပြီး၍။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သဗ္ဗေ၊ အလုံးစုံကုန်သောရဟန်းတို့သည်။ သန္ဓိပတန္တိ၊ အညီအညွတ်စည်းဝေးကြကုန်၏။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဓမ္မံ၊ တရားတော်ကို။ သုဏိသာမ၊ နာကြကုန်အံ့။ ဣတိ၊ ဤသို့ နှလုံးပိုက်ကုန်၍။ ဧကံ၊ တပါးသောရဟန်းကို။ အဇ္ဈာသန္တိ၊ တိုက်တွန်းကုန်၏။ တသ္မိံ၊ ထိုတိုက်တွန်းအပ်သော ရဟန်းသည်။ ဓမ္မကထံ၊ တရားစကားကို။ ကထေန္တေ ယေဝ၊ ဟောပြောစဉ်သာလျှင်၊ အရုဏောဝ၊ အရုဏ်သည်။ ဥဒ္ဓဋ္ဌတိ၊ တက်၏။ စာတုဒ္ဒသိကံ၊ တဆယ့်လေးရက်နေ့ ၌ပြုအပ်သော။ ဥပေါသထံ၊ ဥပုသ်ကို။ ကရိယာမတိ၊ ပြုကုန်အံ့ဟူ၍။ နိသိန္နာ၊ ထိုင်နေကြကုန်သည်။ သစေဟောန္တိ၊ အကယ်၍ဖြစ်ကုန်အံ့။ ပန္နရသေတိ၊ ပဉ္စဒသီ ဥပုသ်ဟူ၍။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ပန္နရသိကံ၊ တဆယ့်ငါးရက်နေ့၌ ပြုအပ်သော။ ဥပေါသထံ၊ ဥပုသ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ နိသိန္နာ၊ ထိုင်နေကြကုန်သည်။ သစေဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ ပါဋိပဒေ၊ အထွက်တရက်နေ့ဖြစ်သော။ အနုပေါသထေ၊ ဥပုသ်နေ့ ဟုတ်သည်၌။ ဥပေါသထံ၊ ဥပုသ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ အညံ၊ ဥပုသ်ကိုမှတပါး၊ သော။ သံဃကိစ္စံ ပန၊ သံဃကိစ္စကိုကား။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်သတည်း။ (ဤကား ဂုဏ်း အဋ္ဌကထာ၏ အနက်။)

ဤ အဋ္ဌကထာ၌ တသ္မိံ ဓမ္မကထံကထေန္တေယေဝ အရုဏောဥဒ္ဓဋ္ဌတိ။ သစေစာတုဒ္ဒသိကံဥပေါသထံကရိယာမတိနိသိန္နာ၊ ပန္နရသေတိကာတုံဝဋ္ဋတိ။ အညံပနသံဃကိစ္စံ ကာတုံဝဋ္ဋတိ–ဟူသော စကားရပ်တို့ဖြင့် ညွှန်လွှန်၍ သိုးသော်လည်း ကံပြုမည်ဟူသော ဆန္ဒကို မစွန့်သေးက ဆန္ဒမ ဆိုး ပြောင်းခြင်း ကို ပြုဆိုပါသည်။ ထိုနှင့်စပ်၍ ဝဇီရဗုဒ္ဓိဋီကာ၌လည်း–

သ္ဓာတနာယ ဆန္ဒောဝါ ပါရိသုဒ္ဓိဝါ ပဝါရဏာဝါ၊ တာယ ကမ္မံ ကာတုံဝဋ္ဋတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

သ့ဘာတနာယ၊ နက်ဖြန်ပြုရန်အကျိုးငှာ။ ဆန္ဒော၀ါ၊ ဆန္ဒသည်ရင်း။ ပါရိသုဒ္ဓိ၀ါ၊ ပါရိသုဒ္ဓိသည်ရင်း။ ပဓါရဏာ၀ါ၊ ပ၀ါရဏာသည်ရင်း။ အာဟာ၌ ဆောင်အပ်သည်။ သစေဟောတိ၊ အကယ်၍ဖြစ်အံ့။ တာယ၊ ထိုဆောင်အပ်ပြီးသော ဆန္ဒပါရိသုဒ္ဓိပ၀ါရဏာဖြင့်။ ကမ္မံ၊ သံဃကမ်းကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ (ဤကား ၎င်းဌီကာ၏အနက်။)

၂၆။ ။မဇ္ဈိမဒေသ စသည်၌ မဟာသိမ်သမုတ်ပုံကို ပြဆိုခြင်း

သူကြီးတယောက် အုပ်ချုပ်သော ဒိုင်နယ်တခုကို ဂါမခေတ်၊ ၀ါ၊ ဂါမသိမ်ဟု ခေါ်ဆိုရပါမည်။ ထိုဂါမခေတ်၊ ဂါမသိမ်အတွင်း၌ တယူဇနာ၀ခန့် စသည် ကျယ်ပြန့်သော မဟာသိမ်သမုတ်လိုပါမူ၊ ထိုသမုတ်လတံ့ မဟာသိမ်၏ အတွင်း၌ သမုတ်ပြီး ခဏ္ဍသိမ်ရှိနေခဲ့ပါမူ၊ ထိုခဏ္ဍသိမ်ငယ်၏ နိမိတ်တို့၏အပြင်ဘက်၌ သီမသမ္ဘေဒမဖြစ်စေရန် အကျိုးငှာ ဥပစာဖြစ်သော သီမန္တရိက်ကို ထားရဦးမည်။ ထိုခဏ္ဍသိမ်ငယ်၏ ဥပစာသီမန္တရိက်သည် သမုတ်လတံ့ မဟာသိမ်၏ နိမိတ်ပင်ဖြစ်၏။ ဤသို့ မထားဘဲ ခြုံ၍သမုတ်ပါမူ သီမာယသီမ အဇ္ဈောတ္ထရဏဖြစ်၍ နောက်သမုတ်သော မဟာသိမ်မအောင်မြင်နိုင်ဟု မှတ်ရမည်။ ထိုသမုတ်လတံ့ မဟာသိမ်၏ အတွင်း၌ သမုတ်လတံ့ ခဏ္ဍသိမ်ငယ်ရှိနေခဲ့ပြန်ပါမူလည်း၊ ထို ခဏ္ဍသိမ်ငယ် အောင်မြင်စေခြင်းအကျိုးငှာ ဥပစာသီမန္တရိက်နှင့်တကွ ကွက်လပ်ချန်၍ ထားရဦးမည်။ ၀ါ-သမုတ်လတံ့ မဟာသိမ်၏ အတွင်းနိမိတ်နှင့်တကွ သီမန္တရိက်ကိုပါ ပြည့်စုံအောင်ထား၍ သမုတ်ရပါမည်။

ဤသို့သမုတ်ရာ၌ အတွင်းရှိ ခဏ္ဍသိမ်ငယ်၏ ဥပစာသီမန္တရိက် အရာ၌ တည်သော မဟာသိမ်၏ နိမိတ်ကို ကြားပုံကိုကား မေးသောဝိနည်းဓိုရ်ရဟန်းသည် လှည့်လည်၍ မိမိရပ်တည်ရာအရပ်၏ အရှေ့မျက်နှာအရပ်၌ တည်သော နိမိတ်ကို "ပုရတ္ထိမာယဒီသာယကိ နိမိတ္တံ"။ တောင်အရပ်မျက်နှာ၌တည်သော နိမိတ်ကို "ဒက္ခိဏာယဒီသာယကိ နိမိတ္တံ"။ ဤသို့စသည်ဖြင့် နိမိတ်တို့၏ တည်ရာအရပ်မျက်နှာကို ထောက်ဆ၍သာ ကြားရပါမည်။ သို့မဟုတ် တနေရာတည်း၌သာ ထိုင်လျက် အမေးအဖြေလုပ်၍ နိမိတ်ကြားပါမူကား ချန်ထားရသော ခဏ္ဍသိမ်၏ အရှေ့အရပ်မျက်နှာ၌ တည်သောနိမိတ်ကို "ပုရတ္ထိမာယ ဒီသာယ

ကိ ုနိမိတ္တံ"။ တောင်အရပ်မျက်နှာ၌ တည်သောနိမိတ်ကို "ဒက္ခိဏာယဒိသေ ယ ကိ ုနိမိတ္တံ"။ ဤသို့စသည်ဖြင့် ခဏ္ဍသီမ်၏ အရပ်မျက်နှာကိုထောက်ဆ၍ ကြားရ မည်။ သို့သော် သမုတ်လတံ့မဟာသီမ်၏ အတွင်းကသာနေ၍ ကြားရမည်ဟု ညောင်လွန် တောရဆရာတော် အမိန့်ရှိတော်မူ၏။

ထိုသမုတ်ပုံကို မဟာဝ ါအဋ္ဌကထာ၌-

တံ ဗန္ဓိတုကာမေဟိ သာမန္တဝိဟာရေသု ဘိက္ခူ တသေတသ ဝိဟာရသ သီမာ ပရိစ္ဆေဒံ ပုစ္ဆိတ္ဝာ ဗဒ္ဓသီမဝိဟာရာနံ သီမာယ သီမန္တရိကံ အဗဒ္ဓသီမဝိဟာရာနံ သီမာယ ဥပစာရံ ဌပေတ္ဝာ-ဟူ၍ဋီး။

နိမိတ္တကိတ္တနာနန္တရံ ဝုတ္တာယ သုဏာတုမောဘန္တေသံ ယောတိ အာဒိကာယ ကမ္မဝ ါစာယ သီမာ ဗန္ဓ ိတဗ္ဗာ-ဟူ၍ဋီး မိန့်ဆို တော်မူ၏။

တံသီမံ၊ ထိုမဟာသီမ်ကို။ ဗန္ဓ ိတုကာမေဟိ၊ ဖွဲ့သမုတ်ခြင်းငှာ အလို ရှိကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ သာမန္တဝိဟာရေသု၊ အနီးဖြစ်သော ကျောင်းတို့၌။ ဝသန္တေ၊ နေကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ တသ္မိံတသ ဝိဟာရသ၊ ထိုထိုကျောင်းတိုက်၏။ သီမာပရိစ္ဆေဒံ၊ သီမ်၏အပိုင်းအခြားကို။ ပုစ္ဆ ိတ္ဝာ၊ မေးကြကုန်၍။ ဗဒ္ဓသီမဝိဟာရာနံ၊ ဖွဲ့သမုတ်အပ်ပြီးသော သီမ်ရှိ ကုန်သော ကျောင်းတိုက်တို့၏။ သီမာယ၊ သီမ်၏။ သီမန္တရိကံ၊ သီမန္တရိက်ကို။ ဝ ါ-သီမ်၏အနီး ဥပစာကို။ ဌပေတ္ဝာ၊ ထားကြကုန်၍။ အဗဒ္ဓသီမဝိဟာရာနံ၊ ဖွဲ့သမုတ်အပ်ပြီးသော သီမ်မရှိကုန်သေးသောကျောင်းတိုက်တို့၏။ သီမာယ၊ သီမ်၏။ ဥပစာရံ၊ ဥပစာကို။ ဝ ါ-အနီးဖြစ်သောကွက်လပ်ကို။ ဌပေတ္ဝာ၊ ထားကြကုန်၍။

နိမိတ္တံကိတ္တနာနန္တရံ၊ နိမိတ်တို့ကိုကြားပြီးသည်၏အခြားမဲ့၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာယ၊ ဟောတော်မူအပ်သော။ သုဏာတုမောဘန္တေ သံယောတိအာဒိကာယ၊ သုဏာတုမောဘန္တေသံယော ဤသို့အစရှိသော။ ကမ္မ ဝ ါစာယ၊ သီမာသမ္မုတိကမ္မ ဝ ါစာဖြင့်။ သီမာ၊ သီမ်ကို။ ဗန္ဓ ိတဗ္ဗာ၊ ဖွဲ့သမုတ် အပ်၏။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)



ပုံ - ၁။

ပုံ-၁၁။ ။ဤပုံကားပြဆိုအပ်ခဲ့ပြီးသော အဌကထာမှ ရအပ်သော တယူဇနာခန့်စသည် ကျယ်ပြန့်သော မဟာသီမ် သမုတ်ပုံဖြစ်ပါသည်။

ဤအဌကထာ၌ အပဒ္ဓသီမ ဇီဟာရာနှံ သီမာယ ဥပစာရံ ဌပေတွာ-ဟူသော စကားရပ်ဖြင့် ဤမဟာသီမ်ကိုသမုတ်ပြီးသည်မှ နောက်ကာလ၌ သံဃာကိုသိမ်းရှိ လွယ်ကူစေခြင်း အကျိုးငှာ ခဏသိမ်ငယ်ကို သမုတ်လိုသောရဟန်းတို့၏ ခဏ္ဍသိမ်ဆုမြေကွက်ကို သီမန္တရိက်ဥပစာနှင့်တကွ ချန်ထား၍ သမုတ်ရမည် ကိုပြဆိုပါသည်။

ထို့ကြောင့် ဝဇီရဗုဒ္ဓိဋီကာ၌—

ဥပစာရံ ဌပေဘွာ တိ ပစ္ဆာ သီမံ ဗဒ္ဓန္တော်နှံ သီမာယ သြကာသံ ထပေဘွာ-ဟူ၍ မိန့်ဆိုဘော်မူ၏။

ဘေရသကဏ်-ဝိမတိဝိနောဒနီဋီကာတို့၌လည်းထိုနည်းတူပင်မိန့်ဆိုကြ၏။

ဥပစာရံဌပေဘွာတိ၊ ဥပစာရံဌပေတွာဟူသည်ကား။ ပစ္ဆာ၊ မဟာသိမ်ကို သမုတ်ပြီးသည်မှ နောက်ကာလ၌။ သီမံ၊ ခဏ္ဍသိမ်ငယ်ကို။ ဗဒ္ဓန္တောနှံ၊ ဖွဲ့သမုတ်လိုကုန်သော် ရဟန်းတို့၏။ သီမာယ၊ ခဏ္ဍသိမ်ငယ်၏၊ သြကာသံ၊ ဥပစာသီမန္တရိက်နှင့် တကွသော မြေကွက်လပ်အရပ်ကို။ ထပေတွာ၊ ထားကြကုန်၍။ (ဤကား ၎င်းဋီကာ၏အနက်။)

၂၇။ ။ဂ မြေခေတ်နှစ်ခုကိုစပ်၍ သိမ်သမုတ်ပုံကို ပြဆိုခြင်း

ဂမြေခေတ်နှစ်ခုကိုစပ်၍ မဟာသိမ်သမုတ်လိုပါမူကား ထိုဂမြေခေတ်နှစ်ခုလုံးကို မိမိတို့လိုသလောက် သိမ်တွင်းပြုကာ နိမိတ်သတ်နှတ်ပြီးလျှင် တဖက်

သော ဂါမခေတ်က စည်းဝေးနေထိုင်ကြ၍ သမုတ်ရပါမည်။ ထိုသို့သမုတ်ရာ၌ ဂါမခေတ်တို့မည်သည် ဖွဲ့သမုတ်အပ်ပြီးသောဗဒ္ဓသီမ်နှင့် အတူတူပင် ဖြစ်သောကြောင့် ဂါမခေတ်တခုမှ ဂါမခေတ်တခုသို့ ဆန္ဒဆောင်ခြင်းသည် မရောက်။ ထိုသို့မရောက်သောကြောင့် ဂါမခေတ်တခုအတွင်းက စည်းဝေးထိုင်နေကြ၍ သမာနသံဝါသကသီမ်ကို သမုတ်ရာအခါ၌ တဖက်သော ဂါမခေတ်အတွင်း၌ နေသော ရဟန်းတို့၏အထံမှ ဂါမခေတ်တခုစီဖြစ်၍ သီမ်တခုစီ အသီးအခြားဖြစ်နေသောကြောင့် ဆန္ဒဆောင်ရန်လည်းမလို စည်းဝေးရာသံဃာတွေ့ပါသ်သို့ မလာသော်လည်း ကမ်မပျက်။ နောက်ထပ်တဖန် အဝိပ္ပဝါသသီမ်ကို သမုတ်ရာ၌ကား သမာနသံဝါသကသီမာသမ္ဘုတိကံကြောင့် ထိုဂါမခေတ်နှစ်ခုတို့သည် သတ်မှတ်ရာသီမ်နိမိတ်တွင်း၌ ဗဒ္ဓသီမ်သက်ရောက်၍ တသီမ်တည်း ဖြစ်သွားလေသောကြောင့် နိမိတ်အတွင်းရှိ ရဟန်းတို့ကို စည်းဝေးရာသံဃာတွေ့ပါသ်သို့ ပင့်ခေါ်၍သာ သမုတ်ရပါမည်။ 'မလာလိုမူ ဆန္ဒကိုဆောင်၍ သမုတ်ရပါမည်။

ထို့ကြောင့် ဂင်းမဟာဝါအဋ္ဌကထာ၌–

သစေ အညောနိပိ ဂါမခေတ္တာနိ အန္တောကတ္တုကာမာ၊ တေသု ဂါမေသု ယေဘိက္ခူ ဝသန္တိ၊ တေဟိပိ အာဂန္တွေ။ အနာဂစ္ဆန္တာနံ ဆန္ဒာ အာဟရိတဗ္ဗောတိ မဟာသုမတ္ထေရော အာဟ။ မဟာပဒုမတ္ထေရော ပန နာနာဂါမခေတ္တာနိနာမ ပါဒ္ဒေက္ကံ ဗဒ္ဓသီမာသဒိသာနိ၊ နတ္ထိ ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ။ အန္တောနိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တွေ ဝတ္ဘာ ပုန အာဟ သမာနသံဝါသကသီမာ သမ္ဘုန္နကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ။ အဝိပ္ပဝါသသီမာ သမ္ဘုန္နကာလေ ပန အန္တောနိမိတ္တဂတေဟိ အာဂန္တွေ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ–ဟူ၍ မိန့်ဆိုတော်မူ၏။

အညောနိ၊ တပါးကဲ့သော။ ဂါမခေတ္တာနိပိ၊ ဂါမခေတ်ကိုကိုလည်း။ အန္တော၊ သီမ်၏အတွင်း၌။ ကတ္တုကာမာ၊ ပြုခြင်းငှာအလိုရှိကုန်သည်။ သစေ ဟောန္တိ၊ အကယ်၍ဖြစ်ကုန်အုံ့၊ တေသုဂါမေသု၊ ထိုဂါမခေတ်တို့၌။ ယေဘိက္ခူ၊ အဲ့ကြင်ရဟန်းတို့သည်။ ဝသန္တိ၊ နေကုန်၏။ တေဟိပိဘိက္ခူဟိ၊ ထိုရဟန်းတို့သည်လည်း။ အာဂန္တွေ၊ လာအပ်၏။ အနာဂစ္ဆန္တာနံ၊ မလာရောက်ကုန်သော

ရဟန်းတို့၏။ ဆန္ဒော၊ ဆန္ဒကို။ အာဟရိတဗ္ဗော၊ ဆောင်အပ်၏၊ ဤတို၊ ဤသို့။ မဟာသုမတ္တောရော၊ မဟာသုမထေရ်သည်။ အာဟ၊ မိန့်ဆိုလေ၏။ ပန၊ ဝါဒတပါးကိုပြဆိုပါဦးအုံ့။ မဟ ပဒုမတ္တောရော၊ မဟာပဒုမထေရ်သည်။ နာနာ ဂါမခေတ္တာနိနာမ၊ အသီးသီးသော ဂါမခေတ်တို့မည်ကုန်သည်။ ပါဌေ့ဏ္ဍ၊ အသီးအခြား။ ဗဒ္ဓသီမာသဒိသာနိ၊ ဖွဲ့သမုတ်အပ်ပြီးသော ဗဒ္ဓသီမ်နှင့်တူကုန်၏။ တတော၊ ထိုအသီးသီးသောဂါမခေတ်မှ။ ဆန္ဒပါရိသုဒ္ဓိ၊ ဆန္ဒပါရိသုဒ္ဓိသည်။ နအာဂစ္ဆတိ၊ မလာမရောက်။ ပန၊ ယင်းသို့ပင် မလာရောက်သော်လည်း။ အန္တောနိမိတ္တဂတေဟိ၊ နိမိတ်အတွင်း၌ဘည်ကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ အာဂန္တ္ဗဗ္ဗံ၊ လာအပ်၏။ ဤတို၊ ဤသို့။ ဝတ္ဘာ၊ ဆိုပြီး၍။ ပုန၊ တဖန်။ သမာနသံဝါသကသီမာသာမမ္ပိ နကာလေ၊ သမာနသံဝါသကသီမ်ကို သမုတ်ရာအခါ၌။ အာဂမနမ္ပိ၊ လာခြင်းသည်ရင်း။ အနာဂမနမ္ပိ၊ မလာခြင်းသည်ရင်း။ ဝဋ္ဋတိ၊ အပ်၏။ ပန၊ စင်စစ်သော်ကား။ အဝိပ္ပဝါသသီမာသမ္ဗေဒနကာလေ၊ အဝိပ္ပဝါသသီမ်ကို သမုတ်ရာအခါ၌။ အန္တောနိမိတ္တဂတေဟိ၊ နိမိတ်၏အတွင်း၌ တည်ကုန်သောရဟန်းတို့သည်။ အာဂန္တ္ဗဗ္ဗံ၊ လာအပ်၏။ အနာဂစ္ဆန္တောနုံ၊ မလာကုန်သောရဟန်းတို့၏။ ဆန္ဒော၊ ဆန္ဒကို။ အာဟရိတဗ္ဗော၊ ဆောင်အပ်၏။ ဤတို၊ ဤသို့။ အာဟ၊ မိန့်ဆိုလေ၏။ (ဤကား ၎င်း အဋ္ဌကထာ၏ အနက်။)

ဤအဋ္ဌကထာ၌ ဂါမခေတ်နှစ်ခုလုံး၌တည်သော ရဟန်းအားလုံးတို့ လာရမည်။ မလာကုန်သော ရဟန်းတို့၏ဆန္ဒကို ဆောင်ရမည် ဟူသော မဟာသုမထေရ်၏ဝါဒကိုကား အသင့် ယုတ္တိမရှိသောကြောင့် မယူရ။ နောက်ဖြစ်သော မဟာပဒုမထေရ်၏ ဝါဒကိုသာ အသင့် ယုတ္တိရှိသောကြောင့် မှတ်ယူရပါမည်။ ထိုမဟာပဒုမထေရ်၏ ဝါဒ၌လည်း အန္တောနိမိတ္တဂတေဟိအာဂန္တ္ဗဗ္ဗံ-ဟူသော စကားရပ်ကို ပုန အာဟ သမာနသံဝါသကသီမာ သမ္ဗေဒနကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ–ဟူသော နောက်စကားရပ်ကို ထောက်ဆ၍ ဝတ္ထုရားကျေးကျွန်မှုကို ရှိသေသည်၏ အစွမ်းဖြင့်သာ မိန့်ဆိုအပ်ပါသည်။ မလာဘဲနေသော်လည်း သီမ်အသီးအခြားစီဖြစ်ကသောကြောင့် ဝင်လည်းမဖြစ်နိုင်ကမ်းလည်းမပျက် အောင်မြင်သည်သာ ဟူ၍ မှတ်ယူရပါမည်။

ထိုကြောင့် တရသကဖော်ဋီကာ၌—

အာဝဇ္ဇနဇဝနစိတ် သာမိစိတ်သေန ဝုတ္တံ၊ နာယံ နိယမော အာဝဇ္ဇနဇဝနမေဝ ဟောတိ။ တေနေဝ ဟာ အာဝမနမ္ပိ အနာဝမနမ္ပိ ဝဋ္ဋတိတိ။ **အဗဒ္ဓါယ** ဟိ သီမာယ နာနာဝါမခေတ္တာနံ နာနာသီမသဘာဝတ္တာ တေသံ **အနာဝ**မနေပိ ဝဂ္ဂကမ္မံ နဟောတိ၊ တသ္မာ အနာဝမနမ္ပိ ဝဋ္ဋတိ-ဟူ၍ မိန်ဆိုတော်မူ၏။

အဲ့ဝဇ္ဇနဇဝနစိတ်၊ အာဝဇ္ဇနဇဝံ-ဟူ**သော** စကားကိုလည်း။ ဩသာမိစိတ်သေန၊ ဝတ္တရားကျေပွန်မှုကိုရှိ**သော**သည်၏**အစွမ်း**ဖြင့်။ ဝုတ္တံ၊မိန်ဆိုအပ်၏။ **အာ**ဝဇ္ဇနဇဝနမေဝ၊ လာရမည်သာတည်း။ ဣတိ၊ ဤသို့။ အယံနိယမော၊ ဤသို့**သော သ**တ်မှတ်ပိုင်းခြားခြင်းသည်။ နဟောတိ၊ မဖြစ်။ တေနေဝ၊ ထိုကြောင့်သာလျှင်။ **အ**ဲ့ဝဝမနမ္ပိ**အ**နာဝမနမ္ပိ ဝဋ္ဋတိတိ၊**အ**ာဝ**ဝ**မနမ္ပိ **အ**နာ**ဝ**မနမ္ပိ ဝဋ္ဋတ့်- ဟူ၍။မဟာ ပဒုမတ္ထေရော၊ မဟာပဒုမထေရ်သည်။ **အာ**ဟ၊ မိန်ဆိုလေ၏။ ဟိ-သစ္စံ၊ မှန်၏။ **သီ**မာယ၊သိမ်ကို။ **အ**ဗဒ္ဓါ**ယ**၊ **မ**ဖွဲ့**မ**သမုတ်**အ**ပ်သည်ရှိ**သော**်။ နာနာဝါမခေတ္တာနံ၊ **အ**သီးသီး**သော** ဝါမခေတ် တို့၏။ နာနာသီမသဘာဝတ္တာ၊ **အ**သီး**သီ**း**သော** ဗဒ္ဓသိမ်နှင့် တူသည်၏**အ**ဖြစ်ကြောင့်။**တ**ေသံ၊ ထိုဘဖက်**သော**ဝါမခေတ်၌ နေကုန်**သော** ရဟန်းတို့၏။ **အ**နာ**ဝ**မနေပိ၊ **မ**လာခြင်း**ကြော**င့်လည်း။ ဝဂ္ဂကမ္မံ၊ ဝဂ်ဖြစ်**သော**ကမ်သည်။ နဟောတိ၊ မဖြစ်။**တ**သ္မာ၊ ထို့ကြောင့်။**အ**နာ**ဝ**မ**နမ္ပိ**၊ **တ**ဖက်**သော** ဝါမခေတ်၌ နေကုန်**သော**ရဟန်းတို့၏ **မ**လာ**ဘဲ နေ**ခြင်း**သ**ည်**လ**ည်း။ ဝ**ဋ္ဋ**တိ၊ **အ**ပ် **သ**တည်း။ (ဤကား ၎င်းဋီကာ၏**အ**ဓိပ္ပာယ်။)



ပုံ-၁၂။ ။ဤပုံကား**ပြ**ဆိုအပ်ခဲ့ပြီး**သော** **အ**ဌကထာဋီကာတို့နှင့် **အ**ညီ ဝါမခေတ်နှစ်ခုကိုစပ်လျက် နိမိတ်၏ **အ**တွင်းသို့သွင်း၍ သမုတ်**အ**ပ်**သော** သိမ်ပုံ ဖြစ်ပါသည်။ ဤသို့ **သ**မုတ်ရာ၌လည်း တံဗန္ဓတုကာမေဟိ ဟူ**သော** ရှေ**အ**ဌကထာ**စ**ကား**ရ**ပ်ကို **ထော**က်၍**သ**မုတ်**အ**ပ်**သ**ော**အ**တွင်း၌

သမုတ်ပြီးခဏ္ဍသိမ် - သမုတ်လတံ့ခဏ္ဍသိမ်-မျှား ;ရှိနေပြန်လျှင်လည်း ထိုခဏ္ဍသိမ်မျှားအတွက် ဥပစာသီမန္တရိုက်နှင့်တကွ မြေကွက်လပ်ကိုချန်ထား၍ သမုတ်ရမည်ဟု မှတ်ပါ၊လေ။

ဤအဌကထာစကားရပ်ကို နည်းမှီ၍ ဝိသုဂါမအဖြစ် အမိန့်ရပြီး မြေကွက်က ကျဉ်းငယ်နေ၍ ထိုအမိန့်ရပြီး ဝိသုဂါမမြေကွက်၏ အပြင်ဘက်ကို ခွဲ၍သမုတ်လိုကလည်း သမုတ်နိုင်၏။ ထိုသို့ သမုတ်ရာ၌ ဝိသုဂါမမြေကွက်၏ အပြင်ဘက်ကို မိမိတို့အလိုရှိသလောက် နိမိတ်သတ်မှတ်ထား၍ ကြားပြီးလျှင် ဝိသုဂါမအမိန့်ရပြီး မြေကွက်အတွင်း၌ သံဃာစည်းဝေးနေထိုင်၍ သမာနသံဝါသကသီမ်ကို သမုတ်ရာ၌လည်း အသီးအခြားသော သီမ်တခုစီ ဖြစ်နေသောကြောင့် ပကတိဂါမခေတ်ဒိုင်နယ်အတွင်းရှိ ရဟန်းတို့ကို သိမ်းရန် ပင့်ခေါ်ရန် ဆန္ဒဆောင်ရန်မလို။ နောက်တဖန် အဝိပ္ပဝါသသီမ်ကို သမုတ်ရာ၌လည်း နိမိတ်တို့၏အတွင်း၌ ဗဒ္ဓသီမ်သက်ရောက်ပြီးဖြစ်၍ ဂါမသီမ်နှင့် အသီးအခြားဖြစ်နေသောကြောင့် ၎င်းပကတိဂါမခေတ် ဒိုင်နယ်အတွင်းရှိ ရဟန်းတို့ကို သိမ်းရန် ပင့်ခေါ်ရန် ဆန္ဒဆောင်ရန်မလို။ နိမိတ်အတွင်းရှိ ရဟန်းတို့ကိုသာ ဟတ္ထပါသ်သို့ ပင့်ခေါ်ရမည်။ မလာနိုင်မူ ဆန္ဒကိုဆောင်ရမည်။ ဤသို့ အထူးကို သိပါလေ·ဟု ညောင်လွန်တောရဆရာတော် အမိန့်ရှိတော်မူ၏။



ပုံ - ၁၃

ပုံ-၁၃။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော စကားအရ အမိန့်ရပြီး ဝိသုဂါမ မြေကွက်ရပ်က ကျဉ်းငယ်နေ၍ ထိုဝိသုဂါမ မြေကွက်ရပ်၏ အပြင်ဘက်ပကတိဂါမမြေကွက်ရပ်၌ မိမိတို့လိုသလောက်ခွဲကာ နိမိတ်သတ်မှတ်ထား၍ ကြားပြီးလျှင် သမာနသံဝါသကဗဒ္ဓ သိမ်သမုတ်ပုံ ဖြစ်ပါသည်။ ဤသမာနသံဝါသကဗဒ္ဓ သိမ်သမုတ်ပြီးက နိမိတ်တို့၏ အတွင်း၌ ဗဒ္ဓတသိမ်တည်းသာ သက်ရောက် သွားပါသည်။

ဤ ဂါမခေတ်နှစ်ခုကိုစပ်၍ သာမုတ်ရာ၌ မှတ်ဘွယ်အထူးကို ပြဆိုပါဦးအုံ့။ ဂါမခေတ်နှစ်ခုတို့ကို စပ်၍ သိမ်သမုတ်ကမ်းကိုပြုရာ၌ ဂါမခေတ်နှစ်ခုတို့၏ စပ်ရာအရပ်၌ သံဃာစည်းဝေး၍ သိမ်သမုတ်ကမ်းကိုပြုသည်ရှိသော် သိမ်နှစ်ခု ရောယှက်ရာ၌ ကင်းပြုသည် မည်သောကြောင့် ထို သိမ်သာမုတ်ကမ်းသည် မအောင်မြင်နိုင်ပါ။

ထို့ကြောင့် စမ္မေယျခန္ဓကပါဠိတော်၌-

နာနာသီမာယ ဌိတစတုတ္ထော ကမ္မံ ကရေယျ၊ အကမ္မံ နုစ ကရဏီယံ။ နာနာသီမာယ ဌိတပဉ္စမော ကမ္မံ ကရေယျ၊ အကမ္မံ နုစ ကရဏီယံ-**စ**သည်ဖြင့် ဟောတော်မူ၏။

နာနာသီမာယ၊ **အ**သီးသီးသောသိမ်၌။ ဌိတစတုတ္ထော၊ တည်သော ရဟန်းလျှင် **လေ**းယောက်မြောက်ရှိသော သံဃာသည်။ ကမ္မံ၊ ကမ်းကို။ ဧကရေယျ၊ အကယ်၍ပြုပြီးအုံ့။ အကမ္မံ၊ ကံမဖြစ်။ နုစကရဏီယံ၊ ပြုလည်းမပြုအပ်။ နာနာသီမာယ၊ **အ**သီးသီးသောသိမ်၌။ ဌိတပဉ္စမော၊ တည်သော ရဟန်းလျှင် **ငါ**းယောက် မြောက်ရှိသော သံဃာသည်။ ကမ္မံ၊ ကမ်းကို။ ဧကရေယျ၊ အကယ်၍ပြုပြီးအုံ့။ အကမ္မံ၊ **ကံ**မဖြစ်။ နုစကရဏီယံ၊ ပြုလည်းမပြုအပ်။ (ဤကား ၎င်းပါဠိတော်၏အနက်။)



ပုံ - ၁၄

ပုံ-၁၄။ ။ဤပုံက- ၎င်းပါဠိတော်အရ ဂါမခေတ်နှစ်ခုတို့၏ စပ်ရာ၌ ကံ သံဃာစည်းဝေးလျက် ဝိသုဒ္ဓိဂါမမခံယူဘဲ နှစ်ဘက်သော ဂါမခေတ်တို့၌ ရဟန်းတို့တည်နေကြ၍ သိမသမ္မုတိကမ်းကို ပြုသောပုံ ဖြစ်ပါသည်။

ဤသို့ ဝိသုဒ္ဓိဂါမ မခံယူဘဲ ဂါမခေတ်နှစ်ခုတို့၏ စပ်ရာအရပ်က သံဃာစည်းဝေး၍ နှစ်ဘက်သောဂါမခေတ် တို့၌ တည်နေလျက် သိမသမ္မုတိကမ်းစသည်ကို

ပြသည်ရှိသော် အသီးအခြားစီဖြစ်သော သိမ်နှစ်ခုပေါ်၌တည်နေလျက် ကမ်ပြုသည်မည်သောကြောင့် ထိုသီမသမ္မုတိ ကမ်စသည်ပင်လျှင် မအောင်မြင်နိုင် ကမ်ပျက်သည်သာဟု မှတ်ပါလေ။ ထိုကြောင့် ဂါမခေတ်နှစ်ခုစပ်ရာ၌ နှစ်ဘက်သော ဂါမခေတ်တို့၌ ရောယှက်တည်နေလျက် သီမသမ္မုတိကမ် စသည်ကိုမပြုရ။ ဝါ-မပြုကောင်း။ တဘက်သော ဂါမခေတ်၌သာ တည်နေလျက် သီမသမ္မုတိ ကမ်စသည်ကို ပြုရမည်ဟု မှတ်ပါလေ။

၂၇။ ။သက်သိမ်နှင့် သီမဋ္ဌသိမ်တို့၏ အထူးကို ပြဆိုခြင်း

သိမ်သည် သက်သိမ်၊ သီမဋ္ဌသိမ် ဟူ၍ နှစ်မျိုးရှိပါသည်။ ထိုတွင် သက်သိမ်သည် အယုတ်ဆုံးအားဖြင့် နှစ်ကျိပ်တယောက်သော ရဟန်းတို့၏ ဝန်းဝိုင်းသော အခြင်းအရာဖြင့် စည်းဝေးထိုင်နေလောက်ရာ မြေအရပ်၌ရင်း၊ ထိုမြေအရပ်နှင့် ဆက်စပ်သော ကျောက်သမံတလင်း၊ အုတ်သမံတလင်း စသည်တို့၌ရင်း၊ သတ်မှတ်ပိုင်းခြားရှိ သမုတ်အပ်သော နိမိတ်တို့၏အတွင်း၌ အောက်သို့လည်း မြေကိုခံသော ရေတိုင်အောင် သက်ဝင်၍သွားပါသည်။ အထက်သို့လည်း နောက်ထပ်၍ ပြုလုပ်အပ်သော ကျောက်ခုံ အုတ်ခုံစသည်တို့၌ သက်ဝင်၍ တည်ပါသည်။

ထိုအကြောင်းကို မဟာဝါအဋ္ဌကထာ၌–

ကမ္မဝါစာ ပရိယောသာနေ ယေဝ နိမိတ္တာနိ ဗဟိကတ္တာ ဟေဋ္ဌာ ပထဝိသန္ဓာရကံ ဥဒကံ ဝရိယန္တံ ကတ္တာ သီမာ ဂတာ ဟောတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ကမ္မဝါစာပရိယောသာနေ ယေဝ၊ ကမ္မဝါစာ၏ အဆုံး၌သာလျှင်။ နိမိတ္တာနိ၊ နိမိတ်တို့ကို။ ဗဟိ၊ သိမ်မှအပ၌။ ကတ္တာ၊ ပြု၍၊ ဟေဋ္ဌာ၊ အောက်၌၊ ပထဝိသန္ဓာရကံ၊ မြေကိုခံသော။ ဥဒကံ၊ ရေကို။ ဝရိယန္တံ၊ အဆုံးအပိုင်းအခြားကို။ ကတ္တာ၊ ပြု၍။ သီမာ၊ သိမ်သည်။ ဂတာ၊ သက်ဝင်၍သွားသည်။ ဟောတိ၊ ဖြစ်သတည်း။ (ဤကား ဂင်းအဋ္ဌကထာ၏အနက်။)

သီမဋ္ဌ သိမ်သည်ကား ထိုသက်သိမ်နှင့် ဆက်စပ်လျက်တည်သောကျောင်းစသော အဆောက်အဦ၊ သစ်ပင်၊ အုတ်အားဖြင့် သေးငယ်သော သံကြိုး၊

ကြေးကြိုး စသည်တို့ဖြင့်ပင် သက်ဝင်လိုက်ပါ၍ တည်ပါသည်။ သို့ပင် တည်ငြား သော်လည်း နိမိတ်၏ အပြင်ပ မြေကြီးခွံကား တစ်ဆံခြည်ခန့်မျှ မသက်ဆင်း နိုင်ပါ။

ထိုအကြောင်းကို မဟာဝါအဋ္ဌကထာ၌-

ဧဝံ သမ္မတာယ ပန သဗ္ဗံ ကုဋ္ဌဂဟံ သီမဋ္ဌမေဝ ဟောတိ- စသည်ဖြင့် မိန့်ဆိုတော်မူ၏။

ပန၊ အထူးသော်ကား။ ဧဝံ၊ ဤသို့။ သမ္မတာယ၊ သမုတ်အပ်သော၊ သီမာယ၊ သိမ်၌။ ဌိတံ၊ တည်သော။ သဗ္ဗံ၊ အလုံးစုံသော။ ကုဋ္ဌဂဟံ၊ ကုဋ္ဌိကျောင်းသည်။ သီမဋ္ဌမေဝ၊ သိမ်၌တည်သည်သာလျှင်။ ဝါ-သိမ်၏ တည်ရာ သည်သာလျှင်။ ဟောတိ၊ ဖြစ်သတည်း။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

၂၉။ ။ဆောက်လုပ်ပြီး အဆောက်အဦပေါ်၌ သိမ်သမုတ်ပုံကို ပြဆိုခြင်း

မြေစိုက် တစ်ထပ် ကျောင်း ပေါ်၌ သိမ်သမုတ်လိုသည် ရှိသော် ထိုကျောင်း၏ နံရံကို နိမိတ်မကြား။ ထိုကျောင်း၏ အဘွင်း၌ နှစ်ကျိပ် တယောက် စည်းဝေးထိုင်နေလောက်ရာ အရပ်ကို သိမ်၏ အတွင်းပြုလျက် ကျောက်နိမိတ်တို့ကို ထား၍ ကြားပြီးလျှင် သီမသမ္မုတိကမ္မဝါစာဖြင့် သမုတ် ရမပါမည်။ ဤသို့ သမုတ်ရာ၌ နံရံ၏အတွင်း၌သာ သိမ်တည်ပါ၏။

ထိုအကြောင်းကို မဟာဝါအဋ္ဌကထာ၌-

ကုဋ္ဌဂေဟေပိ ဗဟိဒ္ဓေဟိ ဘိတ္တိ အကိုဏ်ေတ္တတ္ထ ဧကဝီသတိယာ ဘိက္ခူနံ သြကာသဋ္ဌာနံ အဇ္ဈောကရိတ္ထ ပါသာဏနိမိတ္တာနိ ဌပေတ္ထ သီမာ သမ္မန္နိတဗ္ဗာ၊ အဇ္ဈောကုဋ္ဌမေဝ သီမာ ဟောတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ကုဋ္ဌဂေဟေပိ၊ မြေစိုက်တစ်ထပ်ကျောင်း၌လည်း။ ဗဟိဒ္ဓေဟိ၊ ဖွဲ့သမုတ်ကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဘိတ္တိ၊ ကျောင်း၏ နံရံကို။ အကိုဏ်တ္တေ၊ နိမိတ်မကြားမူ၍။ ဧကဝီသတိယာ၊ နှစ်ကျိပ်တယောက်သော၊ ဘိက္ခူနံ၊ ရဟန်းတို့၏။ သြကာသဋ္ဌာနံ၊ စည်းဝေးထိုင်နေလောက်ရာအရပ်ကို။ အဇ္ဈောကရိတ္ထ၊ သိမ်၏အတွင်းပြု၍။ ပါသာဏနိမိတ္တာနိ၊ ကျောက်နိမိတ်

တို့ကို။ ၎ပေတ္ထာ၊ ထားကြကြားကြကုန်၍။ သီမာ၊ သိမ်ကို။ သမ္မန်္ဒီတဗ္ဗာ၊ သမုတ်အပ်၏။ သီမာ၊ သိမ်သည်။ အန္တောကုဋ္ဌမေဝ၊ နံရံ၏အတွင်း၌သာလျှင်။ ဟောတိ၊ ဖြစ်သတည်း။ (ဤကား အဋ္ဌကထာအနက်။)



ပုံ - ၁၅

ပုံ-၁၅။ ။ဤပုံကား ပြဆို အပ်ခဲ့ ပြီးသော အဋ္ဌကထာမှ ရအပ်သော မြေစိုက်တစ်ထပ် ကျောင်းသိမ်ပုံ ဖြစ်ပါသည်။ ဤ အဋ္ဌကထာ ၌ ကုဋိဂေဟေပိ - ဟု သာမည အားဖြင့် ဆိုပြောသော်လည်း ဥပရိ ပါသာဒေပိ ဘိတ္တိ အကိုတွေ့တွာ စသော ဆိုလတံ့ စကားကို ထောက်ဆ၍ မြေစိုက် တစ်ထပ်သာရှိသော ကျောင်းဟူ၍ သိရပါမည်။

ထိုကြောင့် ဝဇီရဗုဒ္ဓေ ဋီကာ၌-

ကုဋိဂေဟေတိ ကုဋိယရေ ဘူမိယရေ-ဟူ၍ဝင်း။

တေရသကဏ်ဋီကာ၌-

ကုဋိဂေဟေတိ ကုဋိယ်ရေ၊ ဘူမိယရေတိ အတ္ထော-ဟူ၍ဝင်း။

ဝိမတိဝိနောဒနီဋီကာ၌-

ကုဋိဂေဟေတိ ဘူမိယံ ကတတိဏကုဋိယံ-ဟူ၍ဝင်း ဖွင့်ဆိုတော်မူကြကုန်၏။

ကုဋိဂေဟေတိ၊ ကုဋိဂေဟေ ဟူသည်ကား။ ကုဋိယရေဘူမိယ်ရေ၊ မြေစိုက်တစ်ထပ်ကျောင်း၌။ ။ကုဋိဂေဟေတိ၊ ကုဋိဂေဟေ ဟူသည်ကား။ ကုဋိယရေဘူမိယရေ၊ မြေစိုက်တစ်ထပ်ကျောင်း၌။ ဣတိ၊ ဤသည်ကား။ အတ္ထော၊ အဋ္ဌကထာ၏အနက်။ ။ကုဋိဂေဟေတိ၊ ကုဋိဂေမောဟူသည်ကား။ ဘူမိယံ၊ မြေ၌။ ကတတိဏကုဋိယံ၊ ဆောက်လုပ်အပ်သော မြက်မိုးကုဋိ၌။ (ဤကား ၎င်းဋီကာတို့၏အဓိပ္ပာယ်။)

ဆက်ပါဦးအုံ၊ ကျောင်းမနုံရုံ၏အတွင်း၌ နှစ်ကျိပ်တယောက် စည်းဝေးလောက်သော အရပ်မရှိခဲ့သော် ထိုနုံရုံ၏အပြင်ပ ကျောင်းဦးကိုပါ နိမိတ်၏အတွင်းပြု၍ သမုတ်နိုင်ပါသည်။ ဤသို့သမုတ်ရာ၌ နိမိတ်တို့၏ အတွင်း၌ တည်သော ကျောင်းမနှင့်တကွ ကျောင်းဦးပါ သိမ်သက်ဝင်၍ တည်သည်ဟူ၍ မှတ်ပါလေ။

ထို့ကြောင့် ၎င်းမဟာဝါအဋ္ဌကထာ၌-

သစေ အန္တောဝကုဋ္ဌေ ကေဝိသတိယာ ဘိက္ခူနံ သြကာသော နတ္ထိ၊ ပမုခေ နိမိတ္တပါသာဏေ ဌပေတ္တာ သမ္မန္နိတဗ္ဗာ-ဟူ၍ မိန့်ဆိုတော်မူ၏။

အန္တောဝကုဋ္ဌေ၊ ကျောင်းမ၏အတွင်း၌။ကေဝိသတိယာ၊ နှစ်ကျိပ်တယောက်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သြကာသော၊ စည်းဝေးထိုင်နေလောက်ရာ အရပ်သည်။ သစေနတ္ထိ၊ အကယ်၍ မရှိငြားအုံ။ ပမုခေ၊ ကျောင်းဦး၌။ နိမိတ္တပါသာဏေ၊ နိမိတ်လောက်သောကျောက်တို့ကို။ ဌပေတ္တာ၊ ထား၍။ သမ္မန္နိတဗ္ဗာ၊ သမုတ်အပ်၏။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာ၌လည်း ဥပရိပါသာဒေပိ ဘိတ္တိ အကိုတွေ့တွာ စသော ဆိုလတံ့အဋ္ဌကထာကို ထောက်၍ မြေစိုက်တစ်ထပ်ကျောင်းဟူ၍ပင် မှတ်ရပါမည်။ ပမုခေအရ ကျောင်းမတိုက်ခန်း၏ ရှေတည့်တည့်၌ တည်ရှိသော ကျောင်းဦးပြန့်ဆောင်ကို ယူရပါမည်။

ထို့ကြောင့် စိမဟိဝိနောဒနီဋီကာ၌-

ပမုခေ နိမိတ္တပါသာဏေ ဌပေတ္တာတိ ဂဟ္ဌာဘိမုခေပိ ဗဟိ ပမုခေ ဂဟ္ဌဝိတ္ထာရပဿမာဏေ ဌာနေ ပါသာဏေ ဌပေတ္တာ သမ္မန္နိတဗ္ဗာ။ ဝေဠု ဂဟ္ဌပမုခါနံ အန္တရေ ဌိတကုဋ္ဌမ္ပိ ဥပါဒါယ အန္တောစ ဗဟိစ စတုရဿသဏ္ဌာနာ ဝေ သိမာ ဟောတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ပမုခေနိမိတ္တပါသာဏေဌပေတ္တာတိ၊ ပမုခေနိမိတ္တပါသာဏေ ဌပေတ္တာ ဟူသည်ကား။ ဂဟ္ဌာဘိမုခေပိ၊ ကျောင်းမတိုက်ခန်း၏ ရှေတည့်တည့် အရပ်၌လည်း။ ဗဟိ၊ ကျောင်းမတိုက်ခန်းမှအပြင်ပဖြစ်သော။ ပမုခေ၊ ကျောင်းဦး၌။

ဂဗ္ဘဝိတ္ထာရပ္ပမာဏော၊ ကျောင်းမတိုက်ခန်း၏ အနံ့နှင့်ညီမျှသော အတိုင်းအရှည် ရှိသော။ ဌာနေ၊ အရပ်၌။ ပါသာဏော၊ နီမိတ်လောက်သောကျောက်တို့ကို။ ဌပေတွာ၊ ထား၍။ သမ္မန္ဒိတဗ္ဗာ၊ သမုတ်အပ်၏။ ဟိ၊ အကျိုးသော်ကား။ ဧဝံ၊ ဤသို့ သမုတ်အပ်သည် ရှိသော်။ ဂဗ္ဘပမုခါနံ၊ ကျောင်းမတိုက်ခန်း ကျောင်းဦး တို့၏။ အန္တရေ၊ အကြား၌။ ဌိတကုန္ဒမ်ပိ၊ တည်သောနံရံကိုလည်း။ ဥပါဒါယ၊ အစပြု၍။ အန္တောစ၊ ကျောင်း၏အတွင်း၌ရင်း။ ဗဟိစ၊ အပြင်ပ ကျောင်းဦး၌ရင်း။ စတုရဿသဏ္ဌာနာဝ၊ လေးထောင့်သဏ္ဌာန် ရှိသည်သာလျှင် ဖြစ်သော။ သီမာ၊ သိမ်သည်။ ဟောတိ၊ ဖြစ်သတည်း။ (ဤကား ရင်းဋီကာ၏ အနက်။)



ပုံ-၁၆

ကျောင်းပုံ ဖြစ်ပါသည်။

ပုံ-၁၆။ ။ဤပုံကားပြဆိုအပ်ခဲ့ ပြီးသော အဋ္ဌကထာဋီကာ တို့မှ ရအပ် သော ကျောင်းမ နံရံ၏ အတွင်း၌ နှစ်ကျိပ်တယောက် စည်းဝေး ထိုင်နေလောက်ရာ အရပ်မရှိ သောကြောင့် ကျောင်းမနံရံ၏အပြင်ပ ကျောင်းဦးဆောင်ကိုပါ သိမ်၏ အတွင်း ပြု၍ ကျောက်နီမိတ်ထား၍ ကြားကာ သမုတ်အပ်သော သိမ်ပုံ

ဆက်ပါဦးအုံ၊ ကျောင်းမနှင့်တကွ ကျောင်းဦးဆောင်ပါ နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေလောက်ရာ အရပ်မရှိခဲ့သော် ထိုကျောင်းတဆောင်လုံးကို သိမ်၏ အတွင်း ပြု၍ တန်စက်မြိတ်ကျရာ စသည်တို့၌ နီမိတ်ထား၍ ကြားကာ သမုတ်ရပါမည်။

ဤသို့သမုတ်ရာ၌ ထိုကျောင်း တဆောင်လုံးသည် သိမ်၌တည်သော သိမဋ္ဌသိမ်မည်ပါသည်။

ထိုအကြောင်းကို ရဝ်းမဟာဝ၀ါအဋ္ဌကာ၌–

သစေ ဧ၀မ္မိ နပ္ပဟောတိ၊ ဗဟိ နိဗ္ဗောဒကာ ပတနဋ္ဌာနေ၀ိ နိမိတ္တာနိ ဌပေတ္ဝာ သမ္မန္နိ၀ိတ္ဗာ၊ ဧ၀ံ သမ္မဘာယ ပန သတ္ထု ကုဋ္ဌေဟံ သီမဋ္ဌမေ၀ ဟောတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

၀ိမတိ၀ိနောဒနီဋီကာ၌လည်း–

ဗဟိတိ သကလသ ကုဋ္ဌေဟသ သမန္တာ်တော ဗဟိ အန္တောစ ဗဟိစ သီမာ ဟောတိတိ မဇ္ဈေ ဌိတဘိတ္တိယာ သဟ စတုရသ္သသီမာ ဟောတိ-ဟူ၍ မိန့်ဆို၏။

ဧ၀မ္မိ၊ ဤသို့ ကျောင်းဦးဆောင်နှင့်တကွသော်လည်း။ သစေနပ္ပဟောတိ၊ အကယ်၍ စည်းဝေးထိုင်နေခြင်းငှာ မခေါ်သည်ဖြစ်အံ့။ ဗဟိ၊ ကျောင်း၏ အပြင်ပ၌။ နိဗ္ဗောဒကပတနဋ္ဌာနေ၀ိ၊ တန်စက်ရေကျရာအရပ်၌လည်း။ နိမိတ္တာနိ၊ နိမိတ်တို့ကို။ ဌပေတ္ဝာ၊ ထား၍။ သမ္မန္နိ၀ိတ္ဗာ၊ သမုတ်အပ်၏။ ပန၊ ဆက်ပါဦးအံ့။ ဧ၀ံ၊ ဤသို့။ သမ္မဘာယ၊ သမုတ်အပ်သော။ သီမာယ၊ သိမ်၌။ သတ္ထု၊ အလုံးစုံသော။ ကုဋ္ဌဂဟံ၊ ကုဋ္ဌိကျောင်းသည်။ သီမဋ္ဌမေ၀၊ သိမ်၌တည်သည် သာလျှင်။ ဟောတိ၊ ဖြစ်သတည်း။ (ဤကား ရင်းအဋ္ဌကထာ၏အနက်။)

ဗဟိတိ၊ ဗဟိဟူသည်ကား။ သကလသ၊ အလုံးစုံသော။ ကုဋ္ဌေဟသ၊ ကုဋ္ဌိကျောင်း၏။ သမန္တာ်တော၊ ထက်ပန်းကျင်ပတ်ပတ်လည်မှ။ ဗဟိ၊ အပြင်ပ၌။ အန္တောစ၊ ကျောင်း၏အတွင်း၌ရင်း။ ဗဟိစ၊ ကျောင်း၏အပြင်ပ၌ရင်း။ သီမာ၊ သိမ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ မဇ္ဈေ၊ အလယ်၌။ ဌိတဘိတ္တိယာ၊ တည်သောနံရံနှင့်။ သဟ၊ တကွ။ စတုရသ္သသီမာ၊ လေးထောင့်ပုံရှိသော သိမ်သည်။ ၁ဟောတိ၊ ဖြစ်သတည်း။ (ဤကား ရင်းဋီကာ၏အနက်။)

ဆက်ပါဦးအံ့။ နှစ်ကျိပ်တယောက် စည်းဝေး ထိုင်နေ လောက်သော နံရံလေးဘက်ရှိသော လိုဏ်ဂူ၏အတွင်း၌ သိမ်သမုတ်လိုပါမူ ထိုလိုဏ်ဂူ၏ နံရံကို နိမိတ်မကြားရ။ ထိုနံရံ၏အတွင်း၌ ကျောက်နိမိတ်တို့ကိုထားရ ကြားကာ သမုတ်ရပါမည်။

ထို့ကြောင့် ၎င်းမဟာဝေါဟာရကထာ၌-

စတုဘိတ္တိယ လေဏေပိ ဗဒ္ဓနေ္တဟိ ကုဋ္ဌံ အာကိုဏ္ဏတ္တာ ပါသာဏာဝ ကိတ္တေတဗ္ဗာ-ဟူ၍မိန့်ဆိုတော်မူ၏။

စတုဘိတ္တိယ လေဏေပိ၊ နံရံလေးဘက်ရှိသော လိုဏ်ဂူ၌လည်း။ သီမံ၊ သိမ်ကို။ ဗဒ္ဓနေ္တဟိ၊ ဖွဲ့သမျှတ်ကုန်သော။ ဘ်ကျူဟိ၊ ရဟန်းတို့သည်။ ကုဋ္ဌံ၊ နံရံကို။ အာကိတ္တေတဗ္ဗာ၊ နိမိတ်မကြားမူ၍။ ပါသာဏာဝ၊ ကျောက်တို့ကိုသာလျှင်။ ကိတ္တေတဗ္ဗာ၊ နိမိတ်ကြားအပ်ကုန်၏။ (ဤကားဂင်းအဋ္ဌကထာ၏အနက်)



ပုံ - ၁၈

ပုံ - ၁၈။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာမှ ရအပ်သော နံရံလေးဘက်ရှိသော လိုဏ်ဂူ၏အတွင်း၌ နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေ လောက်ရာ အရပ်မရှိခဲ့သော် နံရံ၏ အပြင်ပ လိုဏ်ဦး၌ နိမိတ်တို့ကိုထား၍ ကြားကာ သမုတ်ရပါမည်။ ဤသို့သမုတ်ရာ၌ လိုဏ်ဂူ၏ အတွင်းအရပ်နှင့် တကွလိုဏ်ဦး၌ပါသိမ်တည်ပါသည်။

ထို့ကြောင့် ၎င်းမဟာဝေါဟာရကထာ၌....

သစေ အန္တော သြကာသော နတ္ထိ၊ ပမုခေပိ နိမိတ္တာနိ ဌပေတဗ္ဗာနိ-ဟူ၍မိန့်ဆို၏။

အန္တော၊ လိုဏ်ဂူ၏အတွင်း၌။ သြကာသော၊ နှစ်ကျိပ်တယောက်စည်းဝေးထိုင်နေ လောက်ရာအရပ်သည်။ သစေနတ္ထိ၊ အကယ်၍မရှိပြီးအုံ့။ ပမုခေပိ၊ လိုဏ်ဦး၌လည်း။ နိမိတ္တာနိ၊ နိမိတ်တို့ကို။ ဌပေတဗ္ဗာနိ၊ ထားအပ်ကုန်၏။ ။ (ဤကားဂင်းဝဋ္ဌကထာ၏အနက်)။



ပုံ - ၁၉

ပုံ - ၁၉။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီး၊သာ အဋ္ဌကထာမှုရအပ်သော လိုဏ်ဂူ၏ အတွင်း၌ နှစ်ကျိပ်တယောက်စည်းဝေးထိုင်နေ လောက်သော အရပ်မရှိသောကြောင့် လိုဏ်ဂူ၏ အပြင်ပ လိုဏ်ဦးဆောင်၌ နိမိတ်တို့ကိုထား၍ ကြားကာ သမုတ်အပ်သောသိမ်ပုံဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ လိုဏ်ဂူနှင့်တကွ လိုဏ်ဦး၌လည်း နှစ်ကျိပ်တယောက်စည်းဝေးထိုင်နေ သောလောက်ရာ အရပ်မရှိခဲ့သော် ထိုလိုဏ်ဂူနှင့်တကွ လိုဏ်ဦးကိုပါသိမ်၏အတွင်းပြု၍ တန်စက်ရေကျရာ စသည်တို့၌ နိမိတ်တို့ကိုထား၍ ကြားကာသမုတ်ရပါမည်။ ဤသို့သမုတ်ရာ၌ ထိုလိုဏ်ဂူနှင့်တကွ လိုဏ်ဦးပါ သိမ်၌တည်သော သီမာသိမ်မည်ပါသည်။

ထိုအကြောင်းကို ဂင်းမဟာဝါအဋ္ဌကထာ၌-

သစေ နပ္ပဟောတိ၊ ဗဟိ နိမ္ဗောဒကေ ပတနဋ္ဌာနေပိ နိမိတ္တ-ပါသာဏေ ဌပေတ္ဝာ နိမိတ္တာနိ ကိတ္တေတ္ဝာ သီမာ သမ္မန္နိတဗ္ဗာ။ ဧဝံ လေဏသ္သ အန္တောစ ဗဟိစ သီမာ ဟောတိ–ဟူ၍မိန့်ဆိုတော်မူ၏။

သစေနပ္ပဟောတိ၊ အဲကယ်၍ **နှစ်**ကျိပ်ယယောက် စံ**ည်းဝေ**းထိုင်နေ**ဘို**ရာ **မ**လောက်သည်ဖြစ်အုံ့။ ဗဟိ၊ **လိုဏ်ဂူ၏**အပြင်ပ၌။ နိမ္ဗောဒကပတနဋ္ဌာနေပိ၊ တန်**စ**က်ရေကျရာ **အ**ရပ်**၌**လည်း။ **နိ**မိတ္တ**ပ**ါ**သ**ာ**ဏ**ေ၊ **နိ**မိ**တ်**လောက်**သော** ကျောက်**တို**့ကို။ ဌ**ပ**ေ**တ**္ဝာ၊ **ထ**ား**၍**။ **နိ**မိ**တ**္တာ**နိ**၊ **နိ**မိ**တ်**တို့**ကို**။ **ကိ**တ္တေ**တ**္ဝာ၊ ကြား**၍**။ **သ**ီ**မ**ာ၊ **သ**ိ**မ်**ကို့။ **သ**မ္မ**နိ**ုတ**ဗ**္ဗာ၊ **သ**မု**တ်**အ**ပ်**။ **ဧ**ဝံ၊ **ဤ**သို့**သ**မု**တ်** **အ**ပ်**သ**ည်**ရ**ှိ**သ**ော်။ **လ**ေ**ဏ**သ္သ၊ **လ**ိုဏ်**၏**။ **အ**န္တော**စ**၊ **အ**တွင်း**၌**ရင်း။ **ဗ**ဟိ**စ**၊ **အ**ပ**၌**ရင်း။ **သ**ီ**မ**ာ၊ **သ**ိ**မ်သ**ည်။ **ဟ**ောတိ၊ **ဖ**ြစ်**သ**တည်း။ (**ဤ**ကား ရင်း**အ**ဋ္ဌ**က**ထာ**၏အ**နက်။)



၂၀

ပုံ- ၂၀။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသောအဌကထာမှ ရအပ်သော လိုဏ်ဂူနှင့် တကွ လိုဏ်ဦးဌ နှစ်ကျိပ် တယောက် စည်းဝေးထိုင်နေလောက်ရာ အရပ်မရှိ သောကြောင့် နှစ်ကျိပ် တယောက် စည်းဝေး ထိုင်နေ လောက်အောင် ထိုလိုဏ်ဂူဓာခုလုံး၏ ပတ်ဝန်းကျင်ဓာန်စက်ရေ ကျရာဒေသည်တို့ဌ ကျောက်နိမိတ်တို့ကို ထားရှိကြားကာ သမုတ်အပ်သော သိမ်ပုံဖြစ်ပါ**သည်**။

ဆက်ပါဦးအုံ့။ နှစ်ထပ်ရှိသောကျောင်း၏ အပေါ်ထပ်ဌ သိမ်သမုတ်လိုပါမူ ထိုကျောင်း၏ နံရံကိုနိမိတ်မကြားရ။ ထိုနံရံ၏အတွင်း အရပ်ရှစ်မျက်နှာတို့ဌရင်း၊ လေးခုသော အထောင့်အရပ်တို့ဌရင်း ကျောက်နိမိတ်တို့ကို ထားရှိကြားကာ သမုတ်ရပါမည်။ ဤသို့သမုတ်ရာဌ ထိုကျောင်း၏ အထက်ထပ်နံရံ၏ အတွင်းဌသားသော ကျောက်နိမိတ်တို့၏ အတွင်းဌသာ သိမ်ဘည်ပါသည်။ ထိုကျောင်း၏ အောက်ထပ်သို့ကား နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေလောက်အောင် ထိပ်ဝကြီးကျယ်သော တိုင်မပါသောကြောင့်ရင်း၊ ကောင်းကင်ဌ သိမ်မသက်ဝင်နိုင်သောကြောင့်ရင်း မသက်ဆင်းနိုင်ပါ။ ထိုသိမ်နှင့် ဆက်စပ်လျက်တည်သော နံရံကိုင်စသည်တို့ကား သိမ်ဌတည်သော သိမ်ဌသဘောဖြင့်သာ သက်ဝင်ကြပါသည်။

ထို့ကြောင့် ရင်းမဟာဝါအဌကထာဌ—

ဥပရိပါသာဒေပိ ဘိတ္တိ အာကိတ္တေတ္ထ အန္တော ပါသာဏေ ဌပေတ္ဝာ သီမာ သမ္မန္နိတဗ္ဗာ-ဟူ၍ရင်း။

ရင်းအဋ္ဌကထာ၏ အဖွင့်ဖြစ်သော ဝိမတိဝိနောဒနီဋီကာ၌—

ဥပရိပါသာဒေယော၀ ဟောတိတိ ဣမိနာ ဂဗ္ဘသစ ပမုခသစ အန္တိရာ ဌိတဘိတ္တိယာ ကေတ္တာ တတ္ထစ ကေဝိသတိယာ ဘိက္ခူနံ သြကာသာဘာ၀ေန ဟေဋ္ဌာ နသြတရတိ၊ ဥပရိဘိတ္တိ ပန သီမဋ္ဌာ၀ ဟောတိတိ ဒသေတိ-ဟူ၍ရင်း မိန့်ဆိုကြကုန်၏။

ဥပရိပါသာဒေပိ၊ ပြာသာဒ်ကျောင်း၏ အထက်ထပ်၌လည်း။ ဘိတ္တိ၊ နံရံကို။ အကိတ္တေတ္ဝာ၊ နိမိတ်မကြားမူ၍။ အန္တော၊ ပြာသာဒ်ကျောင်း၏ အတွင်း၌။ ပါသာဏော၊ နိမိတ်လောက်သောကျောက်တို့ကို။ ဌပေတ္ဝာ၊ ထား၍။ သီမာ၊ သိမ်ကို။ သမ္မန္နိတဗ္ဗာ၊ သမုတ်အပ်၏။ (ဤကား ရင်းအဋ္ဌကထာ၏ အနက်။)

ဥပရိပါသာဒေယော၀ဟောတိတိဣမိနာ၊ ဥပရိပါသာဒေယော၀ဟောတိ ဟူသော ဤအဋ္ဌကထာဖြင့်။ ဂဗ္ဘသစ၊ တိုက်ခန်း၏ရင်း။ ပမုခသစ၊ ကျောင်းဦး၏ရင်း။ အန္တိရာ၊ အကြား၌။ ဌိတဘိတ္တိယာ၊ တည်သောနံရံ၏။ ကေတ္တာစ၊ တစပ်တည်း၏အဖြစ်ကြောင့်ရင်း။ တတ္ထ၊ ထိုနံရံတိုင်တို့၌။ ကေဝိသတိယာ ဘိက္ခူနံ၊ နှစ်ကျိပ်တယောက်သောရဟန်းတို့၏။ သြကာသာဘာ၀ေနစ၊ စည်း၀ေးလောက်ရာ အရပ်၏ မရှိခြင်းကြောင့်ရင်း။ ဟေဋ္ဌာ၊ ၎င်းကျောင်း၏ အောက်ထပ်သို့။ နသြတရတိ၊ မသက်ဆင်း။ ဥပရိဘိတ္တိပန၊ အထက်ထပ်၌တည်သော နံရံသည်ကား။ သီမဋ္ဌာ၀၊ သိမ်၌တည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိဣမံအတ္ထံ၊ ဤသို့သောအနက်ကို။ အာစရိယော၊ အဋ္ဌကထာဆရာသည်။ ဒသေတိ၊ ပြတော်မူသတည်း။ (ဤကား ရင်းဋီကာ၏အနက်။)

ဤအဋ္ဌကထာ၌-၀ေ၀ သမ္မတာ ဥပရိပါသာဒေယော၀ ဟောတိ၊ ဟေဋ္ဌာ နသြတရတိ-ဟူသော ဆိုလတံ့နိဂုံးစကားကိုထောက်၍ ကျောင်း၏ အောက်ထပ်သို့ သိမ်မသက်ဆင်းကြောင်းကို သိရပါမည်။



ပုံ - ၂၆

ပုံ-၂၁။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဌကထာဌီကာ တို့မှ ရအပ်သော နှစ်ထပ်ရှိ ပြာသာဒ်ကျောင်း တွင်အထက်ထပ်နံရံ၏ အတွင်းဌ ကျောက်နိမိတ်တို့ကိုထား၍ ကြားကာသမုတ်အပ်သော အထက်ထပ်ဌသာ တည်ရှိသော သိမ်ပုံဖြစ်ပါသည်။

ဤသို့သမုဒ္ဒရာ၌ ထိုသိမ်နှင့်စပ်သောနံရံ တိုင် စသည် တို့ကား သီမဌသဘောဖြင့် သက်ဝင် တည်ရှိကြပါသည်။ အောက်မြေကြီးပေါ်သို့ ကား တစ်ဆံခြည်ခန့်မျှ မသက်ဆင်းပါ။ ထို့ကြောင့် ဤသို့သမုတ်အပ်သောသိမ်သည် ထိုကျောင်းတည်ရှိနေခိုက်သာ သိမ်တည်ရှိနေပါသည်။ ထိုကျောင်း ပျက်စီး၍ မရှိလျှင်မူကား သိမ်လည်း မတည်ရှိနိုင်တော့ပါ။ ဤသို့မှတ်ပါလေ။

ဆက်ပါဦးအုံ။ ပြာသာဒ်ကျောင်း၏ အတွင်းဌ နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေလောက်ရာ အရပ်မရှိခဲ့သော် ထိုပြာသာဒ်ကျောင်း၏ အဦးဆောင်၌ နိမိတ်ထား၍ကြားကာ သမုတ်ရပါမည်။ဤသို့သမုတ်ရာ၌ထိုပြာသာဒ်ကျောင်း၏ အထက်ထပ် အတွင်းအရပ်နှင့်တကွ အဦးဆောင်ပါ နိမိတ်တို့၏ အတွင်းဌ သိမ်သက် ဌ၍ စည်ပါသည်။ ထိုသိမ်နှင့်စပ်သော နံရံတိုင် စသည် တို့ကား သီမဌသ[illegible]ဖြင့် တည်ကြပါသည်။

ထို့ကြောင့် ဗုဒ်းမဟာ[illegible]ဟာ အဌကထာ၌-

သ[illegible] နုပ္ပဟောတိ၊ ဗမုခေပိ ပါသာဏေ ဌပေတ္တာ သမ္မန္နိ[illegible]တဗ္ဗာ။

[illegible]ဝံ သမ္မတ[illegible] ဥပရိပါသာဒေယေ[illegible] ဟောတိ၊ ဟေဋ္ဌာ နသြတရတိ-

ဟူ၍ မိန့်ဆိုတော်မူ၏။

သစေနပ္ပဟောတိ၊ အကယ်၍မလောက်သည်ဖြစ်အုံ။ ပမုခေပိ၊ ပြာသာဒ်ကျောင်း၏ အဦးဆောင်၌လည်း။ ပါသာဏေ၊ နိမိတ်ကျောက်တို့ကို။ ဌပေတ္ဝာ၊ ထား၍။ သမ္မန္ဒိတဗ္ဗာ၊ သမုတ်အပ်၏။ ဧဝံသမ္မတာ၊ ဤသို့ သမုတ်အပ်သော သိမ်သည်။ ဥပရိပါသာဒေယေဝ၊ ပြာသာဒ်၏အထက်ထပ်၌သာ။ ဟောတိ၊ ဖြစ်၏။ ဟေဋ္ဌာ၊ ပြာသာဒ်၏ အောက်ထပ်သို့။ နသြတရတိ၊ မသက်ဆင်း။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤ၌လည်း နံရံ၏အတွင်း၌ နိမိတ်တို့ကိုထား၍ ကြားသောကြောင့်၎င်း။ နိမိတ်တို့၏ အတွင်းဖြစ်သော အောက်ထပ်၌ သိမ်ပမာဏလောက်သောဝတ္ထုနှင့် ဆက်စပ်မှုမရှိသောကြောင့်၎င်း။ ထိုသို့ ဆက်စပ်မှုမရှိသော ကောင်းကင်၌ သိမ်မသက်သောကြောင့်၎င်း။ အောက်ထပ်သို့ သိမ်မသက်ဆင်းပါ။

ထိုအကြောင်းကို တေရသကဏ္ဍဋီကာ၌-

ဟေဋ္ဌာ နသြတရတီတိ ဘိတ္တိတော သြရံ နိမိတ္တာနိ ဌပေတ္ဝာ ကိတ္တိတတ္တာ ဟေဋ္ဌာ အာကာသပ္ပဒေသံ နသြတရတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ဟေဋ္ဌာ နသြ ကရတီတိ၊ ဟေဋ္ဌာနသြ ကရတိ-ဟူသည်ကား။ ဘိတ္တိတော၊ နံရံမှ။ ဝါ၊ နံရံ၏၊ သြရံ၊ အယုတ်၊ ဝါ-အတွင်း၌။ နိမိတ္တာနိ၊ နိမိတ်တို့ကို။ ဌပေတ္ဝာ၊ ထား၍။ ကိတ္တိတတ္တာ၊ ကြားအပ်သည်၏အဖြစ်ကြောင့်။ ဟေဋ္ဌာ၊ အောက်၌။ အာကာသပ္ပဒေသံ၊ ကောင်းကင်အရပ်သို့။ နသြတရတိ၊ မသက်ဆင်း။ (ဤကား ၎င်းဋီကာ၏အနက်။)

ဤ၌အထူးမှတ်ရမည်ကား အထက်ထပ်သော်လည်း ထပ်၌ တည်သော နံရံတိုင်စသည်တို့ကား သက်သိမ်သဘောဖြင့်သာ မသက်ကြ။ သီမာသဘောဖြင့်ကား သက်ကြသည်သာ။ ဤသို့ ပျော်ဘွယ်မြို့ ကန်မြင့်တောရဆရာတော် အမိန့်ရှိတော်မူ၏။ ထိုဆရာတော်၏စကားသည် ထိုနံရံတိုင် စသည်တို့သည် သိမ်နှင့်တစပ်တည်း ဆက်စပ်နေကြသောကြောင့် ယုတ္တိရှိလှပေ၏ဟု ငါတို့မှတ်ထင်ပေ၏။ ၎င်းကြောင်းသည်ကား သိမ်တို့သဘောမည်သည် မဟာပထဝီမြေကြီးအပြင်၌ သတ်မှတ်ပိုင်းခြား၍ သမုတ်အပ်သော နိမိတ်တို့၏အပြင်ပသို့ တဆံခြည်ခန့်မျှ ထွက်၍ မလိုက်ပါ။ ထိုမဟာပထဝီမြေကြီးမှ ကျေးပါးသော ထိုသိမ်နှင့် ဆက်စပ်သော

အဆောက်အဦးစသော ဝတ္ထုတို့၌ကား နိမိတ်တို့၏အတွင်း၌ရင်း၊ အပြင်ပသို့ရှင်း သက်ဝင်လိုက်ပါနိုင်သောကြောင့် ဖြစ်ပေသတည်း။



ပုံ - ၂၂

။ဤပုံ ကား ပြဆိုအပ်ခဲ့ ပြီးသော အဌကထာ ဋီကာတို့မှ ရအပ်သော အထက်ထပ် ပြာသာဒ် ကျောင်းမနုံရုံ၏ အတွင်း၌ နှစ်ကျိပ် တယောက် စည်းဝေး ထိုင်နေလောက်ရာ အရပ်မရှိသော ကြောင့် သိမ်ပမာဏ လောက်ရှိ ပြာသာဒ် ကျောင်းဦး ဆောင်၌ ကျောက်နိမိတ် တို့ကိုထား၍ ကြား ကာ သမုတ် အပ်သော သိမ်ပုံဖြစ် ပါသည်။

ဆက်ပါဦးအုံ။ မျှားစွာ သောတို့ဝင်တို့ဖြင့် ဆောက်လုပ်အပ် သော၊ အောက်ထပ်၌ နှစ်ကျိပ်တ ယောက် စည်းဝေး ထိုင်နေလောက်၍ သိမ် ပမာဏလောက်အောင် စက် အပ်သော၊ အထက်ထပ်ရက်မတို့နှင့် တစ်စပ်တည်းတည်သော၊ နုံရုံလေးဘက်ရှိသော ပြာသာဒ်ကျောင်း၏ အောက်ထပ်၌တည်ရှိသော၊ နုံရုံတို့ကို သိမ်၏အတွင်းပြု၍ အထက်ထပ်၌ သမုတ်အပ်သော သိမ်သည် အောက်ထပ်သို့လည်း သက်ဆင်း ပါသည်။

ထိုအကြောင်းကို ဂင်းမဟာဝ ါအဌကထာ၌—

သစေ ပန ဗဟူသု ထမ္ဘေသု တုလာနံ ဥပရိကတပါသာဒဿ ဟေဋ္ဌိမတလေ ကုဋ္ဌော ယထာ နိမိတ္တာနံ အဋ္ဌော ဟောတိ၊ ဧဝံ ဥဋ္ဌဟိတ္တာ တုလာရုက္ခေဟိ ဧကသမ္ဗန္ဓေါ ဋ္ဌိတောဝ၊ ဟေဋ္ဌာပိ သြတ္ထရတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ပန္၊ ဆက်ပါဦးအုံ့။ ဗဟူသု၊ မျှားစွာကုန်သော။ ထမ္ဘေသု၊ သည်တိုင် တို့၌။ တုလာနုံ၊ ထုပ်လျှောက်ရက်မတို့၏။ ဥပရိ၊ အထက်၌။ ကတမဿ ဣသာဒဿ၊ ဆောက်လုပ်အုပ်သော ပြာသာဒ်ကျောင်း၏။ ဟေဋ္ဌိမတလေ၊ အောက်ထပ် အပြင်၌။ ကုဋ္ဌော၊ နံရံသည်။ ယထာ၊ အကြင်သို့သောအခြင်းအရာအားဖြင့်။ ဥဋ္ဌိတော၊ တက်အပ်သည်ရှိသော်။ နိမိတ္တာနုံ၊ နိမိတ်တို့၏။ အန္တော၊ အတွင်း၌။ ဟောတိ၊ ဖြစ်၏။ ဧवံတထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ဥဋ္ဌဟိတ္တာ၊ တက်၍။ တုလာရုက္ခေဟိ၊ ထုပ်လျှောက်ရက်မသစ်သားတို့နှင့်။ ဧကသမ္ဘဒ္ဓေ၊ တစပ်တည်း ဖက်သည်ဖြစ်၍။ သစေဋ္ဌိတော၊ အကယ်၍တည်အုံ့။ ဟောဋ္ဌာပိ၊ အောက်ထပ်သို့လည်း။ ဩတရတိ၊ သက်ဆင်း၏။ (ဤကား ၎င်းအဋ္ဌကထာ၏ အနက်။)

ဤအဋ္ဌကထာ၌– ဟောဋ္ဌာပိ ဩတရတိ-ဟူသည် အောက်ထပ် သိမ်၏ အဝတွင်း၌ တည်သောနံရံသည် နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေလောက် အောင် ထူထဲသည်ဖြစ်အုံ့ ထိုနံရံ၏ အထုပမာဏ အတိုင်းသာ ပတ်ပတ်လည် မြေကိုခံသော ရေတိုင်အောင် သက်သိမ်သဘောဖြင့် သက်ဝင်နိုင်ပါသည်။ အကယ်၍ ထိုနံရံသည် နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေလောက်အောင် ထူထဲသော အထုမရှိခဲ့သည်ဖြစ်အုံ့ မြေကိုခံသော ရေတိုင်အောင် သက်သိမ် သဘောဖြင့် မသက်ဝင်နိုင်ပါ။ အောက်မြေသို့မသက်ဆင်းဘဲ ထိုနံရံတိုင် စသည် တို့၌သာ သီမဋ္ဌသဘောဖြင့် သက်ရောက်နိုင်ပါသည်။ ထိုအောက်ထပ်နံရံ၏ အတွင်းမြေအရပ်သို့ကား အထက်ထပ်သိမ်နှင့် မဆက်စပ်ဘဲ ကောင်းကင် ခြားနေသောကြောင့် သိမ်မသက်ရောက်နိုင်ပါ။

တေရသကဏ္ဍိကာ၌ကား–

ဟောဋ္ဌာပိ ဩတရတိတို့ သစေ ဟောဋ္ဌာ ·အန္တောဘိတ္တိယံ ကေဝိသတိ ဘိက္ခူနံ ဩကာသော ဟောတိ၊ ဩတရတိ။ ဩတရမာနာ စ ဥပရိသိမပေါမာဏေန နဩတရတိ။ သမန္တာ ဘိတ္တိပေါမာဏေန ဩတရတိ- ဟူ၍ မိန့်ဆိုတော်မူ၏။

ဟောဋ္ဌာပိဩတရတိတိ၊ ဟောဋ္ဌာပိ ဩတရတိ-ဟူသည်ကား။ ဟောဋ္ဌာ၊ အောက်ထပ်၌။ အန္တောဘိတ္တိယံ၊ နံရံ၏အတွင်း၌။ ကေဝိသတိဘိက္ခူနံ၊ နှစ်ကျိပ်

တယောက်သော ရဟန်းတို့၏။ သြကာသော၊ စည်းဝေးထိုင်နေလောက်ရာ အရပ်သည်။ သစေဟောတိ၊ အကယ်၍ဖြစ်ငြားအုံ့။ သြတရတိ၊ သက်ရောက်၏။ သြတရမာနာစ၊ သက်သရောက်သည်ရှိသော်ကား။ ဥပရိသီမပွမာဏေန၊ အထပ်၌ တည်သော သိမ်ပမာဏအားဖြင့်။ နသြတရတိ၊ မသက်ရောက်။ သမန္တာ၊ ထက်ဝန်းကျင်ပတ်ပတ်လည်မှ။ ဘိတ္တိပွမာဏေန၊ နံရံ၏အတိုင်းအရှည်အားဖြင့်။ သြတရတိ၊ သက်ရောက်၏။ (ဤကား ၎င်းဋီကာ၏အနက်။)

ဤဋီကာ၌-သစေ ဟေဋ္ဌာ အန္တောဘိတ္တိယံ ဧကဝိသတိ ဘိက္ခူနံ သြကာသော ဟောတိ၊ သြတရတို-ဟူ၍ အောက်ထပ်နံရံ၏ အတွင်း၌ သိမ်သက်ရောက်ကြောင်းကို ဆို၏။ ထိုစကားရပ်သည်- ဟေဋ္ဌာ အာကာသပွဒေသံ နသြတရတိ-ဟူသော မိမိ၏ရှေးကားနှင့် ဆန့်ကျင်နေသောကြောင့် ယုတ္တိမရှိမသင့်-ဟူ၍ မှတ်ယူရပါမည်။

ဝိမတိဝိနောဒနီဋီကာ၌လည်း-

ဟေဋ္ဌိမတလေ ဌိတံကုဋ္ဌောတိ ဟေဋ္ဌိမတလေ စတူသု ဒိသာသု ဌိတကုဋ္ဌော။ သစေ ဟိ ဒ္ဝိသုဝါ တိသုဝါ ဒိသာသုဝေ ကုဋ္ဌော တိဋ္ဌေယျ၊ ဟေဋ္ဌာ နသြဘရတိ။ ဟေဋ္ဌာပိ သြတရတိတိ စတုန္နံ ဘိတ္တီနံ အန္တောဘိတ္တိဟိ သဟ ဧကဝိသတိယာဘိက္ခူနံ ပဟောနကတ္တာ ဝုတ္တံ။ သြဘရမာနာစ ဥပရိသီမပွမာဏေန နသြတရတိ။ စတုန္နံ ပန ဘိတ္တီနံ ဗဟိရန္တရပရိစ္ဆေဒေ ဟေဋ္ဌာ ဘူမိဘာဂေ ဥဒကပရိယန္တံ ကဟ္ဟာ သြဘရတိ။ နပန ဘိတ္တီနံ ဗဟိ ကေသဂ္ဂမတ္တမ္ပိ ဌာနံ-ဟူ၍ မိန့်ဆိုဘော်မူ၏။

ဟေဋ္ဌိမတလေ ဌိတကုဋ္ဌောတိ၊ ဟေဋ္ဌိမတလေ ဌိတကုဋ္ဌော- ဟူသည်ကား။ ဟေဋ္ဌိမတလေ၊ အောက်ထပ်အပြင်၌။ စတူသုဒိသာသု၊ အရပ်လေးမျက်နှာတို့၌။ ဌိတကုဋ္ဌော၊ တည်သောနံရံတည်း။ ဟိ၊ ထိုစကားမှန်၏။ ဒ္ဝိသုဝါဒိသာသုဝေ။ နှစ်ဘက်သောအရပ်မျက်နှာတို့၌သာလျှင်ရင်း။ တိသုဝါဒိသာသုဝေ၊ သုံးဘက်သော အရပ်မျက်နှာတို့၌သာလျှင်ရင်း။ သစေတိဋ္ဌေယျ၊ အကယ်၍တည်ငြားအုံ့။

ဟေဋ္ဌာ၊ အောက်ထပ်သို့။ နဿြတရတိ၊ မသက်ဆင်း။ ဟေဋ္ဌာပိဿြတရတိတိ ဣဒံ၊ ဟေဋ္ဌာပိဿြတရတိ-ဟူသော ဤစကားကို။ စတုန္နမ္ပိဘိတ္တိ ၏ နှင့်၊ လေးခုသောနံရံ တို့၏လည်း။ အန္တော၊ အတွင်း၌။ ဘိတ္တိ ဟိ၊ နံရံတို့နှင့်။ သဟ၊ တကွ။ ကေ ဝိသတိယာဘိက္ခူနံ၊ နှစ်ကျိပ်တယောက်သော ရဟန်းတို့၏။ ပဟောနကတ္တာ၊ စည်းဝေးထိုင်နေလောက်သည်၏ အဖြစ်ကြောင့်။ အာစရိယေန၊ ဆရာဟောင်းက ထာ ဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ဿြတရမာနာစ၊ သက်ဆင်းသည်ရှိသော်ကား။ ဥပရိသီမပ္ပမာဏေန၊ အထက်ထပ်၌ တည်သော သိမ်အတိုင်းအရှည်ဖြင့်။ နဿြတရတိ၊ မသက်ဆင်း။ ပန၊ စင်စစ်သော်ကား။ စတုန္နံ ၊လေးဘက်ကုန်သော။ ဘိတ္တိ ၏ နှင့်၊ နံရံတို့၏။ ဗာဟိရန္တိရပရိစ္ဆေဒေ၊ အပစ္စန်း၏ အတွင်းအပိုင်းအခြား ရှိသော။ ဟေဋ္ဌာ၊ အောက်ဖြစ်သော။ ဘူမိဘာဂေ၊ မြေအဘို့၌။ ဥဒကပရိယန္တံ၊ ရေလျှင်အပိုင်းအခြားရှိသည်ကို။ ကတ္တာ၊ ပြု၍။ ဿြတရတိ၊ သက်ဆင်း၏။ ပန၊ ဗျတိရိတ်ကိုဆိုပါ ဦးအုံ့။ ဘိတ္တိ ၏ နှင့်၊ နံရံတို့၏။ ဗဟိ၊ အပြင်ပ၌။ ကေသဂ္ဂ မတ္တမ္ပိ၊ ဆံပင်ဖျားမျှလည်းဖြစ်သော။ ဌာနံ၊ အရပ်သို့။ နဿြတရတိ၊ မသက် ဆင်း။ (ဤကား ၎င်းဋီကာ၏အနက်။)

ဤဋီကာ၌ ဟေဋ္ဌိမတလေ စတူသု ဒိသာသု ဌိတကုန္ဒော ဟူသော ပါဠိဖြင့် နံရံလေးဘက်ရှိမှသာ အောက်ထပ်သို့ သိမ်သက်ဆင်းနိုင်ကြောင်းကို ပြဆို၏။ သစေ ဟိ ဒ္ဒိသုဝါ တိသုဝါ ဒိသာသုဧဝ ကုန္ဒော တိဋ္ဌေယျ၊ ဟေဋ္ဌာ နဿြတရတိ- ဟူသောပါဠိဖြင့် နံရံ နှစ်ဘက်သုံးဘက်သာ ရှိရာတို့၌ အောက်ထပ်သို့ သိမ်မသက်ဆင်းနိုင်ကြောင်းကို ပြဆို၏၊ ဤသို့ပြဆိုရာ၌ နံရံ လေးဘက်ရှိသည်ဖြစ်စေ၊ နှစ်ဘက် သုံးဘက်သာ ရှိသည်ဖြစ်စေ အထက်ထပ် သိမ်နှင့် တစပ်တည်း ဆက်စပ်နေ၍ သိမ်ဌာနဘောဖြင့် သက်ဝင်နိုင်သော ကြောင့် ယုတ္တိမရှိ ဆင်ဆင်ဘွယ်ရှိ၏။ စတုန္နမ္ပိ ဘိတ္တိ ဟိ အန္တော ဘိတ္တိ ဟိ သဟ ကေဝိသတိယာ ဘိက္ခူနံ ပဟောနကတ္တာ ဗုတ္တ - ဟူသော ပါဠိဖြင့် နံရံ လေးဘက်တို့၏ အတွင်းအထက်ထပ်သိမ်နှင့် မဆက်စပ်ရာတို့၌လည်း သိမ် သက်ဆင်းခြောင်းကို ပြဆို၏။ ဤသို့ ပြဆိုရာ၌ သိမ်နှင့် မဆက်စပ်သော အခေါင်းအပေါက် ကောင်းကင်ခြားရာတို့၌ သိမ်မသက် နိုင်သောကြောင့် ယုတ္တိမတန် ဆင်ခြင်ရန်ရှိ၏။ ဤသို့အထူးကို သိပါလေ။



ပုံ - ၂၃

ပုံ-၂၃။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဌကထာမှ ရအပ်သော မျှားစ့ာသောတိုင်တို့ ဖြင့် ဆောက် လုပ် အပ် သော ပြာသာဒ်ကျောင်း၏ အထက်ထပ် နံရံတို့၏အတွင်းဌာနိမိတ်တို့ကိုထား၍ကြားကာ အောက်ထပ်ဌာ တည်ရှိသော နံရံ တို့ကို သိမ်၏ အတွင်း ပြု၍ သမုတ် အပ်သော သိမ်ပုံ ကျောင်းပုံဖြစ်ပါသည်။

ဤဌာအထူးကို မှတ်ရမည် ကားနှစ်ထပ်ရှိသောကျောင်းတွင် အောက်ထပ်ဌာ တည်နေ၍ နိမိတ် ကြားပြီးလျှင် အထက်ထပ်ဌာ တည်နေလျက် သိမ်ကို သမုတ် ခြင်းငှာ မအပ်။

ထိုအကြောင်းကို....

ဗန္ဓနကာလေ ဌိတရုဏ္ဏ နိသီဒိတ္ဌာ ကာတုံ နဝဋ္ဌတိ၊ ဥပရိ သီမာယ အဂမနတောတိ ကာရဏံ ဝဒန္တိ ဟူသော ဝေါဟာရဗုဒ္ဓိဋီကာ ကို ထောက်ဆ၍ သိရမည်ဟု ပျော်ဘွယ်မြို့ကနံမြင့်တောရ ဆရာတော် အမိုး ရှိတော်မူ၏။

ဗန္ဓန ကာလေ၊ သိမ်ကို ဖွဲ့သမုတ်ရာအခါ၌။ ဌိတရုဏ္ဏေ၊ ပေါက်သော သစ်ပင်ထက် ။ နိသီဒိတ္ဌာ၊ တည်နေ၍။ ကာတုံ၊ သိမ်သမုတ်ကမ်းကို ပြုခြင်းငှာ။ နဝဋ္ဌတိ၊ မအပ်။ ကသ္မာ၊ အဘယ်ကြောင့်။ နဝဋ္ဌတို့၊ မအပ်ပါသနည်း။ ဥပရိ သီမာယ၊ အထက်၌ သမုတ်အပ်သော သိမ်၏။ အဂမနတော၊ ကောင်းကင်ကြားရာ အောက်သို့ မသက်ရောက်နိုင် ခြင်းကြောင့်။ နဝဋ္ဌတိ၊

မအပ်။ ဣတိ၊ ဤသို့။ ကာရဏံ၊ အကြောင်းကို။ ဝိစကၠဏာ၊ ဝိနည်းအရာ လိမ်မာမြင်သိ၊ ပညာရှိတို့သည်။ ဝဒန္တိ၊ မိန့်ဆိုကြကုန်၏။ (ဤကား ၎င်း ဋီကာ၏အနက်။)

ဆက်ပါဦးအုံ့။ နှစ်ကျိပ် တယောက် စည်းဝေး ထိုင်နေလျှင်၎င်း သိမ်ပမာဏ မြောက်အောင် တိုင်ခြေမှုစ၍ ကိုင်ဖျားတိုင်အောင် တစောင့် တည်းတုတ်သော အလုံးတည်းသောတိုင်ဖြင့် ဆောက်လုပ်အပ်သော တပင် တိုင်ပြာသာဒ်ပေါ်၌ သမုတ်အပ်သောသိမ်သည် အောက်ခြေမြေကြီး၌လည်း မြေကိုခံသောရေတိုင်အောက် သက်ဝင်၍ သွားပါသည်။

ထို့ကြောင့် ဂင်းမဟာဝါ အဋ္ဌကထာ၌....

ကေထမ္ဘပါသာဒဿ ပန ဥပရိမတလေ ဗဒ္ဓါ သိမာ သစေ ထမ္ဘ မတ္ထကေ ကေဝိသတိယာ ဘိက္ခူနံ သြကာသော ဟောတိ၊ ဟေဋ္ဌာ သြတရတိ–ဟူ၍ မိန့်ဆိုတော်မူ၏။

ပန၊ ဆက်ပါဦးအုံ့။ ကေထမ္ဘပါသာဒဿ၊ တလုံးတည်းသော သည် တိုင်ရှိသောပြာသာဒ်၏။ ဥပရိမတလေ၊ အထက်၌ဖြစ်သော အပြင်၌။ ဗဒ္ဓါ၊ ဖွဲ့သမုတ်အပ်သော။ သိမာ၊ သိမ်သည်။ ထမ္ဘမတ္ထကေ၊ သည်တိုင်၏ အထက် ထိပ်ဝ၌။ ကေဝိသတိယာ၊ နှစ်ကျိပ်တယောက်သော။ ဘိက္ခူနံ၊ရဟန်းတို့၏။ သြကာသော၊ စည်းဝေး ထိုင်နေလောက်ရာ အရပ်သည်။ သစေဟောတိ၊ အကယ်၍ဖြစ်ပြီးအုံ့။ ဟေဋ္ဌာ၊ အောက်တိုင်ခြေမြေသို့။ သြတရတိ၊ သက် ဆင်း၏။ (ဤကား အဋ္ဌကထာ၏ အနက်။)

ဤအဋ္ဌကထာ၌ ထမ္ဘမတ္ထကေ ဟူသော စကားကို ဥပလက္ခဏ နည်း အားဖြင့် အဋ္ဌကထာဆရာ မိန့်ဆိုပါသည်။ ဥပလက္ခေတဗ္ဗ အားဖြင့် ဟေဋ္ဌာ သြတရတိဟူသော စကားကိုထောက်ဆ၍ အထက်ထိပ်ဝမှစ၍ အောက် တိုင် ခြေ မြေသို့ရောက်အောင် နှစ်ကျိပ်တယောက် စည်းဝေး ထိုင်နေလောက်၍ တစောင့်တည်း တုတ်သောတိုင်ကို မှတ်ယူရပါမည်။ထိုကြောင့်လည်း ထိုတိုင် ပမာဏအတိုင်းပင် မြေကိုခံသောရေတိုင်အောင် သိမ်သက်ဝင်၍သွားပါသည်။

ဤသို့ အထူးကို မှတ်ရမည်ဟု ညောင်လွန်တောရ ဆရာတော် အမိန့် ရှိတော်မူ၏။



ပုံ ၂၄

ပုံ-၂၄။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဌကထာ မှ ရအပ်သော သိမ်ပမာဏ လောက်အောင် အာဃာတ်ထိပ်ဝ မှ အောက်ခြေမြေသို့ ရောက် အောင် တတောင့်တည်း တုတ် သောတလုံးတည်းသောတိုင်ဖြင့် ဆောက်လုပ် အပ်သော တပင် တိုင် ပြာသာဒ်ပေါ်၌ သမုတ် အပ်သော ;သိမ်ပုံဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ ပြာသာဒ် ကျောင်း အထက်ထပ် နံရံ၏ အပြင်ပ၌ ပတ်ပတ်လည် တပ် ထားသော စကြ၏ ကျောက် နိမိတ်တို့ကိုထား၍ ကြားကာ သမုတ် အပ်သော သိမ်၌ ထို ပြာသာဒ်၏ နံရံတို့သည် သိမ်၏ အတွင်း၌ တည်ကြပါသည်။ ထိုအထက်ဆပ်သိမ်နှင့်စပ်သော အောက်ထပ်နံရံ တို့သည် သိမ်ပမာဏလောက်အောင် ထူထဲကုန်အုံ့၊ အောက်ထပ်သို့လည်း သိမ်သက်ဆင်းပါသည်။ သိမ်ပမာဏလောက်အောင်မထူထဲကုန်အုံ့၊ အောက်ထပ်သို့ သိမ်မသက်ဆင်းနိုင်ဟူ၍ မှတ်ရပါ၏။

ထို့ကြောင့် ၎င်းမဟာဝါအဌကထာ၌....

သစေ ပါသာဒဘိတ္တိတော နိဂ္ဂဘေသု နိယျုဟ္ကာဒီသု ပါသာဏေ ဌပေတ္တာ သိမံ ဗန္ဓန္တိ၊ ပါသာဒဘိတ္တိ အနွှောသိမာယ ဟောတိ။ ဟေဋ္ဌာ ပနသာ သြတရဏာနောတရဏံ ဝုတ္တနယေနေဝ ဝေဒိဘ်ဗွဲ-ဟ္ရ၍ မိန့်ဆိုတော်မူ၏။

ပါသာဒဘိတ္ထိတော၊ ပြာသာဒ်၏နံရံမှ။ နိဂ္ဂတေသု၊ အပြင်ပသို့ ထွက်ကုန်သော။ နိယျုဟကာဒီသု၊ ထုပ်စွန်း အစရှိသည်တို့၌။ ဝါ၊ ရက်မစွန်း အစရှိသည်တို့၌။ ပါသာဏေ၊ နိမိတ် ကျောက်တို့ကို။ ဌပေတွာ၊ ထား၍။ သီမံ၊ သိမ်ကို။ သစေဗန္ဓန္တိ၊ အကယ်၍ ဖွဲ့သမုတ်ကုန်အုံ့။ ပါသာဒဘိတ္ထိ၊ ပြာသာဒ်၏နံရံသည်။ အန္တောသီမာယံ၊ သိမ်၏အတွင်း၌။ ဟောတိ၊ ဖြစ်၏။ ပန၊ အထူးသော်ကား။ အာသာ၊ ထိုသိမ်၏။ ဟေဋ္ဌာ၊ ပြာသာဒ်၏ အောက်ထပ်သို့။ သြတရဏာ နောတရဏံ၊ သက်ဆင်းပုံ မသက်ဆင်းပုံကို။ ဥဇ္ဇာ နယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ (ဤကား ၎င်း အဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာဝယ် နိယျုဟကာဒီသုဋ္ဌ နိယျုဟကကို ထုပ်စွန်း မုတ်ထွက်ဟူ၍ နိသျှဆရာတို့ ယောဇနာကြကုန်၏။ ယောဇနာဆရာကား ဆင်စွယ်ကောက်နံရံ ဝုတ်ဟူ၍ ယောဇနာလို၏။ ညောင်လွန်တောရ ဆရာတော်ကား စောင်းတန်း ဟူ၍ ယောဇနာတော်မူ၏။ ဤသို့ ယောဇနာကြရာ၌ ထုပ်စွန်းဟူသည် ကျောင်းမနံရံ၏ အပြင်ပသို့ အံ့စွန်းပိုထွက်အောင် ထုပ်လျှောက်ရက်မတပ်၍ ပတ်ပတ်လည် စကြံ့တပ်ထားသည်ကို ဆိုပါသည်။ မုတ်ထွက်ဟူသည် ပြာသာဒ် ကျောင်းနံရံ၏ အပြင်ပ၌ စမုတ်ဆောင်ငယ်မျှားနှင့်တကွ ပတ်ပတ်လည် စကြံ့တပ်ထားသည်ကို ဆိုပါသည်။ ဆင်စွယ်ကောက်ဟူသည် ယခုခေတ် ဘာဘူဆောင်ခေါ်သော ပြာသာဒ် ကျောင်းမနံရံ၏အပြင်၌ ဆင်စွယ်ကောက်သဏ္ဌာန် တပ်ထားသော အဆောင်ငယ်မျှားနှင့်တကွ ပတ်ပတ်လည် စကြံ့တပ်ထားသည်ကိုဆိုပါသည်။ စောင်းတန်းဟူသည်လည်း ပြာသာဒ်ကျောင်းမ နံရံ၏ အပြင်ပ၌ စမုတ်ဆောင်ငယ်မျှားနှင့်တကွ ပတ်ပတ်လည် စကြံ့ဘပ်ထားသည်ကိုဝင်း၊ ပတ်ပတ်လည် စကြံ့နှင့်တကွ စောင်းဘန်းလှေကားတပ်ထားသည်ကိုဝင်းဆိုပါသည်။

မည်သို့ပင်ဆိုကြစေကား၊ ဤအဋ္ဌကထာ၌ နံရံကိုပဓာနပြု၍ ထိုနံရံ၏ အပြင်ပ စကြံ့ပေါ်၌ ကျောက်နိမိတ်တို့ကိုထားရှိကြားကာ သမုတ်အပ်သည်ကို မှတ်ယူပါမည်။ ထို့ပြင်မှတ်ဘွယ်အထူးသော်ကား ဤသို့သမုတ်ရာ၌ နံရံ၏ အပြင်ပ၌ဘည်သောစကြံ့သည်နိမိတ်တို့၏တည်ရာဖြစ်၍သိမ်၏အပြင်ပ၌တည်၏။

ဤသို့ပင်တည်ခြေးသော်လည်း သမုတ်အပ်ပြီးသောအခါ ထိုသိမ်နှင့်ဆက်စပ်နေသောကြောင့် သီမဌာပင်မည်ပါသည်။

ထိုဏကြောင်းကို ဝိမတိဝိနောဒနီဋီကာ၌—

ကိဉ္စာပေတ္ထ နိယျုဟကာဒယော နိမိတ္တာနံ ဌိတောကာသ တာယ ဗဒ္ဓမာနကွဏော သီမာ နဟောတိ၊ ဗဒ္ဓါယ ပန သီမာယ သီမဌာဝ ဟောန္တိတိ ဒဋ္ဌဗ္ဗာ—ဟူ၍မိန့်ဆိုဘော်မူ၏။

ဧတ္ထ၊ ဤသို့သမုတ်ရာ၌။ နိယျုဟကာဒယော၊ ထုပ်စွန်းအစရှိသည်တို့သည်။နိမိတ္တာနံ၊ နိမိတ်တို့၏။ ဌိတောကာသတာယ၊ တည်ရာ၏အဖြစ်ကြောင့်။ ဗဒ္ဓမာနကွဏော၊ ဖွဲ့သမုတ်ရာခဏာ၌။ သီမာ၊ သိမ်သည်။ ကိဉ္စာပိဟောတိ၊ အကယ်၍ကားမဖြစ်။ ပန၊ ထိုသို့ပင်မဖြစ်ခြေးသော်လည်း။ သီမာယ၊ သိမ်ကို။ ဗဒ္ဓါယ၊ ဖွဲ့သမုတ်အပ်ပြီးသည်ရှိသော်။ သီမဌာဝ၊ သိမ်၏တည်ရာတို့သည်သာ။ ဝါ၊ သိမ်၌တည်ကုန်သည်သာ။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ (ဤကားဎင်းဋီကာ၏အနက်။)



ပုံ ၂၃

ပုံ- ၂၅။ ။ဤပုံကားပြဆိုအပ်ခဲ့ပြီးသော အဌကထာ ဋီကာတို့မှ ရအပ်သော ပြာသာဒ်ကျောင်းနံရံတို့၏ အပြင်ပ ထုပ်စွန်း။ ဝါ၊ စကြဲ့အစရှိသည်တို့၌ ကျောက်နိမိတ်တို့ကိုထား၍ ကြားကာ သမုတ် အပ်သော သိမ်ပုံ ကျောင်းပုံဖြစ်ပါသည်။

ဆက်ပါ ဦးအုံ။ ပြာသာဒ် ကျောင်း ၏

အတ္တင်းအောက်ထပ် နံရံတို့၏၌ သိမ်သမုတ်လိုမူ ထိုပြာသာဒ်ကျောင်း၏ နံရံ၊ ကိုရင်း၊ သစ်သားတိုင် တို့ကိုရင်း နိမိတ်မကြားကောင်းပါ။ ထိုနံရံ၊ တို့၏ အဲဘုင်း၌ ကျောက်နိမိတ်တို့ကိုမှီကပ်၍ ထားပြီးလျှင် ကြားကာသမုတ်ရပါမည်။ ဤသို့ကြား၍ သမုတ်အပ်သောသိမ်သည် အလယ်၌ တိုင်မပါသောကြောင့် ထိုပြာသာဒ်ကျောင်း၏ အောက်ထပ် အစွန်အနား ပတ်ပတ်လည် တိုင်တို့၏ အတွင်း၌သာ တည်ပါသည်။

ထို့ကြောင့် ရင်းမဟာဝါ အဋ္ဌကထာ၌....

ဟေဋ္ဌာပါသာဒေ ကိုတ္တေန္ဒေဟိပိ ဘိတ္တိစ ရုက္ခထမ္ဘာစ နကိတ္တေ ဆဗ္ဗာ။ ဘိတ္တိလဂ္ဂေ ပန ပါသာဏထမ္ဘေ ကိတ္တေတုံ ဝဋ္ဋတိ။ ဧဝံ ကိတ္တိဘာ သီမာ ဟေဋ္ဌာ ပါသာဒဿ ပရိယန္တထမ္ဘာနံ အန္တောယေဝ ဟောတိ - ဟူ၍ မိန့်ဆိုဘော်မူ၏။

ဟေဋ္ဌာပါသာဒေ၊ ပြာသာဒ်ကျောင်း၏ အောက်ထပ်၌။ ကိတ္တေန္ဒေဟိ၊ သိမ်နိမိတ်ကြားကုန်သော။ ဘိက္ခုဟိပိ၊ ရဟန်းတို့သည်လည်း။ ဘိတ္တိစ၊ နံရံ ကိုရင်း။ ရုက္ခထမ္ဘေစ၊ သစ်ဖြင့်ပြီးသောသည်တိုင်တို့ကိုရင်း။ နကိတ္တေတဗ္ဗာ၊ ကြားအပ်ကုန်။ပန၊ အနွယ်သသာ်ကား။ ဘိတ္တိလဂ္ဂေ၊ နံရံ၌မှီကပ်ကုန်သော။ ပါသာဏထမ္ဘေ၊ နိမိတ်သောက်သော ကျောက်တိုင်တို့ကို။ ကိတ္တေတုံ၊ ကြား ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဧဝံ၊ ဤသို့။ ကိတ္တိဘာ၊ ကြားအပ်သော။ သီမာ၊ သိမ်သည်။ ပါသာဒဿ၊ ပြာသာဒ်ကျောင်း၏။ ဟေဋ္ဌာ၊ အောက်ထပ်၌။ ပရိယန္တထမ္ဘာနံ၊ အစွန်အနား၌ ဖြစ်သောတိုင်၏။ အန္တောယေဝ၊ အတွင်း၌ သာလျှင်။ ဟောတိ၊ ဖြစ်၏။ (ဤကား ရင်းအဋ္ဌကထာ၏ အနက်။)

ဤအဋ္ဌကထာ၌ - ဘိတ္တိသဒ္ဒါကို အုတ်ဖြင့်ပြီးသော နံရံ၊ သစ်ဝါးဖြင့် ပြီးသော နံရံတို့ကိုရည်၍ အဋ္ဌကထာဆရာ မိန့်ဆိုပါသည်။ ကျောက်ဖြင့်ပြီး သောနံရံ ဖြစ်ပါမူကား အရပ်တမျက်နှာ၌ နိမိတ်ဇေခုအဖြာဖြင့်ကြားကောင်း သည်သာ။ ဘိတ္တိလဂ္ဂေ အရကို အောက်မြေနှင့် ထိစပ်၍နံရံ၌မှီကပ်၍ထား ၏ ကျောက်တိုင်တို့ကိုယူရပါမည်။ ထိုကြောင့် ဝေဒရဗုဒ္ဓိဋီကာ၌ .... ဤသို့ဂ္ဂေတိ ဘိတ္တိ နိုဿိတကေ - ဟူ၍ဖွင့်ဆိုဘော်မူ၏။ ဟေဋ္ဌာ ပါသာ ဒဿ ပရိယန္တထမ္ဘာနံ အန္တောယေဝ ဟောတိ-ဟူသောစကားရပ်ကို ထောက်၍

ဤပြာသာဒ်ကျောင်းသည် အလယ်၌ တိုင်မပါ။ ဘေးပတ်မတ်လည် နံရံနှင့် တကွတည်သော တိုင်တို့သာ ပါရှိ၊သော ပြာသာဒ် ကျောင်း ဖြစ်ပါသည်။ ထို့ကြောင့်ပတ်ပတ်လည် နိမိတ်ကျောက်တိုင်တို့၏ အတွင်းအောက်ထပ်၌သာ သိမ်သက်ဝင်၍ တည်ပါသည်။

ဝိမတိဝိနောဒနီ့ ကာ၌လည်း....

ပရိယန္တဆိုသော နိမိတ္တဂတ ပါသာဏတွေ့မှာ သန္ဓာယ စုတ္တံ-ဟူ၍မိန့်ဆို၏။

ပရိယန္တဆိုသောနိမိတ္တဂတ၊ ပရိယန္တဆိုသောနံဟူသော ဤစကားကို။ နိမိတ္တဂတပါသာဏတွေ့မှာ၊ နိမိတ်၏အဖြစ်ဖြင့် တည်သော ကျောက်တိုင်တို့ကို။ သန္ဓာယ၊ ရည်၍။ အာစရိယေန၊ အဋ္ဌကထာ ဆရာသည်။ စုတ္တံ၊ မိန့်ဆိုအပ်၏။ (ဤကား ၎င်းဋီကာ၏အနက်။)



ပုံ - ၂၆

ပုံ - ၂၆။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာနှင့် ဋီကာတို့မှရအပ်သော အလယ်၌ တိုင်မပါ ဘေးပတ်ပတ်လည်နံရံနှင့် စကွသော တိုင် မျှသာ ပါရှိသော ပြာသာဒ်ကျောင်း၏ အောက်ထပ်၌ ဘေးပတ်ပတ်လည် အံရပ်ရှစ်မျက်နှာ နံရံတို့၏ အတွင်း၌ ထိုနံရံတို့ကို မှီကပ်၍ထားသော ကျောက်နိမိတ်တို့ဖြင့်ကြားကာသမှတ် အပ်သော သိမ်ပုံ ပြာသာဒ်ကျောင်းပုံ ဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ ပြဆိုအပ်ခဲ့ပြီးသော အလယ်၌ တိုင်မပါသော ဘေးပတ်ပတ်လည် နံရံနှင့်တကွသော တိုင်မျှသာပါရှိသော ပြာသာဒ်ကျောင်း၌ နံရံတို့ကို သိမ်၏အတွင်းပြု၍ ထိုနံရံခြေမြေပေါ်၌ ကျောက်နိမိတ် တို့ကို မှီကပ်၍ထားပြီးလျှင်ကြားကာသမှတ်

အပ်သော သိမ်သည် ထိုနံရံ့တို့သည် အထက်နှင့် အောက်ထပ် တစပ်တည်း တည်သည်ဖြစ်အံ့။ အထက်ထပ်သို့လည်း တက်၏။

ထိုအကြောင်းကို ၎င်းမဟာဝ၀ါ အဋ္ဌကထာ၌ -

သစေ ပန ဟေဋ္ဌာ ပါသာဏသ္မိံ ကုဋ္ဌော ဥပရိမတလေန သမ္မဒ္ဓေါ ဟောတိ၊ ဥပရိပါသာဏမ္ပိ အာဘိရုဟတိ - ဟူ၍ မိန့်ဆိုတော်မူ၏။

ပန၊ ဆက်ပါဦးအံ့။ ပါသာဏသ၊ ပြာသာဒ်ကျောင်း၏။ ဟေဋ္ဌာ၊ အောက်ထပ်၌။ ကုဋ္ဌော၊ နံရံသည်။ ဥပရိမတလေန၊ အထက်၌ဖြစ်သော အပြင်နှင့်။ သမ္မဒ္ဓေါ၊ စပ်သည်။ သစေဟောတိ၊ အကယ်ဤဖြစ်ငြားအံ့။ ဧကံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ဥပရိပါသာဏမ္ပိ၊ ပြာသာဒ်ကျောင်း၏ အထက်ထပ်သို့လည်း။ အာဘိရုဟတိ၊ တက်၏။ (ဤကား ၎င်းအဋ္ဌကထာ၏ အနက်)

ဤအဋ္ဌကထာ၌ ဥပရိပါသာဏမ္ပိ အာဘိရုဟတိအရကို ထိုပြာသာဒ်ကျောင်း၏ နံရံသည် နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေလောက်အောင် ထူထဲမှု အထက်ထပ်သို့ သက်သိမ်သဘောဖြင့် တက်၏။ နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေလောက်အောင် မထူထဲမှုကား ထိုအထက်ထပ်သို့ သိမ္ဗသဘောဖြင့် တက်၏။ ဤသို့ မှတ်ယူရပါမည်။

ဝိမတိုဝိနောဒနီဋီကာ၌ကား....

ဥပရိမတလေန သမ္မဒ္ဓေါ ဟောတိတိ ဣဒံ ကုဋ္ဌာနံ အန္တရာ သိမဋ္ဌာနံ ထမ္ဘာနံ သဗ္ဗာ၀တော ၀ုတ္တံ။ ယဒိ ဟိ ဘ၀ေယျုံ၊ ကုဋ္ဌေ ဥပရိမတလေန အ၀ မ္မေန္ဓပိ သိမဋ္ဌတ္ထမ္ဘာနံ ဥပရိ ဋ္ဌိတော ပါသာ၀ေ၀ါ သိမဋ္ဌာ၀ ဟောတိ - ဟူ၍ မိန့်ဆိုတော်မူ၏။

ဥပရိမတလေန သမ္မဒ္ဓေါ ဟောတိတိ ဣဒံ၊ ဥပရိမတလေန သမ္မဒ္ဓေါ ဟောတိဟူသော ဤစကားကို။ ကုဋ္ဌာနံ၊ နံရံတို့၏။ အန္တရာ၊ အတွင်း၌။ သိမဋ္ဌာနံ၊ သိမ်၌တည်ကုန်သော။ ထမ္ဘာနံ၊ သည်တိုင်တို့၏။ သဗ္ဗာ၀တော၊ ဖြစ်သင့်သောကြောင့်။ အ၀စရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ဟိ၊ အပြစ်ကို ဆိုပါဦးအံ့။ သိမဋ္ဌာ၊ သိမ်၌တည်ကုန်သော။ ထမ္ဘာ၊

သည်တိုင်တို့သည်။ ယဒိဘဝေယျုံ၊ အကယ်၍ဖြစ်ကုန်အုံ့။ ဝေဒ၊ တိ၊ ဤသို့ ဖြစ်သည်ရှိသော်။ ကုန္ဒေ၊ နံရံသည်။ ဥပရိမတလေန၊ အထက်ထပ်အပြင်နှင့်။ အသမ္ဘဝန္ဟိ၊ မစပ်သော်လည်း။ သီ၊ ဌိတ္ထမ္ဘ-နံ၊ သိမ်ဌာဘည်သော တိုင်တို့၏။ ဥပရိ၊ အထက်၌။ ဌိ၊တာ၊ တည်သော၊ ပါသာဒေါ၊ ပြာသာဒ်ကျောင်းသည်။ သီမဌောဝ၊ သိမ်ဌတည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ (ဤကား ၎င်းဋီကာ၏အဓိပ္ပာယ်)

ဤဋီကာဆရာ၏ စကားသည် အဌကထာ၌ ကုဋေနှာဟူ၍ ကတ္တားတိုက်ရိုက် ပါရှိသောကြောင့်၎င်း၊ ထိုပြာသာဒ်ကျောင်း၏ နံရံသည်ပင် သိမ်၏အဘွင်း၌ တည်သောကြောင်း အသင့်ယူတွေ့မရှိဟု မှတ်ပါလေ။

ဆက်၍ အထူးကို ပြဆိုလိုက်ပါဦးအုံ့။ ဤသိမ်နှင့်စပ်ရာ၌....

(၁) သက်သိမ်။ (၂) သီမဌသိမ်။

ဤသို့ သိမ်နှစ်မျိုးရှိပုံကို သိနားလည်ရပါမည်။ ထိုတွင် သက်သိမ်သည် ကမ္မဝါစာပရိယောသာနေ သီမာ ပဌဝိသန္ဓာရကံ ဥဒကံ ပရိယန္တံ ကတ္တာ သြတရတိ - ဟူသော အဌကထာကို ထောက်၍ အောက်၌ မြေကို ခံသော ရေတိုင်အောင် သက်ဝင်၍ တည်၏။ သာ ဟေဋ္ဌိမပရိစ္ဆေဒေန သဗ္ဗေ ဧက ဝိသတိဘိက္ခူ ဂဏှာတိ ဝန္ဒတိ၊တတော သြရံ နဝန္ဒာဘိ။ ပရံ ဘိက္ခုသဟဿံ ဂဏှန္တိပိ ဝန္ဒတိ - ဟူသော အဌကထာကို ထောက်၍ ပမာဏအားဖြင့် နှင်ကျိပ်တယောက် စည်းဝေးထိုင်နေလောက်သည်က စ၍ သုံးယူဇနာ အဝန်းအဝိုင်းရှိသော အရပ်တိုင်အောင် သစ်တုံး သည်တိုင်စသော ဝတ္ထုတို့၌ပင် သက်ဝင်၍ တည်၏။ ဗဟုမာနာ ဧဝ ဟိ သီမာ ပမာဏရဟိတံ ပဒေသံ နသြတရတိ-ဟူသော အဌကထာကို ထောက်၍ နှစ်ကျိပ်ဘယောက် စည်းဝေးနေထိုင်လောက်သော အရပ်အောက်ယုတ်ငယ်မှု မသက်ဝင်နိုင်ပါ။ ခဏ္ဍသီမာ တံ ပူရေတွာ ဥစ္စဝတ္ထုကံ ကဆောန္တိ သီ၊ာယေဝ - ဟူသော အဌကထာကို ထောက်၍ နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေလောက်သော ဝတ္ထု ဆက်စပ်၍ နေပါမှု အထက်သို့လည်း တက်သွားနိုင်၏။ တဿာ စေ ဟေ ဌာ အာကာသ ပဗ္ဗာရံ ဟောတိ၊ သီမာ နသြတရတိ - ဟူသော အဌကထာကို ထောက်၍ တစုံတခုသော ဝတ္ထု မဆက်စပ်ဘဲ အခေါင်းအပေါက် စသော အာကာသ၏ကောင်းကင်၌ သက်ဝင်၍ မတည်နိုင်ပါ။ ဤသို့ သက်သိမ်ကို မှတ်ပါလေ။

သီမင္ဒ်သိမ်သည် ဗဒ္ဓသီမာယ ဇာတံ ယံကိဉ္စိ ယတ္ထကတ္ထစိ ဧကသမ္မဒ္ဓေန ဂတံ သီမာ သခ်ိုမေဝ ဂစ္ဆတိ - ဟူသော အဋ္ဌကထာကိုရင်း၊ ယံကိဉ္စိ ပိတိ ဝစနတော တိဏာဒိပိ သင်္ဂဟိတံ - ဟူသော ဝဇိရဗုဒ္ဓိ ဋီကာကိုရင်း ထောက်ဆ၍ နှစ်ကျိပ်တယောက် မစည်းဝေးလောက်သော်လည်း အယုတ်ဆုံးအား ဖြင့် မြက်သင်ရှက်ကို အဝန်းပြု၍ သစ်တုံး သည်တိုင်စသော ဝတ္ထုတို့ဖြင့်လည်း သမုတ်အပ်ပြီးသော ဗဒ္ဓသိမ်နှင့် ဆက်စပ်တည်နေခဲ့ပါမူ အထက်သို့လည်း တက်၍ လိုက်နိုင်၊အောက်သို့လည်း သက်ဆင်း၍ လိုက်နိုင်၏။ သို့ပင် လိုက်ငြားသော်လည်း မိမိ၏တည်ရာသိမ်မြေ၏ နိမိတ်အတွင်းမှ တပါးသော ဗဒ္ဓသိမ် ဂါမသိမ် စသည်တို့၏ မြေအပြင်ဘက်ကား တဆံခြည်ခန့်မျှသက်ဝင်၍မလိုက်နိုင်ပါ။ ဤ အကြောင်းကို သီမင္ဒဟူသော သဒ္ဒါရိပ်ကိုရင်း၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ ဧတဟိ နိမိတ္တေဟိ သီမံ သမ္မဒ္ဓေယ္ယ စသော ပါဠိတော်ကိုရင်း ထောက်ဆ၍ သိရပါမည်။



ပုံ-၂၇။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာမှ ရအပ်သောအလယ်ဌာနတိုင် မပါဘေးပတ်ပတ်လည် နံရံနှင့်တကွ တိုင်မျှသာ ပါရှိ သော ပြာသာဒ်ကျောင်းဌာ အရပ်လေးမျက်နှာရှိ နံရံတို့ကို သိမ်၏အတွင်းပြု၍ နံရံတို့၏ အပြင်ပ နံရံ မြေပေါ်ဌာ ကျောက် နိမိတ် တို့ကို ထား၍ ကြားကာသမုတ် အပ်သောသိမ်ပုံကျောင်း ပုံဖြစ်ပါသည်။

ဆက်လက်၍ အထူးကိုပြဆိုပါဦးအုံ့။ မျှားစ္ဓာသောတိုင်တို့ဖြင့် ဆောက်လုပ်အပ်သော ပြာသာဒ်ကျောင်း၏ အောက်ထပ်မြေအပြင်ဝယ် အရပ် ရှစ်မျက်နှာ ပတ်လည်ပြင်ပ အစွန်ဆုံး၌ဘည်သော တိုင်စဉ်တို့၏အတွင်း၌ ကျောက်နိမိတ်တို့ကိုထား၍ ကြားကာသမုတ်အပ်သော ဗဒ္ဓသိမ်၌ ထိုပြာသာဒ်ကျောင်း အလုံးစုံ တဆောင်လုံးသည် သီမဋ္ဌသဒ္ဒါဖြင့် သက်ဝင်၍ တည်ပါသည်။

ထိုအကြောင်းကို ဝိမတိဝိနောဒနီဋီကာ၌—

သစေ ပန ဗဟူနံ ထမ္ဘပန္တိ ိနံ ဥပရိ ကတပါသာဒသ ဟေဋ္ဌာ ပထဝိယံ သဗ္ဗဗာဟိရာယ ထမ္ဘပန္တိယာ အန္တော နိမိတ္တပါသာဏေ ဌပေတ္ဝာ သီမာ ဗဒ္ဓါ ဟောတိ၊ တေ္ထ ကထန္တိ၊ တေ္ထာပိ ယံ တာဝ သီမဋ္ဌထမ္ဘဟေဝ ဓာရိယမာနာနံ တုလာနံ ဥပရိမတဲလံ့၊ သဗ္ဗတံ သီမဋ္ဌမေဝ။ တေ္ထ ဝိဝါဒေါ နတ္ထိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ပန၊ ဆက်၍ အထူးကိုပြဆိုပါဦးအုံ့။ ဗဟူနံ၊ မျှားစ္ဓာကုန်သော။ ထမ္ဘပန္တိ ိနံ၊ တိုင်စဉ်တို့၏။ ဥပရိ၊ အထက်၌။ ကဘပါသာဒသ၊ ဆောက်လုပ်အပ်သော ပြာသာဒ်ကျောင်း၏။ ဟေဋ္ဌာပထဝိယံ၊ အောက်မြေအပြင်၌။ သဗ္ဗ ဗာဟိရာယ၊ အလုံးစုံသောတိုင်စဉ်တို့၏ အပြင်ပ၌ဖြစ်သော။ ထမ္ဘပန္တိယာ၊ တိုင်စဉ်၏။ အန္တော၊ အတွင်း၌။ နိမိတ္တပါသာဏေ၊ နိမိတ်လောက်သော ကျောက်တို့ကို။ ဌပေတ္ဝာ၊ ထား၍။ သီမာ၊ သိမ်ကို။ ဗဒ္ဓါ၊ ဖွဲ့သမုတ်အပ်သည်။ သစေဟောတိ၊ အကယ်၍ဖြစ်အုံ့။ တေ္ထ၊ ဤသို့သမုတ်ရာ၌။ ကထံ၊ အဘယ်သို့လျှင်။ ဥဘတဗ္ဘံ၊ သီအပ်ပါသနည်း။ ဣတိအယံ၊ ဤသည်လျှင်။ ပုစ္ဆာ၊ အမေးတည်း။ တာဝ၊ ရှေးဦးစွာ။ တေ္ထာပိ၊ ဤသို့သမုတ်ရာ၌လည်း။ သီမဋ္ဌ ထမ္ဘဟေဝ၊ သိမ်၏တည်သော တိုင်တို့သည်သာလျှင်။ ဓာရိယမာနာနံ၊ ဆောင်အပ်ကုန်သော။ တုလာနံ၊ ထုပ်ကြောက်ရက်မတို့၏။ ယံဥပရိမတဲလံ၊ အကြောင်အထက်၌ ဖြစ်သော အပြင်သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံဥပရိမတလံ ထိုအထက်၌ဖြစ်သောအပြင်သည်။ သီမဋ္ဌမေဝ၊ သိမ်၌တည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တေ္ထ၊ ဤဆိုအပ်ပြီးသော အဆုံးအဖြတ်ကား ရပ်၌။ ဝိဝါဒေါ၊ ငြင်းခုံဘွယ်သည်။ နတ္ထိ၊ မရှိ။ ဣတိအယံ၊ ဤသည်လျှင်။ ဝိဿဇ္ဇနာ၊ အဖြေပင်တည်း။ (ဤကား ၎င်းဋီကာ၏အနက်။)

ဆက်လက်၍ ဝါဒအထူးရှိသေးပုံ့ကို ပြုဆိုလိုက်ပါဦးအုံ့။ ဤသို့ သမုဒ္ဒ ရာဒ္ဒ သင်္မ၏အတွင်းဌ် တည်သော တိုင်စဉ်သိမ်မှ အပြင်ပဌ်ဘဏ်သော တိုင်ပဉ် တို့သည် အညီအမျှထမ်းဆောင်၍ ထားအပ်သော ထုပ်လျှောက်ရုက်ပုံတို့၏ အထက်ဌ်ဖြစ်သော အပြင်နိမိတ်တို့၏အတွင်းဌ် တည်သော ထက်ကြက်အချပ်ဌ်သာ သိမ်သက်ဝင်၍တည်၏-ဟူ၍ ကေစိဆရာတို့ မိန့်ဆို ကြကုန်၏။ ထို့အပြင်လည်း ထိုပြာသာဒ်ကျောင်း၏ အထက်ထပ်အပြင်အလုံးစုံသည် ဂါ၊သိမ်ဟူ၍ အပရေ ဆရာတို့ မိန့်ဆိုကြကုန်၏။ ထိုအထက်ထပ်အပြင်အလုံးစုံသည် ဗဒ္ဓသိမ်သာလျှင် ဖြစ်၏ဟု အညေဆရာတို့ မိန့်ဆိုကြကုန်၏။

ထိုအကြောင်းကို ၎င်းဝိမတိဝိနောဒနီဋီကာဌ်—

ယံ ပန သီမဋ္ဌတ္ထမ္ဘပန္တိယာ အသီမာယ ဗာဟိရတ္ထမ္ဘပန္တိယာစ သမဓုရံဓာရိယမာနာနံ တုလာနံ ဥပရိမတယံ၊ တတ္ထ ဥပဓုံ သီမာတိကေစိ ဝဒန္တိ။ သကလမ္ပိ ဂါမသီမာတိ အပရေ။ ဗဒ္ဓသီမာဇေါတိ အညေ။ တသ္မာ ကမ္မံ ကရောန္တေဟိ ဂရုကေ နိရာသင်္ကာနေ ဌတ္ဝာ သဗ္ဗံတံ အာသင်္ကဌာနံ သောဓေတ္ဝာဝ ကမ္မံ ကာတဗ္ဗံ သန္ဓိဌာနကာရဏံဝါ ဂဝေသိတ္ဝာ တဒနုဂုဏံ ကာတဗ္ဗံ-ဟူ၍ မိန့်ဆို၏။

ပန၊ ဝါဒအထူးကို ပြုဆိုပါဦးအုံ့။ သီမဋ္ဌတ္ထမ္ဘပန္တိယာစ၊ သိမ်ဌ် တည်သော တိုင်တို့၏ အစဉ်သည်ရင်း။ အသီမာယ၊ သိမ်ဌ်မတည်သော။ ဗာဟိရဌ္ဌတ္ထမ္ဘပန္တိယာစ၊ သိမ်မှ အပြင်ပဌ် တည်သော တိုင်တို့၏ အစဉ်သည်ရင်း။ သမဓုရံ၊ ညီမျှသောဝန်ကို။ ဓာရိယမာနာနံ၊ ဆောင်အပ်ကုန်သော။ တုလာနံ၊ ထုပ်လျှောက်ရက်မတို့၏။ ယံဥပရိမတယံ၊ အကြင်အထက်ဌ်ဖြစ်သော အပြင်သည်။ အတ္ထိ၊ရှိ၏။ တတ္ထ၊ ထိုအထက်ဖြစ်သောအပြင်ဌ်။ ဥပဓုံ၊ ထက်ဝက်သည်။ သီမာ၊ သိမ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ကေစိ၊ အချို့သော ဆရာတို့သည်။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ သကလမ္ပိ၊ အထက်အပြင် အလုံးစုံသည်လည်း။ ဂါမသီမာ၊ ဂါမသိမ်တည်း။ ဣတိ၊ ဤသို့။ အပရေ၊ တပါးသော ဆရာတို့သည်။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ ဗဒ္ဓသီမာ ဇေါ၊ အလုံးစုံ ဗဒ္ဓသိမ်သာလျှင်တည်း။ ဣတိ၊ ဤသို့။ အညေ၊ ထိုမှာဘပါးသောဆရာတို့သည်။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ တသ္မာ၊ ထိုသို့တမျှုံးတဖုံစီပြောဆိုသောကြောင့်။ ကမ္မံ၊

ကမ်ကို။ ကရောန္တေဟိ၊ ပြုကုန်သောရဟန်းတို့သည်။ ဂရုကေ၊ **အလေးအမြတ်** ပြုအပ်သော။ နိရာသက်ဌာနေ၊ ယုံမှားကင်းလောက်ရာ၌။ ဌတ္ဝာ၊ တည်၍။ သဗ္ဗံ၊ အလုံးစုံသော။ တံ ဘာ သက်ဌာနံ၊ ထိုယုံမှားကင်းလောက်ရာအရပ်ကို။ သောဓေဘ္ဘဝ၀၊ သုဘ်သင်၍သာလျှင်။ ကမ္မံ၊ ကမ်ကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ သန္နိဋ္ဌာနကာရဏံ ၀ါ၊ ဆုံးဖြတ်ခြင်း၏ အခြေကြောင်းကိုမူလည်း။ ဂဟ၀သိဘ္ဘာ၊ ရှာမှီး၍။ တဒနုဂုဏံ၊ ထိုအဆုံးအဖြတ်အာ လျော်သော အကျိုးရှိသော ကမ်ပြုခြင်းကို။ **ကာတဗ္ဗံ**၊ ပြုအပ်၏။ (ဤကား ၎င်းဋီကာ၏အနက်။)

ဤဋီကာ၌ ပြဆိုအပ်သော **ကေစိ ၀ါဒနှင့် အပရေ ၀ါဒ**တို့သည် ဗဒ္ဓသီမာ သ ဇာတံ ယံကိဉ္စိ ယတ္ထ**ကတ္ထ**စိ **ကေ**သမ္ဘဒ္ဒေန ဂတံ သီမာသင်္ခေ့မေ ဂစ္ဆာ ဟိ ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်၍ ယုတ္တိမရှိ အတ္ထနောမတိမျှသာ ဖြစ်သောကြောင့် မမှတ်ယူအပ် မြစ်ပယ်အပ်သော ၀ါဒတို့သာ ဖြစ်ပါသည်။ အသက်ယပ်အပြင်အလုံးစုံသည် ဗဒ္ဓသီမ်သာလျှင်ဖြစ်၏-ဟု ဆိုသော အညေဆရာတို့၏ ၀ါဒသည်ကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာနှင့် ညီညွတ်၍ သီမ်၏ အဘွဲ့ခံ၍တည်သော တိုင်တို့နှင့်ဆက်စပ်၍ တည်သော ထိုအထက်ထပ် အပြင် အလုံ စုံ၌ သီမဋ္ဌ သဒ္ဒ ဖြင့် ဗဒ္ဓသီမ်သက်ဝင်၍ တည်နိုင်သောကြောင့် ယုတ္တိရှိ၍ သင့်မြတ်သော ၀ါဒ သာ ဖြစ်ပါသည်။

တသ္မာ ကမ္မံ ကရောန္တေဟိ-စသော နောက်စကားရပ်ကိုကား ဋီကာ ဆရာသည်ပင် သီမဋ္ဌသီမ်ကို သဘောတော်မပိုင် သံသယမရှင်းလင်း၍ ဆိုဟန်ရှိ၏။ စင်စစ်မူကား ထိုဗဒ္ဓသီမ်နှင့်စပ်သော တိုင်တို့နှင့် ဆက်စပ်၍ တည်သော **အ**ထက်ထပ် အလုံးစုံအပြင်နှင့်တကွ သီမ်ပဋ္ဌတည်သော တိုင်စဉ်တို့ပါမကျန် အဆောက်အဦ ပြာသာဒ် ကျောင်းတဆောင်လုံးသည် သီမဋ္ဌသဒ္ဒ ဖြင့် သက်ဝင်၍ သီမ်ဋ္ဌသီမ်ပင်ဖြစ်၏ဟု သံသယကင်းရှင်း၍ ရဲတင်းစွာဆုံ ဖြတ်၍ မှာသားကြရပါမည်။ ၀ါ၊ မှတ်သားကြပါလေ။ သီမဋ္ဌသီမ်တို့မည်သည်ကား မိမိတို့တည်ရာသီမ်၏ အရပ်လေးမျက်နှာ အရင်ရှစ်မျက်နှာရှိ နိမိတ်တို့၏အပြင်ပ မြေကြီးပေါ်သို့ကား တဆံခြည်ခန့်မျှ မသက်ဆင်းကြပါကုန်။ **မြေကြီး၏** အထက်ခေါင်းကင်၌သာ မိမိတို့နှင့် ဆက်စပ်ရာသို့ လိုက်ပါသက်ဝင်ကြပါသည်။ ဤသို့ အထူးကိုလည်း မှတ်ကြပါလေ။



ပုံ ၂၈

ပုံ-၂၈။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော ဌိကာစကားမှ ရအပ်သော မျှားစွာသော တိုင်တို့ဖြင့် ဆောက်လုပ် အပ်သော ပြာသာဒ်ကျောင်း၏ အောက်ထပ်မြေအပြင်ဝယ် အရပ်ရှစ်မျက်နှာပတ်လည် ပြင်ပ အစွန်ဆုံးဌ်တည်သော တိုင်စဉ်တို့၏ အတွင်း ဌ် ကျောက်နိမိတ်တို့ကို ထား၍ ကြားကာ သမုတ် အပ်သော သိမ်ပုံကျောင်းပုံ ဖြစ်ပါသည်။

တနည်းအထူး ဆက်လက်၍ ပြပါဦးအုံ။ ဆောက်လုပ် အပ်ပြီးသော ပြာသာဒ်ကျောင်းကို သိမ်၏အဘွင်းပြု၍ဆိုပြာသာဒ်ကျောင်း၏ အပြင်ပ အရပ်ရှစ်မျက်နှာ မြေအပြင် တန်စက်ရေကျရာ စသည်တို့ဌ် နိမိတ်တို့ကို ထား၍ကြားကာ သမုတ် အပ်သောသိမ်ဌ် ထိုအလုံးစုံ ပြာသာဒ် ကျောင်း တဆောင်လုံးသည် သိမ်ဌ်တည်သော သီမဌသိမ်ပင် ဖြစ်ပါသည်။

ထိုအကြောင်းကို ဂင်းမဟာဝါအဌကထာဌ်....

သစေ ပါသာဒဿ ဗဟိ နိဗ္ဗောဒကပတနဋ္ဌာနေ နိမိတ္တာနိ ကရောန္တိ၊ သဗ္ဗော ပါသာဒေါ သီမဋ္ဌော ဟောတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ပါသာဒဿ၊ ပြာသာဒ်ကျောင်း၏။ ဗဟိ၊ အပြင်ပဌ်။ နိဗ္ဗောဒကပတနဋ္ဌာနေ၊ တန်စက်ရေကျရာ အရပ်ဌ်။ နိမိတ္တာနိ၊ နိမိတ်တို့ကို။ သစေ ကရောန္တိ၊ အကယ်၍ ပြုကုန်အုံ့။ သဗ္ဗော၊ အလုံးစုံသော။ ပါသာဒေါ၊ ပြာသာဒ်ကျောင်းသည်။ သီမဋ္ဌော၊ သိမ်၏တည်ရာသည်။ ဝါ၊ သိမ်ဌ်တည်သည်။ ဟောတိ၊ ဖြစ်၏။ (ဤကား ဂင်းအဌကထာ၏ အနက်။)

ဤသို့သမုတ်ရာဌ် ထိုပြာသာဒ် ကျောင်း၏ အောက်ထပ် နံရံသည် အထက်ထပ်အပြင်နှင့် စပ်သည်ဖြစ်စေ မစပ်သည်ဖြစ်စေ အလုံးစုံ ပြာသာဒ်

ကျောင်းတဆောင်လုံးသည် သီမင္ဒသိမ်သာလျှင်ဖြစ်ပါသည်။ ယုံမှားသံသယ ဖြစ်ဖွယ်ရာ မရှိ။

ထို့ကြောင့် တေရသကဏ် ဋီကာ၌....

သဗ္ဗော ပါသာဒေါ သီမဋ္ဌော ဟောတိတိ ဥပရိမ တဲလေန သဒ္ဓိ ကေဝဘိတ္တိကောဝါ ဟောတု၊ မာဝါ၊သဗ္ဗောပိ ပါသာဒေါ သီမဋ္ဌောဝ ဟောတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

သဗ္ဗောပါသာဒေါသီမဋ္ဌော ဟောတိတိ၊ သဗ္ဗောပါသာဒေါ သီမဋ္ဌော ဟောတိဟူသည်ကား။ဥပရိမတလေန၊အထက်၌ဖြစ်သော အပြင်နှင့်။ ကေဝဒ္ဓ ဘိတ္တိကောဝါ၊ တစပ်တည်းဖွဲ့စပ်သော နံရံရှိသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မာ၊ကေဝဒ္ဓဘိတ္တိကောဝါ၊ တစပ်တည်းဖွဲ့စပ်သော နံရံမရှိသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ သဗ္ဗောပိ၊ အလုံးစုံလည်း ဖြစ်သော။ ပါသာဒေါ၊ ပြာသာဒ်ကျောင်းသည်။ သီမဋ္ဌောဝ၊ သိမ်၏ တည်ရာသည်သာလျှင်။ ဝါ၊ သိမ်၌ဘည်သည်သာလျှင်။ ဟောတိ၊ ဖြစ်သတည်း။ (ဤကား ၎င်းဋီကာ၏ အနက်။)

ဤအဋ္ဌကထာ ဋီကာ စကားတို့နှင့် စပ်၍ နှစ်ထပ်ရှိသော ကျောင်း ဆောင်တွင်အောက်ထပ်၌ သစ်ဝါးစသော ကြမ်းအခင်းရှိသည်ဖြစ်၍ ထိုကြမ်း အခင်းပေါ်၌ ကျောက်နိမိတ်တို့ကို ထား၍ ကြားကာ သမုတ်အပ်သော သိမ်သည် ကောင်းကင်ခြားနေသောကြောင့် အောက်မြေကြီးသို့ မသက်ဆင်း ပါ။ ထိုကျောင်းဆောင် အောက်ထပ်အထက်ထပ်အလုံးစုံတို့၌သာ သိမ်သက် ဝင်၍ တည်ပါသည်။ ထိုကျောင်းကို ဖျက်ဆီးလိုက်လျှင် အောက်မြေသို့ မသက်ဆင်းလေသောကြောင့် သိမ်လည်း ပျောက်ပျက်သွား၊ တဲ့သည်သာဟု ညွှန်ပြတော်မူ၏။

၃၀။ ။တောင်ပေါ်၌သိမ်သမုတ်ပုံကိုပြဆိုခြင်း

ဆက်ပါဦးဘုံ။ တောင်ထိပ်ပေါ်၌ နှစ်ကျိပ်တပါးသော ရဟန်းတော် များ ပည်းဝေး ထိုင်နေလောက်ရာ မြေအပြင်ရှိသည်ဖြစ်၍ ထိုမြေအပြင်၌ ကျောက်ဖျာပေါ်၌ကဲ့သို့ သမုတ်အပ်သေသိမ်သည် အောက် တောင်ခြေသို့

လည်း အထက်၌သမုတ်အပ်သော အပိုင်းအခြားဖြင့် မြေကိုခံသော ရေတိုင် အောင်သက်ဝင်၍ တည်ပါသည်။

ထို့ကြောင့် ၎င်းမဟာဝါအဋ္ဌကထာ၌...

ပဗ္ဗတမတ္ထကေ တလ ဟောတိ ကေဝိသတိယာ ဘိက္ခူနံ သြကာသာရဟံ၊ တတ္ထ ပိဋ္ဌိ ပါသာဏော ဝိယ သိမံ ဗန္ဓန္တိ။ ဟေဋ္ဌာ ပဗ္ဗတေပိ တေနေဝ ပရိစ္ဆေဒေန သိမာ သြတရတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ပဗ္ဗတမတ္ထကေ၊ တောင်ထိပ်ပေါ်၌။ ကေဝိသဘိယာ၊ နှစ်ကျိပ် တယောက်သော။ ဘိက္ခူနံ၊ ရဟန်းတော်တို့၏။ သြကာသာရဟံ၊ စည်းဝေး ထိုင်နေလောက်ရာထိုက်သော။ တလ၊ မြေအပြင်သည်။ ဟောတိ၊ ရှိသည် ၏အံ့။ တတ္ထ၊ ထိုမြေအပြင်၌။ ပိဋ္ဌိပါသာဏောဝိယ၊ ကျောက်ဖျာ၌ကဲ့သို့။ သိမံ၊ သိမ်ကို။ ဗန္ဓန္တိ၊ ဖွဲ့သမုတ်ကုန်အံ့။ ဟေဋ္ဌာ ပဗ္ဗတေပိ၊ အောက်တောင် ခြေသို့လည်း။ တေနေဝပရိစ္ဆေဒေန၊ ထိုအထက်၌ သမုတ်အပ်သော အပိုင်း အခြားဖြင့် သာလျှင်။ သိမာ၊ သိမ်သည်။ သြတရတိ၊ သက်ဝင်၍သွားသ တည်း။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)



ပုံ ၃၀

ပုံ-၃၀။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာမှ ရအပ်သော တောင်ထိပ်ပေါ်၌ နှစ်ကျိပ်တပါးသော ရဟန်းတော်တို့ စည်းဝေးထိုင်နေ လောက်ရာ မြေအပြင် ရှိသည်ဖြစ်၍ ထိုမြေ အပြင်၌ သမုတ်သောတောင်ပေါ် သိမ်ပုံဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ ထန်းပင်၏အရင်းနှင့်တူသော တောင်ထိပ်ပေါ် မြေအပြင်၌ ဖွဲ့သမုတ်အပ်သော သိမ်သည်လည်း အောက်တောင်ခြေသို့ မြေကို ခံသောရေတိုင်အောင် သက်ဝင်၍ တည်ပါသည်။

ထို့ကြောင့် ဂင်းမဟာဝိ အဋ္ဌကထာ၌-

တာလမူလပဗ္ဗးတပိ ဥပရိ သီမာ ဗဒ္ဓါ ဟေဋ္ဌာ သြတရ တေဝ-ဟူ၍ မိန့်ဆိုတော်မူ၏။

တာလမူလပဗ္ဗတေပိ၊ ထန်းပင်၏ အရင်းနှင့်တူသော တောင်၌လည်း။ ဥပရိ၊ အထက်၌။ ဗဒ္ဓါ၊ ဖွဲ့သမုတ်အပ်သော။ သီမာ၊ သိမ်သည်။ ဟေဋ္ဌာ၊ အောက်တောင်ခြေသို့။ သြတရတေဝ၊ သက်ဆင်းသည်သာလျှင်တည်း။ ။ (ဤကား ဂင်းအဋ္ဌကထာ၏အနက်။)



ပုံ ၃၁

ပုံ—၃၀။ ။ဤပုံကား ပြဆိုဖွယ်ခဲ့ပြီးသော အဋ္ဌကထာ မှရအပ်သောထန်းပင်၏ အရင်းနှင့်တူသော တောင်ထိပ်ပေါ် မြေအပြင်၌ သမုတ် အပ်သော သိမ်ပုံဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ ဗိတာန်မျက်နှာကျက် သဏ္ဌာန် ရှိသော တောင်၏ အထက်တောင်ပေါ် ၌ကား နှစ်ကျိပ်တပါး သော ရဟန်း တော်တို့ စည်းဝေး ထိုင်နေလောက်ရာ မြေအပြင်ရှိ၏။ အောက်တောင်ခြေ၌ကား နှစ်ကျိပ်တပါး သောရဟန်းတော်တို့ စည်းဝေးထိုင်နေလောက်ရာမြေအပြင်မရှိ။ ဝါ၊ အထက်ပိုင်းကြီး၍ အောက်ပိုင်းသေးငယ်သော တောင်ဖြစ်၏။ ထိုတောင်၏ အထက်တောင်ပေါ်၌ သမုတ်အပ်သော သိမ်သည် အောက်တောင်ခြေသို့ မသက်ဆင်းနိုင်ပါ။ အထက်တောင်ပေါ်၌သာ တည်ပါသည်။

ထို့ကြောင့် ၎င်းမဟာဝါ အဋ္ဌကထာ၌-

ယော ပန ဝိတာနသဏ္ဌာနော ဟောတိ၊ ဥပရိ ကေဝိသတိယာ ဘိက္ခူနံ သြကာသော အတ္ထိ၊ ဟေဋ္ဌာ နတ္ထိ၊ တသ္မာ ဥပရိ ဗဒ္ဓါ သိမာ ဟေဋ္ဌာ နသြဘရတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ပန၊ ဆက်ပါဦးအုံ့။ ယောပဗ္ဗတော၊ အကြင်တောင်သည်။ ဝိတာနသဏ္ဌာနော၊ ဗိတာန်မျက်နှာကျက်သဏ္ဌာန်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥပရိ၊ တောင်၏ အထက်၌။ ကေဝိသတိယာ၊ နှစ်ကျိပ်တပါးသော။ ဘိက္ခူနံ၊ ရဟန်းတော်တို့၏။ သြကာသော၊ စည်းဝေးထိုင်နေလောက်ရာ အရပ်သည်။ အတ္ထိ၊ ရှိ၏။ ဟေဋ္ဌာ၊ အောက်တောင်ခြေ၌။ ကေဝိသတိယာ၊ နှစ်ကျိပ်တယောက်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သြကာသော၊ စည်းဝေး ထိုင်နေလောက်ရာမြေအရပ်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုတောင်၏။ ဥပရိ၊ အထက်တောင်ပေါ်၌။ ဗဒ္ဓါ၊ ဖွဲ့သမုတ်အပ်သော။ သိမာ၊ သိမ်သည်။ ဟေဋ္ဌာ၊ အောက်တောင်ခြေသို့။ နသြဘရတိ၊ မသက်ဆင်း။ (ဤကားရင်းအဋ္ဌကထာ၏ အနက်။)

ဤအဋ္ဌကထာ၌- ဝိတာနသဏ္ဌာနဟူသည် မှုဝုံ့သဏ္ဌာန်ရှိသည်ဟူ၍ ဝိမတိဝိနောဒနီဋီကာဆရာမိန့်ဆိုပါသည်။ ထိုအကြောင်းကို....

ဝိတာနသဏ္ဌာနောတိ အဟိစ္ဆတ္တကသဏ္ဌာနော-ဟူ၍ မိန့်ဆိုတော်မူ၏။



ပုံ-၃၂

ဝိတာနသဏ္ဌာနောတိ၊ ဝိတာနသဏ္ဌာနော - ဟူ သည်ကား အဟိစ္ဆတ္တကသဏ္ဌာနော၊ မှုဝုံ့သဏ္ဌာန်ပင်တည်း။ (ဤကား ရင်းဋီကာ၏ အနက်။)

ပုံ-၃၂။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာနှင့် ဋီကာတို့မှ ရအပ်သော ဗိတာန် မျက်နှာကျက်သဏ္ဌာန်၊ ဝါ၊ မှုဝုံ့သဏ္ဌာန်ရှိသော တောင်၏အိုထက်တောင်ပေါ်၌ သမုတ်အပ်သော သိမ်ပုံဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ အောက်တောင်ခြေ၌ရင်း၊ တော်ဘင်၏ အလယ်ခုလတ်၌ရင်း။ သိမ်ပမာဏလောက်သော မြေအရပ်မရှိဘဲသာ မုရိုးစည်သဏ္ဌာန်ရှိသော တောင်၊ ထက်စည်သဏ္ဌာန်ရှိသောဘောင်တို့၏ အထက်ဘောင်ပေါ်၌ သမုတ်အပ်သောသိမ်တို့သည် အောက်ဘောင်ခြေသို့ မသက်ဆင်းနိုင်ကြပါ။ အထက်ဘောင်ပေါ်၌သာ တည်ကြပါသည်။

ထို့ကြောင့် ရင်းမဟာဝါအဋ္ဌကထာ၌-

ဝေ၊ မုဒိဂ်သဏ္ဌာနောဝါ ဟောတု ပဏာဝသဏ္ဌာနောဝါ၊ ယဿ ဟေဋ္ဌာစ၊ မဇ္ဈော၊ သီမပတ္ထိ နတ္ထိ၊ တဿုပရိ ဗဒ္ဓါ သီမာ ဟောန္တု နေ၀ ဩတရတိ-ဟူ၍ မိန့်ဆိုဘာသာမူ၏။

ဝေ၊ ဤသို့။ မုဒိဂ်သဏ္ဌာနော၀ါ၊ မုရိုးစည်သဏ္ဌာန်ရှိသော တောင်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ပဏာ၀သဏ္ဌာနော၀ါ၊ ထက်စည်သဏ္ဌာန်ရှိသော တောင်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ယဿပတ္ထတဿ၊ အကြင်တောင်၏။ ဟေဋ္ဌာ၀ါ၊ အောက်တောင်ခြေ၌ရင်း။ မဇ္ဈော၀ါ၊ အလယ်ခုလတ်၌ရင်း။ သီမပတ္ထိ၊ သိမ်အတိုင်းအရှည်သည်။ နတ္ထိ၊ မရှိ။ တဿ၊ ထိုတောင်၏။ ဥပရိ၊ အထက်၌။ ဗဒ္ဓါ၊ ဖွဲ့သမုတ်ခံသော၊ သီမာ၊ သိမ်သည်။ ဟောန္တု၊ အောက်ခတောင်ခြေသို့။ နေ၀ ဩတရတိ၊ မသက်ဆင်းသည် သာလျှင်ဟုတည်း။ (ဤကား ရင်းအဋ္ဌကထာ၏ အနက်။)

ဤအဋ္ဌကထာ၌ မုရိုးစည်သဏ္ဌာန်ရှိဘသာတောင်ဟူသည် အလယ်ကြီ၍ အခန်းအဖျား ပေါ်ယေ်ားသော တောင်ကိုဆိုပါသည်။

ထိုကြောင့် ဘေဒုသကာ ဌီကာ၌-

မုဒိဂ်သဏ္ဌာနာတိ မုဒိဂ်ဘေရိ၀ိယ ဗဒ္ဓေ ၀ိတ္ထတာ ဥဘောသု ကောဋ္ဌိသု သကော်ဌိတာ ဟောတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

မုဒိဂ်သဏ္ဌာနာတိ၊ မုဒိဂ်သဏ္ဌာနော ဟူသည်ကား။ မုဒိဂ်ဘေရိ၀ိယ၊ မုရိုးစည်ကဲ့သို့။ မဇ္ဈေ၊ အလယ်ခုလတ်၌။ ၀ိတ္ထတာ၊ ကျယ်သည်။ ၀ါ၊ ကြီးသည်။ ဥဘောသု၊ အောက်အထက်အားဖြင့် နှစ်ပါးကုန်သော။ ကောဋ္ဌိသု၊ အစွန်း

တို့၌။ သင်္ကေတဒီတာ၊ စုသည်။ ဝါ၊သေးငယ်သည်။ ဟောတိ၊ ဖြစ်သ
တည်း။ (ဤကား ၎င်းဋီကာ၏ အနက်။)

ထက်စည်သဏ္ဌာန်ရှိသော တောင်ဟူသည် အလယ်ခုလတ်၌သေးငယ်၍
အောက်အထက်တို့၌ ကြီးကျယ်သော တောင်ကို ဆိုပါသည်။
ထိုကြောင့် ဝိမတိဝိနောဒနီဋီကာ၌....

ပဏာသဏ္ဌာနောတိ မဇ္ဈေ တနုကော ဟေဋ္ဌာစ ဥပရိစ
ဝိတ္ထိုဏ္ဍော-ဟူ၍မိန့်ဆို၏။

ပဏာသဏ္ဌာနောတိ၊ ပဏာဝသဏ္ဌာနော ဟူသည်ကား။ မဇ္ဈေ၊
အလယ်ခုလတ်၌။ တနုကော၊ သေးငယ်သည်။ ဟေဋ္ဌာစ၊ အောက်ပိုင်း၌ရင်း။
ဥပရိစ၊ အထက်ပိုင်း၌ရင်း။ ဝိတ္ထိုဏ္ဍော၊ ကြီးကျယ်သည်။ ဟောတိ၊ ဖြစ်
သတည်း။ (ဤကား ၎င်းဋီကာ၏ အနက်။)



ပုံ-၃၃။ ။ဤ
ပုံကား ပြဆိုအပ်ခဲ့ပြီး
သော အဋ္ဌကထာနှင့်
ဋီကာတို့မှ ရအပ်သော
မုရိုးစည် သဏ္ဌာန်ရှိသော
တောင်ထိပ် ပေါ်၌ ဖွဲ့
သမုတ်အပ်သော သိမ်ပုံ
ဖြစ်ပါသည်။



ပုံ-၃၄ ။ ။

ဤပုံကား ပြဆိုအပ် ခဲ့ပြီး သောအင္ဂ်ကထာ နှင့် ဋီကာတို့မှ ရအပ်သော ထက်စည်သ ဏ္ဍာန်ရှိသော တောင်ထိပ် ပေါ်၌ ဖွဲ့သ မုတ်အပ်သော သိမ်ပုံ ဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ အကြင်တောင်၏ နှစ်ခုသော အထွဋ်တို့သည် အနီး၌ ဖြစ်၍တည်ကုန်၏၊ ထိုတွင်တခုသောအထွဋ်၏လည်း အထက်၌ သိမ်ပမားဏ လောက်သောမြေအပြင်မရှိ။ ထိုတောင်၏ အထွဋ်နှစ်ခုတို့၏ အလယ်အကြား အရပ်ကို အုဋ္ဌကျောက်တို့ဖြင့် စီ၍ရင်း၊ မြေသဲတို့ဖြင့် ပြည့်စေ၍ရင်း တစပ်တည်းစပ်သည်ကိုပြု၍ ထိုအထက်၌သိမ်ကို သမုတ်ခြင်းငှာအပ်ပါသည်။

ထို့ကြောင့် ၎င်းမဟာဝါ အဋ္ဌကထာ၌....

ယသ ပန ဒ္ဒေကူဋ္ဌာနိ အာသန္နေ ဌိတာနိ၊ ကေသပိ ဥပရိ သိမပမာဏံ နပဟောတိ၊ တသ ကူဋဋ္ဌာနံ စိနိတ္တာဝါ ပူရေတ္တာဝါ ကောဗဒ္ဓံ ကတ္တာ ဥပရိ သိမာ သမ္မန္နိတဗ္ဗာ-ဟူ၍ မိန့်ဆိုးတော်မူ၏။

ပန၊ ဆက်ပါဦးအုံ့။ ယသ၊ အကြင်တောင်၏။ ဒ္ဒေ၊ နှစ်ခုကုန်သော။ ကူဋဋ္ဌာနိ၊ အဝ ဋ်တို့သည်။ အာသန္နေ၊ အနီး၌။ ဌိတာနိ၊ တည်ကုန်၏။ ကေသပိ၊ တခုသောအဝ ဋ်၏လည်း။ ဥပရိ၊ အထက်၌။ သိမပမာဏံ၊ သိမ်အတိုင်းအရှည် သည်။ နပဟ ဟောတိ၊ မလောက်။ တသ၊ ထိုတောင်၏။ ကူဋဋ္ဌာနံ၊ အထွဋ် နှစ်ခုတို့၏ အ ယယ်အကြားကို။ စိနိတ္တာဝါ၊ အုဋ္ဌကျောက်တို့ဖြင့် စီ၍ရင်း။ ပူရေတ္တာဝါ၊ မြေသဲတို့ဖြင့် ပြည့်စေ၍ရင်း။ ကော ဗဒ္ဓံ၊ တစပ်တည်းဖွဲ့စပ်

သည်ကို။ ကတ္တာ၊ ပြု၍။ ဥပရိ၊ အထက်၌။ သီမာ၊ သိမ်ကို။ **သမ္မန္နိတဗ္ဗာ၊ သမုတ်အပ်၏။** (ဤကား ၎င်းအဋ္ဌကထာ၏ အနက်။)



ပုံ ၂၅

ပုံ-၃၅။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာမှ ရအပ်သော သိမ်ပမ ဏမလောက်သော တောင်ထူ၌ နှစ်ခု တို့၏ အလယ်မှ-ကြား အုရပ်ကို အုပ်ကျောက် တို့ဖြင့် စီ၍ တစပ်တည်းဖြစ်အောင်ပြု၍ သမုတ်အပ်သော သိမ်ပုံ ဖြစ်ပါသည်။

ဆက်ပါဦးအုံ။ မြေ၏ပါးပျဉ်းနှင့် တူသော တောင်၏အထက်၌ သိမ်ပမာဏလောက်ရာ မြေအရပ်ရှိသောကြောင့် သိမ်ကို ဖွဲ့သမုတ်သည်ဖြစ်အုံ။ ထိုသိမ်ကိုဖွဲ့သမုတ်ရာ တောင်ထူတ်**၏အောက်**၌ ကောင်းကင်ဟု ဆိုအပ်သော တောင်ဝှမ်းသာ ရှိနေခဲ့သည်ဖြစ်အုံ။ ထိုတောင်ထက်၌ **သ**မုတ်အပ်သောသိမ်**သည်** တောင်အောက်မြေသို့ **မ**သက်ဆင်းနိုင်ပါ။

ထို့ကြောင့် ၎င်းမဟာဝ**ါ**အဋ္ဌကထာ၌-

ကော သပ္ပဖဏသဒိသော ပဗ္ဗတော၊ တသ္မိုပရိ သီမပ္ပမာဏသ အတ္ထိတာယ သီမံ ဗန္ဓန္တိ။ တသ စ ဟေဋ္ဌာ အာကာသ ပဗ္ဗာရံ ဟောတိ၊ သီမာ နသြတရတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ကော၊ တလုံးသော။ **သ**ပ္ပဖဏသဒိသော၊ မြေ၏ပါ ပျဉ်းနှင့်တူသော။ ပဗ္ဗတော၊ **တော**င်သည်။ ဟောတိ၊ ဖြစ်အုံ ။ **တ**သ၊ ထိုတောင်၏။ ဥပရိ၊ **အ**ထက်**တော**င်ထိပ်၌။ **သီ**မပ္ပမာဏသ၊ **သ**ိမ်**အ**တိုင်းအရှည်ရှိသော **မြ**ေအရပ်**၏**။ **အ**တ္ထိတာယ၊ ရှိ**သ**ည်**၏**အဖြစ်ကြောင့်။ **သ**ီမံ၊**သ**ိမ်ကို။ ဗန္ဓန္တိ၊ ဖွဲ့**သ**မုတ်

ကုန်အုံ့။ တဿ၊ ထိုသိမ်ကိုဖွဲ့သမုတ်ထု တောင်ထွဋ်၏။ ဟေဋ္ဌာ၊ အောက်၌။ အာကာသပဗ္ဗာရုံ၊ ကောင်းကင်ဟု ဆိုအပ်သော တောင်ဝှမ်းသည်။ စေ ဟောတိ၊ အကယ်၍ဖြစ်အုံ့။ သီမာ၊ သိမ်သည်။ နဿတိ၊ တောင်အောက် မြေသို့မသက်ဆင်း။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာ၌ သပ္ပဖဏသဒိသဟူသည် မြွေ၏ပါးပျဉ်းကဲ့သို့ အဖျားကောက်ကုန်း၍ တောင်၏အခြေတည်ရာမှ တပါးသောအရပ်သို့ ကိုင်းညွှတ်၍ တည်သောဘောင်ကို ဆိုလိုပါသည်။ အာကာသပဗ္ဗာရဟူသည် အရံအကာ မရှိသည်ဖြစ်၍ ဟင်းလင်းအပြင် တည်ရှိသော တောင်ဝှမ်းကို ဆိုလိုပါသည်။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌-

သပ္ပဖဏသဒိသော ပဗ္ဗတောတိ သပ္ပဖဏော ဝိယ ဣဋ္ဌော။ မူလ ဌာနတော အညတ္ထ အဝနတသီသောတိ အတ္ထော။ အာကာသပဗ္ဗာရန္တိ ဘိတ္တိယာ အပရိက္ခိတ္တပဗ္ဗာရုံ-ဟူ၍ မိန့်ဆိုတော်မူ၏။

သပ္ပဖဏသဒိသောပဗ္ဗတောတိ၊ သပ္ပဖဏသဒိသော ပဗ္ဗတောဟူသည်ကား။ သပ္ပဖဏောဝိယ၊ မြွေ၏ပါးပျဉ်းကဲ့သို့။ ဣဋ္ဌော၊ ကောက်ကုန်းသော ဘောင်တည်း။ မူလဌာနတော၊ တောင်ခြေ၏တည်ရာမှ။ အညတ္ထ၊ တပါးသော အရပ်သို့။ အဝနတသီသော၊ ကိုင်းညွှတ်သောဦးခေါင်းရှိသောတောင်တည်း။ ဣတိ၊ ဤသည်လျှင်။ ဣတ္ထော၊ အနက်တည်း။ အာကာသပဗ္ဗာရန္တိ၊ အာကာသ ပဗ္ဗာရုံဟူသည်ကား။ ဘိတ္တိယာ၊ နံရံ၌။ အပရိက္ခိတ္တပဗ္ဗာရုံ၊ မကာ ရံအပ်သော တောင်ဝှမ်းတည်း။ (ဤကား ၎င်းဋီကာ၏အနက်။)

ပုံ ၂၆

ပုံ-၁၆။ ။ဤ ပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာနှင့် ဋီကာတို့မှရအပ်သော မြွေ၏ ပါးပျဉ်းနှင့် တူသော ဘောင်၏ အထက်တောင်ထိပ်ပေါ်၌ ဖွဲ့သ မုတ်အပ်သောသိမ်ပုံဖြစ်ပါသည်။

ဆက်ပါဦးအုံ၊ မြေ၏ပါးပျဉ်းနှင့်တူသော တောင်၏ အောက်အလယ် တည့်တည့်၌ သိမ်ပမာဏလောက်သော အခေါင်းရှိသော ကျောက်ရှိသည် ဖြစ်အုံ။ အထက်၌ သမုတ်အပ်သောသိမ်သည် ဆိုကျောက်၌လည်း သက်ရောက်၏၊ သက်ရောက်သော်လည်း သီမဋ္ဌ သဘောဖြင့်သာ သက်ရောက်ပါသည်။

ထိုခြောင့် ဂင်းမဟာဝါ အဋ္ဌကထာ၌–

သ့စေ ပန ဃ ဝေမဇ္ဈေ သီမပ္ပမာဏော သုသိရပါသာဏော ဟောတိ၊ သြဘရတိ။ သောစ ပါသာဏော သီမဋ္ဌောယေव ဟောတိ ဟူ၍ မိန့်ဆိုတော်မူ၏။

ပန၊ ဆက်ပါဦးအုံ။ အဃ၊ ထိုခြေ့မြေ၏ပါးပျဉ်းနှင့်တူသော ဘောင်၏" ဝေမဇ္ဈေ၊ အလယ်၌။ သီမပ္ပမာဏော၊ သိမ်အတိုင်း အရှည်လောက်သော။ သုသိရပါသာဏော၊ အခေါင်းရှိသောကျောက်သည်။ ဟောတိ၊ရှိသည်ဖြစ်အုံ။ သီမာ၊ အထက်၌ သမုတ်အပ်သောသိမ်သည်။ သြဘရတိ၊ သက်ရောက်၏။ သောစပါသာဏော၊ ထိုအခေါင်းရှိသော ကျောက်သည်ကား။ သီမဋ္ဌော ယေဝ၊ သိမ်၌ တည်သည်သာလျှင်။ ဝါ၊ သိမ်၏ တည်ရာသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ (ဤကား ဂင်းအဋ္ဌကထာ၏ အနက်။)

ဤအဋ္ဌကထာ၌ သီမဋ္ဌောယေဝဟောတိ ဟူသော နောက်စကားရပ်ကိုထောက်၍ သီမပ္ပမာဏော သုသိရပါသာဏောအရ ကျောက်သားနှင့်တကွ အခေါင်းပါမှ သိမ်ပမာဏလောက်သော အောက်မြေသို့ မထိသော သီမဋ္ဌ သဘောဖြင့်ဘည်သောကျောက်လိုဏ်ခေါင်းကို ယူရပါမည်။ ဤသို့ ညောင်လွန်ကောရဆရာတော်အမိန့်ရှိတော်မူ၏။

ဝိမတိဝိနောဒနီဋီကာ၌ကား အဲခေါင်းရှိသော ကျောက်လိုဏ်၏ နံရံ အစရှိသည်တို့ဖြင့် ပိုင်းခြားအပ်သော မြေအဘို့၌သာလျှင် သိမ်တည်ပါသည်။ အခေါင်းရှိသော ကျောက်လိုဏ်၏ နံရံစသည်တို့ဖြင့် အပိုင်းအခြား ရှိသော မြေအဘို့၌ သိမ်မတည်နိုင်ပါ။ တည်ခဲသော်လည်း သိမ်၌တည်သော ဥသျှားစောင်းစသည်တို့ကဲ့သို့ သီမဋ္ဌသဘောဖြင့် တည်သည်မဟုတ်ပါ။ အကယ်၍ ထိုအခေါင်းရှိသော ကျောက်သည် အောက်မြေသို့ မထိမူ၍ အထက်ကောင်းကင်၌သာ

တဲ့လဲဆဲ့နေ့ပြား၊အုံ့၊ အထက်ကသိမ် မသက်ဆင်းနိုင်ပါ။ အခေါင်းရှိသော ကျောက်တို့သည်ကား မိမိတို့သည် သိမ်နှင့်စပ်၍တည်ကြသောကြောင့် သိမ်ဖြစ်ကြကုန်၏။ ဤသို့ အယုတ်ဆုံးသောပမာဏမှ ကင်းသော အခေါင်းရှိသော ကျောက် အစရှိသည်တို့မှ အောက်မြေသို့ သိမ်သက်၏-ဟူသော စကားကို အဋ္ဌကထာပမာဏအားဖြင့် ယုံကြည်ရမည်ဟု မိန့်ဆိုတော်မူ၏။

ထိုအကြောင်းကို-

သောစ ပါသာဏော သိမဋ္ဌောတိ ဣမိနာ ဤဒိသေဟိ သုသိရပါသာဏလေဏ ကုဋ္ဌာဒီဟိ ပရိစ္ဆိန္နေ ဘူမိဘာဂေ၀ သိမာ ပတိဋ္ဌာတိ၊ နအပရိစ္ဆိန္နေ၊ တေနသိမဋ္ဌတ္တာ သိမာ ဟောန္တိ၊ နသရူပေန သိမဋ္ဌမဋ္ဌာဒိ၀ိယာတိ ဒသ္သေတိ။ သစေ ပန သောသုသိရပါသာဏော ဘူမိံ အနာဟစ္စ အာကာသဂတော၀ ဩလမ္ဗတိ၊ သိမာ နဩတရတိ။ သုသိရပါသာဏာ ပန သယံ သိမာ ပဋိဗဒ္ဓတ္တာ သိမာ ဟောန္တိ။ ကထံ ပန ပစ္ဆိမပမာဏရဟိတေဟိ ဧတေဟိ သုသိရပါသာဏာဒီဟိ သိမာ ဩတရတိတိ ဣဒံ သဒ္ဓါတဗ္ဗန္တိ၊ အဋ္ဌကထာပမာဏတော-ဟူ၍ မိန့်ဆိုတော်မူ၏။

သောစပါသာဏောသိမဋ္ဌောတိဣမိနာ၊ သောစပါသာဏောသိမဋ္ဌော ဟူသော ဤအဋ္ဌကထာဖြင့်။ ဤဒိသေဟိ၊ ဤသို့သဘောရှိကုန်သော။ သုသိရ ပါသာဏလေဏကုဋ္ဌာဒီဟိ၊ အခေါင်းရှိသော ကျောက်လိုဏ်၏ နံရံ အစရှိသည်တို့ဖြင့်။ ပရိစ္ဆိန္နေ၊ ပိုင်းခြားအပ်သော။ ဘူမိဘာဂေ၀၊ မြေအဘို့၌သာလျှင်။ သိမာ၊ သိမ်သည်။ ပတိဋ္ဌာတိ၊ တည်၏။ သုသိရပါသာဏလေဏကုဋ္ဌာဒီဟိ၊ အခေါင်းရှိသော ကျောက်လိုဏ်၏ နံရံအစရှိသည်တို့ဖြင့်။ အပရိစ္ဆိန္နေ၊ မပိုင်းခြားအ သော။ ဘူမိဘာဂေ၀၊ မြေအဘို့၌။ သိမာ၊ သိမ်သည်။ နပတိဋ္ဌာတိ၊ မတည် ၏။ တေန ဋ္ဌတ္တာ၊ ထိုသိမ်၏တည်ရာ၏အဖြစ်ကြောင့်။ သိမာ၊ သိမ် တို့သည်။ ဟောန္တိ ဖြစ်ကုန်၏။ သရူပေန၊ သရုပ်အားဖြင့်။ သိမဋ္ဌမဋ္ဌာဒိ၀ိယ၊ သိမ်ခ၌ ညီသော ခ ခြားခြင်စောင်း အစရှိသည်တို့ကဲ့သို့။ သိမာ၊ သိမ်တို့သည်။ နဟောန္တိ၊ မဖြစ်ဂ။ ဣတိဣမံ ဃဋ္ဌံ၊ ဤသို့သောအနက်ကို။ အာစရိယော၊

အဋ္ဌကထာဆရာသည်။ ဒသေတိ၊ ပြတော်မူ၏။ ပန၊ အထူးသော်ကား။ သော သုသိရပါသာဏော၊ ထိုအခေါင်းရှိသောကျောက်သည်။ ဘုမိ၊ အောက်မြေသို့။ အနုဟစ္စ၊ မထိမူ၍။ အာကာသဂတောဝ၊ ကောင်းကင်၌ တည်သည်ဖြစ်၍ သာလျှင်။ သစေဿ၊ လမ္ဗတိ၊ အကယ်၍တဲ့လဲဆဲနေခြေားအံ့။ သီမာ၊ သိမ်သည်။ နဿတရတိ၊ မသက်ဆင်း။ သုသိရပါသာဏောပန၊ အခေါင်းရှိသော ကျောက် တို့သည်ကား။ သယံ၊ မိမိတို့သည်။ သီမာပဋိဗဒ္ဓတ္တာ၊ အထက်သိမ်နှင့် စပ်သည်၏ အဖြစ်ကြောင့်။ သီမာ၊ သိမ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပန၊ စောဒနာပဒေါ်းအံ့။ ကထံ၊ အ ဘယ် သို့လျှင်။ ပစ္ဆိမပဗ္ဗတမဟာဏရဟိတေဟိ၊ အယုတ်ဆုံးသော်ပမာဏမှ ကင်းကုန်သော။ ဧတေဟိ သုသိရပါသာဏာဒီဟိ၊ ထိုအခေါင်းရှိသောကျောက် အစရှိသည်တို့မှ။ သီမာ၊ သိမ်သည်။ ဿတရတိ၊ သက်ဆင်း၏။ ဣတိ ဣဒံ၊ ဤစကားကို။ သဒ္ဒါတဗ္ဗံ၊ ယုံကြည်အပ်ပါသနည်း။ ဣတိ အယံ၊ ဤ သည် လျှင်။ စောဒနာ၊ စောဒနာခြင်းတည်း။ ဣတိ ဣဒံ၊ ဤ အခေါင်းရှိသောကျောက် အစရှိသည်တို့မှ အောက်မြေသို့ သိမ်သက်ဆင်း၏ ဟူသော စကားကို။ အဋ္ဌကထာပမာဏဆတာ၊ အဋ္ဌကထာပမာဏအားဖြင့်။ သဒ္ဒါတဗ္ဗံ၊ ယုံကြည်အပ်၏။ ဣတိ အယံ၊ ဤသည်လျှင်။ သောဓနာ၊ သောဓနာ ခြင်းပင်တည်း။ (ဤကား ၎င်းဋီကာ၏အနက်။)

ဤဋီကာစကား၌ လိုရင်းအဓိပ္ပာယ်ကား ထိုအခေါင်းရှိသော ကျောက် လိုက်သည် အောက်မြေသို့ ထိအောင်တည်း။ အထက်၌ သမုတ်အပ်သော သိမ်သည်လည်း အောက်မြေသို့ကျအောင် သက်ဆင်း၏။ ဤသို့ အခေါင်း ရှိသော ကျောက်လိုက်ခဲ့ အောက်မြေသို့ကျအောင် သိမ်သက်ဆင်း၏-ဟူသော စကားကို အဋ္ဌကထာပမာဏအားဖြင့် ယုံကြည်ရမည်ဟူလိုဝ်။

ဤဋီကာ၌ အခေါင်းရှိသော ကျောက်လိုက်ခြားလျက် အထက်၌ သမုတ် အပ်သော သိမ်သည် အောက်မြေသို့ကျအောင် သက်၏- ဟူသော စကားသည် တသ စေ ဟေဋ္ဌာ အာကာသပဗ္ဗာရံ ဟောတိ၊ သီမာ နဿတရတိ-ဟူသော ဂဋ္ဌကထာကိုထောက်၍ ကောင်းကင်ခြားရာ၌ သိမ်မသက်ရောက်နိုင် သော ကြောင့် အသင့်ယုတ္တိရှိမည်မထင်။ ညောင်လွန်တောရဆရာတော် အမိန့်ရှိသော ထိုကျောက်လိုက်သည်သာလျှင် သီမဋ္ဌသိမ်သောဖြင့်တည်၏- ဟူသော စကား

သည်သာလျှင် အသင့်ယုတ္တိရှိ၏ဟု ငါတို့မှတ်ထင်ပေ၏။ ဆင်ခြင်၍ မှတ်ယူကြပါလေ။

ပုံ ၃၇

ပုံ-၃၇ ။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဌကထာမှ ရအပ်သော ညောင်လွန်တောရ ဆရာတော်အမိန့်ရှိသောအောက်ဌ်တဲ့လဲဆဲ့လျက် တည်သော ကျောက်လိုဏ်ရှိသော မြေ၏ ပါးပျဉ်းနှင့် တူသော တောင်၏အထက်ဌ် သမုတ်အပ်သော သိမ်ပုံ ဖြစ်ပါသည်။



ပုံ - ၃၈

ပုံ-၃၈။ ။ဤပုံကား ဝိမတိဝိနောဒနီဋ္ဌီကာဌ် မိန့်ဆိုအပ်သော အောက်မြေသို့ ထိအောင် တဲ့လဲဆဲ့သော ကျောက်လိုဏ်ရှိသော မြေ၏ ပါးပျဉ်းနှင့်တူသော တောင်ထိပ်ပေါ်ဌ် သမုတ်အပ်သော သိမ်ပုံဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ မြေ၏ ပါးပျဉ်းနှင့်တူသော တောင်အောက်ဌ် လိုဏ်၏ အထက်ဌ် ဗျားစွန်းသည် အထက်တောင်နှင့် ထိစပ်၍ တည်သည်ဖြစ်အုံ့။ အထက်

တောင်ပေါ်၌ သမုတ်အပ်သောသိမ်သည် ၊အောက်လိုက်သို့ သိမင့်သဘောဖြင့် သက်ရောက်နိုင်ပါသည်။

ထို့ကြောင့် ၎င်းမဟာဝါအဋ္ဌကထာ၌—

အထာပိသ ဟေဋ္ဌာ လေဏသ ကူဋ္ဌော အုဂ္ဂကောဋ္ဌိ အာဟစ္စ တိဋ္ဌတိ၊ သြတရတိ။ ဟေဋ္ဌာစ ဥပရိစ သီမာယေဝ ဟောတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

အသ၊ ထိုမြေ၏ပါးပျဉ်းနှင့်တူသော တောင်၏။ ဟေဋ္ဌာ၊ အောက်၌။ လေဏသ၊ လိုဏ်၏။ ကူဋ္ဌော၊ အထွဋ်သည်။ အဂ္ဂကောဋ္ဌိ၊ အဖျားစွန်းကို။ အာဟစ္စ၊ အထက်တောင်ကိုထိစေ၍။ အထာပိတိဋ္ဌတိ၊ အကယ်၍လည်း ဟည်ငြားအုံ့။ သီမာ၊ အထက်၌ သမုတ်အပ်သော သိမ်သည်။ သြတရတိ၊ သက်ရောက်၏။ ဟေဋ္ဌာစ၊ အောက်လိုဏ်၌ရင်း။ ဥပရိစ၊ အ(ထက်)တောင်ပေါ်၌ရင်း။ သီမာယေဝ၊ သိမ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ (ဤကား ၎င်းအဋ္ဌကထာ၏ အနက်။)

ဤအဋ္ဌကထာ၌ ဟေဋ္ဌာစ ဥပရိစ သီမာယေဝ ဟောတိ-ဟူ၍ သာမည အားဖြင့် မိန့်ဆိုသော်လည်း လိုဏ်၏အခေါင်း၌ကား ကောင်းကင်ဖြစ်၍ သိမ်မသက်ရောက်နိုင်ပါ။ အထက်သိမ်၏အောက်၌တည်သော လိုဏ်၏ ကျောက်ကမ်းပါးရံကြောင့်သာ သီမင့်သဘောဖြင့် သက်ရောက်နိုင်၏ဟု အထူးအားဖြင့် မှတ်ယူရပါမည်။ ဤကာတို့၌ကား အထူးကိုမဖွင့်ဆိုကြပေ။

ပုံ ၃၉

ပုံ-၃၉။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာ မှ ရအပ်သောအောက်၌အထက်သို့ထိအောင်တည်သော အထွဋ်အဖျားရှိသော ကျောက်လိုဏ်ရှိသော့ မြေ၏ပါးပျဉ်းနှင့်တူသော တောင်ထိပ်ပေါ်၌သမုတ်အပ်သော သိမ်ပုံဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ အောက်ခြေရင်း တောင်၏ အတွင်း၌ လိုဏ်ရှိသော မြေ၏ပါးပျဉ်းနှင့်

တူးသာ တောင်၏အာသက်ဌ် သမုတ်အပ်သောသိမ်သည် ထိုသိမ်မှုဿအုပ်ဌ် တည်လေသောကြောင့် ထိုဘောင်ခြေရင်းတောင်၏ အတွင်းလိုက်သို့ မသက်ရောက်နိုင်ပါ။

ထို့ကြောင့် ၎င်းမဟာဝါအဋ္ဌကထာဌ်-

သစေ ပန ဟေဋ္ဌာ ဥဿရိမဿ သီမာ ပရိစ္ဆေဒဿ ပါရတော အန္တော လေဏံ ဟောတိ၊ ဗဟိ သီမာ နသြတရတိ-ဟူ၍မိန့်ဆိုတော်မူ၏။

ပန၊ ဆက်ပါဦးအုံ့။ အဿ၊ ထိုခမြေ၏ပါးပျဉ်းနှင့်တူသောဘောင်၏။ ဟေဋ္ဌာ၊ အောက်ခြေတောင်ခြေ၌။ ဥဿရိမဿ၊ အဆက်ဌ် ဖြစ်သော။ သီမာ ပရိစ္ဆေဒဿ၊ သိမ်ကိုပိုင်းခြားတတ်သောတံခါး၏။ ပါရတော၊ ထိုမှာဘက်တောင်ခြေရင်းဌ်။ အန္တော၊အတွင်းဌ်။ လေဏံ၊လိုက်သည် သစေဟောတိ၊ အကယ်၍ဖြစ်အုံ့။ဗဟိ၊ သိမ်မှုအပ်ဖြစ်သော လိုက်ဌ်။ သီမာ၊သိမ်သည်။ နသြတရတိ၊ မသက်ဆင်း။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာဌ် ပါရတော် အန္တော လေဏံ၏ အရကိုအောက်ဟောင်ခြေရင်း တောင်၏အတွင်းသိမ်တံခါး၏ ထိုမှာဘက်သိမ်မှ အပြင်ပဌ်ဘည်သော လိုက်ကိုယူရပါမည်။

ထို့ကြောင့် ဝေါရဗုဒ္ဓိဠီကာဌ်....

အန္တောလေဏန္တိ ပဗ္ဗတဿ အန္တော လေဏံ။ဒွါရံ ပန သန္ဓာယ ပါရတော သြရတောဘိ ဝုတ္တံ။ သပ္ပဿာပိ သီမတော ဗဟိ လေဏေ နသြဘရတီတိ အဓိပ္ပာယော-ဟူ၍ မိန့်ဆိုတော်မူ၏။

အန္တောလေဏန္တိ၊ အန္တောလေဏံဟူသည်ကား။ ပဗ္ဗတဿ၊ တောင်၏။ အန္တော၊ အတွင်းဌ်။ ဌိတံ၊ တည်သော။ လေဏံ၊ လိုက်တည်း။ ပုန၊ အထူးသော်ကား။ ဒွါရံ၊ သိမ်ကိုပိုင်းခြားတတ်သော တံခါးကို။ သန္ဓာယ၊ ရည်၍။ ပါရတော သြရတောတိ၊ ပါရံတော သြရတောဟူ၍။ အာစရိယေန၊အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊မိန့်ဆိုအပ်၏။ သပ္ပဿာပိ၊ အချင်းခပ်သိမ်းအားဖြင့်လည်း။ သီမတော၊ အထက်ဌ် သမုတ်အပ်သောသိမ်မှ။ ဗဟိလေဏေ၊ အပဖြစ်သော

လိုဏ်ဌ။ သီမာ၊ သိမ်သည်။ နသြတရတိ၊ မသက်ဆင်း။ ဣတိအယံ၊ ဤသည်ကား။ **ဘ**ဓိပ္ပာယော၊ အဋ္ဌကထာဆရာ၏အလိုတော်တည်း။ (ဤကား ၎င်းဋ္ဌီကာ၏ အနက်။)



ပုံ ၄၀

ပုံ-၄၀။ ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာ မှ ရအပ်သော အောက်တောင် ခြေရင်း တောင်၏ အတွင်းဌာ လိုဏ်ရှိသောမြေ၏ ပါးပျဉ်းနှင့် တူသော တောင်ထိပ် ပေါ် ဌာ သမုတ် အပ်သော သိမ်ပုံ ဖြစ် ပါသည်။

ဆက်ပါဦးအုံ။ အထူဋ္ဌ ၏အောက်သိမ်တံခါး၏ ဤမှာ ဘက်သိမ်၏အပဋ္ဌ တည်ရှိတဲ့လဲ ဆဲ့သောလိုဏ်ရှိသော မြေ၏ ပါးပျဉ်းနှင့်တူသော တောင်၏အထက်ဌာသမုတ် အပ်သောသိမ်သည် ထိုသိမ်မှ အပြင်ပဋ္ဌ တည်လေသောကြောင့် ထိုတောင် ထူဋ္ဌဖျား၏အောက်ဌာတည်သောလိုဏ်သို့ မသက်ရောက်နိုင်ပါ။

ကို့ကြောင့် ၎င်းမဟာဝါအဋ္ဌကထာဌ-

အထာပိ ဥပရိမဿ သီမာ ပရိစ္ဆေဒဿ သြရတော ဗဟိ လေဏ ဟောတိ၊ **အ**ဏ္ဍော သီမာ နသြတရတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ဥပရိမဿ၊ တောင်၏အထက်ဌာဖြစ်သော။ သီမာ-ပရိစ္ဆေဒဿ၊ သိမ်ကို ပိုင်းခြားဘတ်သောတံခါး၏။ သြရတော၊ ဤမှာ ဘက်အစွန်းဌ။ ဗဟိ၊သိမ်၏ အပဋ္ဌ။ လေဏ ၊လိုဏ်သည်။အထာပိဟောတိ၊အကယ်၍လည်းဖြစ်အုံ။**အ**ဏ္ဍော၊ လိုဏ်၏အတွင်းဌ။ သီမာ၊သိမ်သည်။ နသြတရတိ၊ မသက်ဆင်း။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာဌ သြရတောဗဟိလေဏ ၏ အရှေ့ကို ပြဆိုအပ်ခဲ့ပြီးသော ၉၈ ရဗုဒ္ဓ ဋီကာကိုထောက်၍ တောင်ထူဋ္ဌဖျား၏အောက်သိမ်တံခါး၏ဤမှာ

ဘက်သိမ်၏ အပြင်ပဋ္ဌ တဲ့လဲဆဲ့လျက်ဘည်သော လိုဏ်ကိုမှတ်ယူ ရုပါမည်။ ဤသို့ ညောင်လွန့် တောရဆရာတော် အမိန့်ရှိတော်မူ၏



ဝိမတိဝိနောဒနီဋီကာ ဆရာ၏ အလို အားဖြင့် တောင်ထွဋ်ဖျား၏အောက် မြေသို့ထိအောင် အထက်ဋ္ဌ သမုတ် အပ်သော သိမ်၏ အပြင်ပဋ္ဌ တည်သော လိုဏ် ကိုယူရပါမည်။

ပုံ-၄၁။ ။ဤပုံ၊ကား တောင်ထွဋ်၏အောက် သိမ် တံခါး၏ ဤမှာဘက် သိမ်၏အပြင်ပဋ္ဌ တဲ့လဲဆဲ့လျက်တည်သော လိုဏ်ရှိသော မြေ၏ပါးပျဉ်းနှင့် တူသော တောင်ထိပ်ပေါ်ဋ္ဌ သမုတ်အပ်သော ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာ အရ ညောင်လွန့်တောရဆရာတော် အမိန့်ရှိသောသိမ်ပုံ ဖြစ်ပါသည်။



ပုံ-၄၂။ ။ဤပုံ၊ကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာအရ တောင်ထွဋ်ဖျား၏အောက် သိမ်တံခါး၏ ဤမှာဘက် သိမ်မှအပြင်ပဋ္ဌ အောက်မြေသို့ ထိအောင် တည်သောလိုဏ်ရှိသော မြေ၏ ပါးပျဉ်းနှင့် တူသော တောင်ထိပ်ပေါ်ဋ္ဌ သမုတ်အပ်သော ဝိမတိဝိနောဒနီဋီကာအလိုအားဖြင့် ပြအပ်သောသိမ်ပုံ ဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ တောင်၏အထက်ဋ္ဌ သမုတ်အပ်သော သိမ်ထက် ကြီးကျယ်သော ထိုသိမ်၏ အောက်တည့်တည့်ဋ္ဌ လိုဏ်သည် တည်ရှိသည်ဖြစ်အုံ့။

ထိုအသက်၌ သမုတ်အပ်သောသိမ်သည် အောက်လိုက်သို့ နံရံစသော တစုံတခု သောဝတ္ထုနှင့် မဆက်စပ်မူ၍ ကောင်းကင်သက်သက်သာ ဖြစ်သောကြောင့် မသက်ဆင်းနိုင်ပါ။ အထက်တောင်ပေါ်၌သာ တည်ပါသည်။

ထိုကြောင့် ၎င်းမဟာဝါအဋ္ဌကထာ၌-

အထာပိ ဥပရိ သီမားယ ပရိစ္ဆေဒေါ ခုဒ္ဒကော၊ ဟေဋ္ဌာ လေဏ မဟန္တံ၊ သီမာ ပရိစ္ဆေဒ မတိက္ကမိတ္တာ ဌိတံ၊ သီမာ ဥပရိ ယေဝ ဟောတိ၊ ဟေဋ္ဌာ နသြတရတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ဥပရိ၊ အထက်တောင်ပေါ်၌။ သီမာယ၊ သမုတ်အပ်သော သိမ်၏။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ ခုဒ္ဒကော၊ကျဉ်းငယ်သည်။ ဟေဋ္ဌာ၊သိမ်၏ အောက်၌။ လေဏ၊လိုက်သည်။ မဟန္တံ၊ ကြီးကျယ်သည်။ သီမာပရိစ္ဆေဒ၊ အထက်သိမ်၏ အပိုင်းအခြားကို။ အတိက္ကမိတ္တာ၊ ကျော်လွန်၍။ ဌိတံ၊ တည်သည်။ အထာပိဟောတိ၊ အကယ်၍လည်းဖြစ်ငြားအုံ။ သီမာ၊ သိမ်သည်။ ဥပရိယေဝ၊ တောင်၏အထက်၌သာလျှင်။ ဟောတိ၊ဖြစ်၏။ဟေဋ္ဌာ၊အောက်လိုက်သို့။ နသြတရတိ၊ မသက်ဆင်း။ (ဤကားရင်းအဋ္ဌကထာ၏အနက်။)



ပုံ-၄၃

ပုံ-၄၃။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာမှ ရအပ်သော အောက်တည့်တည့်၌ အထက်သိမ်ထက်ကြီးကျယ်သော လိုက်ရှိသော မြေ၏ပါးပျဉ်းနှင့် တူသော တောင်ထိပ်ပေါ်၌ သမုတ် အပ်သော သိမ်ပုံဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ အောက်၌အယုဇဝါဆုံးသော သိမ်ပမာဏ သာရှိ၍ကျဉ်းငယ်သော လိုက်ရှိသောတောင်၏ အထက်၌ သမုတ်အပ်သောသိမ်သည် ကြီးကျယ်၍ အောက်၌ တည်သောလိုက်ကို လွှမ်းမိုး၍တည်အုံ့။ ထိုတောင်ထက်၌ သမုတ်အပ်သော သိမ်သည် အောက်လိုက်သို့လည်း သက်ရောက်နိုင်ပါသည်။

ထို့ကြောင့် ၎င်းမဟာဝဂ်အဌကထာ၌-

ယဒိ ပန လေဏံ ခုဒ္ဒကံ၊ သဗ္ဗာနစ္ဆိ မသီမာ မရိမာဏံ၊ ဥပရိ သီမာ မဟတီ၊ တံ အဇ္ဈောတ္ထရိတ္ဝာ ဌိတာ၊ သီမာ သြာဘရတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ပန၊ ဆက်ပါဦးအုံ့။ လေဏံ၊ လိုဏ်သည်။ ခုဒ္ဒကံ၊ ကျဉ်းငယ်သည်။ သဗ္ဗပစ္ဆိမသီမာပရိမာဏံ၊ အလုံးစုံတို့အောက်ယုတ်သော သိမ်အတိုင်း အရှည် ရှိသည်။ ဥပရိသီမာ၊ အထက်၌သမုတ်အပ်သောသိမ်သည်။ မဟတီ၊ ကြီးကျယ်သည်။ တံ၊ ထိုအောက်၌ဘည်သောလိုဏ်ကို။ အဇ္ဈောတ္ထရိတ္ဝာ၊ လွှမ်းမိုး၍။ ယဒိဌိတာ၊ အကယ်၍ တည်သည်ဖြစ်အုံ့။ သီမာ၊ အထက်၌သမုတ်အပ်သော သိမ်သည်။ တံ၊ ထိုအောက်လိုဏ်သို့။ သြတရတိ၊ သက်ရောက်၏။ (ဤကား ၎င်းအဌကထာ၏အနက်။)

ဤအဌကထာ၌ သြတရတိ-ဟူ၍ သာမညအားဖြင့် ဆိုသော်လည်း အောက်၌ တည်သော လိုဏ်သည် ကောင်းကင်ဖြစ်သော ကြောင့်၎င်း၊ အထက်၌သမုတ်အပ်သော သိမ်နှင့်နံရံ အမိုးစသည် ဆက်စပ်၍ တည်သောကြောင့်၎င်း သီမဋ္ဌ သဘောဖြင့်သာ သက်ရောက်နိုင်၏ဟု ဤတို့မှာ်ထင်ပေ၏။ ဆင်ခြင်၍ယူကြပါလေ။



ပုံ-၄၄။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသောအဌကထာ မှ ရအပ်သော အောက်၌ အယုတ် ဆုံးသော သိမ်ပမာဏ လောက်သည်ဖြစ်၍ အထက် ဂိမ်အောက် ကျဉ်းငယ်သော် လိုဏ်ရှိသော မြေ၏ပါးပျဉ်းနှင့်တူသော တောင်ကုပ်ပေါ်၌ သမုတ်အပ်သော အောက်လိုဏ်ထက် ကြီးကျယ်သော သိမ်ပုံ ဖြစ်ပါသည်။

ဆက်ပါဦးအုံ။ အောက်၌ သိမ်ပမာဏမလောက်သည်ဖြစ်၍ အလွန်ကျဉ်းငယ်သော လိုဏ်ရှိသော တောင်၏အထက်၌ သမုတ်အပ်သောသိမ်သည် ထိုးတောင်၏ အထက်၌သာ တည်ပါသည်။ အောက်လိုဏ်သို့ မသက်ဆင်းပါ။

ထို့ကြောင့် ၎င်းမဟာဝါအဋ္ဌကထာ၌-

အထ လေဏံ အတိခုဒ္ဒကံ၊ သီမပ္ပမာဏံ နဒဟာတိ၊ သီမာ ဥ-ရိယေ ဟောတိ၊ ဟေဋ္ဌာ နသြတရတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

လေဏံ၊ တောင်အောက်လိုဏ်သည်။ အတိခုဒ္ဒကံ၊ အလွန်ကျဉ်းငယ်သည်။ အဂဟောတိ၊ အကယ်၍ဖြစ်အုံ့။ သီမပ္ပမာဏံ၊ သိမ်အတိုင်း အရှည်ရှိသည်။ အထနဟောတိ၊ အကယ်၍မဖြစ်အုံ့။ သီမာ၊ သိမ်သည်။ ဥပရိယေ၀၊ တောင်၏အထက်၌သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟေဋ္ဌာ၊ အောက်လိုဏ်သို့။ နသြတရတိ၊ မသက်ဆင်း။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာ၌- ဟေဋ္ဌာ နသြဘရတိ ဟူ၍ဆိုသော်လည်း သက်သိမ်သဘောဖြင့်သာ မသက်ဆင်းပါ။ သီမဋ္ဌသဘောဖြင့်ကား သက်ရောက်သည်သာဟု ပျော်ဘွယ်မြို့ ကန်မြင့်တောရဆရာတော် အမိန့်ရှိတော်မူ၏၊ ဤဆရာတော်၏ စကားသည် ထိုလိုဏ်သည် အထက်၌သမုတ်သောသိမ်နှင့် ကျောက်နံရံ စသည်ဖြင့် ဆက်စပ်၍ တည်လေ သော ကြောင့် ၎င်း၊ သီမဋ္ဌတို့ မည်သည် ပမာဏ လောက်သည်ဖြစ်စေ မလောက်သည်ဖြစ်စေ သက် ရောက် နိုင်သော ကြောင့်၎င်းသင့်မြတ်သည် ဟု ငါတို့မှတ်ထင်ပေ၏။ ဆရာခြင်ချယ်ယူကြပါလေ။ ပို-၄၅။ ။ဤပုံကား ပြဆိုအပ်ခဲ့ ပြီးသော အဋ္ဌ



ပုံ ၄၅

ကထာမှ ရအပ်သော၊အာဂက်၌ သိမ်ပမာဏ မလောက်သည်ဖြစ်၍ အလွန်ကျဉ်း

ယေ်ခေသ၁ လိုဏ်ရှိသော မြေ၏ပါးပျဉ်းနှင့်တူသော တောင်ထိပ်ပေါ်၌၊ သမုတ်အပ်သော သိမ်ပုံ ဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ **တောင်ထိပ်ပေါ်** စသည်၌ သမုတ်အပ်ပြီးသော သိမ်မှ ထက်ဝက်လောက် စသည်ကွဲပြို၍ သိမ်နိမိတ်မှ အုပြင်ပအရပ်သို့ ကျရောက်ခဲ့သည်ဖြစ်အုံ့။ ထိုကျရောက်**သော** မြေစိုင်သည် သိမ်အတိုင်း အရှည်ရှိသော်လည်း သိမ်မဟုတ်တော့ပါ။ မကျဘဲ ထက်ဝက်လောက် **စ**သည် ကျန်ရှိနေသော မြေအရပ်သည်ကား သိမ်အတိုင်း အဲ့ရှည်လောက်သည်ဖြစ်အုံ့၊ သိမ်ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဂင်းမဟာ**ဝ**ါ**အ**ဋ္ဌကထာ၌—

သစေ တတော ဥပဆုံ ဘိဇ္ဇိတ္ဝာ ပတတိ၊ သီမပ္ပမာဏံ **စေ**ပိ ဟောတိ၊ ဗဟိ ပတိတံ **အ**သီ**မာ**။ **အ**ပတိတံ ပန ယဒိ သီမပ္ပမာဏံ၊ သီ**မာ** **ဟော**တိ**ယေ**ဝ-ဟူ၍ မိန့်ဆိုတော်မူ၏။

တတောသီမတော၊ ထိုသမုတ်**အ**ပ်ပြီးသောသိမ်မှ။ ဥပဆုံ၊ ထက်**ဝ**က်သော **မြ**သည်။ ဘိဇ္ဇိ**တ္ဝာ**၊ ကွဲပြို၍။ **သ**စေ**ပ**တတိ၊ **အ**ကယ်၍ကျသည်ဖြစ်အုံ့။ သီ**မ**ပ္ပမာဏံ၊ သိမ်**အ**တိုင်း**အ**ရှည်ရှိသည်။ **စ**ေ**ပ**ိ**ဟော**တိ၊ **အ**ကယ်၍**လ**ည်း**ဖ**ြစ်အုံ့။ ဗဟိ၊ သိမ်နိမိတ်**မ**ှ**အ**ပြင်ပ၌၊ ပတိတံ၊ ကျ**သော**မြေစိုင်သည်။ **အ**သီ**မာ**၊ သိမ်**မ**ဟုတ်။ ပန၊ **အ**နုယကို ဆိုပါဦးအုံ့။ **အ**ပတိတံ၊ **မ**ကျ**သော**မြေစိုင်သည်။ သီ**မ**ပ္ပမာဏံ၊ သိမ်**အ**တိုင်း**အ**ရှည်ရှိ**သ**ည်။ ယဒိ**ဟော**တိ၊ **အ**ကယ်၍ ဖြစ်အုံ့။ သီ**မာ**၊ သိမ်**သ**ည်။ **ဟော**တိ**ယေ**ဝ၊ ဖြစ်**သ**ည်**သ**ာ**လ**ျှင်တည်း။ (ဤကား ဂင်း**အ**ဋ္ဌကထာ၏**အ**နက်။)

ဤ၌ သီ**မ**ပ္ပမာဏံ **စ**ေ**ပ**ိ **ဟော**တိ၊ **ဗ**ဟိ**ပ**တိတံ **အ**သီ**မာ**-ဟူ**သော** **အ**ဋ္ဌ**က**ထာကို **ထော**က်၍ **ကျော**င်း**ပြာ**သာ**ဒ် စ**သည်တို့**၏**အ**ပေါ်၌ သိမ်ကိုသမုတ်ပြီး၍ ထို **ကျော**င်း**ပြာ**သာ**ဒ်** **စ**သည်တို့ကို နေရာမှ**ပြော**င်း**ရွှေ့**လိုက်**သော**်ရင်း၊ ဖျက်ဆီး**လို**က်**သော**်ရင်း၊ **အ**လိုလို ပျက်**စီ**း**ရ**ှိ**သ**ွား**သော**်ရင်း သိမ်**မ**ဟုတ်**တော**့**သ**ော်။ သိမ်**လ**ည်း ပျက်**စီ**း**ရ**ှိ**သ**ွား**တော**့**သ**ည်**သ**ာဟု **သ**ိမ့်တ်ရပါမည်။ ဤကွဲပြို၍ **ကျ**ရာ၌**လ**ည်း သိမ်**အ**တိုင်း**အ**ရှည်**လော**က်**အော**င်**မ**ကျန်၍ **ဓ**ာ**ပ**ါ**သော** **မြ**

အက်ၤတေတို့ဖြင့် စပ်၍ပြုလုပ်သော်လည်း သိမ်မဟုတ်နိုင်တော့သည်သာ။ တန်ခိုးရှိ၍ ပြတ်၍ကျသောမူလမြေကိုင်ကို တန်ခိုးဖြင့် ရှေးအဝိုင်းဖြစ်အောင် တဖန်ပြန်၍စပ်နိုင်ပါမူကား သင့်တော်စရာရှိပါ၏ဟု ညောင်လွန်တောရဆရာတော် အမိန့်ရှိတော်မူ၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း—

ဗဟိ ပတိတံ အသီမာဟိအာဒိနာ ဥပရိ ပါသာဒါဒီသု အထိရနိသယေသု ဌိတာ သီမာပိ တေသံ ဝိနာသေန ဝိနဿတီတိ ဒဿိတန္တိ ဒဋ္ဌဗ္ဗံ-ဟူ၍ မိန့်ဆိုတော်မူ၏။

ဗဟိပတိတံအသီမာတိ အာဒိနာ၊ ဗဟိပတိတံအသီမာ ဤသို့အစရှိသော စကားဖြင့်။ ဥပရိပါသာဒါဒီသု၊ ပြာသာဒ်၏အထက်အစရှိကုန်သော။ အထိရနိသယေသု၊ မခိုင်မြဲသောမှီရာတို့၌။ ဌိတာ၊ ကည်သော။ သီမာပိ၊ သိမ်သည်လည်း။ တေသံ၊ ထိုပြာသာဒ်အစရှိသည်တို့၏။ ဝိနာသေန၊ ပျက်စီးခြင်းကြောင့်။ ဝိနဿတိ၊ ပျက်စီး၏။ ဣတိ အတ္ထော၊ ဤသို့သောအနက်သဘောကို။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဒဿိတံ၊ ပြတော်မူအပ်၏။ ဣတိ၊ ဤသို့၊ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ (ဤကား ၎င်းဋီကာ၏အနက်။)



ပုံ ၄၆

ပုံ-၄၆။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာမှ ရအပ်သော မြေ၏ပါးပျဉ်းနှင့်ကူးသန်းတောင်ထိပ်ပေါ်၌ သမုတ် အပ်ပြီးသော သိမ်မှ ထက်ဝက်လောက်စသည်ကွဲပြို၍ နိမိတ်တို့မှ အပြင်ပ၌ ကျရောက်နေသော်ငြားပိုင်ရှိသော သိမ်ပျက်ပုံ ဖြစ်ပါသည်။

ဆက်ပါဦးအုံ။ သမုတ်အပ်ပြီးသော ခဏ္ဍသိမ်၌ မြေ

အကျည်နိမ့်၍ မြေအုံ့ ကျောက် စသည်တို့ဖြင့်ပြည့်စေ၍ အကျည်မြင့်အောင် ဖိုးသော်ရင်း၊ စီခင်းသော်ရင်း သိမ်မပျက်ပါ၊ သိမ်သာလျှင်ဖြစ်ပါသည်။

ထို့ကြောင့် ရင်းမဟာဝ၀ါအဋ္ဌကထာ၌-

ခဏ္ဍသီမာ နိစဝတ္ထုကာ. ဟောတိ၊ တံ ပူရေတ္ဝာ ဥစ္စဝတ္ထုကံ ကရောန္တိ၊ သီမာယေဝ-ဟူ၍ မိန့်ဆိုးတော်မူ၏။

ခဏ္ဍသီမာ၊ ခဏ္ဍသိမ်သည်။ နိစဝတ္ထုကာ၊ နိမ့်သောအကျည်မြေရှိသည်။ ဟောတိ၊ ဖြစ်အံ့။ တံ၊ ထိုခဏ္ဍသိမ်ကို။ ပူရေတ္ဝာ၊ မြေအုံ့ကျောက်စသည်တို့ဖြင့် ပြည့်စေ၍။ ဥစ္စဝတ္ထုကံ၊ မြင့်သော အကျည် ရှိသည်ကို။ ကရောန္တိ၊ ပြုကုန်အံ့။ သီမာယေဝ၊ သိမ် သည် သာ လျှင်။ ဟောတိ၊ ဖြစ် သ တည်း။ (ဤကား ရင်းအဋ္ဌကထာ၏အနက်။)

ဆက်ပါဦးအံ့။ သမုတ်အပ်ပြီးသော ဗဒ္ဓသိမ်အပြင်၌ ကျောင်းစသော အဆောက်အဦကို ဆောက်လုပ်ကုန်အံ့။ ထိုကျောင်းစသည်သည် သိမ်၌ ဖာည် သော သိမဋ္ဌသိမ်သာလျှင် ဖြစ်ပါသည်။

ထို့ကြောင့် ရင်းမဟာဝ၀ါအဋ္ဌကထာ၌-

သီမာယ ဂေဟံ ကရောန္တိ၊ သီမဋ္ဌကမေဝ ဟောတီဒုဟူ၍ မိန့်ဆိုတော်မူ၏။

သီမာယ၊ သိမ်အပြင်၌။ ဂေဟံ၊ ကျောင်းအိမ်ကို။ ကရောန္တိ၊ ဆောက်လုပ်ကုန်အံ့။ သီမဋ္ဌကမေဝ၊ သိမ်၏တည်ရာသာလျှင်။ ဝါ၊ သိမ်၌တည်သည် သာလျှင်။ ဟောတိ၊ ဖြစ်သတည်း။ (ဤကား ရင်းအဋ္ဌကထာ၏အနက်။)

၃ ၁။ ။သိမ်ပျက်ပုံမပျက်ပုံကိုပြဆိုခြင်း

ဆက်ပါဦးအံ့။ သမုတ်အပ်ပြီးသော ဗဒ္ဓသိမ်၌ လေးထောင့်ကန်ကို တူးကုန်ဒုံ့။ ထိုဗဒ္ဓသိမ်မပျက်ဟု၊ သိမ်ပင်ဖြစ်ပါသည်။

ထို့ကြောင့် ရင်းမဟာဝ၀ါအဋ္ဌကထာ၌....

သီမာယ ပေါက္ခရဏိ ခဏန္တိ၊ သီမာယေဝ;ဟူ၍မိန့်ဆိုတော်မူ၏။

သီမားယ၊ သိမ်ဋ္ဌ။ ပေါက္ခရဏိ၊ လေးထောင့်ကန်ကို။ ခဏ္ဍီ၊ တူးကုန်အုံ့။ သီမာယေ၀၊သိမ်သည်သာလျှင်။ ဟောတိ၊ ဖြစ်သတည်း။(ဤကားအဋ္ဌကထာ၏အနက်။)

ဤဋ္ဌ ဥမင်လိုဏ်ဖောက်၍ စီးဆင်းသောမြစ်သည် သိမ်ပမာဏအောက်မယုတ်သည်ဖြစ်၍ သိမ်ကိုမသမုတ်သေးမီ ရှေးဦးကပင်လျှင် စီးဆင်းနှင့်သည်ဖြစ်အုံ့။ သိမ်ကိုလည်း နောက်မှဖွဲ့သမုတ်သည်ဖြစ်အုံ့။ ထိုသိမ်သည် ထိုမြစ်၏အထက်ဋ္ဌသာ တည်ပါသည်။ ဤသို့တည်ရာဋ္ဌ ထိုဥမင်လိုဏ်မြစ်သို့ ထိပေါက်အောင် လေးထောင့်ကန်ကိုတူးကုန်အုံ့။ ထိုသိမ်သည် မတည်ရှိနိုင်တော့ပါ၊ ပျက်စီးရသည်သာဖြစ်၏။

ထို့ကြောင့် ဝိမတိ၀ိနောဒနီဋ္ဌီကာဋ္ဌ—

ပေါက္ခရဏိ ခဏ္ဍီ သီမာယေ၀ါတိတ္ထေ သစေ ဟေဋ္ဌာ ဥမင်္ဂနဒီ သိမပ္ပမာဏတော အန္ဠနှာ ပဋမမေ၀စ ပ၀တ္တာ ဟောတိ၊ သီမာ၀ ပစ္ဆာ ဗဒ္ဓါ၊ နဒီတော ဥပရိ ဟောတိ။ နဒီ အာဟစ္စ ပေါက္ခရဏိယာစ ခတာယ သီမာ ဝိနသ္သတိတိ ဒဋ္ဌဗ္ဗံ-ဟူ၍ မိန့်ဆိုတော်မူ၏။

ပေါက္ခရဏိ ခဏ္ဍီ သီမာယေ၀ါတိတ္ထေ၊ ပေါက္ခရဏိ ခဏ္ဍီ သီမာ ယေ၀ဟူသော အဋ္ဌကထာဋ္ဌ။ ဟေဋ္ဌာ၊အောက်ဋ္ဌ။ဥမင်္ဂနဒီ၊ ဥမင်လိုဏ်ဖောက်၍စီးသောမြစ်သည်။ သိမပ္ပမာဏတော၊ သိမ်အတိုင်းအရှည်အောက်။ အန္ဠနှာ၊ ငယုတ် သည် ဖြစ်၍။ ပဋမမေ၀၊ သိမ်ကိုမသမုတ်သေးမီ ရှေးဦးကပင်လျှင်။ ပ၀တ္တာ၀စ၊ စီးဆင်းနှင့်သည်လည်း။ ဟောတိ၊ ဖြစ်အုံ့။ သီမာ၊သိမ်ကို။ ပစ္ဆာ၊ နောက်မှ။ ဗဒ္ဓါ၀စ၊ ဖွဲ့သမုတ်အပ်သည်လည်း။ ဟောတိ၊ ဖြစ်အုံ့။ သီမာ၊ သိမ်သည်။ နဒီတော၊မြစ်မှ။ဥပရိ၀ေ၀၊ အထက်ဋ္ဌသာလျှင်။ ဟောတိ၊ဖြစ်၏။ နဒီ၊ မြစ်ကို။ အာဟစ္စ၊ ထိပေါက်စေ၍။ ပေါက္ခရဏိယာစ၊ လေးထောင့်ကန်ကို လည်း။ ခတာယ၊ တူးအပ်သည်ရှိသော်။ သီမာ၊သိမ်၀ သည်။ ဝိနသ္သတိ၊ ပျက်စီး၏။ ဣတိ၊ဤသို့။ ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ (ဤကား ၎င်းဋ္ဌီကာ၏အနက်။)

ဆက်ပါဦးအုံ့။ဖွဲ့သမုတ်အပ်ပြီးသော ဗဒ္ဓသိမ်ဋ္ဌရေလွှမ်းမိုး၍ မြစ်မျှောင်းဖြစ်ခဲ့သော်ရင်း၊ မြစ်ချောင်းမှ ရေစီးရ၍ သိမ်နေရာဋ္ဌ မြစ်ချောင်းဖြစ်ခဲ့သော်

ရင်း နဒီသိမ်မဖြစ်နိုင်ပါ။ မူလဗဒ္ဓသိမ်သာလျှင်ဖြစ်ပါသည်။ ထိုသိမ်နေရာ၌ ငြမ်းစင်ထိုးဖွဲ့၍ သံဃကမ်ကိုပြုခြင်းငှာအပ်ပါသည်။

ထို့ကြောင့် ရင်းမဟာဝါအဋ္ဌကထာ၌-

သြဃော သီမမဏ္ဍလံ သြတ္ထရိတုံ ဂစ္ဆတိ၊ သီမမာဠကေ အိုဠ် ဗဒ္ဓံ တုံ ကမ္မံ ကာတုံ ဝဋ္ဋတိ-ဟူ၍မိန့်ဆိုတော်မူ၏။

သြဃော၊ ရေဘယဉ်သည်။ သီမမဏ္ဍလံ၊ သိမ်အပြင်ကို။ သြတ္ထရိတုံ၊ လွှမ်းမိုး၍။ ဂစ္ဆတိ၊သွားအံ့။ သီမမာဠကေ၊ သိမ်အပြင်၌။ အိုဠ်၊ ငြမ်းကို။ ဗဒ္ဓံ၊ ထိုးဖွဲ့၍။ ကမ္မံ၊ သံဃကမ်ကို။ ကာတုံ၊ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်သတည်း။ (ဤကားရင်းအဋ္ဌကထာ၏အနက်။)

ဆက်ပါဦးအံ့။ သိမ်၏အောက်၌ ဥမင်လိုဏ်ဖောက်၍ စီးဆင်းသောမြစ်သည်ရှိသည်ဖြစ်အံ့။ တန်ခိုးရှိသောရဟန်းသည် ထိုမြစ်၌ဝင်၍ထိုင်နေအံ့။ ထိုဥမင်လိုဏ်မြစ်သည် သိမ်ကို မသမုဒ်သားမီးရှူးဦးကပင် စီးဆင်းနှင့်သည်ဖြစ်အံ့။ သိမ်ကိုနောက်မှ ဖွဲ့သမုတ်ဘည်ဖြစ်အံ့။ ထိုဖွဲ့သမုတ်အပ်သော သိမ်သည် အောက်မြစ်သို့ မသက်မူ၍ မြစ်၏အထက်၌သာ အသီးအခြားဖြစ်သောကြောင့် ထိုးအောက်မြစ်၌ ထိုင်နေသော ရဟန်းသည် အထက်သိမ်၌ပြု အပ်သော သံဃကမ်ကိုမဖျက်ဆီးနိုင်ပါ၊ ရှေးဦးစွာသိမ်ကို ဖွဲ့သမုတ်သည်ဖြစ်အံ့။ သိမ်ကို ဖွဲ့သမုဒ်ပြီးသည်၏နောက်မှ ဥမင်လိုဏ်မြစ်သည် ဖောက်၍ စီးဆင်းသည်ဖြစ်အံ့။ အထက်ဆောက် တသိမ်ဘည်းသာဖြစ်သောကြောင့် ထိုးအောက်မြစ်ရေအပြင်၌ ရင်း၊ မြေအပြင်၌ရင်း ထိုင်နေသောရဟန်းသည် အထက်၌ပြု အပ်သော သံဃကမ်ကိုဖျက်ဆီးနိုင်ပါသည်။

ထို့ကြောင့် ရင်းမဟာဝါအဋ္ဌကထာ၌-

သီမ.ယ ဂဟဋ္ဌာ ဥမဂ်နဒီ ဟောတိ၊ ဣဒ္ဓိမာ ဘိက္ခု တတ္ထ နိသီဒတိ၊ သဒေ့ သာနဒီ ပဌမံ ဂတာ သီမာ ပစ္ဆာ ဗဒ္ဓါ၊ ကမ္မံ နကောပေတိ။ အထ ပဌမံ သီမာ ဗဒ္ဓါ ပစ္ဆာ နဒီ ဂတာ၊ ကမ္မံ ကောပေတိ၊ ဟေဋ္ဌာ ပထဝိတလေ ဌိတာ ပန ကောပေတိယေ ဝ-ဟူ၍မိန့်ဆိုတော်မူ၏။

သီမာယ၊ သိမ်၏။ ဟေဋ္ဌာ၊အောက်၌။ ဥမဂ်နဒီ၊ ဥမင်လိုဏ်ဖောက်၍ စီးဆင်းသောမြစ်သည်။ ဟောတိ၊ ရှိသည်ဖြစ်အံ့။ ဣဒ္ဓိမာ။ တန်ခိုးရှိသော။ ဘိက္ခု၊ရဟန်းသည်။ တတ္ထ၊ ထိုဥမင်လိုဏ်မြစ်၌။ နိသီဒတိ၊ ဝင်၍ထိုင်နေအံ့။ သာနဒီ၊ ထိုဥမင်လိုဏ်မြစ်သည်။ ပဌမံ၊ သိမ်ကိုမသမုတ်ရသေးမီ ရှေးဦးစွာ။ သစေဂတာ၊ အကယ်၍ စီးဆင်းအံ့။ သီမာ၊ သိမ်ကို။ ပစ္ဆာ၊ နောက်မှ။ သစေ ဗဒ္ဓါ၊ အကယ်၍ဖွဲ့သမုတ်အပ်သည်ဖြစ်အံ့။ သော၊ ထိုအောက်မြစ်၌ ထိုင်နေသောရဟန်းသည်။ ကမ္မံ၊ အထက်သိမ်၌ပြုအပ်သော သံဃကမ်ကို။ နကောပေတိ၊ မဖျက်ဆီးနိုင်။ ပဌမံ၊မြစ်၏ရှေးဦးစွာ။ သီမာ၊ သိမ်ကို။ အထ ဗဒ္ဓါ၊ အကယ်၍ ဖွဲ့သမုတ်အပ်သည်ဖြစ်အံ့။ ပစ္ဆာ၊ သိမ်ကိုဖွဲ့သမုတ်ပြီးသည်၏နောက်မှ။ နဒီ၊ ဥမင်လိုဏ်မြစ်သည်။ အထဂတာ၊ အကယ်၍ စီးဆင်းသည်ဖြစ်အံ့။ သော၊ ထိုအောက်မြစ်၌ ထိုင်နေသောရဟန်းသည်။ ကမ္မံ၊အထက်သိမ်၌ ပြုအပ်သော သံဃကမ်ကို။ ကောပေတိ၊ ဖျက်ဆီးနိုင်၏။ ပန၊ ဆက်ပါဦးအံ့။ ဟေဋ္ဌာပထဝိ တရေ ၊ အောက်မြေအပြင်၌ ဌိတော၊ တည်သောရဟန်းသည်။ ကောပေတိ ယေဝ၊ ဖျက်ဆီးနိုင်သည်သာလျှင်တည်း။ (ဤကား ၎င်းအဋ္ဌကထာ၏ အနက်။)

ဤ၌ အထင်ရှားသီမာဗဒ္ဓါ၊ ပစ္ဆာနဒီတော၊ ကမ္မံ ကောပေတိ-ဟူသော အဋ္ဌကထာနှင်စပ်၍ ထိုဥမင်လိုဏ်မြစ်သည် ရေစီးရာ အထက်သိမ်ထက်အပြန် ကျယ်ပြီးလျှင်နောက်၌ ရေပြောင်ခန်းခြောက်၍ ကောင်းကင်ဖြစ်နေခဲ့ပါမူကား အထက်၌သိမ်တလုံး အောက်၌ သိမ်တလုံး ဤသို့ သိမ်နှစ်လုံးဖြစ်၍သွားပါသည်။ ဤကြောင့် အထက်သိမ်ပြုအပ်သော သံဃကမ်ကို အောက်သိမ်၌ ထိုင်နေသော ရဟန်းသည် မဖျက်ဆီးနိုင်ပါ။ ဤသို့သော နေယျတ္ထအဓိပ္ပာယ်ကို သိရမည်ဟု ညွှန်ပြလိုကြောင့် အမိန့်ရှိတော်မူ၏။

၃၂။ ။သီမသ ဗ္ဗဒ-သီမသက်ရဖြစ်ပုံ မဖြစ်ပုံကိုပြဆိုခြင်း

ခဏ္ဍသိမ်အပြင်၌ ပဲညောင်ပင်သည်ရှိသည်ဖြစ်အံ့၊ ထိုပဲညောင်ပင်၏ အခက်သည်၎င်း၊ မြစ်ပါးပျဉ်းသည်၎င်း၊ မဟာသိမ်ဟု၏မြေအပြင်ကို၎င်း၊ မဟာသိမ်၌ပေါက်သောသစ်ပင် အစရှိသည်တို့ကို၎င်း ထောက်ထိ၍တည်အံ့။ မဟာသိမ်ကိုသော်လည်း သုတ်သင်၍ သံဃကမ်ကိုပြုရပါမည်။ ထိုသောက်ထိသော

သစ်ခက်မြစ်ပါးပျဉ်းတို့ကိုသော်လည်း ပယ်ဖြတ်၍ ခဏ္ဍသိမ်မှုအပဋ္ဌာန်တည်သည်တို့ကိုပြုရပါမည်။

ထို့ကြောင့် ဂန်းမဟာဝါအဋ္ဌကထာ၌-

သီမမင်္ဂဿ ကေ ဝဋ္ဋရုက္ခောဟေတု၊ တသ သာခါ၊ နိဂ္ဂဟ ပါရောဟော၊ မဟာသီမာယ ပထဝီတလံ၊ တတ္ထ ဇာတရုက္ခာ ဒီနိ၊ အာဟစ္စ တိဋ္ဌတိ၊ မဟာသီမံ သောခေတ္တာ၊ ကမ္မ ကာတဗ္ဗံ၊ တေ၊ သာခါပါရောဟာ ဆိန္နိတ္တာ ဗဟိဋ္ဌကာ ကာတဗ္ဗာ-ဟူ၍မိန့်ဆိုတော်မူ၏။

သီမမင်္ဂဿ ကေ၊ ခဏ္ဍသိမ်အပြင်၌။ ဝဋ္ဋရုက္ခာ၊ ပညောင်ပင်သည်။ ဟောတိ၊ ရှိသည်ဖြစ်အံ့။ တသ၊ ထိုပညောင်ပင်၏။ သာခါ၊ အခက်သည်ဂန်း။ တတော၊ ထိုပညောင်ပင်မှ၊ နိဂ္ဂတပါရောဟော၊ ထွက်သော မြစ်ပါးပျဉ်းသည်ဂန်း၊ မဟာသီမာယ၊ မဟာသီမ်၏။ ပထဝီတလံ၊ မြေအပြင်ကို ဂန်း။ တတ္ထ၊ ထိုမဟာသီမ်၌၊ ဇာတရုက္ခာ ဒီနိ၊ ပေါက်သောသစ်ပင် အစရှိသည်တို့ကိုဂန်း။ အာဟစ္စ၊ ထောက်ထိ၍။ တိဋ္ဌတိ၊ တည်အံ့၊ မဟာသီမံ၊ မဟာသီမ်ထိုသော်လည်း။ သောခေတ္တာ၊ သုတ်သင်၍။ ကမ္မ၊ သံဃကမ်းကို။ ကာတဗ္ဗ၊ ပြုအပ်၏။ တေ၊ သာခါပါရောဟာ၊ ထိုဘစ်ခက်မြစ်ပါးပျဉ်းတို့ကို သော်လည်း။ ဆိန္နိတ္တာ၊ ဖြတ်၍။ ဗဟိဋ္ဌကာ၊ ခဏ္ဍသိမ်မှအပ၌ တည်သည်တို့ကို။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ (ဤကား ဂန်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာ၌ မဟာသီမံ သောခေတ္တာ၊ ကမ္မ ကာတဗ္ဗ ဟူသော ပါဠိဖြင့် ခဏ္ဍသိမ်၌ပေါက်သော ပညောင်ပင်သည် မဟာသိမ်မြေအပြင်ကိုဂန်း၊ မဟာသိမ်၌ပေါက်သော သစ်ပင်စသည်ကိုဂန်း၊ ထောက်ထိ စပ်ယှက်ရုံမျှဖြင့် ခဏ္ဍသိမ် မဟာသိမ်နှစ်လုံ တို့သည် တသားတည်းရောစပ်၍ တည်သည်ကို ပြသည်မဟုတ်ဖေ။ ထိုနှစ်သိမ်တို့နှင့် စပ်၍တည်သော ပညောင်ပင်သစ်ပင်စသည်တို့သာ သိမ်နှစ်လုံး၌တည်သော ဒွိသီမဗြစ်ကြကုန်၍ သီမသမ္ဘေဒသီမသင်္ကရ ဖြစ်၍နေကြပါသည်။ ထို့ကြောင့် ထိုပညောင်ပင်သစ်ပင်စသည်တို့၏အထက် သို့ဟက်၍နေသောရဟန်းတို့ကိုဟတ္ထပါသ်သို့ပင်ဆောင်ခြင်း၊ မဟာသိမ်အတွင်း

ဌိုသစ်ပင်စသည်တို့ကို ထိုကိုင်မှီတွယ်၍နေသော ရဟန်းတို့ကိုမထိုကိုင်မှီတွယ်ရအောင် ပယ်ရှားခြင်းတို့ဖြင့် သိမ်ကိုသုတ်သင်ရမည်ကဲ့သို့ပြုတော်မူပေ သည်။

ထို့ကြောင့် ဝေဒီရဗုဒ္ဓဝိဒူကာဌ-

မဟာသီမံ သောဓေတ္တာတိ သီမဋ္ဌံ ဒုရုဂတမ္ပိ သီမဂတံ သီမသမ္မန္ဓံ ဝ၊ တသ္မာ တံ အနာမသိတ္ဝာ ဌာတဗ္ဗန္တိ အဓိပ္ပာယော။ ယဒေဝံ တံ နိသိဘကံ အပနေတ္ဝာ ကမ္မံ ကာတုံ ဝဋ္ဋတီတိ ဝတ္တဗ္ဗံ ဟူ၍ မိန့်ဆိုတော်မူ၏။

မဟာသီမံသောဓေတ္တာတိတွေ့၊ မဟာသီမံသော ဓေတ္တာ ဟူသော ဤအဋ္ဌကထာ၌။ သီမဋ္ဌံ၊ **သိမ်၌တည်သော ဝတ္ထုသည်။** ဒုရုဂတမ္ပိ၊ ဝေးသောအရပ်သို့ရောက်ပြီးသော်လည်း။ သီမဂတံ၊ **မူလသိမ်၌တည်သည်ဖြစ်၍။** သီမသမ္မန္ဓံ ဝ၊ **မူလသိမ်နှင့်စပ်သည်သာလျှင်။** ဟောတိ၊ **ဖြစ်၏။** တသ္မာ၊ ထိုကြောင့်။ တံ၊ **ထိုမူလသိမ်နှင့်စပ်သော ဝတ္ထုကို။** အနာမသိတ္ဝာ၊ **မသုံးသပ်မထိပါးဘဲမူ၍။** ဌာတဗ္ဗံ၊ **တည်ရာ၏။** ဤတိအယံ၊ ဤသည်ကား။ အဓိပ္ပာယော၊ ဂဏ္ဌိပုဒ်ဆရာတို့၏အလိုတည်း။ ယဒိဧဝံ၊ ဤသို့ဖြစ်ခဲ့လျှင်။ တန္တိ သိတကံ၊ ထိုမူလသိမ်၌မှီသော ဝတ္ထုကို။ အပနေတ္ဝာ၊ **ပယ်ရှားမူ၍။** ကမ္မံ၊ **သံဃကံကို။** ကာတုံ၊ **ပြုခြင်းငှာ။** ဝဋ္ဋတိ၊ **အပ်၏။** ဤတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ **ဆိုအပ်၏။** (ဤကား ဂင်းဌီကာ၏ **အနက်။**)

ဘေရသကဏ္ဌီကာ၌ကား မဟာသိမ်၌တည်သော ရဟန်းတို့ကို ကမ်ပြုရာဟတ္ထပါသ်သို့သော်လည်း ဆောင်ရမည်။ ထိုမဟာသိမ်မှ အပသို့သော်လည်း ထွက်သွားစေရမည်ဟု မိမိ၏ဝါဒကိုပြုဆိုမူ ဂဏ္ဌိပုဒ်ဆရာတို့၏ ဝါဒကို ပယ်တော်မူ၏။

ထိုအကြောင်းကို ဂင်းဌီကာ၌-

မဟာသီမံ သောဓေတ္တာဝါ ကမ္မံ ကာတဗ္ဗန္တိ မဟာသီမဂတာ ဘိက္ခူ ဟတ္ထပါသံ ဝါ အာနေတဗ္ဗာ။ သီမဓောဝါ ဗဟိကာတဗ္ဗာတိ အဓိပ္ပာယော။ ဂဏ္ဌိပဒေသု ပန မဟာသီမဂေါဟိ ဘိက္ခူ ဟိ တံသာခံ ဝါ ပါရေဟံ ဝါ အနာမသိတ္ဝာ ဌာတဗ္ဗန္တိ အဓိပ္ပာယောတိ ဝုတ္တံ။ တံ နဂဟေတဗ္ဗံ-ဟူ၍ မိန့်ဆိုတော်မူ၏။

မဟာသီမံသောဧတ္ဒဝေါကမ္မံ ကာတဗ္ဗန္တိဧတ္ထ၊ မဟာသီမံသောဧတ္ဒဝေါကမ္မံ ကာတဗ္ဗံ-ဟူသော ဤပါဠိတော်။ မဟာသီမဂတာ၊ မဟာသီမ်၌ တည်ကုန်သော။ ဘိက္ခု၊ ရဟန်းတို့ကို။ ဟတ္ထပါသံဝါ၊ ကမ်ပြူရုဟတ္ထပါသ်သို့သော် လည်း။ အာနေတဗ္ဗာ၊ ပင့်ဆောင်အပ်ကုန်၏။ သီမတော၊ မဟာသီမ်မှ။ ဗဟိဝါ၊ အပ၌သော်လည်း။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ ဣတိအယံ၊ ဤသည်လျှင်။ အဓိပ္ပာယော၊ အဋ္ဌကထာဆရာ၏အလိုတည်း။ ပန၊ ဝါဒအထူးကိုပြဆိုပါဦးအုံ။ ဂဏ္ဌိပဒေသု၊ ဂဏ္ဌိပုဒ်တို့၌။ မဟာသီမဂတေဟိ၊ မဟာသီမ်၌ တည်ကုန်သော။ ဘိက္ခုဟိ၊ ရဟန်းတို့သည်။ တံသာခံဝါ၊ ထိုဆောက်ထိသော သစ်ခက်ကိုဝင်း။ ဘ၁ပါရောဟံဝါ၊ ထိုထောက်ထိသော မြစ်ပါးပျဉ်းကိုဝင်း။ အနာမသိဘူဝ၊ မသုံးသပ်မထိပါးမူ၍။ ဌာတဗ္ဗံ၊ တည်ရာ၏။ ဣတိအယံ၊ ဤသည်လျှင်။ အဓိပ္ပာယော၊ အဋ္ဌကထာဆရာ၏အလိုတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ တံ၊ ထိုဂဏ္ဌိပုဒ်ဆရာတို့၏စကားကို။ နဂဟေတဗ္ဗံ၊ မယူအပ်။ (ဤကား ၎င်းဋီကာ၏အနက်။)

ဤဋီကာ၌ မဟာသီမ်၌တည်သောရဟန်းတို့ကို ကမ်ပြူရုဟတ္ထပါသ်သို့ ပင့်ဆောင်ရမည်၊ မဟာသီမ်မှ အပ၌သော်လည်း တည်စေရမည်ဟု ဆိုသဖြင့် သီ ဌဖြစ်သော သစ်ပင်တန်ဆောင်းစသည်တို့ ရောစပ်ရုံမျှဖြင့် ခဏ္ဍသီမ် မဟာသီမ်ဘို၏ တသားတည်းရောစပ်ကြ၍ တသီမ်ဘည်းဖြစ်သွားသည်ဟု အယူဝါဒ ရှိသည်ဟု သိရပါမည်။

ဤဋီကာဆရာ၏ အယူဝါဒသည်–

ဗဒ္ဓ-ဘုဇေ ဟိ သီမာပမာဏ ရဟိတံ ပဒေသံ နသြတရတိ၊ ဗဒ္ဓသီမာယံ ဇာတံ ယံကိဉ္စိ ယတ္ထကတ္ထစိ ဧကဆမ္ဗန္ဓေန ဂတံ သီမာသင်္ခ်မေဝ ဂစ္ဆတိ-ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်သောကြောင့် အသင့်ယုတ္တိ မရှိဟူ၍ မှတ်ယူရပါမည်။

ဟိ၊ အဓိပ္ပာယ်ကား။ ဗဒ္ဓမာနုဘေဝေ၊ ဖွဲ့သမုတ်အပ်သည်ဆာလျှင်ဖြစ်သော။ သီမာ၊ သီမ်သည်။ ပမာဏရဟိတံ၊ သီမ်ပမာဏမှ ကင်းသော။ ပဒေသံ၊ အရပ်သို့။ နသြတရတိ၊ မသက်ဝင်နိုင်။ ဗဒ္ဓသီမာယ၊ ဖွဲ့သမုတ်အပ်ပြီးသော သီမ်၌။ ဇာတံ၊ ပေါက်ရောက်သော။ ယံကိဉ္စိ၊ အလုံးစုံသော။

ယတ္ထကတ္ထစိ၊ အမှတ်မရှိ တစုံတခုသောအရပ်သို့။ ကေသမ္ဘဇဏ္ဍန၊ တစပ်တည်း ဖွဲ့စပ်သဖြင့်။ ဂတံ၊ သွားရောက်သောသစ်ခက်အဆောက်အဦ အစရှိသည်သည်။ သီမာသင်္ချမေ၊ သိမ်ဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။ (ဤ၁၁း ၎င်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာ၌ ဗဟုမာနာဒေ ဟိ သီမာပမာဏရဟိတံ ပဒေသံ နဿာဂရတိ-ဟူသော ရှေစကားဖြင့် သိမ်ပမာဏမှကင်းသော အရပ်ဝတ္ထုတို့၌ သက်သိမ်သဘောဖြင့် မသက်ဝင်နိုင်ကြောင်းကို ပြဆိုပါသည်၊ ဗဒ္ဓသီမာယ ဇာတံ၊ယံကိဉ္စိ ယတ္ထကတ္ထစိ ကေသမ္ဘဇဏ္ဍန ဂတံ သီမာသင်္ချမေ၊ဂစ္ဆတိ-ဟူသော နောက်စကားဖြင့် ဗဒ္ဓသိမ်၌ဖြစ်စေ၊ ဥပလကွေတဗ္ဗအားဖြင့် အဗဒ္ဓသိမ်၌ဖြင့်စေ ပေါက်ရောက်သော သစ်ပင်တန်ဆောင်း စသည်သည် သီမဋ္ဌသိမ် မည်ကြောင်းကိုရင်း၊ ထိုသီမဋ္ဌသိမ်တို့မည်သည် မိမိတို့ရောက်ရာ၌ အောက်ခြေမြေသို့ကျအောင် တဆံခြည်ခန့်မျှ သက်ဝင်၍မလိုက်နိုင်ကြောင်းကိုရင်း ပြဆိုပါသည်။ ထို့ကြောင့် ဤခဏ္ဍသိမ်အပြင်၌ ပေါက်သော ပဲညောင်ပင်သည် ခဏ္ဍသီမဋ္ဌဖြစ်၍ မဟာသိမ်မြေအပြင်သို့ ကျအောင်ဆင်း၍ မလိုက်နိုင်ပါ။ မဟာသိမ်၌ ပေါက်သော သစ်ပင် စသည်တို့သည်လည်း မဟာသီမဋ္ဌဖြစ်၍ ခဏ္ဍသိမ်မြေအပြင်သို့ ကျအောင်ဆင်း၍ မလိုက်နိုင်ကြပါ။ ထောက်ထိရောယှက်သော ပဲညောင်ပင် သစ်ပင် စသည်တို့၌သာ ခဏ္ဍသိမ် မဟာသိမ် နှစ်သိမ်ရောယှက်၍ ဒွိသီမဋ္ဌဖြစ်နေကြပါသည်။ ထိုကြောင့် ဤဒီဃဘာဏဒသည် အဋ္ဌကထာနှင့် ဆန့်ကျင်၍ အသင့်ယုတ္တိမရှိ။ ဂဏ္ဌိပုဒ်ဆရာတို့၏ ဝါဒသည်သာလျှင် အဋ္ဌကထာနှင့် ညီညွတ်သောကြောင့် အသင့်ယုတ္တိရှိ၏-ဟု မှတ်ယူရပါမည်။

ဝိမတိဝိနောဒနီဋီကာ၌လည်း မဟာသိမ်၌တည်သော အလုံးစုံသော ရဟန်းတို့ကို ကမ်ပြုရာဟတ္ထပါသ်သို့ ပင့်ဆောင်ခြင်း၊ ထိုရဟန်းတို့၏ဆန္ဒကို ဆောင်ခြင်း စသည်ဖြင့် အလုံးစုံသောမဟာသိမ်ကို သုတ်သင်ရမည်ဟု တေရဏဏ် ဋီကာ၄တို့ အကျယ်တဝင့်ဖွင့်ဆို၍ ဂဏ္ဌိပုဒ်ဆရာတို့၏ ဝါဒကို ကေစိဝါဒဟု မိန့်ဆိုပါသည်၊

ဤဋီကာ၌ အလွန်ကျယ်လွန်းသောကြောင့် ကေစိဝါဒကိုသာ ပြဆိုပေအုံ-

ကေစိ ပန မဟာသီမံဝါ သောဓေတ္တာတိ ဣတ္ထေ မဟာသီမဂတာ ဘိက္ခူ ယထာ တံသာခံဝါ ပါရေဟံဝါ ကာယပဋိဗဒ္ဓဟိ နဖုသန္တိ၊ ဧဝံ သောဓနမေဝ အဓိဋ္ဌေတံ၊ နၟ သကလ သီမသောဓနန္တိ ဝဒန္တိ ဟူ၍ မိန့်ဆိုတော်မူ၏။

ပန၊ ဝါဒအထူးကို ပြုဆိုပါဦးအုံ့။ ကေစိ၊ အချို့သောဂဏ္ဌိပုဒ် ဆရာတို့သည်။ မဟာသီမံ ဝါ သောဓေတ္တာတိ ဣတ္ထေ၊ မဟာသီမံ ဝါ သောဓေတ္တာ ဟူသော ဤ အဋ္ဌကထာ၌။ မဟာသီမဂတာ၊ မဟာသီမ်၌တည်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ သောဓိယမာနေ၊ သုတ်သင်အပ်သည်ရှိသော်။ တံသာခံဝါ၊ ထိုထောက်ထိသော သစ်ခက်ကိုရင်း။ တံပါရေဟံဝါ၊ ထိုထောက်ထိသော မြစ်ပါးပျဉ်းကိုရင်း။ ကာယပဋိဗဒ္ဓေဟိ၊ ကိုယ့်ကိုယ်နှင့်စပ်သော ဝတ္ထုတို့ဖြင့်။ နဖုသန္တိ၊ မထိကုန်။ ဧဝံဘထဲ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ သောဓနမေဝ၊ သုတ်သင်ခြင်းကို သာလျှင်။ အဓိဋ္ဌေတံ၊ အလိုရှိအပ်၏။ သကလသီမသောဓနံ၊ အလုံးစုံသော မဟာသီမ်ကို သုတ်သင်ခြင်းကို။ နအဓိဋ္ဌေတံ၊ အလိုမရှိအပ်။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ မိန့်ဆိုကြကုန်၏။ (ဤကား ၎င်းဋီကာ၏အနက်။)

ဤဋီကာ၌လည်း ပြုဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာနှင့် ညီညွတ်သော ကြောင့် ကေစိဆိုသော ဂဏ္ဌိပုဒ်ဆရာတို့၏ ဝါဒသည်သာလျှင် သင့်မြတ်သည်ဟု မှတ်ယူရပါမည်။



ပုံ-၄၇

ပုံ-၄၇။ ။ဤပုံကား ပြုဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာမှ ရအပ်သော ခဏ္ဍသီမ်၌ ပေါက်သောပညောင်ပင်၏ အခက်သည် မဟာသီမ်၏ မြေအပြင်သို့ ထောက်ထိ နေသောပုံ ဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ မဟာသီမ်၌ပေါက်သော ပညောင်ပင်စသည်တို့၏ အခက်သည်ရင်း၊

မြစ်ပါးပျဉ်းသည်ရင်း ခဏ္ဍသိမ်၏ မြေအပြင်သည်ရင်း၊ ခဏ္ဍသိမ်၌ပေါက်သော သစ်ပင် အစရှိသည်တို့ကိုရင်း၊ တောက်ထိ၍တည်အုံ့။ ခဏ္ဍသိမ်ကို သုတ်သင်၍သော်လည်း သံဃကမ်းကို ပြုရပါမည်။ ထို ထောက်ထိသော သစ်ခက်မြစ်ပါးပျဉ်းတို့ကိုသော်လည်း ဖြတ်၍ မဟာသိမ်မှ အပ၌တည်သည်တို့ကို ပြုရပါမည်။

ထို့ကြောင့် ရင်းမဟာဝါအဋ္ဌကထာ၌ –

ဝေ၀ မဟာသီမာယ ဇာတရုက္ခဲသ သာခါ၀ါ ပါရောဟာ၀ါ ဝုတ္တနယေနေ၀ သီမမာဠကေ ပတိဋ္ဌာတိ၊ ဝုတ္တနယေနေ၀ သီမံ ဩသာရေတွာ၀ါ ကမ္မ ကာတဗ္ဗံ၊ တေ၀ါ သာခါပါရောဟာ ဆိန္နိ၀ိတ္ဌာ ဗဟိဋ္ဌကာ ကာတဗ္ဗာ–ဟူ၍ မိန့်ဆိုတော်မူ၏။

ဝေ၀၊ ဤအတူ။ မဟာသီမ ယ၊ မဟာသိမ်၌။ ဇာတရုက္ခဲသ ပေါက်သော သစ်ပင်၏။ သာခါ၀ါ၊ အခက် ၀ေ၀ဲ၌ရင်း။ ပါရောဟာ၀ါ၊ မြစ်ပါးပျဉ်းသည်ရင်း။ ဝုတ္တနယေနေ၀၊ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်။ သီမမာဠကေ၊ ခဏ္ဍသိမ်အပြင်၌။ ပတိဋ္ဌာတိ၊ တည်အုံ့။ ဝုတ္တနယေနေ၀၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သာလျှင်။ သီမံ၊ ခဏ္ဍသိမ်ကို။ ဩသာရေတွာ၀ါ၊ သုတ်သင်၍သော်လည်း။ ကမ္မ၊ သံဃကမ်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ တေ၀ါ၊ သာခါပါရောဟာ၊ ထိုသစ်ခက်မြစ်ပါးပျဉ်းတို့ကိုသော်လည်း။ ဆိန္နိ၀ိတ္ဌာ၊ ဖြတ်၍။ ဗဟိဋ္ဌကာ၊ မဟာသိမ်မှအပ၌ တည်သည်တို့ကို။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ (ဤကားရင်းအဋ္ဌကထာ၏ အနက်)

ဤ၌ ခဏ္ဍသိမ်ကို သုတ်သင်ပုံကိုလည်း ရှေ့၌ပြဆိုအပ်သော ဂဏ္ဌိ၀ိဒုဒ် ဆရာတို့၏ဝါဒအတိုင်းသာ သုတ်သင်ရပါမည်။



ပုံ-၄၈။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာမှရအပ်သော မဟာသိမ်၌ ပညောဇ်ပင်စသည်တို့၏ အခက်သည် ခဏ္ဍသိမ်၏ မြေအပြင်သို့ ထောက်ထိ နေသည်ကိုပြသော ပုံဖြစ်ပါသည်။

၃၃။ ။ဝိမတိဝိနောဒနီဋီကာဝါဒ၌ သမ္ဘဒသက်ရဒေါသဖြစ်ပုံ မဖြစ်ပုံကိုပြဆိုခြင်း....

သိမ်တို့သည်-

(၁) ဂါမသိမ်။ (၂) အရညသိမ်။ (၃) နဒီသိမ်။ (၄) သမုဒ္ဒသိမ်။ (၅)ဇာတဿရသိမ် အားဖြင့် နိဿယသိမ် ၅ ပါမျိုး။

(၁)ဗဒ္ဓသိမ်။ (၂) သတ္တဗ္ဘန္တရသိမ်။ (၃) ဥဒကုက္ခေပသိမ်အားဖြင့် နိဿိတသိမ် ၃ သုံးမျိုး။ အလုံးစုံပေါင်းသော် သိမ် ၈ ရှစ်မျိုးဖြစ်ပါသည်။

ထိုရှစ်မျိုးတို့တွင် ဗဒ္ဓသိမ်သည် ဂါမသိမ် အရညသိမ်ကို မှီပါသည်။

သတ္တဗ္ဘန္တရသိမ်သည် အရညသိမ်ကိုမှီပါသည်။ ဥဒကုက္ခေပ သိမ်သည် နဒီသိမ် သမုဒ္ဒသိမ် ဇာတဿရသိမ်ကို မှီပါသည်။

ထိုတွင် ဗဒ္ဓသိမ်ချင်း သစ်ပင် အသောက်ဆဲ့ စသည် ရောယှက်ခေါ်ရင်း၊ သတ္တဗ္ဘန္တရသိမ်ချင်း သစ်ပင်စသည် ရောယှက်သော်ရင်း။ ဥဒကုက္ခေပ သိမ်ချင်း ရောယှက်သော်ရင်း၊ ဗဒ္ဓသိမ်နှင့် သတ္တဗ္ဘန္တရသိမ် စသော နိဿိတ သိမ်ချင်း ရောယှက်သော်ရင်း။ ဗဒ္ဓစသော နိဿိတသိမ်တို့၏ မိမိတို့၏ မှုခ

ဂါမ အရညစသည်မှတပါးသော နဒီ သမုဒ္ဒ ဇာတ်သရ စသည်တို့နှင့် ရေယှက်သော်၎င်း။ သမ္ဘေဒ သက်ရဒေါသ ဖြစ်ပါသည်။ ဗဒ္ဓစသော နိဿိတသိမ်တို့၏ မိမိတို့၏မှီရာ ဂါမအရညစသော နိဿယသိမ်တို့နှင့်သစ်ပင်အကိုင်းအခက် စသည်ရောယှက်ရာ၌ သမ္ဘေဒသက်ရဒေါသ မဖြစ်နိုင်ပါ။

ထိုအကြောင်းကို ဝိမတိဝိနောဒနီဋီကာ၌-

ဝေ မေတာ ဘဂဝတာ အနုညာတာ ဗဒ္ဓသီမာ သတ္တဗ္ဘန္တရ ဥဒကုက္ခေပသီမာ အညမညဥ္စ ဝေ အတ္တနော နိဿယဝိရဟိတာဟိ ဂ္ဂတရိတရာသံ နိဿယသီမာဟိစ ရုက္ခာဒိသမ္ပန္နေ သတိ သမ္ဘေဒဒေါသ မာပဇ္ဇန္တိ တိ သုတ္တာနုလောမနယော ဥတပ္ပေါ၀၊ အတ္တနော အတ္တနော ပန နိဿယ ဘူတဂါမာဒိဟိ သဒ္ဓိံ ဗဒ္ဓသီမာဒိနံ တိသန္နံ ဥပ္ပတ္တိ ကာလေ ဘဂဝတာ အနုညာတသ သမ္ဘေဒဗျောတ္ထရဏသ အနုလောမတော ရုက္ခာဒိသမ္ပန္နောပိ အဲနုညာတောဝ ဟောတိတိ ဒဋ္ဌဗ္ဗံ ဟူ၍ မိန့်ဆိုတော်မူ၏။

ဝေ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနုညာတာ၊ ခွင့်ပြုတော်မူအပ်ကုန်သော။ ဗဒ္ဓသီမာ သတ္တဗ္ဘန္တရဥဒကုက္ခေပသီမာ၊ ဤဗဒ္ဓသီမ် သတ္တဗ္ဘန္တရသီမ် ဥဒကုက္ခေပသီမ်တို့သည်။ အညမညဥ္စ ဝေ၊ အချင်းချင်းရင်း။ အတ္တနော၊ မိမိ၏။ နိဿယဝိရဟိတာဟိ၊ မှီရာမှ ကင်းကုန်သော။ ဂ္ဂဘရိတရာသံ၊ ဤမိမိမှတပါးကုန်သောသိမ်တို့၏။ နိဿယသီမာဟိစ၊ မှီရာသိမ်တို့နှင့်ရင်း။ ရုက္ခာဒိသမ္ပန္နေ၊ သစ်ပင်စသည် စပ်ယှက်ခြင်းသည်။ သတိ၊ ဖြစ်လတ်သော်။ သမ္ဘေဒဒေါသံ၊ စပ်ယှက်ခြင်းကြောင့် ဖြစ်သော အပြစ်သို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ ဂ္ဂတိ၊ ဤသို့။ သုတ္တာနုလောမနယော၊ ပါဠိတော်အားလျော်သော နည်းကို။ ဥပ္ပေါ၀၊ သိအပ်သည်သာ လျှင်တည်း။ ပန၊ ဗျတိရိတ်ကိုဆိုပါဦးအုံ။ အတ္တနော အတ္တနော၊ မိမိမိမိ၏။ နိဿယဘူတ ဂါမာဒီဟိ၊ မှီရာဖြစ်၍ဖြစ်ကုန်သော ဂါမ၊ ခေတ်ရှိသည်တို့နှင့်။ သဒ္ဓိံ၊ ၀ ကား။ ဗ၊ သီမ၊ နံ၊ ဗဒ္ဓသီမ် အစရှိကုန်သော။ တိသန္နံ၊ သုံးမျိုးကုန်သောသိ-တို့၏။ ဥပ္ပတ္တိ ကာ၊ ပေါ်၊ သမုတ်ရာအခါ၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနုညာတသ၊ ခွင့်ပြု

တော်မူအပ်သော။ သမ္ဘေဒဗျော်တ္ထရဏသ၊ စပ်ယှက်ခြင်း လှမ်းမိုးခြင်းအား။ အနုံသောမတော၊ လျော်သောကြောင့်။ ရာဂဒေါသမမူနွှောပိ၊ သစ်ပင်စသည် စပ်ယှက်သော်လည်း။ အနုညာတောဝ၀၊ ခွင့်ပြုတော် မူအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ (ဤကား ၎င်းဋီကာ၏ အနက်။)

ဆက်ပါဦးအုံ့။ ဤဋီကာ၌ပင် ဂါမ-အရည-နဒီ-သမုဒ္ဒ–ဇာတသရ အားဖြင့် ၅ ငါးမျိုးသော နိဿယသိမ်တို့သည် လောက ဝေါဟာရအားဖြင့် ပြီးသောကြောင့် အချင်ချင်းသစ်ပင်အစရှိသည် စပ်ယှက်သော်လည်း သမ္ဘေဒ သက်ရဒေါသမဖြစ်နိုင်ကြောင်းကို....

ယာ ပနေတာ လောကဝေါဟာရသိဒ္ဓါ ဂါမာရညနဒီသမုဒ္ဒ ဇာတသရသီမာ ပဋ္ဌ၊ တာ အညမညရက္ခာဒီသမမူနွှေပိ သမ္ဘေဒဒေါသံ နာပဇ္ဇန္တိ၊ တထာ လောကဝေါဟာရာဘာဝတော–ဟူ၍မိန့်ဆိုခဲ့တော်မူ၏။

ပန၊ ဆက်ပါဦးအုံ့။ လောကဝေါဟာရသိဒ္ဓါ၊ လောကဝေါဟာရ အားဖြင့်ပြီးကုန်သော၊ ပဋ္ဌ၊ ငါးမျိုးကုန်သော။ ယာဂါမာရညနဒီသမုဒ္ဒ ဇာတသရသီမာ၊ အကြင် ဂါမ အရည နဒီသမုဒ္ဒ ဇာဘသရ သိမ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တာဂါမာရညနဒီသမုဒ္ဒဇာဘသရသီမာ၊ ထို ဂါမအရည နဒီသမုဒ္ဒဇာဘသရ သိမ်တို့သည်။ အညမညရက္ခာဒီသမမူနွှေပိ၊ အချင်းချင်း သစ်ပင်စသည်စပ်ယှက်သော်လည်း။ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ လောကဝေါဟာရာဘာဝေါ၊ လောကဝေါဟာရ၏မရှိခြင်းကြောင့်။ သမ္ဘေဒ ဒေါသံ၊ စပ်ယှက်ခြင်းကြောင့်ဖြစ်သော်အပြစ်သို့။ နာပဇ္ဇန္တိ၊ မရောက်နိုင်ကုန်။ (ဤကား ၎င်းဋီကာ၏ အနက်။)

ဤပြီး အကျယ်ပြဆိုခဲ့ ဤ ၅ ငါးမျိုးသော နိဿယ သိမ်တို့၌ သမ္ဘေဒဒေါသဖြစ်သည်ကို ဆိုသော ဝါဒကိုကား ကေစိဝါဒဟူ၍ မိန့်ဆိုကာ ပယ်တော်မူ၏။ အကျယ်ကို ၎င်းဋီကာမှာပင် ရှုကြပါလေ။

ဝိမတိဝိနောဒနီဋီကာ၀ါဒ၌ သမ္ဘေဒသင်္ကရေါသဖြစ်ပုံဇယား

မူလ ဗဒ္ဓ	ဗဒ္ဓ	ဗဒ္ဓ	သတ္တ	သတ္တ	သတ္တ	ဥဒ	ဥဒ	ဥဒ	နိဿိတ
မူလိ ဗဒ္ဓ	သတ္တ	ဥဒ	သတ္တ	ဗဒ္ဓ	ဥဒ	ဥဒ	ဗဒ္ဓ	သတ္တ	နိဿိတ
မူလ ဗဒ္ဓ	ဗဒ္ဓ	ဗဒ္ဓ	သတ္တ	သတ္တ	သတ္တ	ဥဒ	ဥဒ	ဥဒ	နိဿိတ
မူလိ နဒီ	သမုဒ္ဒ	ဇာဝ	ဂါမ	နဒီ	သမုဒ္ဒ	ဇာတ	ဂါမ	အရญ	နိဿယ

၃၄။ ။အာစရိယညောင်လွန်တောရ၀ါဒ၌သမ္ဘေဒသင်္ကရေါသဖြစ်ပုံ မဖြစ်ပုံ

ညောင်လွန်တောရဆရာတော်ကား ဗဒ္ဓသိမ်ချင်း သစ်ပင်စသည် စပ်ယှက်သော်ရင်း၊ သတ္တဘဒ္ဒရသိမ်ချင်း ဥဒကုက္ခေပသိမ်ချင်း သစ်ပင်စသည်စပ်ယှက်သော်ရင်း သမ္ဘေဒသင်္ကရေါသဖြစ်၏။ ဖြစ်ပုံကား ဗဒ္ဓသိမ်ချင်းသစ်ပင် အဆောက်အဦစသည်စပ်ယှက်၍ဘည်အံ့၊ ထိုစပ်ယှက်သော သင်ပင်အဆောက်အဦစသည်ကား နှစ်သိမ်၌ဘည်သောဒ္ဒိသိမ္ဘဖြစ်၍ နေလေ၏။ ဤသို့ ဒ္ဒိသိမ္ဘဖြစ်၍နေသော အဆောက်အဦ စသည်တို့အပေါ်၌ ဥပုသ်ပဝါရကစသော သံဃကမ်းကို မပြုအပ် မပြုကောင်း။ ပြုခဲ့လျှင်-

နဲ့နာသီမာယ ဌိတစတုတ္ထော ကမ္မံ ကရေယျ၊ အဏမ္မံ နစကရဏီယံ-ဟူသော ပါဠိတော်အရ အနုလောမသို့သွင်း၍ ကမ်မဆောင်မြင်နိုင်ကမ်ပျက်၏။

နာနာသီမာယ၊ အသီးသီးသောသိမ်၌။ ဌိတစတုတ္ထော၊ တည်သော ရဟန်းလျှင် ရေးယောက်မြောက်ရှိသည်ဖြစ်၍။ ကမ္မံ၊ကမ်းကို။ ကရေယျ၊ ပြုပြောအံ့။ အကမ္မံ၊ကမ်းမဖြစ်။ နစကရဏီယံ၊ပြုလည်းမပြုအပ်။ (ဤကား ၎င်းပါဠိတော်၏အနက်။)

သတ္တဘဋ္ဌနရသိမ်ချင်း ဥဒကုဏ္ဍပသိမ်ချင်း ဂါမသိမ်ချင်း သစ်ပင် အဆောက်အဦ စသည်စပ်ယှက်ရာ၌လည်း ဤနည်းအတူပင် မှတ်ယူရပါမည်။

ဗဒ္ဓသိမ်နှင့် ဂါမစသော အဗဒ္ဓသိမ်တို့၌ကား သစ်ပင် အဆောက်အဦ စသည် စပ်ယှက်သော်လည်း သမ္ဘေဒသက်ရောက်ခြင်း မဖြစ်နိုင်ပါ။ မဖြစ်နိုင်ပုံကား ဗဒ္ဓသိမ်၌ဖြစ်သောသစ်ပင် အဆောက်အဦစသည်သည် အဗဒ္ဓသိမ်နှင့် ထိစပ်သော်ရင်း၊ အဗဒ္ဓသိမ်၌ဖြစ်သော သစ်ပင် အဆောက်အဦစသည်သည် ဗဒ္ဓသိမ်နှင့်ထိစပ်သော်ရင်း၊ ဗဒ္ဓသိမ်ကသာ အဗဒ္ဓသိမ်၏မြေသို့ထိုးဆောင် လိုက်၍ အဗဒ္ဓသိမ်ကမိမိ၏မြေအပြင်သို့ ဆုတ်ခွာ၍သွားရပါသည်။ ဤသို့ ဗဒ္ဓသိမ်က လိုက်ရာ၌ အဗဒ္ဓသိမ်၏မြေအပြင်သို့ကား သက်ဆင်း၍မလိုက်၊ မြေအပြင်မှ အထက်ထိစပ်ရာဇတ္ထုဥ္ဇာသာ လိုက်ပါသည်။ ထိုအကြောင်းကို....

> ကမ္မဝါစာပရိယောသာနေယေဝ နိမိတ္တာနိ ဗဟိ ကတ္တာ ဟေဋ္ဌာ ပထဝိသန္ဓာရကံ ဥဒကံ ပရိယန္တေ ကတ္တာ သီမာ ဂတာ ဟောတိ ဟူသော အဋ္ဌကထာကိုထောက်၍ နေယျတ္ထအားဖြင့် သိရပါမည်။

ထို့အတူဂါမသိမ်နှင့်နဒီသိမ်တို့ သစ်ပင် အဆောက်အဦ စသည် စပ်ယှက်ရာ၌ သမ္ဘေဒသက်ရောက်ခြင်းမဖြစ်နိုင်ပါ။ ဂါမသိမ်ကသာ လိုက် နဒီသိမ်က နောက်သို့ ရေကျအောင် ဆုတ်ခွာ၍သွားရပါသည်။ ထိုအကြောင်းကို–

> နဒိယံ သေတုံ ကရောန္တိ၊ သစေ အန္တောနဒိယံယေဝ သေတု ဝါ သေတုပါဒါ ဝါ ဟောန္တိ၊ သေတုမှိ ဌိတေဟိ ကမ္မံ ကာတုံ ဝဋ္ဋတိ။ သစေ ပန သေတု ဝါ သေတုပါဒါ ဗဟိ တီရေ ဌိတာ၊ ကမ္မံ ကာတုံ နဝဋ္ဋတိ။ သမ္ဘေသောဧတ္ထ ကမ္မံ ကာတဗ္ဗံ။ အထ သေတုပါဒါ အန္တောသေတု ပန ဥဘိန္နမ္ပိ တီရာနံ ဥပရိ အာဃာသေ ဌိတော ဝဋ္ဋတိ ဟူသော အဋ္ဌကထာကိုထောက်၍ သိရပါမည်။

နဒိယံ၊မြစ်၌။ သေတုံ၊ တံတားကို။ ကရောန္တိ၊ ပြုကြကုန်၏။အန္တောနဒိယံယေဝ၊ မြစ်၏အတွင်း၌သာလျှင်၊ သေတုဝါ၊ တံတားသည်ရင်း။သေတုပါဒါ၊ တံတားခြေတို့သည်ရင်း။ သစေဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အုံ့။

ဝေ၀ံသန္တေသု၊ ဤသို့ဖြစ်ကုန်သည်ရှိသော်။ သေတုမ့ဲ၊ တံတား၌။ ဌိတေဟိ၊ တည်ကုန်သော ရဟန်းတို့သည်။ ကမ္မံ၊ သံဃကမ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ပန၊ ဗျတိရိက်ကိုဆိုပါဦးအုံ့။သေတုဝါ၊ တံတားသည်ရင်း။ သေတုပါဒါ၀ါ၊ တံတားခြေတို့သည်ရင်း။ ဗဟိတိရော၊ မြစ်မှအပဖြစ်သော ကမ်း၌။ ဌိတာ၊ တည်ကုန်သည်။ သစေဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အုံ့။ ဧ၀ံသန္တေသု၊ ဤသို့ဖြစ်ကုန်သည်ရှိသော်။ ကမ္မံ၊ သံဃကမ်ကို။ ကာတုံ၊ ပြုခြင်းငှာ။နဝဋ္ဋတိ၊မအပ်။ သီမံ၊ဂါမသီမ်ကို။ သောဓေတ္ဝာ၀၊ သုတ်သင်၍ သာလျှင်။ ကမ္မံ၊သံဃကမ်ကို။ ကာတဗ္ဗံ၊ပြုအပ်၏။ သေတုပါဒါ၊တံတား ခြေတို့သည်။ အန္တော၊ မြစ်၏အတွင်း၌။အထဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အုံ့။ သေတုပန၊တံတားသည်ကား။ ဥဘိန္နမ့ဲ၊ နှစ်ဘက်လည်းဖြစ်ကုန်သော။တိရာနံ၊ ကမ်းတို့၏။ ဥပရိ အာကာသေ၊ အထက် ကောင်းကင်၌။ အထ ဌိတော၊ အကယ်၍တည်အုံ့။ ဧ၀ံသတိ၊ဤသို့တည်သည်ရှိသော်။ ဝဋ္ဋတိ၊ အပ်၏။ ။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာ၌ မြစ်၌ဆောက်လုပ်အပ်သော တံတားတိုင် တံတားဦးတို့သည် ကမ်းကိုမထိမူ၍ မြစ်၏အတွင်း၌သာ တည်ကုန်အုံ့။ ကမ်းကိုပြုအပ်၏။ တံဘားတိုင်တံဘားဦးတို့သည် မြစ်မှ အပဖြစ်သောကမ်း၌ တည်ကုန်အုံ့။ ကမ်ကိုပြုခြင်းငှာမအပ်။ သိမ်ကိုသုတ်သင်၍သာ ကမ်ကိုပြုရမည်ဟုဆိုသဖြင့် ရှေးမူလရင်းကမ်းကိုမထိစဉ်က တံဘားတခုလုံးသည် နဒီသိမ်ဖြစ်၍နေပါသည်။ အကြင်အခါ၌ တံတားတိုင်တံဘားဦးတို့သည် ကမ်းကိုထိစပ်၍ တည်ကုန်၏။ ထိုအခါ၌ တံတား၌ဘည်နေသော နဒီသိမ်သည် အောက်ရေသို့ ပြန်ဆုတ်၍ သွားရလေ၏။ ထိစပ်ရာကမ်းက ဂါမသိမ်သာ အောက်တိုင်ခြေရေသို့တိုင်အောင် လိုက်လာလေ၏။ လိုက်လာသောကြောင့် သိမ်ကိုသုတ်သင်၍ ကမ်ကိုပြုရမည်ဟု ဆိုသောစကားသည် ဥဒကုဒကွေပ နဒီသိမ်ကို သုတ်သင်ရမည်ကိုဆိုသည်မဟုတ်။ ထိစပ်ရာကမ်းဘက်က ဂါမသိမ် ဂါမဇေတ ၌ရှိသော ရဟန်းသံဃာများကို ဟတ္ထပါသ်သို့ဆောင်၍ သုတ်သင်ပြီးလျှင် ကမ်ကိုပြုရမည်ကိုဆိုသည်ဟု မှတ်ယူရပါမည်။

ထို့ကြောင့် ဝေဒီရဗုဒ္ဓဝံဋီကာ၌-

ဗဟိနဒီတီရေ ဇာတရုက္ခသာ အနွှောနဒီယံ ပဝိဋ္ဌသာခါယဝါတိ ဣတ္ထေ စ၊ နဒီတီရေ ခါဏုကံ ကောဋ္ဌေတ္ဝာတိ ဣတ္ထေ စ သဒ္ဒေ ပန သေတုဝါ သေတုဝါဒါဝါ ဗဟိနဒီတီရေ ဋ္ဌိတာတိဣတ္ထေ စ သီမသော ဓနံနာမ ဂါမသီမဋ္ဌေ ဟတ္ထပါသနယနံ-ဟူ၍ မိန့်ဆိုတော်မူ၏။ တေရသကဏ်ဋီကာ၌လည်း-

သီမံ သောဓေတ္ဝာတိဣတ္ထေ သီမသောဓနံနာမ ဂါမသီမာဒီသု ဋ္ဌိတာနံဟတ္ထပါသနယနာဒိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ဗဟိနဒီတီရေ နဇာတရုက္ခသာ အနွှောနဒီယံ ပဝိဋ္ဌသာခါယဝါတိ ဣတ္ထေ စ၊ ဗဟိနဒီတီရေ ဇာတရုက္ခသာအနွှောနဒီယံ ပဝိဋ္ဌသာခါယဝါ-ဟူသောအဋ္ဌကထာ၌ဌင်း။ နဒီတီရေခါဏုကံကောဋ္ဌေတ္ဝာတိဣတ္ထေ စ၊ နဒီတီရေခါဏုကံကောဋ္ဌေတ္ဝာ ဟူသော အဋ္ဌကထာ၌ဌင်း။ သစေပန သေတုဝါသေတုပါဒါဝါ ဗဟိနဒီတီရေ ဋ္ဌိတာတိဣတ္ထေ စ၊ သ,စေပန သေတုဝါ သေတုပါဒါဝါ ဗဟိနဒီတီရေဋ္ဌိတာဟူသော အဋ္ဌကထာ၌ဌင်း။ သီမသောဓနံနာမ၊ သီမ်ကို သုတ်သင်ခြင်းမည်သည်ကား။ ဂါမသီမဋ္ဌေ၊ ဂါမသီမ်၌တည်သောရဟန်းတို့ကို၊ ဟတ္ထပါသနယနံ၊ ဟတ္ထပါသ်သို့ ဆောင်ခြင်းပင်တည်း။ (ဤကား ၎င်း ဝေဒီရဗုဒ္ဓိဋီကာ၏အနက်။)

သီမံ သောဓေတ္ဝာတိဣတ္ထေ၊ သီမံသောဓေတ္ဝာ-ဟူသော အဋ္ဌကထာ၌။ သီမသောဓနံနာမ၊ သီမ်ကိုသုတ်သင်ခြင်းမည်သည်ကား။ ဂါမသီမာဒီသု၊ ဂါမသီမ် အစရှိသည်တို့၌။ ဋ္ဌိတာနံ၊ တည်ကုန်သောရဟန်းတို့ကို။ ဟတ္ထပါသနယနာဒိ၊ ဟတ္ထပါသ်သို့ဆောင်ခြင်းအစရှိသည်ပင်တည်း။ (ဤကား ၎င်းဘေရသကဏ် ဋီကာ၏အနက်။)

ဤဋီကာဝယ် ဟတ္ထပါသနယနာဒိ၌ အာဒိအရကို ဆန္ဒစသည်ကို ဆောင်ခြင်း သီမ်မှအပြင်ပသို့ ထုတ်သွားစေခြင်းတို့ကို ယူရပါမည်။

ဤအရာ၌ ဝိမတိဝိနောဒနီဋီကာ၏ဝရ ဝေ၊ နဒီသီမ်နှင့် ဂါမသီမ်စသည်တို့သည် သစ်ပင်စသည် ထိုပ်ရောယှက်ရာတို့၌ သီမင်္ဂျင်း ရောယှက်ရုံမျှဖြင့် နဒီဥဒကုက္ခေပသီမ်နှင့် ဂါမသီမ်မြေ အလုံးစုံရောယှက်၍ တသီမ်ဘည်း ဖြစ်သွား

သောကြောင့် ထိစပ်ရာဂါမသိမ်းကို သုတ်သင်ရမည်ကို မျှားစ္ဆာအကျယ်တဝင့် ဖွင့်ဆိုဟောမူ၏။ ဆိုသော်လည်း ထိုဋ္ဌိကာဆရာ၏ စကားများကို ပြုဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာစသည်တို့နှင့် ဆန့်ကျင်သောကြောင့် အသင့်ယုတ္တိမရှိဟူ၍ မှတ်ယူရပါမည်။

နဒီသိမ်သည် ဂါမသိမ်နှင့်ရောစပ်ထိပါးရာ၌ မပျက်စီးဘဲ အမြဲတည်၍ မနေနိုင်၊ မိမိကဆုတ်နှစ်၍ ဂါမသိမ်ဗဒ္ဓသိမ်တို့ကိုသာ အနိုင်ပေးရပါသည်။ ထို့ကြောင့် မဟာဝဂ်အဋ္ဌကထာ၌-

ယထာ ပန ဥဒကံ နပဝတ္တတိ၊ ဧဝံ သေတုမ္ပိ ကဒေတ အပ ဝတ္တမာနာ နဒီနိမိတ္တံ ကာတုံ နဝဋ္ဋတိ-ဟူ၍ မိန့်ဆိုဘော်မူ၏။

ယထာပန၊ အကြင်သို့သောအခြင်းအရာအားဖြင့်ကား။ ကရိယမာနေ၊ ပြုအပ်သည်ရှိသော်။ ဥဒကံ၊ ရေသည်။ နပဝတ္တတိ၊ မစီးဆင်း။ ဧဝံဘထာ၊ ထိုသို့သောပုံအခြင်းအရာအားဖြင့်။ သေတုမ္ပိ၊ တံတားကို။ ကတော၊ ပြုလုပ်အပ်သည်ရှိသော်။ အပဝတ္တမာနာ၊ မစီးဆင်းသော။ နဒီ၊ မြစ်သည်။ နိမိတ္တံ၊ မြစ်နိမိတ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ (ဤကား ၎င်း အဋ္ဌကထာ၏ အနက်။)

ဤအဋ္ဌကထာ၌ မြစ်ကို တံဘားဖြင့်ပိတ်ဆို့၍ထားခြင်းကြောင့် မြစ်ရေ မစီးဆင်းနိုင်လျှင်၊ ထိုမစီးဆင်းရာအရပ်သည် ရှေးက မြစ်ပင်ဖြစ်သော်လည်း တံဘားဖြင့်ပိတ်ဆို့၍ ရေမစီးခြင်းကြောင့် နဒီလက္ခဏာ ဆုတ်နှစ်ပျက်ပြား၍ ဂါမသိမ်သာလိုက်လာကြောင်းကို ပြဆိုခဲ့တာပါသည်။ ဤနှင့်အတူ ဗဒ္ဓသိမ်နှင့် စပ်လျှင်လည်း ဗဒ္ဓသိမ်ကသာလိုက်လာ၍ နဒီသိမ်ကဆုတ်နှစ်၍သွားရပါသည်။ ဤပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် နဒီသိမ်နှင့် အရည်သိမ်တို့ သစ်ပင်စသည် ထိပါးစပ်ယှက်ရာ၌လည်း ကမ်းပေါ်က အရည်သိမ်သာလိုက်လာ၍ နဒီသိမ်က နောက်သို့ဆုတ်ခွာရသည်ဟု မှတ်ဟူရပါမည်။ ဂါမသိမ်ချင်း သစ်ပင် အဆောက်အဦ စသည် ထိပါးစပ်ယှက်ရာတို့၌ကား ဗဒ္ဓသိမ်ချင်း သစ်ပင်စသည်တို့ ထိပါးစပ်ယှက်ရာ၌ကဲ့သို့၊ ထို ထိပါးစပ်ယှက်သော သစ်ပင် အဆောက်အဦ စသည်တို့ကို နှစ်သိမ်ပူးဘည်၍ နှစ်သိမ်ပူးရောယှက်နေသော ဒွိသီမဋ္ဌဟူ၍ မှတ်ယူရပါမည်။ ဤ၎ရာ၌ ဝိ၊တိဝိနောဒနီဋီကာဆရာသည် အထူးထူးအပြားပြား

များစွာ ဖွင့်ဆို၏။ ဆိုသော်လည်း ထိုစကားများကို အသင့်ယူတို့မရှိ ဟူ၍ မှတ်ယူရပါမည်။

အထူးအားဖြင့်သော်ကား ဗဒ္ဓသိမ်နှင့် ဂါမသိမ်တို့၌ ဗဒ္ဓလာလျှင် ဂါမနောက်ဆုတ်ရမည်ဖြစ်သောကြောင့် တခုသောကျောင်းတိုက်၌ ကျောင်းအများ ရှိရာတွင် ဗဒ္ဓသိမ်ကျောင်းတခုမှ ကြေးနန်းကြိုးစသည်ဖြင့် ထိုးကျောင်းအလုံးစုံ တို့ကို ဆက်သွယ်၍ထားခဲ့ပါမူကား ထိုအလုံးစုံ ဆက်သွယ်သမျှကျောင်းတို့သည် ဗဒ္ဓသိမ်ဌာနချည်းသာ ဖြစ်ကုန်၏။ ထိုကြောင့် ထိုကျောင်းတိုက်အတွင်းရှိ အလုံးစုံ သံဃာကိုသိမ်း၍ တခုသောကျောင်းပေါ်၌ ဥပုသ်ပဝါရဏာစသော သံဃကမ်းကို ပြုကောင်းပါ၏ဟု-အမိန့်ရှိတော်မူ၏။

အာစရိယ ညောင်လွန်တောရဝါဒ၌ သမ္ဘေဒသက်ရဒေါသ မဖြစ်ပုံဇယား

မူလ	ဗဒ္ဓ	ဗဒ္ဓ	ဗဒ္ဓ	ဗဒ္ဓ	ဗဒ္ဓ	ဗဒ္ဓ	ဗဒ္ဓ
မူလိ	ဂါမ	အရည	သတ္တ	နဒီ	သမုဒ္ဒ	ဇာတ	ဥဒ

၃၅။ ။နဒီပါရသိမ်သမုတ်ပုံကိုပြဆိုခြင်း

နဒီပါရသိမ်ဟူသည် မြစ်ကိုလွှမ်းမိုး၍ ဝါ၊ ခုန်ကျော်၍ နိမိတ်လိုက်သော အားဖြင့် တည်သောသိမ်ကို ဆိုလိုပါသည်။ ထိုကြောင့် မဟာဝါ အဋ္ဌကထာ၌-

နဒီပါရန္တိတ္ထေ ပါရယတိတိ ပါရာ။ ကိံ ပါရယတိ နဒီ။ နဒိယာ ပါရာ နဒီပါရာ။ တံနဒီပါရံ၊ နဒိံ အဇ္ဈာဘတ္ထရမာနန္တိ အတ္ထော-ဟူ၍ မိန့်ဆိုတော်မူ၏။

နဒီပါရန္တိတ္ထေ၊ နဒီပါရံဟူသော ဤပုဒ်၌။ ယာသိမာ၊ အကြင်သိမ်သည်။ ပါရယတိ၊ လွှမ်းမိုးတတ်၏။ ဝါ၊ ခုန်ကျော်တတ်၏။ ဣတိ၊ ထိုကြောင့်။ သာသိမာ၊ ထိုသိမ်သည်။ ပါရာ၊ ပါရာမည်၏။ ကိံ၊ အဘယ်ကို။ ပါရယတိ၊ လွှမ်းမိုးသနည်း။ နဒိံ၊ မြစ်ကို။ ပါရယတိ၊ လွှမ်းမိုး၏။ ဝါ၊ ခုန်ကျော်၏။

နဒီယာ၊ မြစ်ကို။ ပါရာ၊ လွှမ်းမိုးသောသိမ်တည်း။ ဝါ-ခုန်ကျော်သော သိမ်တည်း။ နဒီပါရာ၊ မြစ်ကိုလွှမ်း[illegible]သောသိမ်။ ဝါ-မြစ်ကိုခုန်ကျော်သော သိမ်။ တံနဒီပါရံ၊ ထိုမြစ်ကိုလွှမ်း[illegible]ကျော်သောသိမ်ကို။ နဒီ၊ မြစ်ကို။ **အ**ဧ္ဏီဝတ္ထုရမာနံ၊ လွှမ်းမိုးခုန်[illegible]သောသိမ်ကို။ ဣတိ၊ ဤသည်ကား။ **အ**ယ၊ ထိုနဒီပါရံဟူသောပုဒ်၏။ **အ**ဓိ**ပ**္ပာ၊ **အ**နက်ဘည်း။ (ဤကား ရင်း**အ**ဋ္ဌကထာ၏**အ**နက်)။

အဓိပ္ပာယ်ကား နိမိတ်ကြားသောရဟန်းသည် မြစ်ကိုခြေမြှောင့်ဖြတ်၍ ကူးသည်ဖြစ်စေ၊ လှေဖြင့်ကူးသည်ဖြစ်စေ၊ တံတားဖြင့်ကူးသည်ဖြစ်စေ၊ သိမ် နိမိတ်သည်ကား ဤမှာဘက်ကမ်းနိမိတ်၌ ထိုမှာဘက်ကမ်းနိမိတ်သို့ ရောက် **အ**ောင် နိမိတ်ကြားသောရဟန်း ကူးသွားသကဲ့သို့ ကူးသွားသည် မဟုတ်။ မြစ်တခုလုံးကို လွှမ်းမိုးခုန်လွှားကျော်လွန်၍သာ ပေါင်တံခြေရှုခြင့်ရေမြောင်း ကိုခုန်ကျော်၍သွားသော သူကဲ့သို့လိုက်၏။ ထိုနိမိတ်လိုက်သည် **အ**တိုင်းသာ သိမ်ကလည်း ကမ္မဝါစာဖြင့် ထိုမြစ်ကိုလွှမ်းမိုးခုန်လွှား ကျော်လွန်၍သာ မြစ်၏ထိုမှာသက်ကမ်း ဤမှာဘက်ကမ်း နှစ်ဘက်ခွဲသက်ဝင်၍ တည်ပါသည် ဟူလုံ။

ဤနဒီပါရသိမ်ခွဲ မြစ်သည်ကား ဗဒ္ဓသိမ်မဟုတ် နဒီသိမ်သာဖြစ် ပါသည်။

ဤနဒီပါရသိမ်ကို သာမုတ်ပုံကား- မြစ်၏ထိုမှာဘက်ကမ်း ဤမှာဘက် ကမ်း နှစ်ဘက်တို့ခွဲ မိမိအလိုရှိသည်လောက် **အ**ကျယ်**အ**ပိုင်း**အ**ခြားကို မှန်းထား၍ မြစ်၏ကမ်းတဖက်တဖက်ခွဲ ကမ်းစပ်နှာ ခွဲကပ်၍ထား.ရသော နိမိတ်နှင့်လုံး၊ လိုသလောက် **အ**ပိုင်း**အ**ခြား၏**အ**ဆုံးခွဲထားရသော နိမိတ်နှစ်လုံး**အ**ားဖြင့်(၄) လေးလုံ စီ၊ ကမ်းနှစ်ဖက်ပေါင်းမသာ (၈)ရှစ်လုံး၊ ဤသို့ယုတ်ဆုံး**အ**ားဖြင့် ထား၍ မြစ်၏**အ**ထက်ရေညာကမ်းနှာ**ခ**ွဲကပ်၍တည်သော နိမိတ်ကစ၍လက်ျာ ရစ်လှည့်ကာ သိမ်နိမိတ်ကြားရပါမည်။ မြစ်၏**အ**ောက်**အ**ကြေ ကမ်းနှာ**ခ**ွဲ ကပ်၍တည်သော နိမိတ်သို့ရောက်၍ ကြုံ့ပြီးသော**အ**ခါ ကျန်တဖက်ကမ်းသို့ ကူးသွား၍ တဖက်ကမ်းက နောက်ဆုံးကြားခဲ့ပြီးသော နိမိတ်နှင့် တည့်တည့် ရှေးရှုမြစ်ကမ်းနှာ**ခ**ွဲကပ်၍တည်သော နိမိတ်ကစ၍ လက်ျာရစ်လှည့်လည်ကာ

ကြားရပါမည်။ မြစ်၏အထက်အညာ မ်ားနားဌာနကပ်၍တည်သော နိမိတ်သို့ ရောက်၍ ကြားပြီးသောအခါ နိမိတ်ချင်းစပ်စေရန် တဖက်ကမ်းသို့တဖန် ကူးသွား၍ ရှေးဦးအစဌာနကြားခဲ့ပြီး မြစ် ဆက်အသားကမ်းနားဌာနကပ်၍တည်သော နိမိတ်ကို တဖန်ထပ်၍ကြားရပါဦး ။

ထိုကြောင့် မဟာဝါအဋ္ဌကထာ၌-

ဣမဉ္စ ပန နဒီပါရသိမံ သမ္မန္နန္တေန ဇကသ္မိံ တီရေ ဌတ္ဝာ ဥပရိ သေးတေ နဒီတီရေ နိမိတ္တံ ကိတ္တေတ္ဝာ တတော ပဋ္ဌာယ အတ္တာနံ ပရိကၠိပန္တေန ယတ္တကံ ပရိစ္ဆေဒံ ဣစ္ဆတိ၊ တဿ ပရိယောသာနေ အဓောသောတေပိ နဒီတီရေ နိမိတ္တံ ကိတ္တေတ္ဝာ ပရတီရေ သမ္မုခဋ္ဌာနေ နဒီတီရေ နိမိတ္တံ ကိတ္တေတဗ္ဗံ။ ဟတော ပဋ္ဌာယ ယတ္တကံ ပရိစ္ဆေဒံ ဣစ္ဆတိ၊ တဿ ဝသေန ယာဝ ဥပရိသောတေ ပဋ္ဌမကိတ္တိတနိမိတ္တသ္မာ သမ္မုခါ နဒီတီရေ နိမိတ္တံ၊ တာဝ ကိတ္တေတ္ဝာ ပစ္ဆာဟရိတ္ဝာ ပဋ္ဌမကိတ္တိတနိမိတ္တေန သဒ္ဓိံ ဃဋေတဗ္ဗံ-ဟူ၍မိန့်ဆိုတော်မူ၏။

ပန၊ ဆက်ပါဦးအုံ့။ ဣမဉ္စနဒီပါရသိမံ၊ ဤနဒီပါရသိမ်ကိုလည်း၊ သမ္မန္နန္တေန၊ သင်္ဂီတိပြုသောရဟန်းသည်။ ဇကသ္မိံ တီရေ၊ မြစ်၏တဖက်ကမ်း၌။ ဌတ္ဝာ၊ တည်၍။ ဥပရိသောတဲ၊ အထက်ရေညာ၌။ နဒီတီရေ၊ မြစ်ကမ်းနား၌။ နိမိတ္တံ၊ ကပ်၍တည်သောနိမိတ်ကို။ ကိတ္တေတ္ဝာ၊ ကြားပြီး၍။ တတော၊ ထိုနိမိတ်မှ။ ပဋ္ဌာယ၊ အစပြု၍။ အတ္တာနံ၊ နိမိတ်ကြားသောရဟန်း၏ မိမိကိုယ်ကို။ ပရိကၠိပန္တေန၊ လက္ခဏာရစ်လှည့်လည်သဖြင့်။ ယတ္တကံ၊ အကြင်မျှလောက်သော။ ပရိစ္ဆေဒံ၊ အပိုင်းအခြားကို။ ဣစ္ဆတိ၊ အဲ့လိုရှိ၏။ တဿ၊ ထိုအပိုင်းအခြား၏။ ပရိယောသာနေ၊ အဆုံး၌။ အဓောသောတေပိ၊ မြစ်၏အောက်အကြောင်းလည်း။ နဒီတီရေ၊ မြစ်ကမ်းနား၌။ နိမိတ္တံ၊ ကပ်၍တည်သော နိမိတ်ကို။ ကိတ္တေတ္ဝာ၊ ကြားပြီး၍။ ပရတီရေ၊ တဖက်ကမ်း၌။ သမ္မုခဋ္ဌာနေ၊ တဖက်ကမ်း၌ကြားအပ်ပြီးသော နိမိတ်၏ရှေ့ရှုတည့်တည့်အရပ်၌။ နဒီတီရေ၊ မြစ်ကမ်းနား၌။ နိမိတ္တံ၊ ကပ်၍တည်သောနိမိတ်ကို။ ကိတ္တေတဗ္ဗံ၊ ကြားအပ်၏။ တတော၊ ထိုနိမိတ်မှ။ ပဋ္ဌာယ၊ စ၍။ ယတ္တကံ၊ အကြင်မျှလောက်

သော။ ပရိစ္ဆေဒံ၊ **အ**ပိုင်းအခြားကို။ ဣစ္ဆတိ၊ **အ**လိုရှိ၏။ တဿ၊ ထိုအပိုင်းအခြား၏။ ဝသေန၊ အုစ္ဓမ်းဖြင့်။ ယာဝ၊ အကြင်မျှလောက်။ ဥပရိသောတော၊ မြစ်၏**အ**ထက်ရေညာ၌။ ပဌမကိတ္တိတနိမိတ္တာဿ၊ တဖက်ကမ်း၌ ရှေးဦးစွာ ကြား**အ**ပ်ပြီးသောနိမိတ်၏။ သမ္ဘုဒ္ဓ ။ တည့်တည့်ရှေ ရှုတည့်သော။ နဒီတီရေ၊ မြစ်ကမ်း**နာ**း၌၊ နိမိတ္တံ၊ ကပ်၍တည်သောနိမိတ်**သ**ည်။ ဒ္ဒတ္တိ၊ ရှိ၏။ တာဝ၊ ထိုမျှ**လော**က်။ ကိတ္တေတ္ဝာ၊ ကြားပြီး၍။ ပစ္စာဟရိတ္ဝာ၊ **တ**ဖန်ကူးခဲ့၍။ ပဌမ ကိတ္တိတနိမိတ္တေန၊ ရှေးဦး**အ**စ၌ ကြား**အ**ပ်ပြီးသော နိမိတ်နှင့်။ သဒ္ဓိ ၊ တက္ခ။ ဃဋ္ဋေတဗ္ဗ ၊ စပ်စေ**အ**ပ်၏။ (ဤ**ကာ**း ၎င်းအဋ္ဌကထာ၏**အ**နက်။)

ဤသို့ ပြဆို**အ**ပ်ပြီးသောနည်းဖြင့် နိမိတ်များကိုကြားပြီးလျှင် မြစ်၏ကမ်းနှစ်ဖက်၌ ဂါမသိမ်ဟုခုစီဖြစ်အံ့၊ ရဟန်းတို့စည်း**ဝေ**းထိုင်နေ**ရာ** ကမ်းဘက်ကဂါ**မ**ခေတ်ဂါ**မ**သိမ်တွင်းရှိ**ရ**ဟန်းတို့ကို ဟတ္ထပါသ်သို့ပင့်ဆောင်၍ရင်း မလာနိုင်သော် ထိုရဟန်းတို့၏ ဆန္ဒကိုဆောင်၍ရင်း ကမ္မဝါစာဖြင့်ရှတ်ဖတ်၍ သိမ်ကို ဖွဲ့**သ**မုဒ်**ရ**ပါမည်။

ဤ၌သမာနသံဝါသကသိမ်ကို သမုတ်သောအခါ ရဟန်းတို့စည်း**ဝေ**း၍ သမုတ်ရာကမ်းမှ တဖက်ကမ်း၌တည်ရှိသော ရဟန်းတို့ကို သိမ်ကဲ့၍ တသိမ်စီ ဖြစ်လေ**သော**ကြောင့် ဟတ္ထပါသ်သို့ပင့်ဆောင်ရန် ထိုရဟန်.တို့၏ ဆန္ဒကို ဆောင်ရန်မလို။ **အ**ဝိပ္ပဝါသသိမ်ကိုထပ်၍ သမုတ်ရာ၌**ကာ**း သမုတ်**အ**ပ်ပြီးသော သမာနသံဝါသက သိမ်သင်း၍ တသိမ်တည်းဖြစ်သွားလေ**သော**ကြောင့် မြစ်၏ ကမ်းနှစ်ဖက်နိမိတ်၏ **အ**တွင်း၌တည်သော ရဟန်းတို့ကို ဟတ္ထပါသ်သို့ဆောင်၍ ရင်း မလာနိုင်သော် ထိုရဟန်းတို့၏ဆန္ဒကိုဆောင်၍ရင်း သမုတ်ရ**ပ**ါ**မ**ည်။

မြစ်၏ ကမ်းနှစ်ဖက်လုံး၍ ဂါ**မ**ခေတ်ဂါ**မ**သိမ်တခုစီ**ရ**ည်းသာ ဖြစ်ခဲ့အံ့၊ ပဌမသာမာနသံဝါသကသိမ်ကို သမုတ်ရာ**အ**ခါ၌ပင်လျှင် ကမ်းနှစ်ဖက်လုံး ဂါ**မ**ခေတ် ဂါ**မ**သိမ်**အ**တွင်း၌ တည်ရှိ**သ**ော် ရဟန်းတို့ကို ဟတ္ထပါသ်သို့ ပင့်ဆောင်၍ရင်း ထိုရဟန်းတို့၏ ဆန္ဒကိုဆောင်၍ရင်း သမုတ်ရ**ပ**ါ**မ**ည်။ မြစ်၌တည်သော ရဟန်းတို့သည်**ကာ**း သိမ်သမုတ်ကမ်းကိုပြုရာ**သ**ို့ မလာကုန်သော်**လ**ည်း သိမ်မတူ**ဘ**ဲ သိမ်ကဲ့**လေ**သောကြောင့် သိမ်သမုတ်ကမ်း၏ ဖျက်ဆီးနိုင်ကြ**ပ**ါ။ သိမ်ကို သမုတ်ပြီးသည်၏ဇရဆုံး၌ မြစ်ကိုချန်ထား၍ မြေ၏ထိုမှာ**ဘ**က် ဤမှာ

ဘက်ကမ်း နှစ်ဖက်နိမိတ်တို့၏အတွင်းခ္ဍ သမ်မသက်ရောက်၍ တသိမ်ဘည်းသာ ဖြစ်ပါကေဝှသည်။ မြစ်သည်ကား ဗဒ္ဓသိမ်မဟုတ် နဒီသိမ် အသီး အခြားသာဖြစ်ပါသည်။

ထို့ကြောင့် ရှင်းမဟာဝေါ အဋ္ဌကထာခ္ဍ-

အဏ သဗ္ဗနိမိတ္တာနံ အန္တော ဌိတေ ဘိက္ခု၊ ဟတ္ထပါသဂတေ ကတ္တာ ကမ္မဝါစာယ သီမာ သမ္မနိတဗ္ဗာ။ နဒိယံ ဌိတာ အနာဂတာပိ ကမ္မံ နကောပေန္တိ။ သမ္မုတိပရိယောသာနေ ဌပေတ္တာ နဒီနိမိတ္တာနံ အန္တော ပါရိမတိရေစ ဩရိမတိရေစ ဧကသီမာ ဟောတိ။ နဒီ ပန ဗဒ္ဓသီမာသင်္ခ်ံ နဲဂစ္ဆတိ၊ ဝိသုံ နဒီသီမာဧေ ဟိ သာ-ဟူ၍ မိန့်ဆိုတော်မူ၏။

အထ၊ ထိုသို့နိမိတ်တို့ကိုကြားပြီးသည်မှနောက်ကားပေါ့ခ္ဍ။ သဗ္ဗနိမိတ္တာနံ၊ အလုံးစုံသောနိမိတ်တို့၏။ အန္တော၊ အတွင်းခ္ဍ။ ဌိတေ၊ တည်ကုန်သော။ ဘိက္ခု၊ ရဟန်းတို့ကို။ ဟတ္ထပါသဂတေ၊ ဟတ္ထပါသ်ခ္ဍတည်သည်တို့ကို။ ကတ္တာ၊ ပြု၍။ ကမ္မဝါစာယ၊ ကမ္မဝါစာဖြင့်။ သီမာ၊ သိမ်ကို။ သမ္မန္နိတဗ္ဗာ၊ သမုတ်အပ်၏။ နဒိယံ၊ မြစ်ခ္ဍ။ ဌိတာ၊ တည်ကုန်သောရဟန်းတို့သည်။ အနာဂတာပိ၊ မလာကုန်သော်လည်း။ ကမ္မံ၊ သီမာသမ္မုတိကမ်ကို။ နကောပေန္တိ၊ မဖျက်ဆီးနိုင်ကုန်။ သမ္မုတိပရိယောသာနေ၊ သိမ်ကို သမုဒ်ပြီးသည်၏အဆုံးခ္ဍ။ နဒီ၊ မြစ်ကို။ ဌပေတ္တာ၊ ချန်ထား၍။ နိမိတ္တာနံ၊ နိမိတ်တို့၏။ အန္တော၊ အတွင်းခ္ဍ။ ပါရိမတိရေစ၊ ထိုမှာဘက်ကမ်းခ္ဍရင်း။ ဩရိမတိရေစ၊ ဤမှာတက်ကမ်းခ္ဍရင်း။ ဧကသီမာ၊ တသိမ်ဘည်းသည်။ ဟောတိ၊ ဖြစ်၏။ နဒီပန၊ မြစ်သည်ကား။ ဗဒ္ဓသီမာသင်္ခ်ံ၊ ဗဒ္ဓသိမ်အရေအတွက်သို့။ နဂစ္ဆတိ၊ မရောက်။ ဟိ၊ မူန်၏။ သာ၊ ထိုမြစ်သည်။ ဝိသုံ၊ အသီးအခ်ခြား။ နဒီသီမာဧေ၊ နဒီသိမ်သာလျှင်တည်း။ (ဤကား ရှင်းအဋ္ဌကထာ၏အနက်။)

အထ သဗ္ဗနိမိတ္တာနံ အန္တောဌိတေ ဘိက္ခု၊ ဟတ္ထပါသဂတေ ကတ္တာ-ဟူ၍သော ဤကဋ္ဌကသာခ္ဍ ဋီကာဆရာတို့ကား၊ တခုဘည်းသော ဂါမခေတ်ခ္ဍ တည်သော မြစ်ဖြစ်အံ့၊ ကမ်းနှစ်ဖက်နိမိတ်တို့၏ အဘွင်းခ္ဍ တည်ရှိသောရဟန်းတို့ကို ဟတ္ထပါသ်သို့ပင့်ဆောင်၍ သမုဒ်ရမည်။ ကမ်းဘဖက်တဖက်ခ္ဍ ဂါမခေတ်တခုစီ

ဖြစ်အံ့၊ သမာနသံဝါသကသီမ်ကို သမုတ်ရာအခါ၌ တဖက်ကမ်း၌တည်ရှိသော ရဟန်းတို့သည် သိမ်သမုတ်ကမ်ကိုပြုရာ တဖက်ကမ်းသို့မလာသော်လည်း ကမ်မပျက်၊ ကမ်ကိုပြုခြင်းငှာအပ်၏။ အဝိပ္ပဝါသသိမ်ကို သမုတ်ရာအခါ၌ကား ကမ်းနှစ်ဖက်လုံး၌ နိမိတ်၏အတွင်း၌တည်ရှိသောရဟန်းတို့ ကမ်ပြုရာဟု ဘွဲ့ပါသ်သို့ အကဲနှိုင်းလာကြရမည်ဟု မိန့်ဆိုကြ၏။

ထိုအကြောင်းကို ဝဇီရဗုဒ္ဓိဋီကာ၌–

သစေ ကေံ ဂါမခေတ္တံ သဗ္ဗနိမိတ္တာနံ အန္တော ဌိတေ ဘိက္ခူ ဟတ္ထပါသဂတေ ကတ္တာ သမ္မန္နိတဗ္ဗာ။ နာနာဂါမခေတ္တံ စေ၊ အနာဂမနမ္ပိ ဝဋ္ဋတိ-ဟူ၍ မိန့်ဆိုတော်မူ၏။
တေရသကဏ်ဋီကာ၌လည်း–

သဗ္ဗနိမိတ္တာနံ အန္တော ဌိတေ ဘိက္ခူ ဟတ္ထပါသဂတေ ကတ္တာတိ ဧတ္ထ သစေ ကေံဂါမခေတ္တံ ဟောတိ၊ ဥဘောသု တီရေသု သဗ္ဗနိမိတ္တာနံ အန္တော ဌိတေ ဘိက္ခူ ဟတ္ထပါသဂတေ ကတ္တာ သမ္မန္နိတဗ္ဗာ။ နာနာဂါမခေတ္တေ သမာနသံဝါသက သီမာပဋ္ဌနကာလေ အနာဂန္တုမ္ပိ ဝဋ္ဋတိ၊ အဝိပ္ပဝါသသီမာသမ္မုတိယံ ပန အာဂန္တုဗေမ-ဟူ၍ မိန့်ဆိုတော်မူ၏။

ကေံဂါမခေတ္တံ၊ တခုတည်းသော ဂါမခေတ်သည်။ သစေဟောတိ၊ အကယ်၍ဖြစ်အံ့။ သဗ္ဗနိမိတ္တာနံ၊ အလုံးစုံမြစ်ကမ်းနှစ်ဖက်၌တည်ကုန်သော နိမိတ်တို့၏။ အန္တော၊ အတွင်း၌။ ဌိတေ၊ တည်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဟတ္ထပါသဂတေ၊ ဟတ္ထပါသ်သို့ရောက်သည်တို့ကို။ ကတ္တာ၊ ပြု၍။ သမ္မန္နိတဗ္ဗာ၊ သမုတ်အပ်၏။ နာနာဂါမခေတ္တံ၊ အသီးသီးသောဂါမခေတ်သည်။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။ အနာဂမနမ္ပိ၊ မလာဘဲနေသော်လည်း။ ဝဋ္ဋတိ၊ ကမ်ကို ပြုခြင်းငှာအပ်၏။ (ဤကား ဝဇီရဗုဒ္ဓိဋီကာ၏အနက်။)

သဗ္ဗနိမိတ္တာနံ အန္တောဌိတေဘိက္ခူ ဟတ္ထပါသဂတေကတ္တာတိဧတ္ထ၊ သဗ္ဗနိမိတ္တာနံ အန္တောဌိတေဘိက္ခူ ဟတ္ထပါသဂတေကတ္တာ-ဟူသော အဋ္ဌကထာ၌။ ကေံဂါမခေတ္တံ၊ တခုတည်းသောဂါမခေတ်သည်။ သစေဟောတိ၊ အကယ်၍ဖြစ်အံ့။ ဥဘောသု၊ နှစ်ဘက်ကုန်သော။ တီရေသု၊ ကမ်းတို့၌။ သဗ္ဗနိမိတ္တာနံ၊

အလုံးစုံသောနိမိတ်တို့၏။ အနေ့ဟ၊ အတွင်းဌ။ ဌဟေ၊ တည်ကုန်သော။ ဘိက္ခု၊ ရဟန်းတို့ကို။ ဟဘ္ဌပါ၊သဂ၊လေ၊ ဟဘ္ဌပါသ်သို့သာဇရောက်သည်တို့ကို။ ကတ္ဝာ၊ ပြု၍။ သမ္မနှိတဗ္ဗာ၊ သမုဒ်အာ၏၊ နာနာဂါမခေတ္တံ၊ အသီးသီးသောဂါမခေတ်သည်။ စေဟောဘိ၊ အကယ်၍ဖြစ်အုံ။ သမာသံဝါသကသီမာဗဒ္ဓနကာလေ၊ သမာနသံဝါသကသိမ်ကို ဖွဲ့သမုတ်ရာအခါ၌။ အနာဂန္တုမ္ပိ၊ မလာဘဲနေခြင်းငှာလည်း။ ဝဋ္ဋတိ၊ အပ်၏။ အဝိပ္ပဝါသ သီမာ သမ္ဘုတိ ယံပန၊ အဝိပ္ပဝါသသိမ်ကို သမုတ်ရာအခါ၌ကား။ အာဂန္တုဗဗမေဝ၊ လာရမည်သာတည်း။ (ဤကား တေရသကဏ္ဍီကာ၏အနက်။)

ဤ၌ ညောင်လွန်တောရဆရာတော်ကား ဤဋီကာဆရာတို့၏ ဝါဒသည် ဂါမခေတ်တခုတည်းဖြစ်မူ နိမိတ်တို့၏အတွင်းသာမက ထိုဂါမခေတ် ဒိုင်နယ်တခုလုံး၌ တည်ရှိသောရဟန်းတို့ကို သိမ်းယူရမည်ဖြစ်သောကြောင့် အသင့်ယုတ်မရှိပါ။ ဤ သဗ္ဗနိမိတ္တာနံ အနေ့ဟ ဌတေ ဘိက္ခု ဟတ္ထပါသဂတေ ကတ္ဝာ-ဟူသော စကားရပ်ကိုကား ရဟန်းတို့စည်းဝေးထိုင်နေ၍ သိမ်သမုတ်ကမ်ကိုပြုရာ ဤမှာဘက်ကမ်းကိုရည်၍ ဆိုသည်မဟုတ်။ ကမ်းနှစ်ဖက်အရပ်သည် ဂါမခေတ်တခုတည်းမဟုတ်၊ အသီးသီး ဂါမခေတ်တခုစီ ဖြစ်လေသောကြောင့် ထိုမှာဘက်ကမ်း နိမိတ်၏အတွင်း၌ တည်ရှိသောရဟန်းတို့ကို ရည်၍ဆိုပါသည်။ အကယ်၍ ကမ်းနှစ်ဖက်လုံးသည် ဂါမခေတ်တခုတည်းဖြစ်ခဲ့ပါမူ ဟတ္ထပါသ်သို့ ပင့်ဆောင်ရမည်ကိုသာ မဆိုမူ၍ တသိမ်ဘည်းဖြစ်၍ ဆန္ဒလည်း လိုက်သောကြောင့် ဆန္ဒကို ဆောင်ရမည်ကိုလည်း ဆိုသင့်ပါသည်။ ဆိုကားမဆို၊ မဆိုသောကြောင့် ထိုမှာဘက်ကမ်း နိမိတ်၏အတွင်း၌ တည်ရှိသောရဟန်းများသည် သိမ်ကဲ့ရာ၌ တည်ရှိသော ရဟန်းများ ဖြစ်ကြကုန်၍ ပဌမသမာနသံဝါသကသိမ်ကို သမုတ်ရာအခါ၌ သိမ်သမုတ်ရာသို့လည်သော်၎င်း မလာဘဲနေသော်၎င်း အပြစ်မရှိအပ်သည်သာ။ အဝိပ္ပဝါသသိမ်ကို သမုတ်ရာအခါ၌ကဲ့သို့ စင်စစ်လာရမည်သာ။ မလာနိုင်လျှင် ရှေးအခါက ထိုမှာဘက်ကမ်း၌ သိမ်ကဲ့၍ ဆန္ဒမလိုက်။ ယခု သမာနသံဝါသကသိမ်ကို သမုတ်ပြီးသည်၏နောက်၌ကား ကမ်းနှစ်ဖက် နိမိတ်တို့၏အတွင်း၌ တသိမ်ဘည်း ဖြစ်သွားလေပြီဖြစ်၍ ဆန္ဒ လိုက်သောကြောင့် ဆန္ဒကိုသော်လည်း ဆောင်ရလိမ့်မည်။

ထို့ကြောင့် ထိုမှာဘက်ကမ်း နိမိတ်၏အတွင်းခံ တည်ရှိသော ရဟန်းတို့ကိုရည်၍ အထ သဗ္ဗနိမိတ္တာနံ အနေ္ဓာ ဌိတ ဘိက္ခု။ ဟတ္ထပါဒေသ ကတ္ဘာ-ဟူသော စကားကို အဋ္ဌကထာဆရာ မိန့်ဆိုပါသည်။ ရဟန်းတို့ကြည်းဝေး ထိုင်နေ၍ သိမ်သမုတ်ကမ်းကိုပြုရာ. ဤမှာဘက်ကမ်းခံ တည်ရှိသောရဟန်းတို့ကို သိမ်းပုံကိုကား အောက်ခံ ဂါမဋေဒတ်နှစ်ခုကိုလွှမ်းမိုး၍ သမုတ်အပ်သောသိမ်ကပြဆိုအပ်ခဲ့ပြီးဖြစ်၍ ထိုကို နည်းမှီ၍ သိလောက်ပြီဖြစ်သောကြောင့် မပြဆိုတော့ဘဲ ထိုမှာဘက်ကမ်း နိမိတ်အတွင်းခံ တည်ရှိသော ရဟန်းတို့ကို သိမ်းပုံကိုသာ အကျဉ်းအားဖြင့်ချုံး၍ အဋ္ဌကထာမိန့်ဆိုပါသည်။ အဋ္ဌကထာ ဋီကာတို့၏ သဘောဝမူတာသည် ရှေးက အကျယ်ခဲ့၍ဖွင့်ပြခဲ့ပြီးဖြစ်လျှင် နောက်ခံ အကျယ်ကို မဖွင့်ပြတော့ဘဲ အကျဉ်းအားဖြင့်သာ ပြဆိုမြဲဖြစ်ပါသည်။

ယောဇနာခံကား—

ဟတ္ထပါသဂတေ ကတ္ဘာတိ ဣဒံ သဗ္ဗံ ဧကံ ဂါမခေတ္တံ ဗျာပေတ္ဝာ သမ္မန္နိ တဘာဝံ သန္ဓာယ ဝုတ္တံ။ သစေ သကလဂါမခေတ္တံ အဗျာပေတ္ဝာ ဧကေဒေသေ သမ္မန္နိ တာ ဟောတိ၊ နိမိတ္တေ ဘာ ဗဟိ ဌိတေ ဘိက္ခု။ ဟတ္ထပါသဂတေ ကတ္ဘာ သမ္မန္နိတဗ္ဗာ-ဟူ၍ မိန့်ဆိုတော်မူ၏။

ဟတ္ထပါသဂတေကတ္ဘာတိဣဒံ၊ ဟတ္ထပါသေကတ္ဘာဟူသော ဤစကားကို။ သဗ္ဗံ၊အလုံးစုံသော။ ဧကံဂါမခေတ္တံ၊တခုသောဂါမခေတ်ကို။ ဗျာပေတ္ဝာ၊ ပျံ့နှံ့စေ၍။ သမ္မန္နိတဘာဝံ၊ သမုတ်အပ်သည်၏အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ အာဃရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ သကလဂါမခေတ္တံ၊ အလုံးစုံသော ဂါမခေတ်ကို။ အဗျာပေတ္ဝာ၊ မပျံ့နှံ့စေမူ၍။ ဧကေဒေသေ၊ တစိတ်ဘဒေသ၌။ သမ္မန္နိဘာ၊ သမုတ်အပ်သည်။ သစေ၊ ဟောတိ၊ အကယ်၍ဖြစ်အုံ။ နိမိတ္တတော၊ နိမိတ်မှ။ ဗဟိ၊ အပြင်ပ၌။ ဌိတေ၊ တည်ကုန်သော။ ဘိက္ခု။ ရဟန်းတို့ကို။ ဟတ္ထပါသဂတေ၊ ဟတ္ထပါသ်သို့ လာရောက်သည်တို့ကို။ ကတ္ဘာ၊ ပြု၍။ သမ္မန္နိတဗ္ဗာ၊ သမုတ်အပ်၏။ (ဤ ဘား ၎င်း ယောဇနာ၏ အနက်။)

ဤ ယောဇနာဆရာ၏ စကားသည်လည်း အကယ်၍ ကမ်းနှစ်ဖက်ဦ၇ါမခေတ် တခုလုံးကို ပို့ချနှံ့စေ၍ နိမိတ်တို့ကိုကြား၍ သမုတ်အပ်သောသိမ် ဖြစ်ခဲ့၇ါလျှင် ဟတ္ထပါသာ၊ ဘကဘာ ဟူ၍ သာ၊ဆိုဘဲ ဟတ္ထပါသံ၀ါဆန္ဒံ ၀ါအာဟာရိတာ ဟူ၍ ဆိုသင့်ပါသည်။ ဤသို့ကား မဆိုပါ။ မဆိုသောကြောင့် အသင့်ယုတ္တိမရှိ။ ထို၊ကြောင့် ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ၇ါ၊ခေတ်နှစ်ခုဦ၇ တည်၊သော ကမ်းနှစ်ဖက်ကို လွှမ်းမိုး၍ သမုတ်အပ်သော နဒီပါရသိမ်ဖြစ်၍ ထိုမှာဘက်ကမ်းနိမိတ်၏ အတွင်း၌တည်ရှိသော ရဟန်းများကို ဟတ္ထပါသ်သို့ ပင့်ဆောင်ရမည်ကိုသာ ရည်၍ဆိုသည်ဟု မှတ်ယူရမည်ဟု အမိန့်ရှိတော်မူ၏။

ဤ၀ါဒတို့ဘင် နောက်ဖြစ်သော ညောင်လွန်တောရ ဆရာတော်၏ ၀ါဒသည်သာလျှင် ရှေးဦးပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာ၌ မဟာပဒုမထေရ်၏ ၀ါဒနှင့်ညီညွတ်သော၊ကြောင့် သင့်မြတ်၏ဟု ၇ါတို့မှတ်ထင်ပေ၏။

ထို့အပြင် ဤ နဒီ၊ါရသိမ်ကို သမုဒ္ဒရာ၌ မြစ်၏ကမ်းနား၌ကပ်၍ ကမ်းနှစ်ဖက်တို့ဦ၇ နိမိတ်ကိုမထားမူ၍ ထိုမှာဘက်ကမ်း ဤမှာဘက်ကမ်းသိမ်၏ အဆုံး၌ သာ နိမိတ်ကိုထား၍ သမုတ်မူကား ဤနဒီပါရသိမ် နိမိတ်တို့မည်သည် ခုနှစ်ကျော်၍သာ လိုက်သောကြောင့် သိမ်မအောင်မြင်နိုင်ပါ။ အဋ္ဌကထာ၌ နဒီတီရေနိမိတ္တံဟူ၍ မိန့်ဆိုသောကြောင့် မြစ်၏ကမ်းဆုံးနား၌ မြစ်နှင့်စပ်၍ နိမိတ်ကို ထားရပါမည်။ သို့သော် နှစ်တောင်သုံးတောင်ခန့်မျှ ကွာနေရာ၌ကား ၊ ၇င်းအတွင်း ;စ်ကမ်းနား နိမိတ်ကိုထား၊သောကြောင့် အောင်မြင်နိုင်ပါ၏ဟု ၇င်း ညောင်လွန်တောရဆရာတော် အမိန့်ရှိ-တော်မူ၏။ ပျော်ဘွယ်မြို့ ကန်မြင့်တောရ ဆရာ၊ဘော်ကား ခုနှစ်ကျော်၍ သာ လိုက်၊သောကြောင့် နှစ်တောင်သုံးဘောင်မျှ ခွါ၍ သား၊ရ။ မြစ်နှင့်စပ်၍သာ ထားရမည်ဟု အမိန့်ရှိတော်မူ၏။

ထိုအပြင်လည်း ဤ နဒီ၊ါရသိမ်ကို သမုဒ္ဒရာ၌ မြစ်၏ထိုမှာဘက်ကမ်း ဤမှာဘက်ကမ်း နှစ်ဖက်လုံး၌ (၂၁) နှစ်ကျိပ်တ၊ယောက် စည်း၀ေး ထိုင်နေလောက်အောင် ကျယ်မှသာ သိမ်အောင်မြင်နိုင်ပါသည်။ မြစ်ကမ်းတဖက်ဖက်၌ (၂၁) နှစ်ကျိပ်ဘယောက် စည်း၊၀ေးထိုင်နေလောက်အောင် မ၊ကျယ်ဘဲ ကျဉ်းငယ်နေပါမူ သိမ်မ၊အောင်မြင်နိုင်ပါဟု ၇င်း ညောင်လွန်တောရဆရာတော်

အမိန့်ရှိတော်မူ၏။ ဤစကားလည်း သာ ဟေဌိမပရိစ္ဆေဒေန သစေ ကေ ဝိသတိဘိက္ခု၊ ဂဏ္ဍုတိ ဝဋ္ဋတိ၊ **တ**ေတာ သြရံ နဝဋ္ဋတိ- ဟူသော **အ**ဌကထာနှင့် ညီညွတ်သောကြောင့် သင့်မြတ်လှသည်သာ။

နဒီယံ ဌိတာ **အ**နာဂတာပိ ကမ္မံ နကောပေန္တိ–ဟူသော အဌကထာနှင့် စပ်၍ ထိုမြစ်**၏**အောက်မြေ၏ အတွင်း၌ တန်ခိုးဖြင့် ဝင်နေသော ရဟန်းသည် ထိုသီမသမ္မုတိကမ်းကိုဖျက်ဆီးနိုင်**၏**ဟု ဝဇိရဗုဒ္ဓိကာ၌ ဝဒန္တိဝါဒကို ပြုဆိုတော်မူ**၏**။

ထိုအကြောင်းကို–

နဒီယာ ဟေဌာ နိသိန္နဘိက္ခု၊ ကမ္မံ ကောပေတိ၊ ဥပရိယေဝ ဟိ နဒီ ဟောတိတိ ဝဒန္တိ–ဟူ၍ မိန့်ဆိုတော်မူ**၏**။

နဒီယာ၊ မြစ်**၏**။ ဟေဌာ၊ အောက်၌။ နိသိန္နဘိက္ခု၊ တန်ခိုးဖြင့် ဝင်နေသော ရဟန်းသည်။ ကမ္မံ၊ သီမသမ္မုတိကမ်းကို။ ကောပေတိ၊ ဖျက်ဆီးနိုင်**၏**။ ဟိသစ္စံ၊ မှန်**၏**။ ဥပရိယေဝ၊ မြေ**၏**အထက်၌သာလျှင်။ နဒီ၊ မြစ်သည်။ ဟောတိ၊ ဖြစ်**၏**။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ မိန့်ဆိုကြကုန်**၏**။ (ဤကားဂင်းဌီကာ**၏**အနက်။)



ဤ၁၀ဒသည်လည်း မြစ်**၏**အောက်မြေ၌ ရပ်သည် ဂါမပင်ပြစ်သောကြောင့် သင့်မြတ်သည်သာဟု ညောင်လွန်တောရ ဆရာတော် **အ**မိန့်ရှိတော်မူ**၏**။

ပုံ ၄၉။ ။

ဤပုံကားပြဆိုအပ်ခဲ့ပြီးသော **အ**ဌကထာ

မှ ရအပ်သောမြစ်၏ ထိုမှာဘက်ကမ်း ဤမှာဘက်ကမ်းတို့၌ အလိုရှိသလောက် နိမိတ်တို့ကိုထား၍ ကြားကာ သမုတ်အပ်သော နဒီပါရသိမ်ပုံဖြစ်ပါသည်။

ဤနဒီပါရသိမ်၏ နိမိတ်တို့ကို ကြားရာ၌ အမှတ်ပြုသားသည်အတိုင်း (၁) တစ်နံပါတ်ကစ၍ အစဉ်အတိုင်း လက္ခဏာရစ်လှည့်လည်၍ ကြားရပါမည်။

ဆက်ပါဦးအံ့ မြစ်၏အတွင်း၌ ကျွန်းငယ်သည့် သမုတ်အပ်လတံ့သော သိမ်အတိုင်းအရှည်ဆယ် မလွန်မယုတ် တည်ရှိသည်ဖြစ်၍ ထိုကျွန်းငယ်ကိုပါ သိမ်၏အဘွင်ပြု၍ သမုတ်လိုပါမူ ထိုကျွန်းပေါ်၌လည်း မြစ်နှင့်စပ်၍ ဤမှာဘက်၌ အထက်အောက်နှစ်လုံး ထိုမှာဘက်၌ အထက်အောက် နှစ်လုံး အားဖြင့် အနည်းဆုံး နိမိတ်လေးလုံးထား၍ကြားကာ သမုတ်ရပါ၏။ နိမိတ်ကြားပုံမှာကား ရှေး၌ ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မြစ်၏ ဤမှာဘက် အထက်အညာကမ်းနားနိမိတ်ကစ၍ လက္ခဏာရစ်လှည့်လည်ကာ မြစ်၏အောက်အကြေ ကမ်းနားနိမိတ်တိုင်အောင် ကြားပြီးသောအခါ ကျွန်းပေါ်သို့ကူးတက်၍ ကြားအပ်ခဲ့ပြီးသော မြစ်ကမ်းနားနိမိတ်နှင့် တည့်တည့် ရှေးရှုတည်သော နှစ်လုံးသော နိမိတ်တို့ကို အစဉ်အတိုင်း ကြားရပါမည်။ ကြားပြီးလျှင် ကျွန်မြစ်တဖက်ကမ်းသို့ ကူးတက်၍ ထိုကျွန်းပေါ်မှ ကြားခဲ့ပြီးသော နိမိတ်နှင့်တည့်တည့် ရှေးရှုတည်သော မြစ်၏အောက်အကြေ ကမ်းနားနိမိတ်ကစ၍ လက္ခဏာရစ် လှည့်လည်ကာ မြစ်၏အထက်အညာ ကမ်းနားနိမိတ်တိုင်အောင် အစဉ်အတိုင်း ကြားရပါမည်။ ကြားပြီးလျှင် တဖန်ကျွန်းပေါ်သို့ကူးတက်၍ ကြားအပ်ခဲ့ပြီးသော မြစ်ကမ်းနားနိမိတ်နှင့် တည့်တည့် ရှေးရှုတည်သော ကျွန် နိမိတ်နှစ်လုံးတို့ကို အစဉ်အတိုင်း ကြားရပါမည်။ ကြားပြီးလျှင် မြစ်၏ ဤမှာဘက်ကမ်းသို့ တဖန် ကူးတက်ခဲ့၍ နိမိတ်ခွင်း စပ်စေရန် အစဉ် ကြားအပ်ခဲ့ပြီးသော မြစ်၏အထက်အညာ ကမ်းနားနိမိတ်ကိုထပ်၍ ကြားရပါဦးမည်။

ထိုခြောင့် ၎င်း မဟာဝ၀ါ အဋ္ဌကထာ၌–

သစေ အန္တောနဒိယံ ဒီပကော ဟောတိ၊ တံ အဋ္ဌာသီမာယ ကာတုကာမေန ပုရိမနယေနေ၀ အတ္တနာ ဌိတဋ္ဌာနေ နိမိတ္တာနိ ကိတ္တေတ္ဝာ ဒီပကဿ ဩရိမန္တေ စ ပါရိမန္တေ စ နိမိတ္တံ ကိတ္တေတဗ္ဗံ။

အထ ပရတီရေ နဒီယာ ဩရိမတီးရ နိမိတ္တသ သမ္မုခဋ္ဌာနေ နိမိတ္တံ ကိတ္တေတ္ဝာ တဘော ပဋ္ဌာယ ပုရိမနယေနေဝ ယာဝ ဥပရိသောတေ ပဋ္ဌမကိတ္တိတနိမိတ္တသ သမ္မုခါ နိမိတ္တံ၊ တာဝ ကိတ္တေ၎ဗ္ဗံ။ အထ ဒီပံကသ ပါရိမန္တေ ဩရိမန္တေ နိမိတ္တံ ကိတ္တေတ္ဝာ ပစ္စေ၎ဟရိတ္ဝာ ပဋ္ဌမကိတ္တိဘနိမိတ္တေန သဒ္ဓိံ ဃဋဋ္ဌာဘဗ္ဗံ-ဟူ၍မိန့်ဆိုတော်မူ၏။

အခန္ဓာနဒီယံ၊ မြစ်၏အတွင်း၌။ ဒီပဓကာ၊ ကျွန်းငယ်သည်။ ဟောတိ၊ ရှိသည်ဖြင့်အံ့။ တံ၊ ထိုကျွန်းငယ်ကို။ အန္တောသိ၎ယ၊ သိမ်၏အတွင်း၌။ ကာတုကာမေန၊ ပြုလိုသောရဟန်းသည်။ ပုရိမနယေနေဝ၊ ရှေး၌ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်။ အတ္တနာ၊ မိမိသည်။ ဌိတတီရေ၊ တည်ရာကမ်း၌။ နိမိတ္တာနိ၊ နိမိတ်တို့ကို။ ကိတ္တေတ္ဝာ၊ ကြားအပ်ပြီး၍။ ဒီပကသ ကျွန်းငယ်၏၊ ဩရိမန္တေ၊ ဤမှာဘက်အစွန်း၌ရင်း။ ပါရိမန္တေ၊ ထိုမှာဘက်စွန်း၌ရင်း။ နိမိတ္တံ၊ နိမိတ်ကို။ ကိတ္တေတ္ဝာ၊ ကြားအပ်၏။ အထပစ္ဆာ၊ ထိုမှနောက်၌။ ပရတီရေ၊ တဖက်ကမ်း၌။ နဒီယာ၊ မြစ်၏။ ဩရိမတီရေ၊ ဤမှာဘက်ကမ်း၌။ နိမိတ္တသ၊ နိမိတ်၏။ သမ္မုခဋ္ဌာနေ၊ ရှေးရှေ့ဘည့်ဘည့်အရပ်၌။ နိမိတ္တံ၊ တည်ရှိသောနိမိတ်ကို။ ကိတ္တေ ၎ ၊ ကြားပြီး၍။ တဇော၊ ထိုနိမိတ်မှ။ ပဋ္ဌာယ၊ စ၍။ ပုရိမနဒယနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ ယာဝ၊ အကြင်မျှလောက်။ ဥပရိသောတေ၊ အထက်ဖြစ်သော အလျှဉ်၌။ ပဋ္ဌမကိတ္တိတ နိမိတ္တသ၊ ရှေးဦးစွာ ကြားအပ်ပြီးသော နိမိတ်၏။ သမ္မုခါနိမိတ္တံ၊ ရှေ့ရှေ့တည့်တည့်တည်သော နိမိတ် သည်၊ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ ကိတ္တေတဗ္ဗံ၊ ကြားအပ်၏။ ဩ ပစ္ဆာ၊ ထိုမှနောက်၌။ ဒီပကသ၊ ကျွန်းငယ်၏။ ပါရိမန္တေ၊ ထိုမှာ အစွန်း၌ရင်း။ ဩရိမန္တေ၊ ဤမှာဘက်အစွန်း၌ရင်း။ နိမိတ္တံ၊ နိမိတ် ကိတ္တေတ္ဝာ၊ ကြား ပြီး၍။ ပစ္စေ၎ဟရိတ္ဝာ၊ တဖန်ကူးတက်၍။ ပဋ္ဌမကိတ္တိ ခဲ့တွေ့ နေ၊ ရှေးဦးအစ၌ ကြားအပ်ခဲ့ပြီးသော နိမိတ်နှင့်။ ဃဋဋ္ဌာဘဗ္ဗံ၊ စပ်ဒ ၏။ (ဤကား ၎င်းအဋ္ဌကထာ၏ အနက်။)

ဤသို့နိမိတ်တို့ကိုကြားပြီး ဤမျှနောက်ကသင်္ဃမြစ်၏ကမ်းနှစ်ဖက်သည် ဂါမသီမ်တခုစီဖြစ်အံ့ သမာနသံဝါသကသီမ်ကို သမုတ်ရာအခါ၌ ရဟန်းတို့စည်းဝေးထိုင်နေ၍ သမုတ်ရာကမ်းကိုက ဂါမသီမ်အတွင်း၌ တည်ရှိသော

ရဟန်းတို့ကိုဂုဏ်း၊ ထိုမှာဘက်ကမ်း နိမိတ်၏ အတွင်းဌာနတည်ရှိသော ရဟန်းတို့ကိုဂုဏ်း၊ ကျွန်းငယ်သည် ဤမှာဘက်ကမ်း ဂါမသီမာဌာပါဝင်သော ကျွန်းဖြစ်အံ့၊ သမာနသံဝါသကသီမာကို သမုတ်ရာအခါ၌ ထိုကျွန်းပေါ်၌ နိမိတ်၏ အတွင်းအပ၌တည်ရှိသော ရဟန်းတို့ကိုဂုဏ်း။ ကျွန်းငယ်သည် ထိုမှာဘက်ကမ်း ဂါမသီမာဌာပါဝင်သော ကျွန်းဖြစ်အံ့။ အဝိပ္ပဝါသသီမာကို သမုတ်ရာအခါ၌ ထိုကျွန်းပေါ် နိမိတ်၏ အတွင်းဌာနတည်ရှိသော ရဟန်းတို့ကိုဂုဏ်း ဟတ္ထပါသ်သို့ ပဋ္ဌေဆောင်၍သော်ဂုဏ်း မလာနိုင်သော် ဆန္ဒကိုဆောင်၍သော်ဂုဏ်း ကမ္မဝါစာဖြင့် ရွတ်ဖတ်၍ သမုတ်ရပါမည်။ မြစ်၌တည်သောရဟန်းတို့သည် ဟတ္ထပါသ်သို့ မလာရောက်နိုင်သော်လည်း ထိုသီမသမ္မုတိကပ်ကို မဖျက်ဆီးနိုင်ပါ။ သမုတ်ပြီးသည်၏အဆုံး၌ မြစ်ကိုချန်ထား၍ နိမိတ်ကို အတွင်းကမ်း နှစ်ဖက်သည်ဂုဏ်း ကျွန်းငယ်သည်ဂုဏ်း တလုံးတည်းသောသီမာ ဖြစ်ပါတော့သည်။ မြစ်သည်ကား အသီးအခြားသော နဒီသီမာလျှင် ဖြစ်ပေ၏။

ထိုကြောင့် ဂုဏ်းမဟာဝါ အဋ္ဌကထာ၌—

> အထ ဒ္ဒိသု တိရေသု ဒီပကေစ ဘိက္ခူ သဗ္ဗေ ဟတ္ထပါသဂတေ ကတ္တာ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ၊ နဒိယံ ဌိတာ အနာဂစ္ဆန္တာပိ ကမ္မံ နကောပေန္တိ။ သမ္မုတိပရိယောသာနေ ဌပေတ္တာ နဒိံ နိမိတ္တာနံ အန္တော တိရဒ္ဒယဉ္စ ဒီပကောစ ဧကသီမာ ဟောတိ။ နဒီ ပန နဒီသမာယေဝ–ဟူ၍မိန့်ဆိုတော်မူ၏။

အထပစ္ဆာ၊ ထိုသို့နိမိတ်တို့ကို ကြားပြီးသည်မှ နောက်ကာလ၌။ ဒ္ဒိသု၊ နှစ်ဖက်ကုန်သော။ တိရေသု၊ ကမ်းတို့၌ဂုဏ်း။ ဒီပကေစ၊ ကျွန်းငယ်၌ဂုဏ်း။ ဌိတေ၊ တည်ကုန်သော။ သဗ္ဗေ၊ အလုံးစုံသောလျှင်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဟတ္ထပါသဂတေ၊ ဟတ္ထပါသ်သို့ လာရောက်သည်တို့ကို။ ကတ္တာ၊ ပြုပြီး၍။ ကမ္မဝါစာယ၊ ကမ္မဝါစာဖြင့်။ သီမာ၊ သီမ်ကို။ သမ္မန္နိတဗ္ဗာ၊ သမုတ်အပ်၏။ နဒိယံ၊ မြစ်၌။ ဌိတာ၊ တည်ကုန်သောရဟန်းတို့သည်။ အနာဂစ္ဆန္တာပိ၊ ကမ်ပြုရာဟတ္ထပါသ်သို့ မလာကုန်သော်လည်း။ ကမ္မံ၊ သီမသမ္မုတိကမ်ကို။ နကောပေန္တိ၊ မပျက်စေနိုင်ကုန်။ သမ္မုတိပရိယောသာနေ၊ သီမ်ကို သမုတ်ပြီးသည်၏ အဆုံး၌။ နဒိံ၊ မြစ်ကို။ ဌပေတ္တာ၊ ချန်ထား၍။ နိမိတ္တာနံ၊

နိမိတ်တို့၏။ အနေ္တ၊ အတ္တ၊ တိရဒ္ဓယဠု၊ ကမ်းနှစ်ဘက်အပေါင်းသည်ရင်း၊ ဒီပကောစ၊ ကျွန်းယေသ ည်ရင်း။ ကေသိမာ၊ တလုံးတည်းသောသိမ်သည်။ ဟောတိ၊ ဖြစ်၏။ နဒီပန၊ မြစ်သည်ကား။ နဒီသီမာယေဝ၊ နဒီသိမ်သာလျှင်။ ဟောတိ၊ ဖြစ်သတည်း (ဤကား ၎င်းအဋ္ဌကထာ၏အနက်)။

ဤ၌လည်း သံဃာကိုသိမ်းပုံကို ရှေးဦးဂါမခေတ်နှစ်ခုကိုစပ်၍ သမုတ်ရာ၌ ထေရဝါဒနှင့်တကွ အကျယ်ကဲ့ပြုဆိုအပ်ခဲ့ပြီးဖြစ်သောကြောင့် အထဒ္ဌိသုတိရေသု ဒီပကေစ ဘိက္ခဝေ။ သင်္ဃဝတ္ထုဟာတ္ထပါသဂတေ ကတ္တာ-ဟူ၍ အကျဉ်းအားဖြင့်သာ အဋ္ဌကထာဆရာမိန့်ဆိုပါသည်။

ထို့ပြင် အထူးကိုမှတ်ရမည်ကား မြစ်လယ်ကျွန်း၌ နိမိတ်တို့ကို မထားမူ၍ရင်း၊ မကြားမူ၍ရင်း ကမ်းနှစ်ဖက်၌တည်ရှိသော နိမိတ်တို့ကိုသာ ကြား၍ သမုတ်ရုံမျှဖြင့် ထိုသိမ်နိမိတ်တို့သည် ရဟန်းတို့သွားသကဲ့သို့ ထိုကျွန်းယေကို ဖြတ်နင်းထိပါး၍ ကူးသွားသည်မဟုတ်။ ဖေါင်တံရှေရှေဖြင့် ရေမြောင်းကို ခုနှံကျော်၍သွားသော လူကဲ့သို့ ထို့အတူ မြစ်နှင့်တကွသော ကျွန်းယေကိုပါ ခုန်ကျော်၍သာ လိုက်လာပါသည်။ ထိုနိမိတ်လိုက်သည်အတိုင်းသာ ကမ္မဝါစာဖြင့် သိမ်ကလည်း သက်ရလေသောကြောင့် ထိုမြစ်လယ်ကျွန်းယေ၌ သိမ်မသက်နိုင်ပါ။ ထိုကြောင့် ထိုမြစ်လယ်ကျွန်းယေကိုပါ သိမ်သက်၍သိမ်တွင်းသို့ပါဝင်စေလိုလျှင် ထိုကျွန်းယေ၌လည်း နိမိတ်တို့ကိုထား၍ ကြားကာ သမုတ်ရပါမည်။

ထို့ကြောင့် ဝဇီရဗုဒ္ဓိဋီကာ၌-

ဥဘယတီရေ နိမိတ္တကိတ္တနမတ္တေန ဒီပကော သင်္ဃော ဟောတိ၊ တသ္မာ ဒီပကေ နိမိတ္တာနိ ကိတ္တေတဗ္ဗာနေဝ-ဟူ၍ မိန့်ဆိုတော်မူ၏။

တေရသကဏ္ဌီကာ၌လည်း-

ယသ္မာ ဥဘေသု တီရေသု နိမိတ္တကိတ္တနမတ္တေန ဒီပကော သင်္ဃော ဟောနာမ နဟောတိ၊ တသ္မာ ဒီပကေ နိမိတ္တာနိ ဝိသုံ ကိတ္တေတဗ္ဗာနေဝါတိ အာဟ ဒီပကဿ သြရိမန္တေစ ပါရိမန္တေစ နိမိတ္တံ ကိတ္တေတဗ္ဗန္တိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ဥဘယတီခရ၊ နှစ်ဘက်သောကမ်းခ၌။ နိမိတ္တကိဘ္ဘနမတ္တန၊ နိမိတ်ကို ကြားကာမျှဖြင့်။ ဒီပကော၊ ကျွန်းငယ်သည်၊ ဝါ-ကျွန်းငယ်ကို။ သင်္ဂီဟိတော၊ သိမ်တွင်းခ၌ သင်္ဂြိုဟ်ရေတွက်အပ်သည်။နဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုကြောင့်။ ဒီပကော၊ ကျွန်းငယ်၌။ နိမိတ္တာနိ၊ နိမိတ်တို့ကို။ ကိတ္တေတဗ္ဗာနေ၀၊ ကြားအပ်ကုန်သည်သာလျှင်တည်း။ (ဤကား ၀ဇီရဗုဒ္ဓိဋီကာ၏အနက်။)

ယသ္မာ၊ အကြင်ကြောင့်။ ဥဒဘာသု၊ နှစ်ဘက်ကုန်သော။ တီရေသု၊ ကမ်းတို့၌။ နိမိတ္တ ကိဘ္ဘနမတ္တေန၊ နိမိတ်တို့ကို ကြားကာမျှဖြင့်။ ဒီပကော၊ ကျွန်ငယ်သည်။ ဝါ၊ ကျွန်းငယ်ကို။ သင်္ဂီဟိတောနာမ၊ သင်္ဂြိုဟ်ရေတွက်အပ်သည်မည်သည်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုကြောင့်။ ဒီပကော၊ ကျွန်းငယ်၌။ နိမိတ္တာနိ၊ နိမိတ်တို့ကို။ ဝိသုံ၊ အသီးအခြား။ ကိတ္တေဘဗ္ဗာနေ၀၊ ကြားအပ်ကုန်သည် သာလျှင်တည်း။ ဣတိ၊ ထိုကြောင့်။ ဒီပကဿသြရိမန္တစ ပါရိမန္တစ နိမိတ္တံ ကိတ္တေဘဗ္ဗံ ဟူ၍။ အာစရိယာ၊ အဋ္ဌကထာဆရာသည်။ အာဟု၊ မိန့်ဆိုပေ၏။ (ဤကား တေရသကဏ္ဍဋီကာ၏အနက်။)



ပုံ-၅၀။

ပုံ-၅၀။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာနှင့်ဋီကာတို့မှ ရအပ်သော မြစ်၏အတွင်းခ၌ သမုတ်အပ်လတံ့သော သိမ် အဘိုင်းအရှည်ထက် မလွန်မယုတ်သောကျွန်းငယ်ရှိသည်ဖြစ်၍ ထိုကျွန်းငယ်ကိုပါ သိမ်၏အတွင်းပြု၍ သမုတ်အပ်သော နဒီပါရသိမ်ပုံ ဖြစ်ပါသည်။ ဤ၌ နိမိတ်ကြားပုံကို အမှတ်ဂဏန်းပြထားသော အစဉ် အတိုင်းကြားရမည်ဟု သိမှတ်ပါလေ။

ဆက်ပါဦးအုံ။ မြစ်လယ်ရှိ ကျွန်းငယ်သည် သမုတ်အပ်လတံ့သော သိမ်ထက် အထက်အညာ၌ရင်း၊ အောက်အကြေ၌ရင်း တဘက်ဘက်၌ ပိုလွန်ချွန်ထွက်၍ တည်အုံ့။ ထိုပိုလွန်ချွန်ထွက်ရာ အရပ်ကိုလည်း သိမ်၏အတွင်းပြု၍ သမုတ်လိုအုံ့။ ထိုပိုလွန်ချွန်ထွက်ရာ ကျွန်းမြိတ် ကျွန်းဦး အစွန်အနား တို့၌ ရစ်ပတ်လှည့်လည်၍ အလိုရှိသလို နိမိတ်တို့ကိုထားပြီးလျှင် ကြားကာ သမုတ်ရပါမည်။ ဤသို့ သမုတ်အပ်သောသိမ်သည် တောင်သဏ္ဌာန် ရှိပါသည်။

ထိုကြောင့် ၎င်းမဟာဝါ အဋ္ဌကထာ၌—

> သစေ ပန ဒီပကော ဝိဟာရသီမာပရိစ္ဆေဒတော ဥဒ္ဓံဝါ အဓောဝါ အဓိကတရော ဟောတိ၊ အထဝိဟာရသီမာပရိစ္ဆေဒ နိမိတ္တာသ ဥဇုကမေဝ သမ္မုခီဘူတေ ဒီပကာသ် သြရိမန္တေ နိမိတ္တံ ကိတ္တေဘ္ဘာ တတော ပဋ္ဌာယ ဒီပကသိခရံ ပရိက္ခိပန္တေန ပုန ဒီပကာသ် သြရိမန္တေ နိမိတ္တသမ္မုခေ ပါရိမန္တေ နိမိတ္တံ ကိတ္တေတဗ္ဗံ။ တတော ပရံ ပုရိမနယေနေဝ ပါရတီရေ သမ္မုခနိမိတ္တ မာဒိ်ကတ္ဘာ ပါရတီရ နိမိတ္တာနိစ ဒီပကာသ ပါရိမန္တ်သြရိမန္တနိမိတ္တာနိစ ကိတ္တေတ္ဘာ ပဋ္ဌမ ကိတ္တိတ နိမိတ္တေန သဒ္ဓိ ဃဋ္ဋနာ ကာတဗ္ဗာ။ ဧဝံ ကိတ္တေတ္ဘာ သမ္မတာ သီမာ ပဗ္ဗတသဏ္ဌာနာ ဟောတိ—ဟူ၍ မိန့်ဆိုတော်မူ၏။

ပန၊ ဆက်ပါဦ.အုံ။ ဒီပကော၊ ကျွန်းငယ်သည်။ ဝိဟာရသီမာ ပရိစ္ဆေဒတော၊ ကျောင်.သိမ်အပိုင်းအခြားထက်။ ဥဒ္ဓံဝါ၊ အထက်အညာ၌ရင်း။ အဓောဝါ၊ အောက်အကြေ၌ရင်း။ အဓိကတရော၊ အထူးသဖြင့် ပိုလွန်သည်။ သစေဟောတိ၊ အကယ်၍ဖြစ်အုံ့။ အထ၊ ထိုသို့ဖြစ်သည်ရှိသော်။ ဝိဟာရသီမာ ပရိစ္ဆေဒ နိမိတ္တာသ၊ ကျောင်းသိမ်၏ အပိုင်းအခြားဖြစ်သော နိမိတ်၏။ ဥဇုကမေဝ၊ ဖြောင့်စွာသာလျှင်။ သမ္မုခီဘူတေ၊ ရှေးရှုတည့်သည်ဖြစ်၍ ဖြစ်သော။ ဒီပကာသ၊ ကျွန်းငယ်၏။ သြရိမန္တေ၊ ဤမှာဘက်ဖြစ်သော အစွန်း၌။ နိမိတ္တံ၊ နိမိတ်ကို။ ကိတ္တေတ္ဘာ၊ ကြားပြီး၍။ တတော၊ ထိုနိမိတ်မှ။ ပဋ္ဌာယ၊ စ၍။ ဒီပသိခရံ၊ ကျွန်းမြိတ်ကို။ ဝါ၊ ကျွန်းဦးကို။ ပရိက္ခိပန္တေန၊ ရစ်ပတ်လှည့်လည်သဖြင့်။ ပုန၊ တဖန်။ ဒီပကာသ၊ ကျွန်းငယ်၏။ သြရိမန္တေ၊ ဤမှာဘက်ဖြစ်သော အစွန်း၌။ နိမိတ္တသမ္မုခေ၊ နိမိတ်၏ ရှေးရှုတည့်တည့်ဖြစ်သော။ ပါရိမန္တေ၊

ထိုမှာဘက်ဖြစ်သော အစုန်း၌။ နိမိတ္တံ၊ နိမိတ်ကို။ ကိုးတ္တာတဗ္ဗံ၊ ကြားအပ်၏။ တဇေတာ၊ ထိုသို့ကြားအပ်ပြီးသည်မှ။ ပရံ၊ နောက်၌။ ပုရိမနယေနေ၀၊ ရှေး၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်။ ပါရတိရံ၊ မြစ်၏ ထိုမှာဘက်ကမ်း၌။ သမ္မုခနိမိတ္တံ၊ ရှေးရှုတည်သောနိမိတ်ကို။ အာဒိ ကတ္ဝာ၊ အစပြု၍။ ပါရတိရ နိမိတ္တာနိစ၊ မြစ်၏ထိုမှာဘက်ကမ်း၌ နိမိတ်တို့ကိုရင်း။ ဒီပကဿ၊ ကျွန်းငယ်၏။ ပါရိမန္တသြရိမန္တနိမိတ္တာနိစ၊ ထိုမှာဘက်အစုန်း၌နိမိတ် ဤမှာဘက်အစုန်း၌ နိမိတ်တို့ကိုရင်း၊ ကိုးတ္တောတ္ဝာ၊ ကြားပြီး၍။ ပဌမကိုတ္တိတနိမိတ္တေန၊ ရှေးဦးအစ၌ ကြားအပ်ခဲ့ပြီးသော နိမိတ်နှင့်။ သဒ္ဓိ ၊ တကွ။ ဃဋ္ဋနာ၊ စပ်ခြင်းကို။ ကာတဗ္ဗာ၊ ပြုအပ်၏။ ဧ၀ံ၊ ဤသို့။ ကိုတ္တောဘ္ဝာ၊ ကြား၍။ သမ္မတာ၊ သမုတ်အပ်သော။ သီမာ၊ သိမ်သည်။ ပဗ္ဗတသဏ္ဌာနာ၊ တောင်သဏ္ဌာန်ရှိသည်။ ဟောတိ၊ ဖြစ်၏။ (ဤကား ၎င်း အဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာ၌ ဝိဟာရသီမာပရိစ္ဆေဒ အရကို မြစ်၏ကမ်းနှစ်ဘက်၌ တည်သော နဒီပါရသိမ်ကို ယူရပါမည်။ ဥဒ္ဓံ၀ါ အဓောဝါ၌ ၀ါသဒ္ဒါ တို့ကား အနိယမ၀ိကပ်အနက် ရှိကုန်၏။ ထိုကြောင့် နှစ်ဘက်လုံး၌ ချန်၍ ထွက်သည်ကို မယူရ။ တဘက်ဘက်၌ ချန်၍ထွက်သည်ကိုသာ ယူရပါမည်။ ဤ၌လည်း ချန်ထွက်ရာသို့လိုက်၍ နိမိတ်မထားဘဲ မြစ်၏ ကမ်းနှစ်ဘက်၌ တည်သော သိမ်နှင့်တန်းတူ အပြောင့်အားဖြင့် နိမိတ်တို့ကိုထား၍ သမုတ်မူလည်း နိမိတ်အတွင်း၌ သိမ်သက်ဝင်၍ အပ်သည်သာဟု ညောင်လွန်တောရ ဆရာတော် အမိန့်ရှိ၏။

ပဗ္ဗတသဏ္ဌာနဟူသည် တောင်သည် အောက်ခြေကြီး၍ အဲထက်၌ သေးငယ်ချန်ထွက်သကဲ့သို့ ဤသိမ်၏ ပုံသဏ္ဌာန်သည်လည်း တဘက်၌ကြီး၍ တဘက်၌ သေးငယ်ချန်ထွက်၍ တည်သည်ကို ဆိုလိုပါသည်။

ဘေရ သကဏ္ဍီကာ၌လည်း—

ပဗ္ဗတသဏ္ဌာနာတိ ဒီပကဿ ဧကတော အဓိကတရတ္တာ ၀ုတ္တံ-ဟု မိန့်ဆိုပါ။

ပဗ္ဗတ:ပဏ္ဌာနာတိ ဣဒံ၊ ပဗ္ဗ ဘသဏ္ဌာနာ ဟူ၊ သော ဤစကား ကို။ ဒီပကဿ၊ ကျွန်းငယ်၏။ ဧကတော၊ တဘက်မှ။ အဓိကတရတ္တာ၊ အထူးသဖြင့် ပိုလွန်

ချန်ထွက်သည်၏ အဖြစ်ကြောင့်။ အာစရိယေန၊ **အဋ္ဌကထာ**သရုသည်။ စုတ္တံ၊ မိန့်ဆိုအပ်၏။ (ဤကား၊ ၎င်းဋီကာ၏ အနက်။)



ပုံ-၅၁။

ပုံ-၁။ ။ဤပုံကား ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာမှ ရှုအပ်သော မြစ်လယ်ရှိကျွန်းငယ်သည် သမုတ်အပ်လတံ့သော သိမ်ထက်အကြေသို့ ပိုလွန် ချန်ထွက်သော ကျွန်းမြိတ် ကျွန်းဦး ရှိသည်ဖြစ်၍ ထိုကျွန်းအလုံးစုံကို ပါသိမ်တွင်းသို့သွင်း၍ သမုတ်အပ်သော နဒီပါရသိမ်ပုံ ဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ မြစ်လယ်ရှိကျွန်းငယ်သည် သမုတ်အပ်လတံ့သော သိမ်ထက် အထက်အညာ၌ရင်း အောက်အကြေ၌ရင်း နှစ်ဘက်ယုံး၌ ပိုလွန်ချန်ထွက်၍တည်အုံ့။ ထိုကျွန်းအလုံးစုံကိုလည်း သိမ်၏အတွင်းသို့သွင်း၍ သမုတ်လိုအုံ့။ ရှေး၌ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့် နှစ်ဘက်သောကျွန်းမြိတ် ကျွန်းဦး အစွန်အနားတို့၌ ရစ်ပတ်လှည့်လည်၍ နိမိတ်တို့ကိုထားပြီးလျှင် နိမိတ်ချင်းစပ်အောင် ကြား၍ သမုတ်ရပါမည်။ ဤသို့ကြား၍ သမုတ်အပ်သောသိမ်သည် မရိုးစည် သဏ္ဌာန်ရှိပါသည်။

ထိုကြောင့် ၎င်းမဟာဝါ **အဋ္ဌကထာ**၌—

သစေပန ဒီပကော ဝိဟာရသီမာပရိစ္ဆေဒေတာ ဥဒ္ဓမ္မိ **အ**ဧကပတရော ဟောတိ၊ ပုရိမနယေနေဝ ဒီပကဿ ဥဘောပိ သိခရာနိ ပရိကၠိပိတ္ဝာ နိမိတ္တာနိ ကိတ္တေတ္ဝေန နိမိတ္တဿ ဘဋ္ဌနာ ကာတဗ္ဗာ။ ဧဝံ ကိတ္တေတ္ဝာ သမ္မတာ သီမာ မုဒိင်္ဂသဏ္ဌာနာ ဟောတိ-ဟူ၍ မိန့်ဆို၏။ ပန၊ ဆက်ပါဦးအုံ့။ ဒီပကော၊ ကျွန်းငယ်သည်၊ ဝိဟာရသီမာပရိစ္ဆေဒတော၊ ကျောင်းသိမ် **အ**ပိုင်းအခြားထက်။ ဥဒ္ဓမ္မိ၊ အထက်အညာ၌ရင်း၊

အဓေဝပိ၊ အောက်အခြေကြဉ်ရင်း။ အဓိကဘရော၊ အထူးသဖြင့် ပိုလွန်သည်။ သာစေကောတိ၊ အကယ်၍ဖြစ်အုံ့။ ပုရိမနယေနေဝ၊ ရှေးဦးဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ ဒီဃကာယ၊ ကျွန်းငယ်၏။ ဥဒဘာပိ၊ နုစ်ဘက်လည်းဖြစ်ကုန်သော။ သိခရာနိ၊ ကျွန်းမြိတ်တို့ကို။ ဝါ-ကျွန်းဦးတို့ကို။ ပရိကွိပိတ္ဝာ၊ ရပ်ပက်လှည့်လည်၍။ နိမိတ္တာနိ၊ နိမိတ်ဘို့ကို။ ကိဒတ္တာနန္တရန်၊ ကြားသဖြင့်။ ဝါ-ကြားသောရဟန်းသည်။ နိမိတ္တဃဋ္ဌနဝ၊ ရှေးဦးအစဉ်ကြားအပ်ပြီးသော နိမိတ်နှင့်စပ်သည်ကို။ ကာတဗ္ဗာ၊ ပြုအပ်၏။ ဧဝံ၊ ဤသို့။ ကိဒတ္တတ္ဝာ၊ ကြား၍။ သမ္ဘတာ၊ သမုဒ်ဟေသာ။ သိမာ၊ သိမ်သည်။ မုဒိဂ်သဏ္ဌာနဝ၊ မုရိုးစည်သဏ္ဌာန်ရှိသည်။ ဟောတိ၊ ဖြစ်၏။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤ၌မြစ်တခုဘက်း၏အဘုင်း၌ နုစ်ကျွန်းသုံ ကျွန်းစသည် တည်ရှိရာ၌ထို ကျွန်းအားလုံးကုန်တို့ကိုငုံ၍ သမုတ်မူလည်းဖြစ်နိုင်သည်သာ။ မြစ်နုစ်သုယ်(၁၁) ဆယ်ဆယ်ကွာစသည် နီးကပ်ဘက်ရှိရာ၌ ထိုမြစ်တို့၏ ထိုမှာဘက်ကမ်း။ ဤမှာဘက်ကမ်း၌ တလုံးတည်းသော နဒီပါရသိမ်ကို သမုတ်ပါမူကား ဘုရားရှင်၏ အလိုခံတော်အားဖြင့် မြစ်နုစ်ခုကိုခုန်ကျော်၍ နိမိတ်မလိုက်သောကြောင့် သိမ်မအောင်မြင်နိုင်၊ မဖြစ်နိုင်ဟု-ညောင်လွန်တောရ ဆရာတော်အမိန့်ရှိတော်မူ၏။



ပုံ-၅၇

ပုံ-၅ ၂။ ။ဤပုံကားပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာမှ ရအပ်သော မြစ်သယ်ရှိကျွန်းငယ်သည် သမုတ်အပ်လတံ့သော သိမ်ဆက်အထက်အညာ၌ရင်း၊ အောက်အခြေ၌ရင် နုစ်ဘက်လုံး၌ ပိုလွန် ချွန်ထွက် တည်နေသည် ဖြစ်၍ထိုကျွန်းအလုံးစုံကိုပါသိမ်ဘွင်းသို့သွင်း၍ သမုတ်အပ်သော နဒီပါရသိမ်ပုံဖြစ်ပါသည်။

ဆက်ပါဦးအုံ့။ မြစ်လယ်ရှိကျွန်းငယ်သည် သမုတ်အပ်လတံ့သော သိမ်အောက်အတွင်းသို့ခွင်၍ ကျဉ်းငယ်၍တည်ရှိသည်ဖြစ်အုံ့။ အစဉ်ပြုဆိုအပ်ခဲ့သော နည်းဖြင့် ထိုကျွန်းငယ်၌လည်း သိမ်ပမာဏလောက်က နိမိတ်တို့ကိုထား၍ ကြားကာ သမုတ်ရပါမည်။ ဤသို့သမုတ်အပ်သောသိမ်သည် အလယ်၌ယေး ငယ်သောကြောင့် ထက်စည်သဏ္ဌာန်ရှိပါသည်။

ထိုကြောင့် ၎င်းမဟာဝါ အဋ္ဌကထာ၌-

သစေ ဒီပကော ဝိဟာရသီမာဝရိစ္ဆေဒဿ အန္တော ခုဒ္ဒကော ဟောတိ၊ သဗ္ဗပဌမနယေန ဒီပကေ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ။ ဧဝံ ကိတ္တေတ္တာ သမ္မတာ သီမာ ပဏ္ဏဝသဏ္ဌာနာ ဟောတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ဒီပကော၊ ကျွန်းငယ်သည်။ ဝိဟာရသီမာပရိစ္ဆေဒဿ၊ ကျောင်းသိမ်အပိုင်းအခြား၏။ အန္တော၊ အတွင်း၌။ ခုဒ္ဒကော၊ ကျဉ်းငယ်သည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အုံ့။ သဗ္ဗပဌမနယေန၊ အလုံးစုံတို့၏ ရှေးဦးအစဉ်ဆိုအပ်သောနည်းဖြင့်။ ဒီပကေ၊ ကျွန်းငယ်၌။ နိမိတ္တာနိ၊ နိမိတ်တို့ကို။ ကိတ္တေတဗ္ဗာနိ၊ ကြားအပ်ကုန်၏။ ဧဝံ၊ ဤသို့။ ကိတ္တေတ္တာ၊ ကြား၍။ သမ္မတာ၊ သမုတ်အပ်သော။ သီမာ၊ သိမ်သည်။ ပဏ္ဏဝသဏ္ဌာနာ၊ ထက်စည်သဏ္ဌာန်ရှိသည်။ ဟောတိ၊ ဖြစ်သတည်း။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)



ပုံ-၅၃"

"ဤပုံကားပြဆိုအပ်ခဲ့ပြီးသောအဋ္ဌကထာမှ ရအပ်သော မြစ်လယ်ရှိကျွန်းငယ်သည် သမုတ်အပ်လတံ့သော သိမ်အောက်အတွင်းသို့ ခွင်၍ သေးငယ်တည်ရှိ၍ ထိုကျွန်းငယ်ကိုပါ သိမ်ပမာဏ လောက်သောကြောင့် သိမ်၏ အတွင်းသို့ သွင်း၍ သမုတ်အပ်သော နဒီပါရသိမ်ပုံ ဖြစ်ပါသည်။

ဤနဒီပါရသိမ်ခဏ်းဌ် မြစ်၏အတွင်းဌ်ရှိသော ကျွန်းငယ်တို့ကို အလို မရှိသောကြောင့် ချန်လှပ်၍ သမုတ်မူလည်း အပ်သည်သာ။ ဤသို့ ချ လှပ် သမုတ်ဆာဌ် ထိုကျွန်းငယ်တို့သည် သိမ်တွင်းသို့မပါဝင်ပါဟု ညွှန်ပြလွန်တော်ရ ဆရာတော်အမိန့်ရှိတော်မူ၏။

၃၆-အဝိပ္ပဝါသသိမ် သက်ရာမသက်ရာ အရပ်ကိုပြဆိုခြင်း-

အဝိပ္ပဝါသသိမ်ဟူသည် တိစီဝရိက်အဓိဋ္ဌာန်တင်အင်သော သက်နှ်းနှင့် ကင်းကွာ၍နေသော်လည်း ဘုရားရှင် ခွင့်ပြုတော်မူချက်အရ ကင်းကွာ၍နေ သည် မမည်သောသိမ်၊ ဝါ-ကင်းကွာ၍နေကောင်းသောသိမ်ကို ဆိုလိုပါသည်။

ထိုအဝိပ္ပဝါသသိမ်သည် နိဂုံးမြို့ရွာအတွင်းဌ် သမုတ်အပ်သောသိမ်တို့ဌ် ထပ်၍သမုတ်သော်လည်း ဘုရားရှင်မြစ်ပယ်တော် မူအပ်သောကြောင့် မသက် ရောက်နိုင်ပါ။ နိဂုံးမြို့ရွာတို့မှ လွတ်ကင်းရာအရပ်တို့ဌ်သာလျှင် သက်ရောက် နိုင်ပါသည်။

ထို့ကြောင့် မဟာဝါ ပါဠိတော်ဌ်-

ယာ သာ ဘိက္ခဝေ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ကေဝေါသထာ၊ သံဃော တံသီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နတု ဌပေတ္မာ ဂါမဋ္ဌ ဂါမူပစာရဋ္ဌ-ဟူ၍ ဟောဖော်ပညတ် ခွင့်ပြုတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သံဃေန၊ သံဃာသည်။ သမာနသံဝါသာ၊ ကမ်ကြီးကမ်းငယ်ဖြင့်တူသော ပေါင်းဘော်ခြင်းရှိသော။ ကေဝေါသထာ၊အတူ တကွ ပြုသိပ်ပြုရာဖြင့်သော။ ယာသာသီမာ၊ အကြင်သိမ်ကို။ သမ္မတာ၊ သမုတ်အပ်၏။ တံ၊ ထိုသိမ်ကို။ ဂါမဋ္ဌ၊ ရွာကိုရင်း။ ဂါမူပစာရဋ္ဌ၊ရွာ၏ ဥပစာကိုရင်း။ ဌပေတ္မာ၊ ချန်ထား၍။ တိစီဝရေန၊ တိစီရိက်အဓိဋ္ဌာန်တင် အပ်သောသက်နှ်းနှင့် အဝိပ္ပဝါသံ၊ ကင်းကွာ၍နေသည် မမည်သောသိမ်ကို။ သမ္မန္နတု၊ သမုတ်စေသတည်း။ ဝါ-သမုတ်လေ့။ (ဣကား ၎င်းပါဠိတော်၏ အနက်။)

ဤပါဠိတော်ဝယ် ၎ပေတ္တာ ဂါမဉ္စ ဂါမူပစာဥ္စ ဂါမအရကို အ.ရံ ရှိသောရွာမြစ်မူ အရံ၏အတွင်းအရပ်ကို ယူရပါမည်။ အရံမရှိသော ရွာဖြင့်မူ အရံထိုက်ရာအစွန်ဆုံးသော အိမ်မှ အား:အလတ်စား:ရှိသောယောကျား:၏ခဲတကျ အရပ်ကို ယူရမပါမည်။ ဂါမူပစာရအနက်လည်း ထို့အတူပင် ယူရပါမည်။

ထိုကြောင့် ၎င်းမဟာဝါအဋ္ဌကထာ၌-

ဂါမူပစာရောတိ ပရိက္ခေ်တ္တာသ ပရိက္ခေ်ပေါ အပရိက္ခ်ိတ္တာသ ပရိက္ခေ်ပေါကာသော-ဟူ၍ မိန့်ဆိုတော်မူ၏။

ဂါမူစာရောတိ၊ ဂါမူပစာရောဟူသည်ကား။ ပရိက္ခ်ိတ္တာသ၊ အရံရှိသော ရွာ၏။ ပရိက္ခေ်ပေါ၊ အရံပင်တည်း၊ အပရိက္ခ်ိတ္တာသ၊ အရံမရှိသောရွာ၏။ ပရိက္ခေ်ပေါကာသော၊ အရံထိုက်ရာအရပ်တည်း။ (ဤကား ၎င်းအဋ္ဌကထာ၏ အနက်။)

ဤအဋ္ဌကထာ၌ ပ:ရံရှိမူ အရံ၏အတွင်း၊ အရံမရှိမူ အရံထိုက်ရာအရပ်၏ အတွင်းဟူ၍ ဖွင့်ဆိုသောကြောင့် ဂါမအရနှင့် ဂါမူပစာရ၏အရကို အတူတူပင် မှတ်ယူရမည်ဟု ညောင်လွန်တောရဆရာ:တော် အမိန့်ရှိတော်မူ၏။

ဝဇိရဗုဒ္ဓိဋီကာ၌လည်း-

ထ:ပေတ္တာ ဂါမဉ္စ ဂါမူပစာရဉ္စာတိ အန္တရဃရသင်္ခါတံ ဂါမဉ္စဂါမူပစာရဉ္စ ထပေတ္တာ-စသည်ဖြင့် ညောင်လွန်တောရဆရာတော်နှင့် အတူပင်မိန့်ဆို:တော်မူ၏။

ဌ:ပေတ္တာ ဂါမဉ္စ ဂါမူပစာရဉ္စ ဟူသော ပါဠိတော်၌ နိဂုံးမြို့တို့ကို ဂါမသဒ္ဒါဖြင့် သင်္ဂြိုဟ်ခြေတွက်၍ ယူရပါမည်။

ထိုကြောင့် ၎င်း မဟာ:ဝါ အဋ္ဌကထာ၌-

တ္ထေ စ နိဂမနဂရာနမ္ပိ ဂါမေနေ:ဝ သင်္ဂဟော ဝေဒိတဗ္ဗော ဟူ၍ မိန့်ဆိုတော်မူ၏။

စ၊ ဆက်ပါဠိ:အုံ့။ တ္ထေ၊ ဤဂါမဉ္စဂါမူပစာရဉ္စ ဟူသော ပါဠိတော်၌။ နိဂမနဂရာနမ္ပိ၊ နိဂုံးမြို့တို့ကိုလည်း။ ဂါမေနေ:ဝ၊ ဂါ:မသဒ္ဒါဖြင့်သာ:လျှင်။ သင်္ဂဟော၊ သိမ်:ယူခြင်:ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ဤကား ၎င်းအဋ္ဌ:ကထာ၏အနက်။)

ဤပြဆိုအပ်ခဲ့ပြီးသော နိဂုံးမြို့ရွာတို့၌ ဌာပေတဗ္ဗာဂါမဋ္ဌဂါမူပစာရဋ္ဌ ဟူ၍ ဘုရားရှင် ဟော်ကြားပညတ်တော်မူသောကြောင့် အဓိဋ္ဌာန်တင်အပ်သော တိစီဝရိက်ဆောင် ရဟန်းသည် စီဝရဝိပ္ပဝါသအာပတ်မသင့်ခြင်း၏ အစောင့်အရှောက်ကို မရနိုင်ပါ။ ထိုကြောင့် ရဟန်းတို့၏ အဝိပ္ပဝါသသိမ်သည် ထိုနိဂုံးမြို့ရွာရှိရာ အရပ်ကို လွှမ်းမိုး၍ မသက်ရောက်နိုင်ပါ။ သမာနသံဝါသက သိမ်သည်သာလျှင် လွှမ်းမိုး၍ သက်ရောက်နိုင်ပါသည်။

ထိုကြောင့် ဂင်း မဟာဝါအဋ္ဌကထာ၌-

> တေသု အဓိဋ္ဌာ တေစီဝရိကော ဘိက္ခု ပရိဟာရံ နလဘတိ။ ဣတိ ဘိက္ခုနော အဝိပ္ပဝါသသီမာ ဂါမဋ္ဌ ဂါမူပစာရဋ္ဌ နဿတ္ထရတိ၊ သမာနသံဝါသကသီမာဝ ဿတ္ထရတိ ဟူ၍ မိန့်ဆိုတော်မူ၏။

တေသု၊ ထိုနိဂုံးမြို့ရွာတို့၌အဓိဋ္ဌိတတေစီဝရိကော၊ အဓိဋ္ဌာန်အပ်သော တိစီရိက်ကိုဆောင်သော။ ဘိက္ခု၊ ရဟန်းသည်။ ပရိဟာရံ၊ စီဝရဝိပ္ပဝါသ အာပတ်မသင့်ခြင်း၏ အစောင့်အရှောက်ကို။နလဘတိ၊ မရ။ဣတိ၊ ထိုကြောင့်။ ဘိက္ခုနော၊ ရဟန်းတို့၏။ အဝိပ္ပဝါသသီမာ၊ အဝိပ္ပဝါသသိမ်သည်။ ဂါမဋ္ဌ၊ ရွာကိုဂင်း။ ဂါမူပစာရဋ္ဌ၊ ရွာ၏ဥပစာကိုဂင်း။ နဿတ္ထရတိ၊ မလွှမ်းမိုး မသက်ရောက်နိုင်။ သမာနသံဝါသကသီမာဝ၊ သမာနသံဝါသက သိမ်သည်သာလျှင်။ ဿတ္ထရတိ၊လွှမ်းမိုးသက်ရောက်နိုင်၏။ (ဤကား ဂင်း အဋ္ဌကထာ၏အနက်။)

ဆက်ပါဦးအုံ့။ ဤသမာနသံဝါသကသိမ် အဝိပ္ပဝါသသိမ် နှစ်မျိုးတို့တွင် သမာနသံဝါသကသိမ်သည် မိမိ၏ ဝိနယဒေသနာ သဘောအားဖြင့် သက်ရောက်ပါသည်။ အဝိပ္ပဝါသသိမ်သည်ကား အကြင်အရပ်၌ သမာနသံဝါသကသိမ် သက်ရောက်၏။ ထိုသမာန သံဝါသကသိမ် သက်ရောက်ရာ အရပ်၌သာလျှင် သက်ရောက်နိုင်ပါသည်။ ထိုအဝိပ္ပဝါသသိမ်၏ အသီးအခြားသော နိမိတ်တို့ကို မကြားရတော့ပါ။

ထိုကြောင့် ဂင်း မဟာဝါအဋ္ဌကထာ၌-

> သမာနသံဝါသကသီမာ စေတ္ထ အတ္ထနော ဓမ္မတာယ ဂစ္ဆတိ' အဝိပ္ပဝါသသီမာ ပန ယတ္ထ သမာနသံဝါသကသီမာ၊ တတ္ထေဝ ဂစ္ဆတိ။ နဟိ တဿာ ဝိသုံ နိမိတ္တကိတ္တနံ အတ္ထိ-ဟူ၍ မိန့်ဆိုတော်မူ၏။

စ၊ ဆက်ပါဦးအုံ့။ ဧတ္ထ၊ ဤသမာနသံဝါသကသိမ် အဝိပ္ပဝါသသိမ် နှစ်မျိုး တို့တွင်။ သမာနသံဝါသကသိမာ၊ သမာနသံဝါသကသိမ်သည်။ အတ္တနော၊ မိမိ၏။ ဓမ္မာဘာယ၊ ဝိနည်းဒေသနာ သဘောအားဖြင့်။ ဂစ္ဆတိ၊ သက်ရောက်၏။ အဝိပ္ပဝါသသီမဒေပန၊ အဝိပ္ပဝါသသိမ်သည်ကား။ ယတ္ထ၊ အကြင်အရပ်၌။ သမာနသံဝါသကသီမာ၊ သမာနသံဝါသကသိမ်သည်။ ဂစ္ဆတိ၊ သက်ရောက်၏။ တတ္ထေဝ၊ ထိုသမာနသံဝါသကသိမ် သက်ရောက်ရာ အရပ်၌ သာလျှင်။ ဂစ္ဆတိ၊ သက်ရောက်၏။ ဟိ-သစ္စံ၊ မှန်၏။ တသာ၊ ထိုအဝိပ္ပဝါသသိမ်၏။ ဝိသုံ၊ အသီးအခြား။ နိမိတ္တကိတ္တနံ၊ နိမိတ်တို့ကို ကြားရခြင်းသည်။ နတ္ထိ၊ မရှိ။ (ဤကား ၎င်း အဋ္ဌကထာ၏ အနက်။)

ဆက်ပါဦးအုံ့။ အဝိပ္ပဝါသသိမ်ကို သမုတ်ရာအခါ၌ ရွာရှိနေဆဲ ဖြစ်အုံ့။ ထိုရွာကို အဝိပ္ပဝါသသိမ် မလွှမ်းမိုး မသက်ရောက်နိုင်ပါ။ အဝိပ္ပဝါသသိမ်ကို သမုတ်ပြီးသည်မှ နောက်ကာလ၌ ရွာတည်၍ဝင်နေအုံ့။ ထိုသမုတ်ပြီး အဝိပ္ပဝါသသိမ် မပျက်။ ထိုရွာသည်လည်း အဝိပ္ပဝါသသိမ်ပင်ဖြစ်၏။

ထိုကြောင့် ၎င်း မဟာဝါ အဋ္ဌကထာ၌-

> တတ္ထ သစေ အဝိပ္ပဝါသာယ သမ္မုတိကာလေ ဂါမော အတ္ထိ၊ တံ သာ နသြတ္ထရတိ။ သစေ ပန သမ္မတာယ သီမာယ ပစ္ဆာ ဂါမော နိဝိသတိ၊ သောပိ သီမာသင်္ခ်မေဝ ဂစ္ဆတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

တတ္ထ၊ ထိုသမာနသံဝါသကသိမ် အဝိပ္ပဝါသသိမ် နှစ်မျိုးတို့တွင်။ အဝိပ္ပဝါသာယ၊ အဝိပ္ပဝါသသိမ်ကို။ သမ္မုတိကာလေ၊ သမုတ်ရာအခါ၌။ ဂါမော၊ ရွာသည်။ အတ္ထိ၊ ရှိနေဆဲဖြစ်အုံ့။ တံ၊ ထိုရွာကို။ သာ၊ ထိုအဝိပ္ပဝါသသိမ်သည်။ နသြတ္ထရတိ၊ မလွှမ်းမိုး မသက်ရောက်နိုင်။ သီမာယ၊ အဝိပ္ပဝါသသိမ်ကို။ သမ္မတာယ၊ သမုတ်အပ်ပြီးသည်ရှိသော်။ ပစ္ဆာ၊ နောက်မှ။ ဂါမော၊ ရွာသည်။ နိဝိသတိ၊ တည်လျက်ဝင်နေအုံ့။ သောပိ၊ နောက်မှဝင်နေသော ရွာသည်လည်း။ သီမာသင်္ခ်မေဝ၊ အဝိပ္ပဝါသသိမ်ဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်သတည်း။ (ဤကား ၎င်း အဋ္ဌကထာ၏အနက်။)

ဆက်လက်၍ အဲထူးကို မှတ်ရမည်ကား ယခုကာလ ရွာ ရွာ၏ဥပစာ မလွှတ်ဆုံယမ် သမုတ်အပ်သော သိမ်တို့၌ အဝိပ္ပဝါသသိမ်ကိုထပ်၍ သမုတ်

သင့်သည် မသမုတ်သင့် ဟူ၍ ငြင်းခုံပြောကြား ဝိဝါဒ မျှားရာတို့၌ ထိုဝိဝါဒကို ငြိမ်းစေခြင်းအကျိုးငှာ အဝိပ္ပဝါသသိမာသမ္ဘုတိကမ္မဝါစာကို ဆက်လက်၍ ရွတ်ဖတ်ရာ၌ကား အပြစ်မရှိ ဝိဝါဒဝိနယသံသယ တို့ကို ငြိမ်းပျောက်စေ ရခြင်း အကျိုးရှိပါသည်။ ဤသို့သောအကျိုးငှာသာ ရည်ရွယ်၍ ရွတ်ဘတ်သောကြောင့် ဝတ္ထုဝိပန္နအဓမ္မကမ္မဒုက္ကဋ် အာပတ်သည်းမသင့်နိုင်ပါ။

ဗဒ္ဓသိမ်ကိုဆိုရာအခန်း ဤကဲ့သို့ ပြီးပါပြီ။

၃၇။ ။အဗဒ္ဓသိမ်ခန်းကို ပြဆိုခြင်း

အဗဒ္ဓသိမ်ဟူသည် ဥတ်ကမ္မဝါစာတို့ဖြင့် မဖွဲ့အပ်သော သူ့အလို အလျောက် ဖြစ်ပေါ်လျက်တည်ရှိသော မြို့ရွာနိုဂုံးစသော အပိုင်းအခြားရှိရာ အရပ်သည် အဗဒ္ဓသိမ်မည်ပါသည်။ ထိုအဗဒ္ဓသိမ်သည်–

(၁) ဂါမသိမ်။ (၂) သတ္တဗ္ဗန္ဓရသိမ် (၃) ဥဒကုက္ခေပသိမ်-ဟူ၍ သုံးပါး အပြားရှိပါသည်။

၃၈။ ။ပကတိဂါမသိမ်ကိုပြဆိုခြင်း

ထိုသုံးပါးသော အဗဒ္ဓသိမ် ဘို့တွင် ဂါမသိမ်သည်–

(၁) ပကတိဂါမသိမ်။ (၂) ဝိသုံဂါမသိမ်- ဟူ၍ နှစ်ပါး အပြား ရှိပါသည်။

ထိုနှစ်ပါးသော ဂါမသိမ်တို့ဘင် ရွာ နိုဂုံးမြို့တို့၌ ထိုထိုရွာ နိုဂုံးမြို့တို့၏ ရွာစား ရွာသူကြီး နိုဂုံးစား နိုဂုံးသူကြီး မြို့စား မြို့သူကြီးတို့သည် အခွန်ကောက်ခံခြင်းကို ရကြကုန်၏။ ထိုရွာစား သူကြီးတို့၏ အခွန်ကိုကောက်ခံရာ ဖြစ်သော နိမိတ်ကိုဖြင့် ပိုင်းခြားသတ်မှတ် ပြုတော်မူ၍ထားအပ်သော ဗဒ္ဓသိမ်မရှိသော ဂါမခေတ် ဒိုင်နယ်အရပ်အလုံးစုံသည် ကျဉ်းသည်ဖြစ်စေ ကျယ်သည်ဖြစ်စေ ပကတိဂါမသိမ်မည်ပါသည်။

ထိုကြောင့် မဟာဝဂ်ဥပေါသထကွန္ဓပါဠိတော်၌-

အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံဂါမံဝါ နိဂမံဝါ ဥပ နိဿာယ ဝိဟရတိ။ ယာ တဿဝါ ဂါမဿ ဂါမသီမာ၊ နိဂမဿဝါ နိဂမသီမာ၊ အဲယံ တတ္ထ သမာနသံဝါသာ ကေဝေ ပေါသထာ-ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သီမာယ၊ ဗဒ္ဓသီမ်ကို။ **အ**သမ္မတာ**ယ**၊ မသမုတ်**အ**ပ်**သေ**းသည်ရှိ**သ**ော်။ **အ**ဋ္ဌပိတာ**ယ**၊ နိမိတ်သတ်မှတ် ပိုင်း**ခြ**ား၍ **မ**ထား**အ**ပ်**သေ**းသည် ရှိ**သ**ော်။ ဘိက္ခု၊ ရဟန်း**သ**ည်။ ယံဂါမံဝါ၊ **အ**ကြင်ရွာကို၎င်း။ ယံနိဂမံဝါ၊ **အ**ကြင်နိဂုံ**း**ကို၎င်း။ ဥ**ပ**နိ**သ**ာ**ယ**၊ **အ**မှီပြု၍။ ဝိဟရတိ၊ နေ**အ**ုံ။ တ**သ**ဂါ**မ**ဿ၊ ထိုမှီ၍နေရာရွာ၏။ ယာဂါ**မ**သီ**မ**ာ**ဝ**ါ၊ **အ**ကြင်ဂါ**မ**ခေတ် **အ**ပိုင်း**အ**ခြား**သ**ည်၎င်း။ တ**သ**နိဂ**မ**ဿ၊ထိုမှီ၍**နေ**ရာ**နိ**ုံ**း**၏။ ယာ**နိ**ဂ**မ**သီ**မ**ာ**ဝ**ါ၊**အ**ကြင်နိုံ**း**ခေတ်**အ**ပိုင်း**အ**ခြား**သ**ည်၎င်း။ **အ**တ္ထိ၊ ရှိ**၏**။ ဇ**တ**္ထ၊ ထိုဗဒ္ဓသီမ်**မ**ရှိ**သ**ော ရွာနိုံ**း**တို့နှင့်ဆက်**စ**ပ်**သ**ော **အ**ရပ်**သ**ာ**မ**ည်၌။ **'အ**ယံ**သ**ီ**မ**ာ၊ ဤဂါ**မ**ခေတ် **အ**ပိုင်း**အ**ခြားနိုံ**း**ခေတ်**အ**ပိုင်း**အ**ခြား**သ**ည်။ **သ**မာနသံ**ဝ**ါ**သ**ာ၊ ကမ်ကြီ**း**ကမ်ငယ်ဖြင့် တူ**သ**ော**နေ**ရာရှိ**သ**ော။ **ဧ**ကေ**ပ**ေါ**သ**ထာ၊ **အ**တူတကွဥ**ပ**ုသ်**ပ**ဝါ**ရ**ကာကိုပြုရာ**ဖ**ြစ်**သ**ော၊ **သ**ီ**မ**ာ၊ **သ**ီမ်**မ**ည်**သ**ည်။ ဟောတိ၊ ဖြစ်**၏**။ (ဤ**ကာ**း ၎င်းပါဠိတော်**၏** **အ**နက်။)

ဤ**ပ**ါဠိတော်၌- **အ**သမ္မတာ**ယ** **သ**ီ**မ**ာ**ယ**ဖြင့် **သ**မုတ်**အ**ပ်ပြီ**း**သော ဗဒ္ဓသီမ်**မ**ရှိ**သ**ော**အ**လုံ**း**စုံ**သ**ော**အ**ရပ်ကိုပြု**ပ**ါ**သ**ည်။ **အ**ဋ္ဌပိတာ**ယ**ဖြင့် ဗဒ္ဓသီမ်ဖြင့် ပိုင်**း**ခြား**သ**တ်မှတ်ရ၍ **မ**ထား**အ**ပ်**သ**ော**အ**ရပ်ကို ပြု**ပ**ါ**သ**ည်။ ယုံ ဂါမံဝါ နိဂမံဝါဖြင့် **အ**စိုံ**း**ရမင်**း**တို့က ပိုင်**း**ခြား**သ**တ်မှတ်၍ **ပ**ေ**း**ထား**သ**ော**သ**ူကြီ**း**တဦ**း**ပိုင်ဒိုင်**နယ**်**အ**ရပ်ကိုပြု**ပ**ါ**သ**ည်။ တ**သ**နှင့် ဂါ**မ**သီ**မ**ာ၌ တ**သ**အ**ရ**လည်**း** ဂါ**မ**သီမ်ဂါ**မ**သီ**မ**ာ**အ**ရ**လ**ည်**း** ဂါ**မ**သီမ်ပင်ဖြစ်၍ **အ**ရတူ ဟူ၍ **မ**ူတ်**ရ**ပါ**မ**ည်။ ဤ**ပ**ါဠိတော်၌ ဂါ**မ**သဒ္ဒါဖြင့် မြို့ကိုပါယူ**ရ**ပါ**မ**ည်။

ထိုကြောင့် ၎င်းပါဠိတော် **အ**ဖွင့်**အ**ဋ္ဌကထာ၌-

တတ္ထ **အ**ဋ္ဌပိတာ**ယ**ာတိ **အ**ပရိစ္ဆိန္နာ**ယ**။ ဂါ**မ**ဂ္ဂ**ဟ**ဏေန **စ**ေတ္ထ နဂ္ဂရမ္ပိ ဂဟိတ**မ**ေ**ဝ** ဟောတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

တတ္ထ၊ **အသ**မ္မတာယဘိက္ခေ၀ စ**သော** ပါ**ဠိ**တော်၌။ **အ**ဌ**ပိ**တာယဟု**အ**ဌ**ပိ**တာယဟူ**သ**ည်ကား။ **အ**ပရိစ္ဆိ**ဒ**ဿ**ယ**၊ ဗ**ဒ**္ဓ**သီ**မ်ဖြင့် **မ**ပိုင်း**ခြား**အပ်**သေ**း**သော**။ **စ**၊ **အ**ထူး**သော**်**ကား**။ **ဧ**တ္ထ၊ ဤ**ဂ**ါမ**ံ**၀ါ**နိ**ဂမ**ံ**၀ါ ဟူ**သော** ပါ**ဠိ**တော်၌။ **ဂ**ါ**မ**ဂ္ဂ**ဟ**ဏေ**ဇန**၊ **ဂ**ါ**မ**သ**ဒ္ဒ**ါ**ဖြင့်။ **နဂ**ရ**မ**ပေါ်၊ **မ**ြို့**ကို**လည်း။ **၀**ါ-**မ**ြို့**သ**ည်**လ**ည်း။ **ဂ**ဟိ**ဘ**မေ**၀**၊ **ယ**ူ**အ**ပ်**သ**ည်**သ**ာ**လ**ျှင်။ ဟောတိ၊ ဖြစ်သတည်း။ (ဤ**ကား** ၎င်း**အ**ဋ္ဌ**ကထာ**၏ **အ**နက်။)

ဤ**ပ**ါ**ဠ**တော်၌ လိုရင်းမှတ်ဘွယ်**အ**ဓိ**ပ**ါယ်**က**ား ရွာ**ဖြ**စ်**စ**ေ နိ**ဂ**ုံး**ဖြ**စ်**ခ**စ် မ**ြို့**ဖြ**စ်**စ**ေ **အ**ခွန်**က**ောက်ခံ**ဘ**ို**ရ**ာ**အ**ာ**ဏ**ာ**ပ**ိုင်**အ**စိုး**ရ**မင်း**တ**ို့**က** နယ်နိ**မ**ိတ်**ကို** သတ်**မ**ှတ်ပိုင်း**ခ**ြား၍ ရွာ**စ**ား သူ**ကြ**ီး**မ**ျား**ကို**ခန့်**အ**ပ်၍**ထ**ား**ရ**ာ ထို**ရ**ွာ**စ**ား သူ**ကြ**ီး **တ**ဦး**တ**ဦး**ပ**ိုင်**သ**ော ဂ**ါ**မ**ခ**ေတ် ဒိုင်**နယ်**မ**ျား**သ**ည် ပ**က**တိ**ဂ**ါ**မ**သီ**မ်**တို့ **မ**ည်**ကြ**ပါ**သ**ည် **ဟ**ူ**လ**ို**၀**်။

ထို့**ကြ**ောင့် ၎င်း**ပ**ါ**ဠ**တော်၏ **အ**ဖွင့်**အ**ဋ္ဌ**က**ထာ**၌**-

> **တ**တ္ထ **ယ**တ္တ**က** ပ**ဒ**ေ**သ** **တ**ာ**သ**တဲ**သ** **ဂ**ါ**မ**သ **ဘော**ဇ**ကာ** ဗ**လိ** **လ**ာ**ဘ**န္တိ၊ **သော**ပ**ဒ**ေ**သော** **အ**ပ္ပေါ**၀**ါ **ဟော**တု **မ**ဟန္တော**၀**ါ **ဂ**ါ**မ**သီ**မ**ာ**တ**ွေ**၀** **သ**ခ်ိ့ **ဂ**စ္ဆ**တ**ိ။ **နဂ**ရ**နိ**ဂ**မ**သီ**မ**ာ**သ**ုပ် **ဧ**ော**၀**နယော-**ဟ**ူ**၍ **မ**ိန့်**ဆ**ို**တ**ော်**မ**ူ**၏**။

တတ္ထ၊ ထို**ရ**ွာ**နိ**ဂ**ုံ**း**မ**ြို့**တ**ို့**တ**ွင်။ **ယ**တ္တ**က**၊ **အ**ကြင်**မ**ျှ**လော**က် **အ**တိုင်း**အ**ရှည်**ရ**ှိ**သော**။ ပ**ဒ**ေ**သ** **အ**ရပ်၌။ **တ**ာ**သ**တ**သ**ဂ**ါ**မ**သ၊ **ထ**ို**ထ**ို**ရ**ွာ**၏**။ **၀**ါ-**ထ**ို**ထ**ို**ရ**ွာ**ကို**။ **ဘော**ဇ**ကာ**၊ **အ**ခွန်**ကို** **က**ောက်ခံ**၍**စ**ား**ကုန်**သော**်**သ**ူ**ကြ**ီး**တ**ို့**သ**ည်။ **ဗ**လိ၊ **အ**ခွန်**ကို**။ **လ**ာ**ဘ**န္တိ၊ **ရ**ကုန်**၏**။ **သော**ပ**ဒ**ေ**သော**၊ **ထ**ို**မ**ျှ**လော**က် **အ**တိုင်း**အ**ရှည်**ရ**ှိ**သော** **အ**ရပ် **ပ**ည်။ **အ**ပ္ပေါ**၀**ါ၊ **ကျ**ဉ်း**သ**ည်**မ**ူ**လ**ည်း။ **ဟော**တု၊ ဖြစ်**စ**ေ။ **မ**ဟန္တော**၀**ါ၊ **ကျ**ယ်**သ**ည်**မ**ူ**လ**ည်း။ **ဟော**တု၊ ဖြစ်**စ**ေ။ **ဂ**ါ**မ**သီ**မ**ာ**တ**ွေ**၀**၊ **ဂ**ါ**မ**သီ**မ်** **ဟ**ူ**၍**သ **ပ**ျှင်။ **သ**ခ်ိ့၊ **ရ**ေ**တ**ွက်**ခ**ြင်း**သ**ို့။ **ဂ**စ္ဆ**တ**ိ၊ **ရ**ောက်**၏**။ **နဂ**ရ**နိ**ဂ**မ**သီ**မ**ာ**သ**ုပ်၊ **နဂ**ရ**သ**ီ**မ်** **နိ**ဂ**မ**သီ**မ်**တို့**၌**လ**ည်း။ **ဧ**ော**၀**၊ **ဤ**ဆို**အ**ပ်**ခ**ဲ့**ပ**ြီ**သော** **စ**ကား**အ**စဉ်**အ**ပြည်**သ**ာ**လ**ျှင်။ **နယော**၊ **သ**ိ**ကြ**ောင်း **ဖ**ြစ်**သော** **နည်**း**ပ**င်**တ**ည်း။ (**ဤ**ကား ၎င်း**အ**ဋ္ဌ**က**ထာ**၏**အ**နက်။)

ဤအဌကထာဖြင့် ပကတိဂါမသိမ်ကို သိရပါမည်။ ဤအဌကထာ၌-ဂါမသဒ္ဒါဖြင့် ဘောဇကာဗလိ လဘန္တိ ဟူသော စကားကိုထောက်၍ သိမ်တို့၏ တည်ရာရွာကိုသာမယူရ။ အခွန်ကောက်ခံဘို့ရာ ပိုင်းခြားသတ်မှတ်၍ ထားအပ်သော သူကြီးတယောက်ပိုင် ဒိုင်နယ် အပိုင်းအခြားကိုသာယူရပါမည်။ ဘောဇကအရကိုလည်း အပိုင်စားပေးထားခဲသော မင်းသား မင်းသမီး စသည်တို့ကိုမယူရ။ အခွန်ကောက်ခံဘို့ရာ ခန့်ထားအပ်သော ရွာစားသူကြီးတို့ကိုသာ ယူရပါမည်။ မင်းသား မင်းသမီး စသည်တို့အား အပိုင်စားပေးရာ၌ကား အာဏာပိုင်အစိုးရ အသီးအခြား ဖြစ်သွားလေသောကြောင့် ဂါမသိမ်ဟူ၍ မခေါ်ဆိုနိုင်ပါ။ ထိုကြောင့် သူကြီးခန့်သည်လည်းဖြစ်စေ၊ ဒိုင်နယ်အသီးအခြားပြု၍ ပေးသည်လည်းဖြစ်စေ၊ ဤကား လိုရင်းပခေါနအင်္ဂါနှစ်ပါးဖြစ်ပါသည်။ အခွန်ကောက်ခံသည်လည်းဖြစ်စေ၊ ဤကား အပပခေါနအင်္ဂါ ဖြစ်ပါသည်။ ဤအင်္ဂါသုံးပါးတို့တွင် ရှေးအင်္ဂါနှစ်ပါးနှင့် ပြည့်စုံလျှင် သူကြီးတပိုင် ဒိုင်နယ်တခုဖြစ်၍ ဂါမသိမ်တခုဖြစ်သည်သာဟူ၍ မှတ်ရပါမည်။ ရှေးမြန်မာမင်းတို့၏ လက်ထက်အခါ၌ မြို့သူကြီးခန့်ထားပြီးလျှင် ထိုမြို့သူကြီးကမှတဆင့် အသီးအသီးဒိုင်နယ်တို့ကိုသတ်မှတ်ပိုင်းခြား၍သူကြီးငယ်များကိုခန့်ထားပါသည်။ဤသို့ခန့်ထားရာ၌ အောက်သူကြီးငယ်တို့ အုပ်စိုးရာဒိုင်နယ်တို့သာလျှင် အသီးအသီးဂါမသိမ်မည်ကြပါသည်။ မြို့နိုဂုံးတို့၌လည်း ထို့အတူ အောက်သူကြီးငယ်တို့ အုပ်စိုး၍ အခွန်ကောက်ပိုင်ခွင့်ရရာ ဒိုင်နယ်အသီးသီးတို့သာ ဂါမသိမ်အသီးသီးတို့မည်ကြပါသည်။ ရာဇာအရကိုလည်း အာဏာပိုင်လုပ်၍ အုပ်ချုပ်နေသူကိုယူရပါမည်။ အဘိသိက်သွန်းသည် မသွန်းသည် တရားဝည် မတရားသည်ကား လိုရင်းပခေါနမဟုတ်ပါ။ သို့သော်လည်း တ္တတောင့်တကွေ့ တစိတ်တဒေသ၌ သူပုန်ထ၍ အနည်းငယ်အုပ်စိုးနေသော သူခိုးဓားပြတို့ကိုမယူရ-ဟူ၍ မိုးနံကုန်းဆရာတော် ညောင်လွန်တောရ ဆရာတော်တို့ အမိန့်ရှိဘော်မူကြကုန်၏။

ဆက်ပါဦးအုံ့။ ရွာနိုဂုံးမြို့တို့တွင် အိမ်စေ့းမရှိသော ရွာအပိုင်းအခြားသည် ရွာမည်ပါသည်။အိမ်စေ့းသာရှိ၍ မြို့ရိုးကျုံးမြောင်းမရှိသော ရွာအပိုင်းအခြားသည် နိဂုံးမည်ပါသည်။ စေ့း မြို့ရိုး ကျုံးမြောင်းနှစ်ပါးစုံရှိသော ရွာအပိုင်းအခြားသည် မြို့မည်ပါသည်။

ထိုကြောင့် ပါရာဇိကာ အဌကထာ ကုလဒူသက သိက္ခာပုဒ်အဖွင့်၌—
ဂါမံဝါတိတွေ့ နဂရမို့ ဂါမဂုဟဏေနေ ဂဟိတံ၊တေနသ ပဒဘာဇနေ ဂါမောပိ နိဂမောပိ နဂရမို့ ဂါမောစော နိဂမောစာတိ ဝုတ္တံ။ တတ္ထ အပါကာရပရိက္ခေပေါ သ အာပဏော နိဂမောတိ ဝေဒိ တမ္ပေါ—ဟူ၍ မိန့်ဆိုဘော်မူ၏။

ဂါမံဝါတိတွေ့၊ ဂါမံဝါဟူသော ဤပါဠိ၌။ နဂရမို့၊ မြို့ကိုလည်း။ ဂါမဂုဟဏေနော၊ ဂါမသဒ္ဒါဖြင့်သာလျှင်။ ဂဟိတံ၊ ယူအပ်၏။ တေန၊ ထိုကြောင့်။ အဿ၊ ထိုဂါမံဝါဟူသောပါဠိ၏။ ပဒဘာဇနေ၊ ပဒဘာဇနီ ပါဠိတော်၌၊ ဂါမောပိ နိဂမောပိ နဂရမို့ ဂါမောစော နိဂမောစာတိ၊ ဂါမောပိ နိဂမောပိ နဂရမို့ ဂါမောစော နိဂမောစဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဘတ္တ၊ ထိုရွာနိဂုံးမြို့တို့တွင်။ အပါကာရပရိက္ခေပေါ၊ မြို့ရိုးကျုံးမြောင်းအရံ မရှိသော။ သ အာပဏော၊ အိမ်စျေးရှိသောရွာကို။ နိဂမောတိ၊ နိဂုံးဟူ၍။ ဝေဒိ ဘဒဇ္ဇော၊ သိအပ်၏။ (ဤကား ၎င်းအဌကထာ၏အနက်။)

ဤ၌ ပကတိဂါမသိမ် အဆုံးအဖြတ်ပြီးပါပြီ။

၃၉။ ။ဝိသုံဂါမသိမ်ကိုပြဆိုခြင်း

၂-ပြဆိုခင်ခဲ့ပြီးသော ပကတိဂါမသိမ်၏ အတွင်းဌာပင် တခုသော အရပ်ကို နယ်နိမိတ်သတ်မှတ်ပိုင်းခြားရှိ ဤအရပ်သည် ရှေးပကတိ ဒိုင်နယ် ဂါမသိမ်မှ အသီးအခြား တပါးသောဒိုင်နယ်ဂါမသိမ်တခု ဖြစ်စေဟု အံ့စိုးရသော အာဏာပိုင်မင်းက မူလသူကြီးဟောင်းမှ တပါးသော တစုံဘယောက်သော သူအား ရွာစားသူကြီးအဖြစ်ဖြင့် ခန့်အပ်၍ပေး၏။ ထိုမင်းသည် အသီးအခြား တပါးသောဒိုင်နယ်ဂါမသိမ်ကခုဖြစ်စေဟု မူလသူကြီးဟောင်းမှ တပါးသောသူအား ရွာစားသူကြီးအဖြစ်ဖြင့်ခန့်အပ်၍ ပေးရာမြေအရပ်သည် ဝိသုံဂါမသိမ်မည်ပါသည်။ ထိုဝိသုံဂါမသိမ်သည်ရင်း၊ ရှေးဌ ပြဆိုအပ်ခဲ့ပြီးသော ပကတိဂါမသိမ် နဂရသိမ် နိဂမသိမ်တို့သည်ရင်း၊ ဗဒ္ဓသိမ်နှင့်တူကုန်သည်သာ ဖြစ်၍ သံဃကမ်းကိုပြုခြင်းငှာ အပ်ကုန်၏။ တို့စီဝရဝိပ္ပဝါသ သိက္ခာပုဒ်အစောင့် အရှောက်ကိုကား မခံ့ကြကုန်။

ထိုကြောင့် ၎င်းမဟာဝါအဋ္ဌကထာဌာ-

ယမ္မဝိ တေသို့ယေဝ ဂါမခေတ္တေ ကေ၊ ပဒေသံ အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္ဌာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။ တသ္မာ သာစ ဣတရာစ ပကတိဂါမ နဂရနိဂမသီမာ ဗဒ္ဓသီမာသဒိသာယေဝ ဟောန္တိ၊ ကေဝလံ ပန တိစီ ဝရဝိပ္ပဝါသပရိဟာရံ နုလဘန္တိ-ဟူ၍ မိန့်ဆိုတော်မူ၏။

တေသို့ယေဝဂါမခေတ္တေ၊ ထို ကတိဂါမခေတ်ဌာသာလျှင်။ ကေ၊ တခု သော။ ယမ္မိပဒေသံ၊ အကြင်အရပ်ကိုလည်း။ အယံပဒေသော၊ ဤအရပ်သည်။ ဝိသုံဂါမော၊ အသီးအခြားသောရွာသည်။ ဟောတု၊ ဖြစ်စေ။ ဣတိပရိစ္ဆိန္နိတ္ဌာ၊ ဤသို့ပိုင်းခြား၍။ ရာဇာ၊ အစိုးရသော အာဏာပိုင်မင်းသည်။ ကဿစိ၊ တစုံတယောက်သောသူအား။ ဒေတိ၊ ပေးအံ့။ သောပိပဒေသော၊ ထိုအစိုးရသော အာဏာပိုင်မင်းဘည် ပိုင်းခြား၍တစုံတယောက်သောသူအား ပေးအပ်သောအရပ်သည်။ ဝိသုံဂါမော၊ ပကတိဂါမနှင့် မရောမနှိုး အသီးအခြားသောရွာသည်။ ဟောတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ တသ္မာ၊ ထိုကြောင့်။ သာစ၊ ထိုအစိုးရသောအာဏာပိုင်မင်းသည် ပိုင်းခြား၍ တစုံတယောက်သော သူအား ပေးအပ်သော ပကတိဂါမမှ အသီးအခြားသော ဝိသုံဂါမသိမ်သည်ဏင်း။ ဣဘရာ၊ ဤဝိသုံဂါမသိမ်မှတပါးကုန်သော။ ပကတိဂါမနဂရနိဂမသီမာစ၊ ပကတိဂါမသိမ် နဂရသိမ် နိဂမသိမ်တို့သည်ဏင်း၊ ဗဒ္ဓသီမာသဒိသာယေဝ၊ ဗဒ္ဓသီမ်နှင့် တူကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပန၊ ဆက်ပါဦး အံ့။ ကေဝလံ၊ သက်သက်။ တိစီဝရဝိပ္ပဝါသပရိဟာရံ၊ တိစီဝရိက်အဓိဋ္ဌာန်တင်အပ်သော သက်နှံးနှင့် ကင်းကွာ၍ နေရခြင်း ဟူစောင့် အရှောက်ကို။ နုလဘန္တိ၊ မရကုန်။(ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာဌာ ဝိသုံဂါမောဟူသော ဝေါဟာရကိုပေါဠိရောဇာကပကတိ ဂါမနဂရနိဂမသီမတော ဝိသုံ ပဋိပစ္ဆေကော ဂါမောတိ ဝိသုံဂါမော-ဟူ၍ကမ္မဓာရယသမာသ် ဝိဂ္ဂဟပြုလုပ်ရပါ၏။

ပေါဠိရောဇာကပကတိ ဂါမနဂရနိဂမသီမတော၊ ရှေးဦးဖြစ်သောပကတိ ဂါမသိမ် နဂရသိမ် နိဂမသိမ်တို့မှ။ ဝိသုံ ပဋိပစ္ဆေကော၊ အသီးအခြားဖြစ်

သော။ ဂါမေ၊ ရွာဘည်း။ ဣတိ၊ ထိုခြောင့်။ ဝိသုံဂါမေ၊ ဝိသုံဂါမမည်၏။ (ဤသို့အနက် ယောဇနာပါလေ။)

လိုရင်းမှတ်ဘွယ် အဓိပ္ပာယ်ကား အာဏာပိုင်အစိုးရမင်းသည် ဤမျှလောက် နယ်မြေကွက်ရပ်သည် ရှေးပကတိဂါမသိမ် နဂရသိမ် နိဂမသိမ်တို့မှ အသီးအခြာ တပါးသော ရွာနယ်မြေဖြစ်စေဟူ၍ အာဏာဖြင့်တစုံဘယောက်သောသူအား ပိုင်းခြားမှတ်သားရန် ရွာစားသူကြီးအဖြစ်ဖြင့် ခန့်အပ်ရပေးအပ်သော နယ်မြေကွက်ရပ်သည် ဝိသုံဂါမသိမ်မည်ပါသည် ဟူလိုဝ်။

ဆက်ပါဦးဘုံ။ ဤဝိသုံဂါမသိမ်ဟူသည်ကား ပကတိဂါမခေတ် ဒိုင်နယ်တခုထဲမှ အသီးအခြားတပါးသော ဂါမခေတ်ဒိုင်နယ်တခု ဖြစ်သွားအောင် အာဏာပိုင်အစိုးရမင်းက ဂါမခေတ်ဒိုင်နယ်အသီးအခြားပြု၍ မူလရွာစားသူကြီးဟောင်းမှ တပါးသောသူအား ရွာစားသူကြီး တယောက်အဖြစ်ဖြင့် ခန့်အပ်ရပေးလိုက်သော မြေကွက်ရပ်ကိုဆိုသည်ဟူ၍ မှတ်ယူရပါမည်။

ထို ဝိသုံဂါမခံယူသောအရာမှာ အပိုင်အခွန်လွှတ်ပေးသည် မပေးသည်ကား ပဓာနမဟုတ်ပါ။ စင်စစ်အားဖြင့်မူကား ဝိနည်းပရိယာယ်အားဖြင့် ဂါမခေတ်သိမ်တခု အသီးအခြားဖြစ်သွားလေအောင် အာဏာပိုင် အစိုးရမင်းတို့က ရွာစားသူကြီးတယောက်ကို ခန့်အပ်လိုက်ခြင်းသည်သာ ပဓာန ဖြစ်ပါသည်။

၄၀။ ။ဝိသုံဂါမခံယူရာ၌ အထူးမှတ်ဘွယ်

ဆက်လက်၍ အထူးကို မှတ်ရမည်ကား— ရာဇာကဿစိဒေတိ ဟူသော အဋ္ဌကထာ၌ ကဿပိအရကိုကား ဝိသုံဂါမသီမာ၌ ဝိသုံသဒ္ဒါကိုထောက်၍ သာဝဇ္ဇသာသဗ္ဗသဒ္ဒါကဲ့သို့ မူလရွာစားသူကြီးဟောင်းကို ချန်လှပ်၍ ယူရပါမည်၊ မှန်၏ မူလပကတိဂါမခေတ် ဒိုင်နယ်ပိုင်ရှင် သူကြီးဟောင်းကပင် ထပ်မံ၍ ဝိသုံဂါမသူကြီးအဖြစ်ကို ခံယူပါမူ ထမင်းထဲတွင် ထမင်းမြှုပ်သည်နှင့်တူ၍ မဆူးခြားနိုင်သောကြောင့်ရင်း၊ ထိုမူလ ပကတိဂါမခေတ် ဒိုင်နယ်ပိုင်ရှင် သူကြီးဟောင်းသည် မူလအစကပင် ရွာစားသူကြီးဖြစ်ပြီးဖြစ်၍ နောက်ထပ်တဖန် မိမိပိုင်ဆိုင်အုပ်ချုပ်သော ပကတိဂါမခေတ်ဒိုင်နယ်အတွင်း၌ ထပ်မံ၍

ဝိသုဒ္ဓိမဂ္ဂေတ်သူကြီးအဖြစ်ကို ခံယူသော်လည်း အသီးအခြားသော ဝိသုဒ္ဓိမဂ္ဂေတ် သိမ်မဖြစ်နိုင်သောကြောင့်ရင်း ကဿစိအရကို မူလ ရှာစားသူကြီးဟောင်းကို ချန်လှပ်၍ယူရပါမည်။ ထိုကြောင့် ဝိသုဒ္ဓိမဂ်ခံယူရာ၌ မူလရှာစားသူကြီးဟောင်းမှ ဝေးပါးသောသူသည် သာလျှင် ဝိသုဒ္ဓိမဂ္ဂရှာစားသူကြီးအဖြစ်ကို ခံယူရပါမည်ဟူ၍ အထူးကိုမှတ်ရမည်ဟု မိုးနံကုန်း ဆရာတော်၊ ဧညာဉ်လွန်တောရဆရာတော်တို့ အမိန့်ရှိတော်မူကြ၏။

ဆက်ပါဦးအုံ့။ ဤဝိသုဒ္ဓိမဂ်သိမ် ခံယူထားပြီးသောမြေကွက်ရပ်၌ ဗဒ္ဓသိမ်ကို ထပ်၍ မသမုတ်ရဟု အချို့ပြောဆိုကြ၏။ ဧညာဉ်လွန်တောရ ဆရာတော်ကား ဤဝိသုဒ္ဓိမဂ်သိမ်သည် ရှာစားသူကြီးတယောက် အခန့်ချင်းတူသောကြောင့် ပကတိဂါမသိမ်နှင့် ကျဉ်းသည်နှင့် ကျယ်သည်သာထူးပါသည်။ စင်စစ်အားဖြင့်ကား သီမသမ္မုတိကမ်ကို ပြုလုပ်စေတို့ရန် အသီးအခြားဂါမသိမ်ငယ်တခုဖြစ်အောင် ခံယူရပါသည်။ ထိုကြောင့် ဗဒ္ဓသိမ်ကို ထပ်၍သမုတ်ကောင်းသည်သာ။ ဤဝိသုဒ္ဓိမဂ်သိမ်၌ ဗဒ္ဓသိမ်ကိုထပ်၍မသမုတ်ဘဲလည်း အသီးအခြားသော သိမ်ငယ်ဖြစ်သောကြောင့် ဥပုသ်ပဝါရကာစသော သံဃကမ်ကိုပြုကောင်းသည်သာ။ ဗဒ္ဓသိမ်ကို ထပ်၍သမုတ်ခြင်းကြောင့် သိမ်မြဲစေရခြင်း အကျိုးရှိပါသည်ဟု အမိန့်ရှိတော်မူ၏။

၄၁။ ။ဝိသုဒ္ဓိမဂ်သိမ်မဖြစ်နိုင်ပုံကိုပြဆိုခြင်း

အင်္ဂလိပ်မင်းလက်ထက်အခါက ဂရုံပေးသည် ပတ္တာပေးသည် ဟူသော ဂ်လိပ်စကား၏အဓိပ္ပာယ်ကို မြေဘိုင်းစာရေးကြီးတယောက်အား မေးမြန်းသောအခါ "ဂရုံနှင့် ပတ္တာမြေမှာ ပေးပုံအတူဘူပင်ဖြစ်ပါသည်။ သို့သော် ဘဏ္ဍာရေးကိစ္စနှင့် ပတ်သက်၍ ကျောင်းဆောက်ရန် ကျောင်းမြေ သိမ်ဆောက်ရန် မြေများကို အခွန်တော်လွတ် အပိုင်ပတ္တာဂရုံမြေအဖြစ် အစိုးရမင်းက ပေးသည်ကိုရင်း၊ အခြား ပြည်သူများအတွက် အခွန်တော်ဖြင့် အငှားဘဏ္ဍာဂရုံမြေအဖြစ် သတ်မှတ်၍ အစိုးရမင်းတို့က ပေးသည်ကိုရင်း ဂရုံပေးသည် ဘဏ္ဍာပေးသည်" ဟူ၍ ဆိုလိုပါသည်ဟု, ငါတို့အား လျှောက်ထားဘူးပါသည်။

ဤသို့ လျှောက်ထားသော စကားအရကို ဆင်ခြင်သည်ရှိသော် အယံဝိသုဒ္ဓိဂါမမဟာဝိဟာတု-ဟူသော အဋ္ဌကထာနှင့်မှတ်ကိုက်ညီဘဲ ဘန်ဖျက်ခြင်းနေပါသည်။

ဆန့်ကျင်ပုံကား ဤဝိသုဒ္ဓိမဂ္ဂေးရာ ခံယူရာတို့၌ မြေကို အုပ်ိုင်ရသည် မရသည်ကား ပဓာနမဟုတ်ပါ။ ဂါမခေတ်ဒိုင်နယ်တခု အသီးအခြား ဖြစ်သွား အောင် ပိုင်းခြားသတ်မှတ်၍ပေးခြင်းသည်သာ ပဓာနဖြစ်ပါသည်။ ထိုကြောင့် အမျှားပြည်သူတို့အား လယ်ယာမြေမျှားကို ပိုင်းခြားသတ်မှတ်၍ ဂရုံပတ္တာ အဖြစ် ပေးခြင်းကဲ့သို့ သိမ်သမုတ်လိုသောသူအား သိမ်သမုတ်ရန် သိမ်ဂရုံမြေ အပ်ိုင် ပတ္တာအဖြစ် ပြု၍ပေးခြင်းသည် ပြဆိုအင်ခဲ့ပြီးသောအဌကထာစကားနှင့် ဆန့်ကျင်ပါသည်။ ဆန့်ကျင်သောကြောင့် ဤဂရုံပတ္တာပေးခြင်းမျိုးကို ဝိသုံ ဂါမသိမ်မဖြစ်နိုင်ဟု မှတ်ယူရပါမည်။

ဆက်ပါဦးအုံ့။ အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆေဒဒ္ဒိတ္ဘာ ရာဇာ ကဿစိ ဒေတိ ဟူသော အဌကထာကိုထောက်၍ ဤအရပ်သည် ဤသူအား ဖြစ်စေဟု ပိုင်းခြားသတ်မှတ်၍ မြေပိုင်ဖြစ်စေခြင်းငှာ မင်းသည် ပေးအပ်သော မြေကွက်ရပ်သည်ရင်း၊ အသီးအခြားသော ဂါမသိမ် ဒိုင်နယ်တခုဖြစ်စေဟု ပိုင်းခြားသတ်မှတ်၍ မင်းသည် ပေးအပ်သော်လည်း ထိုမူလပကတိ ဂါမသိမ် ဒိုင်နယ်ရှင် ရှာစားသူကြီးဟောင်းအားပင် ထပ်မံ၍ ပေးအပ်သော မြေကွက် ရပ်သည်ရင်း ဝိသုံဂါမသိမ် မဖြစ်နိုင်ပါ။ မှန်၏။ ‘အဌကထာ၌ အယံ ဝိသုံ ဂါမော ဟောတု ဟူသောပါဌ်ဖြင့် မူလပဌမ ရှာစားသူကြီးဟောင်းနှင့် အပ် မနှီး အသီးအခြားသော ဂါမသိမ် ဒိုင်နယ်ဖြစ်စေဟု ပိုင်းခြားသတ်မှ ... ပေးအပ်သော မြေကွက်ရပ်သည်ရင်း၊ အသီးအခြားသော ဂါမသိမ်ဒိုင်နယ် ... ဆိုသဖြင့် မူလပဌမ ရှာစားသူကြီးဟောင်းမှ တပါးသော တစုံတယောက်သော သူအား ပေးအပ်သော မြေကွက်ရပ်သည်သာလျှင်ရင်း ဝိသုံဂါမသိမ်ဖြစ်၏ ဟူသော အနက်ကို အနုယအားဖြင့် ပြဆိုပါသည်။ မြေပိုင်ဖြစ်စေခြင်းငှာ ဂရုံပတ္တာဆိုရ၍ ပေးအပ်သော မြေကွက်ရပ်သည်ရင်း၊ အသီးအခြားသော ဂါမသိမ် ဒိုင်နယ်တခုဖြစ်စေဟုဆိုရ၍ ပေးအပ်သော်လည်း မူလပဌမရှာစား သူကြီးဟောင်းအားပင် ထပ်မံ၍ ပေးအပ်သော မြေကွက်ရပ်သည်ရင်း၊ ဝိသုံဂါမသိမ် မဖြစ်နိုင်ဟူသော အနက်ကို ဗျတိရေကအားဖြင့် ပြုပါသည်။

ဆသပါဦးအုံ့။ဝိသုံဂါမသိမ်နှင့် ပကတိဂါမသိမ်သည်ကား ကျဉ်းသည်နှင့် ကျယ်သည်ကာ ထူးပါသည်။ ဤမှတပါး ထူးခြားသည် မရှိပါ။ ထိုကြောင့်

ပကတိ ဂါ၊မသိမ်၌ အသီးအခြားသော ဂါ၊မခေတ် သူကြီးတပိုင် ဒိုင်နယ်တခု ဖြစ်သည်သာ ပဓာနဖြစ်ပါ၊သည်။ မြေပိုင်ပဓာနမဟုတ်ပါ။ ထို့အတူ ဝိသုံဂါမ သိမ်၌လည်း ပကတိဂါ၊မသိမ်ထဲမှ အသီးအခြားသော ဂါ၊မခေတ် သူကြီးတပိုင် ဒိုင်နယ်တခု ဖြစ်သည်သာ ပဓာနဖြစ်ပါ၊သည်။ မြေပိုင်ပဓာန မဟုတ်ပါ။

ဆက်ပါဦ၊အုံ။ ဝိသုံဂါ၊မသိမ်၌ ဂါ၊မခေတ် ရွာနယ် အသီးအခြား ဖြစ်စေဟု ပိုင်းခြားသတ်မှတ်၍ ပေးခြင်းသည်သာ ပဓာနဖြစ်ပါ၊သည်။ အခွန် ကောက်ခံရခြင်း ခိုင်စားရခြင်းကား ပဓာနမဟုတ်ဟူ၍ မှတ်ယူရပါ၊မည်။

ထို့ပြင် အထူးမှတ်ရမည်ကား လူတို့အား လုံ၊ပ်ကိုင်စားဘို့ရာ မြေပိုင် ဖြစ်စေခြင်းငှာ ဂရုံပတ္တာဆို၍ ပေးအပ်သော မြေကွက်ရပ်သည်သာ ဝိသုံဂါမ သိမ် မဖြစ်သည်မဟုတ်သေး၊ သံ၊ဃာဂိုဏ်း ပုဂ္ဂိုလ်တို့၏ အကျိုးငှာ ကျောင်း အာ၊ဇင်း၊ ဘုရားစေတီအာ၊ဇင်း မြေပိုင်ဖြစ်စေခြင်း အကျိုးငှာ လှူ၊အပ်သော မြေကွက်ရပ်သည်လည်း ဝိသုံဂါမသိမ် မဖြစ်ဟူ၍ မှတ်ရပါ၊မည်။ မှန်၏။ ထို ကျောင်းအာ၊ဇင်း၊ ဘုရားစေတီအာ၊ဇင်း လှူ၊အပ်သော မြေကွက်ရပ်သည် လာဘသိမ်ဝတ္ထုကုံမြေ မည်ပါသည်။ ထိုလာဘ်သိမ် ဝတ္ထုကုံမြေသည် အခွန် ကောက်ခံခြင်းမရှိ၍ အခွန်ကောက်ခံခြင်းမှ လွတ်ငြိမ်းစေ ဟူသော မင်း၏ အာဏာကြောင့် အခွန်ကောက်ခံခြင်းမှ လွတ်ငြိမ်းသော်လည်း ဝိသုံဂါ၊မသိမ် မဖြစ်နိုင်ပါ။

ထင်ရှားစေပါဦးအုံ။ သိမ်သမုတ်ဘို့ရန် ဝိသုံဂါ၊မအဖြစ် ပေးရာ၌ သိမ် သမုတ်ကမ်းကို လွယ်ကူစွာပြုနိုင်စေခြင်း အကျိုးငှာ ဂါ၊မခေတ် ဒိုင်နယ် အသီး အခြား ဖြစ်အုံ့သည်ကို ရည်ရွယ်ရင်း ဖြစ်ပါသည်။ မြေပိုင်ဖြစ်အုံ့သည်ကို ရည်ရွယ်ရင်း မဟုတ်ပါ။ကျောင်းဘုရားစေတီတို့အား ဝတ္ထုကုံမြေကို လှူ၊ရာ၌ ရအပ်သော လာဘ်ကိုစွဲ၍ မြေပိုင်ဖြစ်အုံ့သည်ကို ရည်ရွယ်ရင်း ဖြစ်ပါသည်။ ဂါ၊မခေတ် ဒိုင်နယ်အသီးအခြား ဖြစ်အုံ့သည်ကို ရည်ရွယ်ရင်း မဟုတ်ပါ။ ထို လာဘသိမ် ဝတ္ထုကုံမြေ အရပ်သည် ရာဇဝတ်ရေး စသည်မှ တားမြစ် စောင့် ရှောက်တတ်သူနှင့် ကင်းရှိလည်း မဖြစ်နိုင်ပါ။ တပါးသော ဒိုင်နယ်ရှင်ရွာစား သူကြီးတို့က လာ၍စောင့်ရှောက်ရန် အခွင့်လည်း မရှိပါ။ ထိုမိမိတို့၏ မူလ ဒိုင်နယ်ပိုင်ရှင် ရွာစားသူကြီးကပင် ထိုရာဇဝတ်ရေးစသည်မှ တားမြစ်စောင့်

ရှောက်ရပါသည်။ ထိုကြောင့် လာဘသိမ်ဝတ္ထုကဲ့မြေအရပ်သည် ဝိသုဒ္ဓါမသိမ်မဖြစ်ဟူ၍ ယုံကြည်စွာ သန္နိဋ္ဌာန်ချ၍ မှတ်ယူရပါမည်။

ဆက်ပြီးအုံ့။ ယခုခေတ်ကာလ၌ နယ်နိမိတ် သတ်မှတ်ပိုင်းခြား၍ ကျောင်းမြေ သာသနာမြေအဖြစ် လှူဒါနဲ့ရုတ်ခြည်းလည်း မြေပိုင်လာဘသိမ်အဖြစ်ကို ရည်ရွယ်၍ပေးလှူသောကြောင့်ရင်း၊ မူလပဌမ သူကြီးပိုင် ဒိုင်နယ်ပင်ဖြစ်သောကြောင့်ရင်း၊ စင်စစ် ဝိသုဒ္ဓါမသိမ်မဖြစ်ဟု မှတ်ရပါမည်။ ထိုကြောင့် လာဘသိမ်ဝတ္ထုကဲ့မြေ ကျောင်းမြေ သာသနာမြေတို့၌ သိမ်သမုတ်ကမ်းကို ပြုလိုပါလျှင် မူလပဌမ သူကြီးပိုင် ဒိုင်နယ်အဘွင်းရှိ ရဟန်းတော် အားလုံးကို သိမ်းရုံးပင့်ခေါ်၍ ဒိုင်နယ်ကို စောင့်ကာ သံသယ ကင်းရှင်းအောင် သိမ်သမုတ်ကမ်းကို ပြုရပါမည်။

ဤကား ညောင်လွန်တောရ ဆရာတော်၏အထံမှရရှိသော မိုးနံကုန်း ဆရာတော်၏ အဆုံးအဖြတ်ပေတည်း။

၄၂။ ။ဝိသုဒ္ဓါမတောင်းပုံနှင့် ပေးပုံကိုပြဆိုခြင်း

ဝိသုဒ္ဓါမတောင်းရာပေးရာတို့၌ အင်္ဂလိတ်မင်းသား ထက်အခါက တောင်းပုံပေးပုံနှင့် ရှေးမြန်မာမင်းတို့ လက်ထက်အခါက တောင်းပုံ ပေးပုံများသည် အလွန်ကွဲပြားကွာခြားမှု ရှိပါသည်။ ကွာခြားပုံကား အင်္ဂလိတ်မင်း လက်ထက်အခါက ကျွန်တော် မောင်ဖြူခလျှက်ထား အသနားတော်ခံပါသည်။ အခြားမှာ ပူးတွဲပါရှိသော မြေပုံအရမည်သည့်မြို့နယ်၊ မည်သည့်အုပ်စု၊ မည်သည့်ကွင်းနံပါတ်၊ မည်သည့်ခုနှစ်၊ မည်သည့်ဦးပိုင်နံပါတ် အတွင်း မည်သည့် အမှတ်ပြထားသော မြေရိုးသာ မည်မျှကျဲရှိ ဘုန်းတော်ကြီး မည်သူ၏ ကျောင်းဝိုင်းအဘွင်း၌ ဝိသုဒ္ဓါမဗဒ္ဓသိမ်သမုတ်လိုပါ၍ အပိုင်ပတ္တာထုတ်ပေးတော်မူပါရန် အသနားတော်ခံပါသည်-ဟူ၍ ဝိသုဒ္ဓါမတောင်းပုံ လျှောက်လွှာပုံစံကို ငါတို့တွေ့ရှိ၍ ဘတ်ကြာ ဘူး၏။ ဤလျှောက်လွှာပုံစံ၌ ဝိသုဒ္ဓါမ ဗဒ္ဓသိမ်သမုတ်လိုခြင်း ဟူသောစကားသည် ဝိသုဒ္ဓါမ၌ ဗဒ္ဓသိမ်ကိုသာ သမုတ်ရမည်ဖြစ်သောကြောင့်ရင်း အပိုင်ပတ္တာသုတ်ခေးခတော်မူပါရန် ဟူသောစကားသည်လည်း ဝိသုဒ္ဓါမဘောဇကနှင့် မသက်ဆိုင် မြေပိုင်အဖြစ်ကိုသာ တောင်း

သောအဓိပ္ပာယ် ရောက်သောကြောင့်ရင်း ဝိသုဒ္ဓိမသီမာဟူသော အဌကထာနှင့် ဆန့်ကျင်၍နေပါသည်။

အင်္ဂလိတ်မင်းလက်ထက် အခါက ဝိသုဒ္ဓိမပေးပုံကား--

"မည်သည့်မြို့စီရင်စု၊ မည်သည့်မြို့ရွာရပ်ကွက်တွင် ပူးတွဲပါ မြေပုံအရ အောက်ပါနယ်နိမိတ်များအတွင်း ဒသမမည်မျှရှိ မြေကွက်ရပ်ကို သိမ်သမုတ်ရန် မောင်ဖြူက ဝိသုဒ္ဓိမမြေစား အသနားတော်ခံစေ။ **အသနား**တော်ခံရသည့် မြေတွင် သိမ်သမုတ်ခြင်းမှတပါး အခြားတစုံတရာပြုလုပ်လျှင် **သနား**တော်မူရင်း အမိန့်တော်ကို နုတ်သိမ်းစေ" ဟူ၍ ဝိသုဒ္ဓိမပေးပုံကိုလည်း ငါတို့တွေ့ရှိဘင်ကြားဘူး၏။ ဤဝိသုဒ္ဓိမပေးပုံ၌ ဝိသုဒ္ဓိမမြေစားဟူသောစကားသည် ဝိသုဒ္ဓိမဘောဇကဟူသော မဂဓဘာသာစကားနှင့် အနက်တူ၍ သင့်လျော်လှပေ၏။ သို့သော် တကယ်မကျန မသေချာ၍ မကောင်းလှသေးပါ။

ဤကား အင်္ဂလိတ်မင်းလက်ထက်အခါက ဝိသုဒ္ဓိမတောင်းပုံနှင့်ပေးပုံ အမြွက်မျှတည်း။

၄၃။ ။မင်းတုန်းမင်းကြီး လက်ထက်တော်အခါက ဝိသုဒ္ဓိမတောင်းပုံ--

"မိတ္ထီလာမြို့ ကန်ထက်ကျွတလင်းဒိုင် ကျောက်တိုင်ရှားနေ ငမြတ်သာဦး ရှေဘဝါးတော်အောက်က ရိုသေလေးမြတ်စွာ ရှေနားတော်ကြား ရှိခိုးအသနားခံလျှောက်ဝံ့ပါသည် ရေမြေသေ့ဌနင်း ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် ကေရာဇ်မင်းမြတ်အရှင်ဘုရား။ ဘုရားကျွန်တော်မျိုးတို့၏နေရာ ကျောက်တိုင်ရှာ၏အနီး ကျောက်တိုင်ဘုန်းတော်ကြီး၏ ကျောင်းဝိုင်းအတွင်းဝယ် စတုရန်းအတောင် (၂၀) နှစ်ဆယ်ခန့်မျှ သတ်မှတ်ရှိထားအပ်သော မြေကွက်ရပ်၏ အတွင်း၌ ဗဒ္ဓသိမ်သမုတ်လိုပါ၍ ၎င်းမြေကွက်ရပ်ကို ဘုရားကျွန်တော်မျိုး ငမြတ်သာဦးအား ဝိသုဒ္ဓိမ မြေစားခန့်အပ် ပေ သနားတော် မူပါမည့် အကြောင်းကို ရှိခိုးနှားတော် လျှောက်ဝံ့ပါသည် အရှင်မင်းမြတ်ဘုရား" ဤကား၊ဝိသုဒ္ဓိမဘောဇကအဖြစ် တောင်းပုံတည်း။

ဤတောင်းပုံကား ပြဆိုအပ်ခဲ့ပြီးသော အဌကထာနှင့် ညီသောကြောင့် ကောင်းမြတ်လှပေ၏။

၄၄။ ။မင်းတုန်း ရှင်ဘုရင်က ဝိသုဒ္ဓါမပေးပုံအမိန့်စာ ...

မင်းတုန်းရှင်ဘုရင်က ဝိသုဒ္ဓါမပေးပုံအမိန့်စာကား....

"ရေမြေကို အစိုးရဘော်မူသော ဘုရင်ကောင်းမင်းမြတ် အမိန့်တော်ရှိလိုက်သည်။ မိတ္တဲ့လာမြို့ကန်ထက်ကျဲတလင်းဒိုင် ကျောက်တိုင်ရှာနေ ကြမ်တ်သည်။ မောင်မင်းလျှောက်ထားအပ်သည်အတိုင်း ကျောက်တိုင်ရှာ၏အနီး ကျောက်တိုင်ဘုန်းဘော်ကြီး၏ ကျောင်းဝိုင်းအတွင်းဝယ် စတုရန်းတာအတောင် (၂၀)နှစ်ဆယ်ခန့်မျှ ပိုင်းခြားသတ်မှတ်၍ ထားအပ်သော မြေကွက်ရပ်ကို မောင်မင်းအား ဝိသုဒ္ဓါမမြေစားခန့်အပ်ပေးသနားတော်မူသည်။ မောင်မင်းသည်ရင်း လျှောက်ထား၍ တောင်းအပ်သောမြေကွက်ရပ်၌ ရှာစားသူကြီးဖြစ်စေ။ ၎င်းမြေကွက်ရပ်သည်လည်း ရှေးကျဲတလင်းဒိုင်မှ သီးသန့်၍ ဝိသုဒ္ဓါမရှာနယ် အသီးအခြားဖြစ်စေ" ဤကား မင်းတုန်းရှင်ဘုရင်က ဝိသုဒ္ဓါမပေးပုံ အမိန့်စာတည်း။

ဤပေးပုံကား အဌကထာနှင့် ညီညွတ်သောကြောင့် အလွန်လျှင်သင့်မြတ်ကောင်းမွန်လှပေ၏။ ဤကား ညောင်လွန်တောရဆရာတော်၏ အထံမှ ကြားသော ဝိသုဒ္ဓါမတောင်းပုံနှင့်ပေးပုံတို့ ဖြစ်ပါသတည်း။

၄၅။ ။ဝိသုဒ္ဓါမသိမ်မပျက်ပုံနှင့် ပျက်ပုံကိုပြဆိုခြင်း

ထိုဝိသုဒ္ဓါမသိမ်သည် ဝိသုဒ္ဓါမခံယူသော သူကြီးသေခြင်းကြောင့်၎င်း၊ သစ်ပိုးမမင်းက ရာထူးကိုချလိုက်၍ ကျွန်ခြင်းကြောင့်၎င်း- အာဏာပိုင် မင်းဆက်ပြောင်းခြင်း၊ ဤသို့ကြောင့်၎င်း မပျက်ဘီးနိုင်ပါ။ ဥပမာအားဖြင့် ပကတိဝါမခေတ်သိမ်ဒိုင်နယ်၊ သည် ရှာစားသူကြီး သေခြင်းကြောင့်၎င်း၊ ရာထူးမှကျခြင်းကြောင့်၎င်း၊ အာဏာပိုင်မင်းဆက်ပြောင်းခြင်းကြောင့်၎င်း ပကတိဝါမခေတ်ဒိုင်ဟောင်းပင် တည်ရှိနေသကဲ့သို့ မှတ်ရပါမည်။ အာဏာပိုင်မင်းတို့က ပျက်စေဟု အာဏာဖြင့်ဖျက်ရာ၌ကား ပျက်သည်ဟုမှတ်ရပါမည်။ ခဲ့ပါဦးအုံ၊ ဝိသုဒ္ဓါမခံယူ သော သူကြီးသေရာ ရာထူးမှကျရာတို့၌ သူကြီးမရှိလတ်သော်အစိုးရအုပ်ချုပ်ရေး ဝ ဝိသုဒ္ဓါမဖြစ်ပါသည်။ ထို့ကြောင့် ဝါမသည်....

(၁) ရွာစားသူကြီး အုပ်ချုပ်သောဂါမ။

(၂) အာဏာပိုင်အစိုးရမင်း အုပ်ချုပ်သောဂါမ-ဟူ၍ နှစ်မျိုးရှိပါသည်။

ထိုတွင် သူကြီးအုပ်ချုပ်သောဂါမကား ထင်ရှား၏။ မူလရွာစားသူကြီးဟောင်း သေလွန်၍သော်၎င်း၊ ရာထူးမှကျသော်၎င်း၊ နောက်ထပ်ရွာစားသူကြီး အသစ်တယောက်ကို မခန့်အပ်မီအတွင်း၌၎င်း၊ ရွာစားသူကြီးနှစ်ဦးတို့ အုပ်ချုပ်သော ဂါမခေတ်ဒိုင်နယ်နှစ်ခုတို့၏အကြား၌ ကြွင်းကျန်နေသော မြေကွက်အရပ်သည်၎င်း အာဏာပိုင်အစိုးရမင်း အုပ်ချုပ်သောဂါမ မည်ပါသည်။ ထိုဂါမသိမ်၌လည်း သံဃကမ်ကိုပြုကောင်းပါသည်။

ထိုကြောင့် ဝဇီရဗုဒ္ဓိဋီကာ၌—

အညေဟိ ဂါမခေတ္တေဟိ အသမ္မဒ္ဓဋ္ဌာနံ စေ၊ ဝိသုံဂါမသင်္မံ ဝါ ဂစ္ဆတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

အညေဟိ၊ တပါးကုန်သော။ ဂါမခေတ္တေဟိ၊ ဂါမခေတ်တို့နှင့်၊ အသမ္မဒ္ဓဋ္ဌာနံ၊ မစပ်သောအရပ်သည်။ စေဟောတိ၊ အကယ်၍ဖြစ်ငြားအုံ။ ဝိသုံဂါမသင်္မံ ဝါ၊ အသီးအခြားသော ရွာနယ်ဟူသောအရေအတွက်သို့လည်း။ ဂစ္ဆတိ၊ ရောက်၏။ (ဤကား ၎င်းဋီကာ၏အနက်။)

ဤဋီကာ၌ တပါးသော ရွာစားသူကြီးအုပ်ချုပ်သောဂါမတို့နှင့်မစပ်ဘဲ ကြွင်းကျန်နေသောအရပ်သည် အာဏာပိုင် အစိုးရမင်းအုပ်ချုပ်သော အသီးအခြားသော ဂါမအဖြစ်သို့ ရောက်သည်ဟု ဆိုလိုပါသည်။ ။ဤ၌တွင် စိသုံဂါမသိမ် အဆုံးအဖြတ်ပြီးပါပြီ။

၄၆။ ။သတ္တဗ္ဘန္တရသိမ်ကိုပြဆိုခြင်း

ရှာ နိဂုံးမြို့၌ နေကုန်ခဲသောလူတို့၏ ပိုင်းခြားမှတ်သား၍ လယ်ယာစသည်ကို လုပ်ကိုင်ရာ ဂါမခေတ်မဟုတ်သော တောအရပ်၌ ကမ်ပြုသော သံဃာ၏ ထက်ဝန်းကျင်ပတ်လည် (၇) ခုနှစ်အဗ္ဘန္တရသည် သတ္တဗ္ဘန္တရသိမ် မည်ပါသည်။

ထိုကြောင့် မဟာဝဂ္ဂပေါသထကွန္ဓက ပါဠိတော်၌-

အဂါမကေ စေ ဘိက္ခဝေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ၊ အယံ၊ တတ္ထ သမာနသံဝါသာ ကေုပေါသသာ-ဟူ၍ ဟောတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဂါမကေ၊ ရွာ နိုဂုံး မြို့၌ နေကုန်သော လူတို့၏ ပိုင်းခြားမှတ်သား၍ လယ်ယာစသည်ကို လုပ်ကိုင်ရာဂါမခေတ် မဟုတ်သော။ အရညေ၊ တောအရပ်၌။ သမန္တာ၊ ကမ်ပြူသောသံဃာ၏ထက်ဝန်းကျင် ပတ်လည်မှ။ သတ္တဗ္ဘန္တရာ၊ (၇)ခုနစ်အဗ္ဘန္တရတို့သည်။ သန္တိ၊ ရှိကုန်၏။ အယံ၊ ဤကမ်ပြူယော သံဃာ၏ ထက်ဝန်းကျင်ပတ်လည် (၇)ခုနစ်အဗ္ဘန္တရသည်။ တတ္ထ၊ ထိုရွာ နိုဂုံး မြို့၌နေကုန်သော လူတို့၏ ပိုင်းခြားမှတ်သား၍ လယ်ယာစသည်ကို လုပ်ကိုင်ရာဂါမခေတ်မဟုတ်သောတောအရပ်၌။ သမာနသံဝါသာ၊ ကမ်ကြီးကမ်ငယ်ဖြင့် တူသောနေရာရှိ၏။ ကေုပေါသထား၊ တကွနက် ဥပုသ်ပြုရာရှိ၏။ (ဤကား ၎င်းပါဠိတော်၏အနက်။)

ဤပါဠိတော်၌ အဂါမကေ အရညေအရကို ဂါမသိမ်၊ နိဂမသိမ်၊ နဂရသိမ်တို့ဖြင့် မပိုင်းခြားအပ်သော တောအုပ်အရပ်ကို ယူရပါမည်။ သမန္တာ သတ္တဗ္ဘန္တရာအရကို ကမ်ပြူသောရဟန်းတို့၏ တည်ရာအရပ်မှ ထက်ဝန်းကျင် ပတ်ပတ်လည် (၇)ခုနစ် အဗ္ဘန္တရကို ယူရပါမည်။ ဤသတ္တဗ္ဘန္တရသိမ်သည် တိစီဝရဝိပ္ပဝါသသိက္ခာပုဒ် အစောင့်အရှောက်ကိုလည်းရပါသည်။ ထို(၇)ခုနစ်ခုသော အဗ္ဘန္တရတို့တွင် တခုသောအဗ္ဘန္တရသည် (၂၀)နှစ်ဆယ့်ရှစ်တောင် အဘိုင်းအရှည်ရှိပါသည်။ ဤသတ္တဗ္ဘန္တရသိမ်၏ အလယ်၌တည်သောရဟန်း၏ အရပ်ထက်ဝန်းကျင်ပတ်လည် (၇)ခုနစ် အဗ္ဘန္တရစီရှိပါသည်။ အရှေ့အနောက် တောင်မြောက် စသည် တဘက်စွန်းမှ တဘက်စွန်းသို့ တိုင်းတာမူကား (၁၄) တဆဲ့လေး အဗ္ဘန္တရစီရှိပါသည်။

ထိုကြောင့် ၎င်းပါဠိတော်၏ အဖွင့်မဟာဋီကာထား၌-

တတ္ထ အာ၊ပါ၊ဂ၊ကေ၊ဧ၊တေ ဂါမနိဂမနဂရသီမာဟိ အပရိစ္ဆိ၊ဒ္ဓေ အဋ္ဌဝိ၊ဟ၊ဒသေ။ အဝ၊ဝါ၊ အ၊ဂ၊ါ၊မ၊ကေ၊ဧ၊တေ ဝိဠာ၊ဠ္ဠ၊ဝိသ၊ဒိသေ အရ၊ညေ ဘိက္ခု ဝ၊သ၊တိ၊ အ၊ထ၊သ ဌိ၊ဘေ၊ ကာ၊သ၊ဘော သမန္တာ သတ္တဗ္ဘန္တရာ သမာနသံဝါသကသီမာတိ အတ္ထော။ အယံ သီမာ တိစီဝရဝိပ္ပ

ဝါသပရိဟာရမ္မိ လဘတိ။ တတ္ထ ကေ အဗ္ဘန္တရံ အဌဝိသတိဟတ္ထပ္ပမာဏံ ဟောတိ၊ မဇ္ဈေ ဌိတသ သမန္တာ သတ္တဗ္ဘန္တရာ ဝိနိဗ္ဘောဒေန စုဒ္ဒသ ဟောန္တိ - ဟူ၍ မိန့်ဆိုတော်မူ၏။

တတ္ထ၊ ထိုအဂါမကေ စသော ပါဠိတော်၌။ အဂါမကေစေတိ၊ အဂါမကေစေ ဟူသည်ကား။ ဂါမနိဂမနဂရသီမာဟိ၊ ဂါမသိမ် နိဂမသိမ် နဂရသိမ် တို့ဖြင့်။ အမရိစ္ဆိ ဒေ၊ မပိုင်းခြားအပ်သော။ အဌဝိပ္ပဒေသေ၊ တောအုပ် အရပ်၌။ ဒေ၊ ထ ဝါ၊ တနည်းသော်ကား။ အဂါမကေစေတိ၊ အဂါမကေစေ ဟူသည်ကား။ ဝိဠာဌဝိသဒိသေ၊ ဝိဠာအမည်ရှိသော တောအုပ်နှင့်တူသော။ အရညေ၊ တောအရပ်၌။ ဘိက္ခု၊ ရဟန်းသည်။ ဝသတိ၊ နေအံ့။ အထ၊ ထိုသို့ နေသည်ရှိသော်။ အသ၊ ထိုရဟန်း၏။ ဌိတောကာသတော၊ တည်ရာအရပ်မှ။ သမန္တာ၊ ထက်ဝန်းကျင်ပတ်ပတ်လည်မှ။ သတ္တဗ္ဘန္တရာ၊ (၇) ခုနစ်အဗ္ဘန္တရတို့သည်။ သမာနသံဝါသကသီမာ၊ ကမ်းကြီးကမ်းငယ်ဖြင့် တူသောနေရာရှိသော သိမ်မည်၏။ ဣတိ၊ ဤသည်လျှင်။ အတ္ထော၊ ပါဠိတော်၏အနက်။ အယံ ဤ သတ္တဗ္ဘန္တရ သိမ် သည်။ တိစီဝရဝိပ္ပဝါသပရိဟာရမ္မိ၊ တိစီဝရဝိပ္ပဝါသ သိက္ခာပုဒ်အစောင့်အရှောက်ကိုလည်း။ လဘတိ၊ ရ၏။ တတ္ထ၊ ထိုအဗ္ဘန္တရ တို့တွင်။ ကေ အဗ္ဘန္တရံ၊ တခုသောအဗ္ဘန္တရသည်။ အဌဝိသတိဟတ္ထပ္ပမာဏံ (၂၈) နှစ်ဆဲ့ရှစ်တောင် အတိုင်းအရှည်ရှိသည်။ ဟော တိ၊ ဖြစ်၏။ မ ဇ္ဈ၊ အလယ်၌။ ဌိတသ၊ တည်သောရဟန်း၏။ သမန္တာ၊ တဝန်းကျင် ပတ်ပတ်လည်မှ။ သတ္တဗ္ဘန္တရာ၊ (၇) ခုနစ်အဗ္ဘန္တရတို့သည်။ ဝိနိဗ္ဘောဒေန၊ ထုတ်ချင်းလျှို့ထွင်းသောအားဖြင့်။ စုဒ္ဒသ၊ (၁၄) တဆဲ့လေးအဗ္ဘန္တရတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ဤကား ၎င်းအဌကထာ၏အနက်။)

ဆက်ပါဦးအံ့။ ဤအဌကထာ၌ မိန့်ဆိုအပ်သော အဂါမက အရညအရ ကိုလည်း တံငါသည်စသော လူတို့နေချင်းပြန် မသွားလာနိုင်သော တောတောင် ကျွန်း စသောအရပ်တို့ကို ယူရပါမည်။

ထို့ကြောင့် ပါရာဇိကဏ်အဌကထာဥဒေါသိတသိက္ခာပုဒ်အဖွင့်၌—

အဂါမကေ အရညေတိ အဂါမကံနာမ အရညံ ဝိဠာဌဝိအာဒိသု ဝါ သမုဒ္ဒမဇ္ဈေ ဝါ မစ္ဆဗန္ဓာနံ အဂမနပထေ ဒီပကေသု လဗ္ဘတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

အဂါမကေအရညေတိတ္ထေ၊ အဂါမကေအရညေ ဟူသော ဤစကား ရပ်၌။ အဂါမကုံ၊ ရွာမဟုတ်သော။ ဝါ၊ ရွာမှကင်းသော။ အရညံနာမ၊ တောအရပ်မည်သည်ကို။ ဝိဠာဒ္ဓဂိအာဒီသုဝါ၊ ဝိဠာမည်သော တောအရပ် အစရှိသည်တို့ကိုဋဋ္ဌ။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာ၏အလယ်၌။ မစ္ဆဗန္ဓာနံ၊ တံငါ သည်တို့၏။ အဂမနပထေ၊ နေ့ချင်းပြန်မသွားနိုင်သောလမ်းခရီး၌။ ဌိုးတသု၊ တည်ကုန်သော။ ဒီပဒကသုဝါ၊ ကျွန်းငယ်တို့၌ဋဋ္ဌ။ လဗ္ဘတိ၊ ရအပ်၏။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ထင်ရှားစေပါဦးအုံ့။ ဤအဋ္ဌကထာ၌ တံငါသည်တို့ နေ့ချင်းပြန်မသွား လာနိုင်သော တော တောင် ကျွန်း စသောအရပ်ကို အရညဟူ၍ သာမည အားဖြင့် မိန့်ဆိုထားပါသည်။ ခရီးအဝေးအကွာကိုတာဖွဲ့၍ အထူးမပြဆိုပါ။ ဤသို့ မပြဆိုခြင်းသည် ဤမျှလောက်ပြဆိုသဖြင့် ပညာရှိသော ပုဂ္ဂိုလ်တို့ သိလောက်တန်ရာသောကြောင့် မဆိုခြင်းဖြစ်ပါသည်။ ထိုကြောင့် ဤအရာ၌ ပညာရှိတို့ ကြုံဆ၍သာသိရပါမည်။ ကြုံဆ၍ သိရမည်ကား လူတို့သည် မိမိတို့ နေရာ ရွာ နိုဂုံး မြို့မှ တတိုင်ကွာအရပ်တိုင်အောင်သွား၍ လယ်ယာစသည်ကို လုပ်ကိုင်ကြပါသည်။ တံငါသည်တို့သည် ထိုလယ်ယာစသည်ကို လုပ်ကိုင်ရာ အရပ်မှ (၃)သုံးတိုင်ကွာ အရပ်တိုင်အောင်သွား၍ မိမိတို့ငါးဖမ်းခြင်းကိစ္စကို ပြုပြီးလျှင် နေ့ချင်းပြန်နိုင်ကြပါသည်။ ထိုထက် ကျော်လွန်ဝေးကွာသော အရပ်ကိုကား တံငါသည်တို့ နေ့ချင်းပြန် မသွားလာနိုင်သောအရပ်ဟူ၍ သိရ ပါမည်။

ထိုကြောင့် လူတို့နေထိုင်ရာ ရွာနိုဂုံးမြို့မှ (၄)လေးတိုင်ကွာ အရပ် ကိုင်အောင် ဂါမ။ ထိုမှ အပြင်ဘက်၌ အရညဟူ၍ မှတ်ယူရပါမည်။ အကယ်၍ လူတို့သည် မိမိတို့နေထိုင်ရာ ရွာနိုဂုံးမြို့မှ တတိုင်ကွာ အရပ်တိုင်အောင် လယ်ယာ စသည်ကို လုပ်ကိုင်ကြ၍ ထိုတတိုင်ကွာ အရပ်အတွင်း၌သာ ရွာစားသူကြီး ခန့်ထားပါမူကား ထိုရွာစားသူကြီး ခန့်ထားရာ တတိုင်ကွာအရပ်မှ အပြင်ဘက် (၃)သုံ တိုင်ကွာ အရပ်တိုင်အောင် အစိုးရမင်း အုပ်ချုပ်သော ဂါမဟူ၍ မှတ်ယူပါမည်။

ဆက်ပါဦးအုံ့။ ဤလူတို့လယ်ယာစသည် လုပ်ကိုင်ကြရာ၌ ထိုလယ်ယာ စသည်ကိုသည် တတိုင်ကွာမဝေး၍ ရွာနိုဂုံးမြို့နှင့် နီးကပ်၍ပင် တည်နေသော်

လည်း ထိုလယ်ယာ စသည်မှ (၃)တိုင်.ကွာ အရပ်တိုင်အောင်သာ ဂါမဟူ၍ ယူရပါမည်။လုပ်ကိုင်ရာ လယ်ယာစသည် မရှိပါမူကား ရွာနိဂုံးမြို့မှ အလွန်ဆုံး (၄)လေးတိုင်ကွာ အရပ်တိုင်အောင်သာ ဂါမဟူ၍ ယူရပါမည်။ထို့ပြင် လူတို့ လုပ်ကိုင်ရာ လယ်ယာစသည်ကိုကား အလွန်ဆုံး တတိုင်ကွာ အရပ်ကိုသာ ယူရပါမည်။ ရွာနိဂုံးမြို့မှ(၄)လေးကိုင်ကွာ အရပ်ထက်ကျော်လွန်၍ ရွာစားသူကြီး ခန့်ထားပြီးသော်လည်း ထိုရွာနိဂုံးမြို့မှ (၄)လေးတိုင်ကွာ အရပ်တိုင်အောင်သာ အာဏာဒေသနာတော်ကြောင့် ဂါမဟူ၍ ယူရပါမည်။ထိုထက် ကျော်လွန်သော အရပ်ကို အရည်ဟူ၍ မှတ်ယူရပါမည်။

ဂင်း အဋ္ဌကထာ၌လည်း-

ဒီပကောဝါ ပဗ္ဗတောဝါ ဟောတိ၊ သော စေ ဒူရေ ဟောတိ မစ္ဆဗန္ဓာနံ အဂမန ပထေ၊ အရညသီမာသင်္ခ်မေဝ ဂစ္ဆတိ။ တေသံ ဂမနပရိယန္တဿ သြရတော ပန ဂါ၊သီမာသင်္ခ်ံ ဂစ္ဆတိ။ တတ္ထ ဂါမ သီမံ အသောဓေတ္မာ ကမ္မံ ကာတုံ နဝဋ္ဋတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

ဒီပကောဝါ၊ ကျွန်းသည်ဂင်း။ ပဗ္ဗတောဝါ၊ တောင်သည်ဂင်း။ဟောတိ ဝိုသည်ဖြစ်အံ့။ သောဒီပကောဝါ၊ ထိုကျွန်းသည်ဂင်း။ သော ပဗ္ဗတောဝါ၊ ဒီတောင်သည်ဂင်း။ ဒူရေ၊ ဝေးရာအရပ်၌ မစ္ဆဗန္ဓာနံ၊ တံငါတို့၏။ အဂမန ဂ၊ နေ့ချင်းပြန် မသွားနိုင်ရာခရီး၌။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။ အရညသီ ဂ သင်္ခ်မေဝ၊ အရညသီမ် အခေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။ ဂေ ကသံ၊ ထိုတံငါတို့၏။ ဂမနပရိယန္တဿ၊ နေ့ချင်းပြန်သွားနိုင်ရာအရပ်အဆုံး၏။ ရတောပန၊ ဤမှသာက်၌ကား။ဂါမသီမ သင်္ခ်ံ၊ဂါမသီမ် အခေ တွက်သို့။ ဂစ္ဆတိ၊ရောက်၏။ တတ္ထ၊ ထိုဂါမသီမ်အခေအတွက်သို့ ရောက်ရာအရပ်၌။ ဂ ်မသီမံ၊ ဂါမသီမ်ကို။အသောဓေတ္မာ၊ မသုတ်သင်မူ၍။ကမ္မံ၊ ကမ်ကို။ကာ တုံ၊ပြုခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ (ဤကား ဂင်း အဋ္ဌကထာ၏အနက်။)

ဆက်သက်၍ အထူးကိုမှတ်ရမည်ကား ရွာစားသူကြီးတ ယာက်အား အာဏာပိုင် အစိုးရမင်းတို့က သ ဒဟာကျ၍ မိမိ၏ ခန့်ထားပြီး ရှိရင်းစွဲဂါမမှ တပါးသော ဂါမတခု အခြားရှိသေ ၊ ပြေနယ်အဂရပ်ကိုထပ်၍ ရွာစားသူကြီး ခန့်ထားပေးရာ၌ကား နောက်ထပ်ဝ ်ရှိသော ဂါ၊ ၌ ပြုအပ်သော သံဃာကမ်ကို

မူလပဌမ ရှိရင်းစွဲဂါမဏီ တည်နေသော ရဟန်းတို့သည် ဂါမတခု ခြားနေသော ကြောင့် မဖျက်ဆီးနိုင်ပါဟု ညောင်လွန်တောရဆရာတော် အမိန့်ရှိတော်မူ၏။

အထက်ပါ ဌာနတော်ကသော်လည်း သမန္တာ သတ္တဘဏ္ဍရာ ဟူသော အဋ္ဌကထာ၌ သတ္တဘဏ္ဍရကို တိုင်းဘာဘို့ရာ အတောင်ကို ယခုကာလ၌ သုံးစွဲနေကျ ဂိုက်တောင်ကိုယူရမည်ဟု ဦး ညောင်လွန်တောရဆရာတော် အမိန့်ရှိတော်မူ၏။

မဇ္ဈေ ဌိတသ သမန္တာ၌ မဇ္ဈေအရ တောင်၏ အလယ်ကို ယူရပါမည်။

ဤသမာန သုံဝါသကသတ္တဘဏ္ဍရသိမ်နှင့် ဥဒေါသိတသိက္ခာပုဒ်၌ တိစီဝရအဝိပ္ပဝါသသတ္တဘဏ္ဍရသိမ်တို့၏ ထူးခြားပုံကား ဤသမာနသုံဝါသက သတ္တဘဏ္ဍရသိမ်ကို ကမ်ပြုသောသံဃာ၏ ပရိသတ်အစွန်အနားကစ၍ တိုင်းတာရပါသည်။ ပရိတ်သာ် တိုးပွားသလောက် သိမ်လည်း ကျယ်ရှည်ပါသည်။ ဥဒေါသိတသိက္ခာပုဒ်၌ တိစီဝရအဝိပ္ပဝါသသိမ်ကိုကား သက်နှိုးရှင် ရဟန်း၏ မိမိနေရာအရပ်ကစ၍ တိုင်းတာရပါသည်။ ဤသို့ ထူးခြားပါသည်။

ထိုကြောင့် ပါဠာဋီကာ အဋ္ဌကထာဂဏ်း ဥဒေါသိတသိက္ခာပုဒ်အဖွင့်၌-

သမန္တာ သတ္တဘဏ္ဍရာတိ မဇ္ဈေ ဌိတသ သမန္တာ သဗ္ဗဒိသာသု သတ္တဘဏ္ဍရာ ဝိနိဗ္ဘောဂေန စုဒ္ဒသ ဟောန္တိ။ မဇ္ဈေ နိသိန္နော ပုရတ္ထိ မာယဝါ ပစ္ဆိမာယဝါ ဒိသာယပရိယန္တေ ဌပိတစီဝရံ ရက္ခတိ။ သစေ ပန အရညကုဋိမနသမယေ ကေသဂ္ဂမတ္တမ္ပိ ပုရတ္ထိမံ ဒိသံ ဂစ္ဆတိ၊ ပစ္ဆိမာယ ဒိသာယ စီဝရံ နိဿဋ္ဌယံ ဟောတိ။ သေသနယော ဣတရသ္မိံ။ ဥပေါသထ ကာလေ ပန ပရိသပရိယန္တေ နိသိန္နဘိက္ခုတော ပဋ္ဌာယ သတ္တဘဏ္ဍရသိမာ သောဝေတဗ္ဗာ။ ယတ္တက ဘိက္ခုသယော ဝစ္ဆတိ၊ သမာပ ဘတ္တက ဝစ္ဆတိ-ဟူ၍ မိန့်ဆိုတော်မူ၏။

သမန္တာသတ္တဘဏ္ဍရာတိ၊သမန္တာသတ္တဘဏ္ဍရာဟူသည်ကား။ မဇ္ဈေ၊ တောင်၏ အလယ်၌။ ဌိတသ၊ တည်သောရဟန်း၏။ သမန္တာ၊ ထက်ဝန်းကျင်ပတ်ပတ် လည်မှု။ သဗ္ဗဒိသာသု၊ အလုံးစုံသောအရပ်မျက်နှာတို့၌။ သတ္တဘဏ္ဍရာ၊ (၇) ခုနှစ် အဘဏ္ဍရတို့သည်။ ဝိနိဗ္ဘောဂေန၊ ထုတ်ချင်းလျှို့ထွင်းသောအားဖြင့်။ စုဒ္ဒသ၊

(၁၄) တဆယ့်လေး အဗ္ဘန္တရတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မဇ္ဈေ၊ တောင်၏ အလယ်၌။ နိသိန္နော၊ နေသောရဟန်းသည်။ ပုရတ္ထိမာယဒိသာယ၀ါ၊ အရှေ့မျက်နှာအရပ်၌ရင်း။ ပစ္ဆိမာယဒိသာယ၀ါ၊ အနောက်မျက်နှာအရပ်၌ရင်း။ ပရိယန္တေ၊ အစွန်အနား၌။ ဌပိတစီ၀ရံ၊ ထားအပ်သော သက်နှံးကို။ရက္ခတိ၊ စောင့်ရှောက်၏။ ပန၊ ယင်းသို့မဟုတ်။ အရဏ္ဏုဂ္ဂမနသမယေ၊ အရဏ်တက်ရာ အခါ၌။ ကေ သဂ္ဂံမတ္တမ္ပိ၊ တဆံခြည်ဖျားမျှလည်း။ ပုရတ္ထိမံ ဒိသံ၊ အရှေ့မျက်နှာ အရပ်သို့။ သစေ ဂစ္ဆတိ၊ အကယ်၍သွားအုံ့။ ဧ၀ံ သတိ၊ ဤသို့သွားသည်ရှိသော်။ ပစ္ဆိမာယဒိသာယ၊ အနောက်မျက်နှာအရပ်၌။ စီ၀ရံ၊ ထားအပ်သောသက်နှံး သည်။ နိဿဋ္ဌယံ၊ စွန့်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတရသ္မိံ၊ ဤအရှေ့ အရပ်သို့ သွားသည်မှတပါးသော အနောက်အရပ်သို့သွားရာ၌။ သေသေ၊ ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်သည်။ နယော၊ သိကြောင်းဖြစ်သောနည်း တည်း။ ပန၊ အထူးသော်ကား။ ဥ၀ေါသထကာလေ၊ ဥပုသ်ကမ်းကို ပြုရာ အခါ၌။ ပရိသပရိယန္တေ၊ ပရိသတ်၏ အစွန်အနား၌။ နိသိန္နဘိက္ခုတော၊ ထိုင်နေသောရဟန်းမှ။ ပဌ၀ယ၊ စ၍။ သတ္တဘ္ဘန္တရသိမာ၊ သတ္တဘ္ဘန္တရသိမ်ကို။ သောဓေတဗ္ဗာ၊သုံ့သင်အပ်၏။ ယတ္တကံ၊ အကြင်မျှလောက်အရပ်တိုင်အောင်။ ဘိက္ခုသံ၊ ရဟန်းအပေါင်းသည်။ ဥ၀ုတိ၊ တိုးပွားအုံ့။ တတ္တကံ၊ ထိုမျှလောက်အရပ်တိုင်အောင်။ သီမာပိ၊ သိမ်သည်လည်း။ ဥ၀ုတိ၊ တိုးပွား ၏။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဆက်ပါဦးအုံ့။ ဤသတ္တဘ္ဘန္တရသိမ်တို့သည် မိမိအလိုလို ပကတိသဘော အားဖြင့် တည်ရှိကြကုန်၏ဟု မိုးနံကုန်းဆရာတော်အမိန့်ရှိတော်မူ၏။ ညောင် လှန့်တောရ ဆရာတော်ကား ဥဒေါသိတ သိက္ခာပုဒ်၌ တိစီ၀ရအုပ်ပ၀ါသ သတ္တဘ္ဘန္တရသိမ်သည် ရဟန်းရှိလျှင်သိမ်ဖြစ်၍ တည်ပါသည်။ ဆမာနသံ၀ါသက သတ္တဘ္ဘန္တရသိမ်သည်ကား ရဟန်းရှိကာမျှဖြင့် သိမ်မဖြစ်နိုင်သေးပါ။ ဥပုသ် ပ၀ါရဏာစသော သံဃကမ်းကိုပြုမည်ဟု သံဃာစည်းဝေးသော အခါကစ၍ ကမ်းပြု၍ပြီးဆုံးသည်တိုင်အောင် သိမ်ဖြစ်၍တည်ကြပါသည်။

ထိုကြောင့် ရင်းမဟာဝ၀ါ အဋ္ဌကထာ၌-

သစ္စေ ဒ္ဒေသံဃာ ဝိသုံ ဝိနယကမ္မာနိ ကရောန္တိ၊ ဒ္ဒိန္နံ သတ္တဘ္ဘန္တရာနံ အန္တရေ အညံ ကေ သတ္တဘ္ဘန္တံ ဥပစာရတ္ထာယ ဌပေ တဗ္ဗံ-ဟူ၍ မိန့်ဆိုတော်မူ၏။

ဒ္ဒေသံဃာ၊ နှစ်ဦးနှစ်ဘက်သော သံဃာတို့သည်။ ဝိသုံ၊ အသီးအသီး။ ဝိနယကမ္မာနိ၊ ဝိနည်းကမ်တို့ကို။ သစေကရောန္တိ၊ အကယ်၍ပြုကုန်အုံ့။ ဧဝံ သန္တေသု၊ ဤသို့ပြုကုန်သည်ရှိသော်။ ဒ္ဒိန္နံ၊ နှစ်ခုကုန်သော။ သဘ္ဘတ္ဘန္တရာနံ၊ သတ္တဘ္ဘန္တရတို့၏။ အန္တရေ၊ အလယ်ကြား၌။ အညံ၊ တပါးသော။ ကေ၊ တခုသော။ သတ္တဘ္ဘန္တံ၊ သတ္တဘ္ဘန္တရကို။ ဥပစာရတ္ထာယ၊ ဥပစာရအကျိုးငှာ။ ဌပေတဗ္ဗံ၊ ထားအပ်၏။ (ဤကား ရင်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာ၌ ဒ္ဒေသံဃာ ဝိသုံ ဝိနယကမ္မာနိ ကရောန္တိ ဟူသော ပါဠိဖြင့် ဤသမာနသံ၀ါသက သတ္တဘ္ဘန္တရသိမ်သည် ဝိနည်းကမ်ပြုသော ရဟန်းတို့ကို အသီးအခြားပြု၍ဆိုသောကြောင့် ရဟန်းတို့ဝိနည်းကမ်ကိုပြုသော အခါ၌သာ သိမ်ဖြစ်၍တည်ရှိကြောင်းကို မှတ်ယူရပါမည်။

ဥဒကုက္ခေပသိမ်ကိုမြဆိုရာ ကခ်ါဝိတရဏီ အဋ္ဌကထာ၌လည်း-

အညံ တတ္ထကံယော ပရိစ္ဆေဒံ အနတိက္ကမိတ္ဘာ ဌိတောပိ ကမ္မံ ကောပေတိ-ဟူ၍ဌင်း။

ထို၏အဖွင့်ဖြစ်သော ဋီကာ၌လည်း-

အညံ တတ္ထကံယေ၀ ပရိစ္ဆေဒံ အနတိက္ကမိတ္ဘာ ဌိ.တောပိတိ ဣဒံ ဝိသုံ ကမ္မံ ကတ္ဘာ ဌိဘသံဃံ သန္ဓာယ ဝုတ္တံ-ဟူ၍ဌင်း မိန့်ဆိုတော်မူကြ၏။

အညံ၊ တပါးသော။ တတ္ထကံယေ၀၊ ထိုမျှလောက် ရေတက္ကအတိုင်း ကရှည်ရှိသည်သားလျှင်ဖြစ်သော။ ပရိစ္ဆေဒံ၊ အပိုင်းအခြားကို။ အနတိက္ကမိ ဘုဝ၊ မကျော်လွန်မူ၍။ ဌိ.တောပိ၊ တည်သောရဟန်းသည်လည်း။ ကမ္မံ ကမ်ကို။ ကောပေတိ၊ ပျက်စေနိုင်၏။ (ဤကား ရင်းအဋ္ဌကထာ၏အနက်။)

အည်ံတတ္တကံယောပရိစ္ဆေဒံ အနတိက္ကမိတ္ဘာ ဌိတောပိတိ ဣဒံ၊ အည်ံ တတ္တကံယော ပရိစ္ဆေဒံ အနတိက္ကမိတ္ဘာဌိတောပိဟူသော ဤစကားကို။ ဝိသုံ၊ အသီးအခြား။ ကမ္မ၊ ကမ်ကို။ ကတ္ဘာ၊ ပြုလျက်။ ဌိတသံယ၊ တည်သော သံယောကို။ သန္ဓာယ၊ ရည်၍။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ (ဤကား ၎င်းဋီကာ၏အနက်။)

ဤအဋ္ဌကထာနှင့် ဋီကာတို့ကို သောက်ဆ၍ တိစီဝရ အဝိပ္ပဝါသ သတ္တဘဋ္ဌန္တရသိမ်၌ အထူးပြု၍ မဆိုခြင်းကြောင့် ရဟန်းရှိလျှင် သိမ်ဖြစ်၍တည်ကြောင်းကိုရင်း သမာနသံဝါသက သတ္တဘဋ္ဌန္တရသိမ်၌ အထူးပြု၍ဆိုခြင်းကြောင့် ရဟန်းတို့ကမ်ပြုသောအခါ၌သာ သိမ်ဖြစ်၍တည်ကြောင်းကိုရင်း မှတ်ယူရမည်ဟု အမိန့်ရှိတော်မူ၏။

ဆက်လက်၍ အထူးကိုမှတ်ရမည်ကား သစေ ဒွေ သံယာ စသောအဋ္ဌကထာ၌ သတ္တဘဋ္ဌန္တရသိမ်နှစ်ခုတို့၏ အဓိပ္ပာယ်ကြား၌ သတ္တဘဋ္ဌန္တရတခုကို ဥပစာရအကျိုးငှာ ထားရမည်ဟု ဆိုခြင်းသည် သီမသမ္ဘေဒ သီမသက်ရမဖြစ်စေရန် အရိုအသေ အဇလေးအမြတ်ပြုသောအားဖြင့်သာ မိန့်ဆိုပါသည်။ ထိုကြောင့် ဤသတ္တဘဋ္ဌန္တရသိမ်၌ တခုနှင့်တခု မထိစပ်မူ၍ တတောင်တထွာစသည်ကွာခြားသော်လည်း အပ်သည်သာ။ ထိုအကြောင်းကို–

> တဿ အန္တော ဟတ္ထပါသံ ဝိဇဟိတ္ဘာ ဌိတော ကမ္မ ကောပေတိ–ဟူသော အဋ္ဌကထာကိုရင်း။
>
> ယတ္တကေန ပန သီမသမ္ဘေဒေါ နဟောတိ၊ တတ္တကံ ထပေတုံ ဝဋ္ဋတိယေဝ။ တေနာဟု ပေါရာဏာ ယတ္တကေန သီမသက်ရောနဟောတိ၊ တတ္တကံ ထပေတုံ ဝဋ္ဋတိတိ–ဟူသော တေရသကဏ်ဋီကာကိုရင်း ထောက်ဆ၍သိရမည်ဟု ညောင်လွန်တော်ရ ဆရာတော် အမိန့်ရှိတော်မူ၏။

တဿ၊ ထိုရေတကျ၏။ အန္တော၊ အတွင်း၌။ ဟတ္ထပါသံ၊ ဟတ္ထပါသ်ကို။ ဝိဇဟိတ္ဘာ၊ စွန့်၍။ ဌိတော၊ တည်သော။ ဘိက္ခု၊ ရဟန်းသည်။ ကမ္မံ ကမ်ကို။ ကောပေတိ၊ ပျက်စေနိုင်၏။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ပန်၊ စင်စစ်သော်ကား။ ယတ္ထကေန၊ အကြင်မျှလောက်ကွာခြားသဖြင့်။ သီမသမ္ဘေဒေါ၊ သိမ်တို့၏စပ်ယှက်ခြင်းသည်။ နဟာတိ၊ မဖြစ်။ တတ္ထကံ၊ ထိုမျှလောက်ကွာခြားရာကို။ ထပေတုံ၊ ထားခြင်းငှာ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာလျှင်တည်း။ တေန၊ ထိုကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ ယတ္ထကေနသီမသင်္ကရောနဟောတိ၊ တတ္ထကမ္ပိထပေတုံဝဋ္ဋတိတိ၊ ယတ္ထကေန သီမသင်္ကရောနဟောတိ၊ တတ္ထကမ္ပိထပေတုံဝဋ္ဋတိ-ဟူ၍။ အာဟု၊ မိန့်ဆိုကြကုန်ပြီး (ဤကား ၎င်းဋ္ဌီကာ၏အနက်။)

ဤပြဆိုအပ်ခဲ့ပြီးသော သတ္တဘူတ္တရသိမ်အတွင်း၌ ဗဒ္ဓသိမ်သမုတ်ခြင်းကို တားမြစ်တော်မမူခဲ့။ ထို့ကြောင့် ဤသတ္တဘူတ္တရသိမ်အတွင်း၌ ဗဒ္ဓသိမ်ကို သမုတ်လိုက သမုတ်နိုင်သည်သာ။ ဝါ၊ သမုတ်ကောင်းသည်သာ ဟူ၍ မှတ်ရပါမည်။

ဤတွင် သတ္တဘူတ္တရသိမ်အဆုံးအဖြတ်ပြီးပါပြီ။

၄၂။ ။နေယျတ္ထအရည်အရကို ပြဆိုခြင်း

ဤသတ္တဘူတ္တရသိမ်၏ တည်ရာအရည်အရာ၌ အဂါမကေ စေ ဘိက္ခဝေ အရညေ-ဟူ၍ ပါဠိတော်၌ ရှာမရှိရာဖြစ်သောတောအရပ်ကို တိုက်ရိုက်အားဖြင့် အရည ဟူ၍ ဘုရားရှင် ဟောတော်မူပါသည်။ ဤ နိတတ္ထဒေသနာတော်ဖြင့် ဆောင်၍ သီအပ်သော နေယျတ္ထအရည မျိုးလည်း ရှိပါသေးသည်။ ထိုနေယျတ္ထ အရည်မျိုးတို့ကား ဗဒ္ဓသိမ်သည်သာ မြေကိုခံသောရေတိုင်အောင် သက်ဝင်၍ တည်ကြောင်းကို အဋ္ဌကထာ၌ မိန့်ဆိုတော်မူ၍ ထိုမှကြွင်းသော အဗဒ္ဓသိမ်တို့ သည်ကား မြေကိုခံသောရေတိုင်အောင် သက်ဝင်၍ တည်ကြကြောင်းကို အဋ္ဌ ကထာ၌ ဆိုတော်မမူသောကြောင့်၎င်း အဂါမကေ စေ ဘိက္ခဝေ အရညေ-ဟူ၍ ပါဠိတော်၌ ရှာအပိုင်းအခြားမှ လွတ်ရာအရပ်ကို အရည ဟူ၍ ဟော တော်မူသော ကြောင့်၎င်း လူတို့နေထိုင်လုပ်ကိုင်ရာ ဂါမသီမ်သည် မြေကို ခံသော ရေတိုင်အောင် သက်ဝင်၍မတည်နိုင်ပါ။ မြေကြီးပေါ်၌ထက်စန်းကျင် မိမိတို့ နေထိုင်လုပ်ကိုင်ရာ အရပ်တိုင်အောင်သာ သက်ရောက်၍တည်ပါသည်။

မိမိတို့နေထိုင်လုပ်ကိုင်ရာ အရပ်မှ တပါးဒေသ တောတောင်ကျွန်းစသော အရပ်သို့ကား သက်ရောက်၍မတည်နိုင်ပါ။

ထို့ကြောင့် လူတို့သည် အောက်မြေ၏အတွင်း၌ တူး၍အသုံးပြုရာ ရေနုံတွင်း၊ ကျောက်ဘွင်း၊ သတ္တုတွင်းစသည်တို့ကို အတောင်(၁၀၀)တရာ၊ နှစ်ရာ(၂၀၀)နှစ်ရာ စသည် နက်စေအောက်သာတူး၍ အသုံးပြုကြပါသည်။ ထိုလူတို့အသုံးပြုရာ အတောင်(၁၀၀)တရာ (၂၀၀)နှစ်ရာ စသည်တိုင်အောင်သာ ဂ၊ မသိမ်သက်ရောက်၍ တည်နိုင်ပါသည်။ ထိုလူတို့အသုံးပြုရာ အဒေတောင်(၁၀၀)တရာ (၂၀၀)နှစ်ရာ စသည်မှ တပါးသော အောက်ဖြစ်သော မြေအရပ်သည်ရင်း၊ မြေကြီးအတွင်း၌တည်သော နဂါးပြည် ငရဲကြီး(ဂ)ရှစ်ထပ်သည်ရင်း၊ မြင့်မိုရ်တောင်၏ အောက်၌ တည်သော အသုရပြည်သည်ရင်း၊ စတုမဟာရာဇ်တာဝတိ သာ စသော နတ်ပြည်ခြောက်ထပ်သည်ရင်း၊ ဗြဟ္မပြည် (၂၀)နှစ်ဆယ်သည်ရင်း နေယျတ္တအရည်သိမ်တို့ ဖြစ်ကြပါသည်။

ထို့ကြောင့် ဝိမတ်ဝိနောဒနီဋီကာ၌–

ကေသ္မိဥ္ဇ စက္ကဝါဠေ ဂါမနဒီသမုဒ္ဒဇာတသရေ မုဏ္ဍိတ္ထာ တဒေဝသော အမနုဿဝါသံ ဒေဝဗြဟ္မလောကံ ဥပါဒါယ သဗ္ဗံ အရညမေव အစရိသည်ကို မိန့်ဆိုတော်မူ၏။

ဟိ၊ အထူးသောကား။ ကေသ္မိ၊ တခုသော။ စက္ကဝါဠေ၊ စက္ကဝဠာ၌။ ဂါမနဒီသမုဒ္ဒဇာတသရေ၊ ရွာ မြစ် သမုဒ္ဒရာ အလိုလိုဖြစ်သော ထုံးအိုင်တို့ကို။ မုဏ္ဍိတ္ထာ၊ လွှတ်၍။ ဝါ၊ ချန်ထား၍။ တဒေဝ၊ ထိုရွာ မြစ် သမုဒ္ဒရာ အလိုလိုဖြစ်သော ထုံးအိုင်တို့မှ ကြွင်းကျန်သော။ အမနုဿာဝါသံ၊ လူတို့၏ နေရာမဟုတ်သော။ ဒေဝဗြဟ္မလောကံ၊ နတ်ပြည် ခြောက်ထပ် ဗြဟ္မပြည် နှစ်ဆယ်ကို။ ဥပါဒါယ၊ အစပြု၍။ သဗ္ဗံ၊ အလုံးစုံသည်။ အရညမေव၊ တောအရပ်မည်သည်သာလျှင်တည်း။ ဝါ၊ အရညသိမ်မည်သည်သာလျှင်တည်း။ (ဤကား ၎င်းဋီကာ၏အနက်။)

ဤမှကြွင်းသောအကျယ်ကို ၎င်းဋီကာမှာ ရှုကြပါလေ။
ဤတွင်နေယျတ္ထအရညအရကို ပြီးပါပြီ။

၄၈။ ။ဥဒကုက္ခေပသိမ်ကို ပြဆိုခြင်း

မြစ် သမုဒ္ဒရာ အလိုလိုဖြစ်သော ထုံးအိုင်တို့၏ အတွင်းဌ အား အလယ် အလတ်စား၌ရှိသော ယောက္ခြားဏ အစားအစုမ်းကုန်ပစ်မြောက်၍ ပက်အပ်သော ရေသဲတို့၏ ကျရာ ဝန်းကျင်ပတ်လည်အရပ်၏ အတွင်းသည် ပကတိ သသော အားဖြင့် ဥဒကုက္ခေသိမ်ဖြစ်၍ တည်ပါသည်။

ထို့ကြောင့် မဟာဝါဥပေါသထကွန်ရာပါဠိတော်၌-

သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာ၊ သမုဒ္ဒေါ အသီမော သမုဒ္ဒေါ ဇာတဿရော အသီမော။ နဒိယာဝါ ဘိက္ခဝေ သမုဒ္ဒေါ ဇာတဿရေဝါ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ၊ ဣဒံ တတ္ထ သမာနသံဝါသာ ဧကုပေါသထာ-ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗာ၊ အလုံးစုံသော။ နဒီ၊ မြစ်သည်။ အသီမာ၊ ဗဒ္ဓသိမ်မမည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာသည်။ အသီမော၊ ဗဒ္ဓသိမ်မမည်။ သမုဒ္ဒေါ၊ အလုံးစုံသော။ ဇာတဿရော၊ အလိုလိုဖြစ်သော ထုံးအိုင်သည်။ အသီမော၊ ဗဒ္ဓသိမ်မမည်။ ဘိက္ခဝေ၊ ရဟန် တို့။ နဒိယာဝါ၊ မြစ်၌ဌင်း။ သမုဒ္ဒေါ၊ သမုဒ္ဒရာ၌ဌင်း၊ ဇာတဿရေဝါ၊ အလိုလိုဖြစ်သော ထုံးအိုင်၌ဌင်း။ ယံဌာနံ၊ အကြင်အရပ်ကို။ မဇ္ဈိမဿ၊ အားအလယ်အ တ်စား ရှိသော။ ပုရိသဿ၊ ယောက္ခြား၏။ သမန္တာ၊ ဆက်ဝန်းကျင် ပတ်ပတ် လည်မှ။ ဥဒကုက္ခေပါ၊ အားအစုမ်းကုန် ရေကိုမြောက်၍ ပစ်ပက်အပ်သော ရေကျရာအရပ်ဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားအပ်၏။ အယံ၊ ဤ အားအလယ် အလတ်စားရှိသော ယောက္ခြား၏ ထက်ဝန် ကျင်ပတ်ပတ်လည်မှ အားအစုမ်း ကုန် မြောက်၍ ပစ်ပက်အပ်သောရေ၏ ကျရာအရပ်ဖြင့် ပိုင်းခြားအပ်သော အရပ်သည်။ သမာနသံဝါသာ၊ ကမ်းကြီးကမ်ငယ်ဖြင့် တူသောနေရာရှိသော။ ဧကုပေါသထာ၊ တကွနက်ဥပုသ်ပြုရာရှိ၏သော။ သီမာ၊ သိမ်မည်၏။ (ဤကား ရင်းပါဠိတော်၏အနက်။)

ဤ သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာ စသောပါဠိတော်၌ အုသဒ္ဒါသည် ဗဒ္ဓသိမ်ကို တားမြစ်ပါသည်။ အဓိပ္ပါယ်ကား လက္ခဏာနှင့်ပြည့်စုံသော မြစ်

သမုဒ္ဒရာ အလိုလိုဖြစ်သောထုံးအိုင်တို့၌ နိမိတ်တို့ကိုကြား၍ ဗဒ္ဓသီမ်ကို သမုတ်အပ်သော်လည်း ဗဒ္ဓသီမ်မဖြစ်။ ထိုမြစ် သမုဒ္ဒရာ အလိုလိုဖြစ်သော ထုံးအိုင်တို့သည် မိမိတို့၏သဘောအားဖြင့် နဒီလက္ခဏာ သမုဒ္ဒလက္ခဏာ ဇာတသရလက္ခဏာမပျက်မူ၍ တည်ရှိသမျှ ကာလပတ်လုံး ဗဒ္ဓသီမ်နှင့် တူသည်ဖြစ်၍ ထိုမြစ် သမုဒ္ဒရာ အလိုလိုဖြစ်သောထုံးအိုင်တို့၌ အလုံးစုံသော သံဃကမ်းကို ပြုခြင်းငှာအပ်ပါ၏ဟူလိုဝ်။

ထို့ကြောင့် ရင်းပါဠိတော်၏ အဖွင့်မဟာဝ ါအဋ္ဌကထာ၌–

သဗ္ဗာ ဘိက္ခဝေ နဒီ အသ္သိမာတိ ယာကာစိ နဒီ လက္ခဏပ္ပတ္တာ နဒီ နိမိတ္တာနိ ကိတ္တေတ္တာ ဧတံ ဗဒ္ဓသီမံ ကရောမာတိ ကဘာပိ အသီမာဝ ဟေ:တိ၊ သာပန အတ္တနော သဘာဝေနေဝ ဗဒ္ဓသီမာ သဒိသာ၊ သဗ္ဗ မေတ္ထ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ။ သမုဒ္ဒဇာတသရေသုပိ ဧသေဝ နယော–ဟူ၍ မိန့်ဆိုတော်မူ၏။

သဗ္ဗာဘိက္ခဝေနဒီအသီမာတိ၊ သဗ္ဗာဘိက္ခဝေနဒီအသီမာ ဟူသည်ကား။ ယာကာစိ၊ အလုံးစုံသော။ နဒီလက္ခဏပ္ပတ္တာ၊ မြစ်၏လက္ခဏာသို့ရောက်သော။ နဒီ၊ မြစ်သည်။ နိမိတ္တာနိ၊ နိမိတ်တို့ကို။ကိတ္တေတ္တာ၊ ကြား၍။ ဧတံ၊ ဤမြစ်ကို။ ဗဒ္ဓသီမံ၊ ဗဒ္ဓသီမ်ကို။ ကရောမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့နှုလုံးပြု၍။ ကတာပိ၊ ပြုအပ်သော်လည်း။အသီမာဝ၊ဗဒ္ဓသီမ် မဟုတ်သည်သာလျှင်။ဟောတိ၊ ဖြစ်၏။ ပန၊ စင်စစ်သော်ကား။ သာ၊ထိုမြစ်သည်။ အတ္တနော၊ မိမိ၏။ သဘာဝေနေဝ၊ ပင်ကိုယ်သဘောအားဖြင့်သာလျှင်။ ဗဒ္ဓသီမာသဒိသာ၊ ဗဒ္ဓသီမ်နှင့်တူ၏။ ဧတ္ထ၊ ဤမြစ်၌။ သဗ္ဗံ၊ အလုံးစုံသော။ သံဃကမ္မံ၊ သံဃကမ်းကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ သမုဒ္ဒဇာတသရေသုပိ၊ သမုဒ္ဒရာ အလိုလိုဖြစ်သော ထုံးအိုင်တို့၌လည်း။ ဧသေဝ၊ ဤမြစ်၌ ဆိုအပ်ခဲ့ပြီးသော စကားအစဉ်သည်သာလျှင်။ နယော၊ သိုးကြောင်းဖြစ်သောနည်းတည်း။ (ဤကား ရင်း အဋ္ဌကထာ၏ အနက်။)

ဤအဋ္ဌကထာ အလိုအားဖြင့် သဗ္ဗာ၊ အလုံးစုံသော။ နဒီ၊ မြစ်သည်။ အသီမာ၊ ဗဒ္ဓသီမ် မဟုတ်။ ဝါ၊ ဗဒ္ဓသီမ်မမည်။ ဤသို့ အနက်ယူဇနာ ရပါမည်။

ဝဇီရဗုဒ္ဓိဋီကာ၌ကား မြစ်သမုဒ္ဒရာ အလိုလိုဖြစ်သော ထုံးအိုင်တခုလုံး တို့၏ သိမ်အဖြစ်ကို တားမြစ်၍ မြောက်၍ ပစ်ပက်အပ်သော ရေတကျ သဲတကျ ဖြင့် ပိုင်းခြားအပ်သော အရပ်၏ အတွင်း၌သာ သိမ်ဖြစ်သည်၏ အဖြစ်ကို ပြဆိုသည်ဟူ၍ မိန့်ဆို၏။

ထိုအကြောင်းကို ၎င်း ဝဇီရဗုဒ္ဓိဋီကာ၌—

သစေ ပဌမံ သီမာယ ဗဒ္ဓာယ ပစ္ဆာ နဒီအာဒယော ဟောန္တိ၊ ပဋိက္ခေပေါ တိ ပသင်္ဂေါ အာပဇ္ဇတိ။ တသ္မာ အဗဒ္ဓသီမမေဝ ပဋိက္ခိပတိ။ ယထာ သဗ္ဗော ဂါမော ဂါမသီမာ၊ တထာ သဗ္ဗာနဒီ အသီမာ၊ ကိန္တု တသ္မိံ တသ္မိံ ဘိက္ခုနော ဥဒကုက္ခေပမတ္တမေဝ သီမာတိ သီမာနာနတ္တံ ဒဿေတိတိ နော တက္ကောတိ အာစရိယော—ဟူ၍ မိန့်ဆိုတော်မူ၏။

ပဌမံ၊ ရှေးဦးစွာ။ သီမာယ၊ ဗဒ္ဓသိမ်ကို။ ဗဒ္ဓာယ၊ ဖွဲ့သမုတ်အပ်ပြီးသည့် ရှိသော်။ ပစ္ဆာ၊ နောက်မှ။ နဒီအာဒယော၊ မြစ်အစရှိသည်တို့သည်။ သစေ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အုံ့။ ဝေါသဇန္တေသု၊ ဤသို့ ဖြစ်ကုန်သည်ရှိသော်။ ပဋိက္ခေပေါ၊ ပဌမ ဗဒ္ဓသိမ်ပျက်၏ဟူ၍ မြစ်ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပသင်္ဂေါ၊ လျှဉ်းပါးဘွယ်သည်။ အာပဇ္ဇတိ၊ ရောက်၏။ တသ္မာ၊ ထို့ကြောင့်။ အဗဒ္ဓသီမမေဝ၊ အဗဒ္ဓဖြစ်သော သိမ်ကိုသာလျှင်။ ပဋိက္ခိပတိ၊ မြစ်ပယ်တော်မူ၏။ သဗ္ဗော၊ အလုံးစုံသော။ ဂါမော၊ ဂါမခေတ်သည်။ ဂါမသီမာ၊ ဂါမသိမ်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ သဗ္ဗာ၊ အလုံးစုံသော။ နဒီ၊ မြစ်သည်။ အသီမာ၊ သိမ်မမည်၊ ကိန္တု၊ စင်စစ်သော်ကား။ တသ္မိံ တသ္မိံ ဘိက္ခုနော၊ ထိုထိုရဟန်း၏။ ဥဒကုက္ခေပမတ္တမေဝ၊ ရေကိုမြောက်၍ ပစ်ချရာ အရပ်မျှသည်သာလျှင်။ သီမာ၊ သိမ်မည်၏။ ဣတိ၊ ဤသို့။ သီမာနာနတ္တံ၊ သိမ်ထူးသည်အဖြစ်ကို။ ဒဿေတိ၊ ပြတော်မူ၏။ ဣတိ၊ ဤသည်လျှင်။ နော၊ ငါတို့၏။ တက္ကော၊ အကြံတည်း။ ဣတိ၊ ဤသို့။ အာစရိယော၊ အာနန္ဒာဆရာသည်။ အာဟ၊ မိန့်ဆိုလေ၏။ (ဤကား ၎င်းဋီကာ၏ အနက်။)

ဤဋီကာ၏ အလိုအားဖြင့် သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာ စသော ပါဠိတော်ကို သဗ္ဗာ၊ အလုံးစုံသော။ နဒီ၊ မြစ်သည်။ အသီမာ၊ သိမ်မမည်။

ကိန္တဲ့၊ စင်စစ်သော်ကား။ ဥဒကုက္ခေပမတ္တာမေ၀၊ ရေကိုမြှောက်၍ ပစ်ချအပ်သော ရေတကျဖြင့် ပိုင်းခြားအပ်သော အရပ်မျှသည်သာလျှင်။ သိမာ၊ သိမ်မည်၏။ ဤသို့ စသည်ဖြင့် အနက်ယောဇနာ ရပါမည်။

ဤ ဌီကာဆရာ၏ စကားအရ၌ အလုံးစုံသော ဂါမခေတ် အပိုင်းအခြားသည် သိမ်မည်သကဲ့သို့၊ ထို့အတူ အလုံးစုံသော မြစ်သမုဒ္ဒရာ အလိုလိုဖြစ်သော ထုံးအိုင်တို့သည် သိမ်မမည်။ ရေကိုမြှောက်၍ပစ်အပ်သော ရေတကျဖြင့် ပိုင်းခြားအပ်သော အရပ်မျှသည်သာလျှင် သိမ်မည်သော ကြောင့် သဗ္ဗာ ဘိက္ခဝေ နဒီ အသိမာ၊ သဗ္ဗော သမုဒ္ဒေါ အသိမော၊ သဗ္ဗော ဇာတဿရော အသိမောဟူ၍ ဟောတော်မူခဲ့ပါလျှင်၊ အလုံးစုံသော ဂါမခေတ်သည် သိမ်မည်သကဲ့သို့၊ ထို့အတူ အလုံးစုံသော တောအရပ်သည်လည်း သိမ်မမည်။ ကမ်ပြူသော ရဟန်းတို့၏ ထက်ဝန်းကျင်ပတ်လည် သတ္တဗ္ဘန္တရဖြင့် ပိုင်းခြားအပ်သော အရပ်မျှသည်သာလျှင် သိမ်မည်ပါလျက် ထိုသတ္တဗ္ဘန္တရသိမ်အရာ၌ သဗ္ဗော အရညော အသိမော-ဟူ၍ အဘယ်ကြောင့် ဟောတော် မမူအပ်ပါလေ သနည်းဟု တွေးတောဆင်ခြင်ဘွယ်ရှိ၏။ ဤသို့တွေးတောဆင်ခြင်သည်ရှိသော် အလုံးစုံသော ဂါမခေတ်၌ ဗဒ္ဓသိမ်ကိုသမုတ်လျှင် ဗဒ္ဓသိမ်မဖြစ်တိုင် သော အရပ်မည်သည်မရှိ။ ဖြစ်ထိုက်သောအရပ်ချည်းသာ ဖြစ်ပါသည်။ ထို့အတူ အလုံးစုံသော တောအရပ်သည်လည်း ဗဒ္ဓသိမ်ကိုသမုတ်လျှင် ဗဒ္ဓသိမ်မဖြစ်ထိုင် သော အရပ်မည်သည်မရှိ။ ဖြစ်ထိုက်သောအရပ်ချည်းသာ ဖြစ်ပါ . ည်။ ထို့ကြောင့် သဗ္ဗော ဂါမော အသိမော-ဟူ၍ ဟောတော် မမူအပ်သကဲ့သို့ ထို့အတူ သဗ္ဗော အရညော အသိမော-ဟူ၍ ဟောတော်မမူခြင်း ဖြစ်ပါသည်။ ဤသို့သော အကြောင်းယုတ္တိကြောင့် ဤဌီကာဆရာ၏စကားသည် ဗ . သင့်ယုတ္တိမရှိလှခေါ်။ အဌကထာ၌ ဖွင့်ဆိုအပ်သော စကားအစဉ်သည်သာလျှင် ရှင်းလင်းပြတ်သားမှု အသင့်ယုတ္တိရှိလှပေ၏ဟု ညွှန်ပြလိုလျှင် ဆရာတော် အမိန့်ရှိတော်မူ၏။

၇၉။ ။ဥဒကုက္ခေပသိမ်ကို ရမရသောမြစ် ဇာတဿရ....

ဆက်ပါအုံ့။ ဤမြစ်သမုဒ္ဒရာ ဇာတဿရတို့တွင် မြစ်၏လက္ခဏာကို မြစ်နိမိတ်အဆုံးအဖြတ်၌ အကျယ်ပြဆိုခဲ့ပြီး ဖြစ်ပါသည်။ ဤဥဒကုက္ခေပသိမ်

ဆရာ၌ အထူးကိုမှတ်ရမည်ကား အလျားလိုက်စိတန်း၍ သံဃာကမ်းကိုပြုရမည် မဟုတ်။ မဏ္ဍလာကာရဝန်းဝိုင်းသော အခြင်းအရာဖြင့် ထိုင်နေ၍သာ သံဃာကမ်းကို ပြုရမည်ဖြစ်သောကြောင့် (၂၁) နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေပေါက်အောင် အနံ့အပြန့်ကျယ်သောမြစ်၌သာ ဥဒကုက္ခေပသီမ်ကိုရ၍ သံဃာကမ်းကို ပြုနိုင်ပါသည်၊ ထိုအောက် အနံ့အပြန့်ကျဉ်းသော မြစ်၌ကား ဥဒကုက္ခေပသီမ်ကိုမရ၍ သံဃာကမ်းကို မပြုနိုင်ပါ။ သီမ်နိမိတ်ကြားရာ၌ကား အဋ္ဌကထာ၌အကျဉ်းအကျယ်ပမာဏကို မပြဆိုသောကြောင့် ကျဉ်းသည်ကျယ်သည်ကား ·ပဓာနမဟုတ်ပါ။ မိုဃ်း(၄)လေးလပတ်လုံး ရေမပြတ်စီးဆင်းသည်သာ ပဓာနဖြစ်ပါသည်။ထိုကြောင့် (၂၁)နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေလောက်အောင် အနံ့မကျယ်၍ ကျဉ်းငယ်သော်လည်း သီမ်နိမိတ်ကြားခြင်းငှာ အပ်သည်သာဖြစ်ပါသည်။ ဤသို့အထူးကို မှတ်ရပါမည်။

ဇာတသရဒ္ဓလည်း အယုတ်ဆုံး (၂၁)နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေလောက်အောင် ကျယ်ပြန့်မှုသာ ဥဒ္ဒကုက္ခေပသီမ်ကိုရ၍ သံဃာကမ်းကို ပြုနိုင်ပါသည်။

၅၀။ ။နဒီဇာတသရတို့ လက္ခဏာပျက်ပုံ။

နဒီလက္ခဏာ၌ အထူးကိုမှတ်ရမည်ကား မိုဃ်း (၄)လေးလပတ်လုံး မပြတ်ရေစီးဆင်းနေမှုသာ နဒီလက္ခဏာမြောက်သည်ကိုထောက်၍ လုံးဝ ဆက်လက်၍ ရေမစီးဆင်းတော့ဘဲ ရေပြတ်နေသောမြစ်၌ ရေပြတ်သည်မှုစ၍ နောက်ကာလ (၄)လေးလအတွင်း၌သာ နဒီလက္ခဏာ တည်ပါသည်။(၄)လေးလကို ကျော်လွန်သော်၎င်း၊ ထို၌ ဗူးဖရုံ စသည်ကို စိုက်ပျိုးလုပ်ကိုင်သော်၎င်း၊ နဒီလက္ခဏာပျက်၍ ဥဒကုက္ခေပသီမ်ကိုလည်းမရ၊ သံဃာကမ်းကိုလည်း မပြုကောင်း။ ပြုလိုက ဂါမခေတ်သီမ်ကို သုတ်သင်၍သာ ပြုရပါမည်။ ဤသို့ အထူးကို မှတ်ရမည်ဟု ညောင်လွန်တောရဆရာတော် အမိန့်ရှိတော်မူ၏။

သမုဒ္ဒရာကား ထင်ရှား၏။

ဇာတသရဟူသည်၊ တစုံတယောက်သောသူသည် မပြုလုပ်အပ်သော အရပ်ထက်ဝန်းကျင်ပတ်လည်မှ လာသောရေဖြင့် ပြည့်လျက်စည်သော အလိုလို

ဖြစ်သော ထုံးအိုင်သည် ဇာတသုရမည်ပါသည်။ ထိုကြောင့် မဟာဝါ အဋ္ဌကထာ၌–

ဇတ္ထေ ဇာတသုရောနာမ ယေနကေနစိ ခဏိတ္ဘာ အကတော သယံ ဇာတာ သောဘ္ဘော သမန္တတော အာဂတေန ဥဒကေန ပူရိတော တိဋ္ဌတိ ဟူ၍ မိန့်ဆိုတော်မူ၏။

စ၊ ထိုမှတပါး။ ဇတ္ထေ။ ဤမြစ်သမုဒ္ဒရာ ဇာတသုရတို့တွင်။ ယေနကေနစိ၊ တစုံတယောက်သောသူသည်။ ခဏိတ္ဘာ၊ တူး၍။ အကတော၊ မပြုလုပ်အပ်သော။ သယံ ဇာတော၊ မိမိအလိုလိုဖြစ်သော။ ယောသောဘ္ဘော၊ အကြင်ထုံးအိုင်သည်။ သမန္တတော၊ ထက်ဝန်းကျင် ပတ်ပတ်လည်မှ။ အာဂတေန၊ လာသော။ ဥဒကေန၊ ရေဖြင့်။ ပူရိတော၊ ပြည့်လျက်။ တိဋ္ဌတိ၊ တည်၏။ သောသောဘ္ဘော၊ ထိုထုံးအိုင်သည်။ ဇာတသုရောနာမ၊ ဇာတသုရမည်၏။ (ဤကား ၎င်း အဋ္ဌကထာ၏ အနက်။)

ဤဇာတသုရခေါ် အလိုလိုဖြစ်သော ထုံးအိုင်၌လည်း မိုယ်း(၄)လေးလပတ်လုံး ရေမပြတ်ဘည်သော ဇာတသုရလက္ခဏာမြောက်၍ သံဃကမ်းကို ပြုခြင်းငှာ အပ်ပါသည်။ လုံးဝရေမရှိတော့ဘဲ ရေခန်းခြောက်သည်မှ နောက်ကာလ၌လည်း (၄)လေးလပတ်လုံးသာ ဇာတသုရလက္ခဏာ တည်ပါသည်။ ရေခန်းခြောက်သည်မှ နောက် (၄) လေးလကို ကျော်လွန်မြောက်သော်ငင်း၊ ထို၌ ရေတွင်းတူးသော်ငင်း၊ ဗူးဖရုံစသည်ကို စိုက်ပျိုးလုပ်ကိုင်ကြသော်ငင်း၊ ဇာတသုရလက္ခဏာပျက်၍ သံဃကမ်းကို ပြုခြင်းငှာ အပ်တော့ပါ။ ပြုလိုက ဂါမခေတ်သိမ်ကို သုတ်သင်၍သာ ပြုရပါမည်ဟု ညောင်လွန်တောရဆရာတော် အမိန့်ရှိတော်မူ၏။

၅၁။ ॥ဥဒကုက္ခေပအရကိုပြဆိုခြင်း॥

ယံမဇ္ဈိမဿ ပုရိသဿသမန္တာ ဥဒကုက္ခေပါ ဟူသော ပါဠိတော်ဖြင့် ဥဒကုက္ခေပသီမ်ကို ပြပါသည်။ ဤပါဠိတော်၌ မှတ်ယူရမည့် အဓိပ္ပာယ်ကား–

မြစ်သမုဒ္ဒရာ ထုံးအိုင်တို့၏အတွင်း၌ သံဃကမ်းကိုပြုရန် စည်းဝေးထိုင်နေသော ရဟန်းပရိသတ်၏ အရပ်ထက်ဝန်းကျင်ပတ်လည်အား အလယ်အလတ်စား

ရှိသော ယောကျ်ား၏ ကြေအန်ကစားသော သူတို့သည် သစ်သားနှစ်ဖြင့် ပြုလုပ်အပ်သော အန်စာကို မြှောက်၍ပစ်အပ်သကဲ့သို့၊ ထို့အတူ ရေကိုရင်း၊ ရေမရှိသော် သဲကိုရင်း၊ မြှောက်၍ပစ်ရာ ရေတက္ကသဲထက္ကဖြင့် ပိုင်းခြားအပ်သော အရပ်သည် တခုသာ ဥဒကုဒကွေပသိမ်မည်ပါသည် ဟူလိုဝ်။

ထိုကြောင့် ရင်းမဟာဝါ အဋ္ဌကထာ၌-

ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါတိ ယံ ဌာနံ မဇ္ဈိမဿ ပုရိသဿ သမန္တ တော ဥဒကုက္ခေပေန ပရိစ္ဆိန္နံ။ ကထံ ပန ဥဒကံ ဥက္ခိပိတဗ္ဗံ၊ ယထာ အက္ခဓုတ္တာ ဒါရုဂုဠံ ခိပန္တိ၊ ဧဝံ ဥဒကံ ဝါ ဝါလိကံ ဝါ ဟတ္ထေန ဂဟေတ္ဘာ ထာမမဇ္ဈိမေန ပုရိသေန သဗ္ဗထာမေန ခိပိတဗ္ဗံ။ ယတ္ထ ဧဝံ ခိတ္တံ ဥဒကံ ဝါ ဝါလိကာ ဝါ ပတတိ၊ အယမေကော ဥဒကုက္ခေပေါ-ဟူ၍ မိန့်ဆိုတော်မူ၏။

ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါတိ၊ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ ဟူသည်ကား။ ယံဌာနံ၊ အကြင်အရပ်ကို။ မဇ္ဈိမဿ၊ အားအလယ်အလတ်စားရှိသော။ ပုရိသဿ၊ ယောကျ်ား၏။ သမန္တာ၊ အရပ်ထက်ဝန်းကျင် ပတ်ပတ်လည်မှ။ ဥဒကုက္ခေပေန၊ ရေကို မြှောက်၍ပစ်သဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားအပ်၏။ ပန၊ စောဒနာပဒေါ်းအုံ့။ ကထံ၊ အဘယ်သို့လျှင်။ ဥဒကံ၊ ရေကို။ ဥက္ခိပိတဗ္ဗံ၊ မြှောက်၍ ပစ်အပ်ပါသနည်း။ အက္ခဓုတ္တာ၊ ကြေအန်ကစားကုန်သော သူတို့သည်။ ဒါရုဂုဠံ၊ သစ်သားနှစ်ဖြင့်ပြီးသော အန်စာကို။ ခိပန္တိယထာ၊ မြှောက်၍ပက်ကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဥဒကံ ဝါ၊ ရေကိုရင်း။ ဝါလိကံ ဝါ၊ သဲကိုရင်း။ ဟတ္ထေန၊ လက်ဖြင့်။ဂဟေတ္ဘာ၊ ယူ၍။ ထာမမဇ္ဈိမေန၊ အားအလယ်အလတ်စား:ရှိသော။ ပုရိသေန၊ ယောကျ်ားသည်။ သဗ္ဗထာမေန၊ အလုံးစုံသော အားအစွမ်းဖြင့်။ ခိပိတဗ္ဗံ၊ ပစ်အပ်၏။ ယတ္ထ၊ အကြင်အရပ်၌။ ဧဝံ၊ ဤသို့။ခိတ္တံ၊ ပစ်အပ်သော။ဥဒကံ ဝါ၊ ရေသည်ရင်း။ ဝါလိကာ ဝါ၊ သဲသည်ရင်း။ ပတတိ၊ ကျ၏။ အယံ၊ ဤရေသဲတို့၏ ကျရာဖြင့် ပိုင်းခြားအပ်သော အရပ်သည်။ဧကော၊ တခုသော။ဥဒကုက္ခေပေါ၊ ဥဒကုက္ခေပသိမ်မည်၏။ (ဤကား ရင်း အဋ္ဌကထာ၏ အနက်။)

ဆက်လက်၍ အထူးကို မှတ်ရမည်ကား ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါတိ စသော အဋ္ဌကထာ၌ ရေသဲတို့ကို ပစ်မြှောက်၍ ရေတက္သဲတက္သ ပိုင်းခြားမှ သိမ်ဖြစ်သည် မဟုတ်ပါ။ စင်စစ်မူကား သိမ်အပိုင်းအခြားကို သိလိုသော် ရေကိုရင်း၊ ရေမရှိသော် သဲကိုရင်း၊ ပစ်မြှောက်၍ ပက်ကြည့်ရမည်ဟု သိမ်ပမာဏ အပိုင်းအခြားကို ပြဆိုသော စကားရပ်မျှသာ ဖြစ်ပါသည်။

ထိုကြောင့် ၎င်း မဟာဝါအဋ္ဌကထာ၌-

ယာဝ ပရိသာ ဝဏ္ဏတိ၊ တာဝ သီမာပိ ဝဏ္ဏတိ။ ပရိသပရိယန္တတော ဥဒကုက္ခေပေ ယောဇနတ္တယမ္ပိ ဝဋ္ဋတိ။ ဇာတသုရသမုဒ္ဒေ သုပိ ယောဇနယော ဟူ၍ ၎င်း-

ဣတ္ထေ စ သစေ နဒီ နာ တိဒီ ဃာ ဟောတိ၊ ပဘဝတော ပဋ္ဌာယ ယာဝ မုခဒ္ဒါရာ သမ္ဘတ္ထ သံ ဃော နိသီဒတိ၊ ဥဒကုက္ခေပသီမာ ကမ္မံ နတ္ထိ ဟူ၍ ၎င်း မိန့်ဆိုတော်မူ၏။

ယာဝ၊ အကြင်မျှလောက်။ ပရိသာ၊ ရဟန်းပရိသတ်သည်။ ဝဏ္ဏတိ၊ တိုးပွားတတ်၏။ တာဝ၊ ထိုမျှလောက်။ သီမာပိ၊ ဥဒကုက္ခေပသီမ်သည်လည်း။ ဝဏ္ဏတိ၊ တိုးပွားတတ်၏။ ပရိသပရိယန္တတော၊ ပရိသတ်၏ အစွန်အနားမှ။ ဥဒကုက္ခေပေ၊ ယော၊ ရေကိုမြှောက်၍ ပစ်ခြင်းသည်သာလျှင်။ ပမာဏံ၊ သီမ်၏ အတိုင်းအရှည်ဘည်း။ ဇာတသုရသမုဒ္ဒေ သုပိ၊ အလိုလိုဖြစ်သော ထုံးအိုင် သမုဒ္ဒရာ တို့၌လည်း။ ဧသော၊ ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်သည်လျှင်။ နယော၊ သင်္ကြောင်းဖြစ်သော နည်းပင်တည်း။

စ၊ ဆက်ပါဦးအံ့။ ဣတ္ထေ၊ ဤမြစ်သမုဒ္ဒရာ အလိုလိုဖြစ်သော ထုံးအိုင်တို့တွင်။ နဒီ၊ မြစ်သည်။ နာ တိဒီ ဃာ၊ မရှည်လွန်းသည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ပဘဝတော၊ စ၍စီးဆင်းရာအရပ်မှ။ ပဋ္ဌာယ၊ စ၍။ ယာဝ မုခဒ္ဒါရာ၊ သမုဒ္ဒရာစသည်တို့၏ အဝတိုင်အောင်။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်၌။ သံ ဃော၊ သံ ဃောသည်။ ဟတ္ထပါသံ၊ ဟတ္ထပါသ်ကို။ ဩခိဇဟိတ္ဝာ၊ မစွန့်မူ၍။ နသီဒတိ၊ ထိုင်နေအံ့။ ဥဒကုက္ခေ

ပသိမာကမ္မ ၊ ရေကိုမြောက်ပစ်၍ ပိုင်းခြားသွယ် အမှုသည်။ နတ္ထိ၊ မရှိ။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာ၌ ယာဝ ပရိသာ ဝစုတိ၊ တာဝ သီမာပိ ဝစုတိ ဖြင့် ရေသဲတို့ကိုမြောက်၍ပစ်ကာ ရေဘက္ကသဲဘက္ကဖြင့် ပိုင်းခြားသော်လည်း ဤဥဒကုက္ခေပသီမ၏ အမြဲမဘည်နိုင်ပုံကို ပြပါသည်။ ပရိသပရိယန္တဘော ဥဒကုက္ခေပါ၊ ယာဝ ပမာဏံ-ဖြင့် ကမ်ပြူရန်စည်းဝေးထိုင်နေသော သံဃ ပရိသတ်၏ အစွန်အနားကနေ၍ ရေတက္ကသဲတက္ကပိုင်းခြားရမည်ကို ပြပါသည်။ ဤ၌ ခိပိတမ္ပ အဋ္ဌကထာအရ ရေတက္ကသဲဘက္ကပိုင်းခြားဆု၌ တံငါသည်တို့ ငါးကိုဖမ်းရန် ရေကိုမြောက်၍ ပက်သကဲ့သို့ ပက်ရမည်ဟု ပျော်ဘွယ်မြို့ ကန်မြင့်တောရ ဆရာတော်အမိန့်ရှိတော်မူ၏။

ဧဘွေစ သစေ နဒီ နာဘိဒီဃာ ဟောတိ။ လ။ နိသီဒတိ-ဖြင့် မြစ်သည်စ၍ စီးဆင်းဆုအရပ်မှစ၍ သမုဒ္ဒဆုစသည်တို့၏ အဝတိုင်အောင် ဟတ္ထပါသ်ကို မစွန့်မူ၍ (၂၁) နှစ်ကျိပ်တယောက်သော ရဟန်းသံဃာတို့ စည်းဝေးထိုင်နေ လောက်ခုံမျှသာရှိ၍ ရေတက္ကသဲတက္က ပိုင်းခြားဘို့ အရပ်မရှိသော်လည်း သံဃကမ်ကို ပြုကောင်းသည်ကို ပြဆိုပါသည်။ ဥဒကုက္ခေပသီမာကမ္မ နတ္ထိ ဖြင့် ရေသဲတို့ကို မြောက်ပစ်၍ ရေတက္ကသဲတက္ကဖြင့် ပိုင်းခြားနေဘို့မလို။ တနည်း ရေတက္ကသဲတက္ကဖြင့် မပိုင်းခြားသော်လည်း မိမိ၏ပကတိသဘော အားဖြင့် သိမ်ဖြစ်၍တည်သည်ကို ပြပါသည်။

ဤအဋ္ဌကထာကို ထောက်၍ ရေသဲတို့ကိုမပက်သော်လည်း သံဃကမ်ကိုပြုမည်ဟု သံဃာစည်းဝေးထိုင်နေသည်နှင့် တပြိုင်နက် မိမိ၏သဘော အားဖြင့် သိမ်ဖြစ်သည်ကိုရင်း၊ ဥဒကုက္ခေပသီမ၏ အယုတ်ဆုံး မဏ္ဍာလကာဝရ ဝန်းဝိုင်းသော ခြင်းအဆုအားဖြင့် (၂၁) နှစ်ကျိပ်တယောက် စည်းဝေးထိုင်နေလောက်ရမ ဉ်ကိုရင်း၊ မြစ်သည်လည်း ဝန်းဝိုင်းသောအခြင်းအဆုအားဖြင့် (၂၁) နှစ်ကျိပ် ၁ယောက် စည်းဝေးထိုင်နေလောက်အောင် အလျားလည်း ရှည် အနံလည်း ကျယ်ပြန့်ရမည်ကိုရင်း သိရမည်ဟု ညောင်လွန်တောရဆရာတော် အမိန့်ရှိတော်မူ၏။

ဆက်ပါဦးအုံး၊ မြစ်သမုဒ္ဒရာ ဇာတသာရတို့၌မျှားစွာသော ရဟန်းတို့သည် အသီးအသီးသံဃကမ်းကိုပြုရာ၌ မိမိ၏ ဥဒကုက္ခေပသိမ်နှင့် တပါးသော ရဟန်းတို့၏ ဥဒကုက္ခေပသိမ်တို့၏အကြား၌ သီမန္တရိက်အကျိုးငှာ ဥဒကုက္ခေပ တခုကိုခြားရ ထားရပါဦးမည်။ ဤသို့ခြားရထားရာ၌ ဥဒကုက္ခေပဘခုစာ ထက်ပိုလွန်မူကား အပ်သည်သာ။ ဥဒကုက္ခေပဘခုစာအောက် ယုတ်မူကား မအပ်။

ထိုအခြောင်းကို ဥဒါနမဟာဝါအဋ္ဌကထာ၌—

သစေ ပနေတ္ထ ဗဟူ ဘိက္ခူ ဝိသုံဝိသုံ ကမ္မံ ကရောန္တိ၊ သမ္ဗေဟိ အတ္တနောစ အညေ သဗ္ဗေ ဥဒကုက္ခေပံ ပရိစ္ဆေဒဿ အန္တရာ အညော ဥဒကုက္ခေပေါ သီမန္တရိကတ္ထာယ ဌပေတဗ္ဗော။ တတော အဓိကံ ဝဋ္ဋတိယေဝ၊ ဥနကံ ပန နဝဋ္ဋတိ ဂုတ္တံ။ဇာတသရသမုဒ္ဒေသုပိ ဧသေဝနယော—ဟူ၍ မိန်ဆိုတော်မူ၏။

ပန၊ ဆက်ပါဦးအုံ။ ဧတ္ထ၊ ဤမြစ်၌။ ပဟူ၊ မျှားစွာကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝိသုံဝိသုံ၊ အသီးအသီး။ ကမ္မံ၊ သံဃကမ်းကို။ သစေကရောန္တိ၊ အကယ်၍ပြုကုန်အုံ။ ဧဝံသဇ္ဇေသု၊ ဤသို့ပြုကုန်သည်ရှိသော်။ သမ္ဗေဟိ၊ အလုံးစုံသောရဟန်းတို့သည်။ အတ္တနောစ၊ မိမိ၏ဌာန်း။ အညေသဗ္ဗေ၊ တပါးသောရဟန်းတို့၏ဌာန်း၊ ဥဒကုက္ခေပ ပရိစ္ဆေဒဿ၊ ရေကိုမြောက်၍ပစ်ရာ ဥဒကုက္ခေပ အပိုင်းအခြား၏။ အန္တရာ၊ အကြား၌။ အညော၊ တပါးသော။ ဥဒကုက္ခေပေါ၊ ရေကိုမြောက်၍ပစ်ရာ ဥဒကုက္ခေပကို။ သီမန္တရိကတ္ထာယ၊ သီမ်တို့၏အကြားကိုပြုဘို့ရာ သီမန္တရိက်အကျိုးငှာ။ ဌပေတဗ္ဗော၊ ထားအပ်၏။ တတော၊ ထိုတခုသောဥဒကုက္ခေပထက်။ အဓိကံ၊ အပိုအလွန်သည်။ ဝဋ္ဋတိ ယေဝ၊ အပ်သည်သာလျှင်တည်း။ တတော၊ ထိုတခုသော ဥဒကုက္ခေပအောက်။ ဥနကံပန၊ ယုတ်ခဲ့သော်ကား။ နဝဋ္ဋတိ၊ မအပ်။ ဂုတ္တံ၊ ဤသို့။ အာစရိယေဟိ၊ အဋ္ဌကထာဆရာတို့သည်။ ဝုတ္တံ၊ မိန်ဆိုအုပ်၏။ ဇာတသရသမုဒ္ဒေသုပိ၊ အလိုလို ဖြစ်သော ထုံးအိုင်သမုဒ္ဒရာတို့၌လည်း။ ဧသေဝ၊ ဤမြစ်၌ဆိုအပ်ခဲ့သောစကား အစဉ်သည်လျှင်။ နယော၊ သိကြောင်းဖြစ်ခသော နည်းပင်တည်း။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤကား အဌကထာ၌ တိုက်ရိုက်ဆိုထားသည်ကို ပြဆိုခြင်းဖြစ်ပါသည်။

ဆက်လက်၍ အထူးကို မှတ်ရဦးမည်ကား ဤ၌ အဌကထာဆရာသည် သီမသမ္ဘေဒ သီမသက်ရဖြစ်မည်စိုး၍ အရိုအသေ အလေးအမြတ် ပြုသော အားဖြင့်သာ မိန့်ဆိုပါသည်။ စင်စစ်မူကား သိမ်ချင်းမထိစပ်သည်သာ ပဓာန ဖြစ်ပါသည်။ ထိုကြောင့် တစောင်တထွာစသည့် ကွာခြားသော်လည်း အပ်သည်သာ။ ဦးနှံ ပန နဝင္ဒတိကိုလည်း ထိုနည်းအတူပင် ရှိသေလေးစား သောအားဖြင့် မိန့်ဆိုပါသည်ဟူ၍ ညောင်လွန်တောရဆရာတော် အမိန့်ရှိတော်မူ၏။

တေရသကဏ္ဍီကာ၌လည်း-

ဥဒကုက္ခေပပွမာဏာ သီမန္တရိကာ သုဝိညေယျတရာ ဟောတိ၊ သီမ သမ္ဘေဒ သင်္ကေတစ နသိယာတိ သာမိစိဒဿနတ္ထံ အညော ဥဒကုက္ခေပေါ သီမန္တရိကတ္ထာယ ထပေတဗ္ဗောတိ ဝုတ္တံ။ ယတ္တကေန ပန သီမသမ္ဘေဒေါ နဟောတိ၊ တတ္တကံ ထပေတုံ ဝဋ္ဋတိယေဝ။ ဘေနာဟု ပေါရာဏာ ယတ္တကေန သီမသင်္ကေတော နဟောတိ၊ တတ္တကမ္ပိ ထပေတုံ ဝဋ္ဋတိတိ–ဟူ၍ မိန့်ဆိုတော်မူ၏။

ဥဒကုက္ခေပပွမာဏာ၊ ရေကိုမြောက်ရှိပစ်ရာ ရေတက္ကအတိုင်း အရှည် ရှိသော။ သီမန္တရိကာ၊ သိမ်တို့၏အကြားကိုပြုတတ်သော သီမန္တရိက်သည်။ သုဝိညေယျတရာ၊ အထူးသိလွယ်သည်၊ ဟောတိ၊ ဖြစ်၏။ သီမသမ္ဘေဒသင်္ကေတစ၊ သိမ်ဘို့၏ စပ်ခြင်း၌ ယုံမှားဘွယ်သည်လည်း၊ နသိယာ၊ မဖြစ်နိုင်ရာ။ ဤတိ၊ ထိုကြောင့်။ သာမိစိဒဿနတ္ထံ၊ ရှိသေလေးစားသည်၏အဖြစ်ကို ပြခြင်းအကျိုး ငှာ။ အညောဥဒကုက္ခေပေါ သီမန္တရိကတ္ထာယထပေတဗ္ဗောတိ၊ အခြား ဥဒကုက္ခေပေါ သီမန္တရိကတ္ထာယထပေတဗ္ဗော-ဟူ၍။ အားစရိယေန၊ အဌကထာ ဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ပန၊ စင်စစ်သော်ကား။ ယတ္တကေန၊ အကြင် မျဉ်းလောက်ကွာခြားသဖြင့်။ သီမသမ္ဘေဒေါ၊ သိမ်တို့၏စပ်ခြင်းသည် နဟော တိ၊ မဖြစ်။ တတ္တကံ၊ ထိုမျဉ်းလောက်ကွာခြားသည်ကို။ ထပေတုံ၊ ထားခြင်းငှာ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာလျှင်တည်း။ တေန၊ ထိုကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ ယတ္တကေနသီမသက်ရောနဟောတိ၊ တတ္တကမ္ပိထပေတုံဝဋ္ဋ

တိတိ၊ ယတ္တကေန သီမသက်ရော နဟောတိ၊ တတ္တကမ္ပိထပေတုံဝဋ္ဋတိ--ဟူ၍။ အာဟု၊ မိန့်ဆိုကြကုန်ပြီ။ (ဤကား ၎င်းဋီကာ၏အနက်။)

ထို့ညောင်လွန်တောရဆရာတော် အမိန့်ရှိသောစကားသည် ဤဋီကာနှင့် ညီညွတ်သောကြောင့်၎င်း၊ သိမ်တို့၏ တခုနှင့်တခု တကောင် တထွာ စသည် ကွာခြားလျှင်ပင် သီမသမ္ဘေဒသီမသက်ရ မဖြစ်နိုင်သောကြောင့်၎င်း သင့်မြတ်ကောင်းမွန်လှပေ၏။

ဆက်ပါဦးအုံ့။ မြစ်၌ သံဃကမ်းကိုပြုကုန်သောရဟန်းတို့သည် အကယ်၍ မြစ်သည် ဆိပ်ကမ်းနှင့်အညီရေပြည့်နေအုံ့၊ ရေသနုပ်ကိုဝတ်၍ မြစ်၏အတွင်း၌သာ ပြုရပါမည်။ လေဖြင့် ကမ်ပြုသောရဟန်းတို့သည် ဥဒကုက္ခေပမျှသာလျှင် သိမ်ဖြစ်သောကြောင့် သွားနေသောလေ၌ ပြုခြင်းငှာမအပ်ပါ။ ဥဒကုက္ခေပကို မကျော်လွန်စေမူ၍ လှည့်ပတ်နေသောလေ၌ကား ပြုခြင်းငှာ အပ်ပါသည်။ ထို့ကြောင့် လေကိုတွန်းဝါးစိုက်၍သော်၎င်း၊ ကျောက်ချ၍သော်၎င်း၊ မြစ်တွင်း၌ ပေါက်သောသစ်ပင်၌ ကြိုးဖြင့်ဖွဲ့ချည်၍သော်၎င်း သံဃကမ်းကို ပြုရပါမည်။ ကမ်းပေါ်၌တည်သောသစ်ပင် သစ်ငုတ်စသည်တို့၌ဖွဲ့ချည်၍ပြုခြင်းငှာ မအပ်ပါ။ မြစ်၏အတွင်း၌ဖွဲ့အပ်သော ငြမ်း၌တည်၍ သံဃကမ်းကို ပြုခြင်းငှာ အပ်ပါသည်။

ထို့ကြောင့် ၎င်းမဟာဝါအဋ္ဌကထာ၌—

> နဒိယာ ပန ကမ္မံ ကရိဿာမာတိ ဂတေဟိ သစေ နဒီ ပရိပုဏ္ဏာ ဟောတိ သမတိတ္ထိကာ၊ ဥဒကသာဋိကံ နိဝါသေတ္ဝာပိ အန္တောနဒိယံယေव ကမ္မံ ကာတဗ္ဗံ။ သစေ နသက္ကောန္တိ၊ နာဝါယ ပိ ဌတ္ဝာ ကာဘဗ္ဗံ။ ဂစ္ဆန္တိယာ ပန နာဝါယ ကာတုံ နဝဋ္ဋတိ။ ကသ္မာ ဥဒကုက္ခေပမတ္တမေဝ ဟိ သီမာ၊ တံ နာဝါ သီဃမေဝ အတိက္ကာမေတိ။ ဧဝံ သတိ အညိဿာ သီမာယ ဥတ္တိ အညိဿာ အနုသာဝနာ ဟောတိ၊ တသ္မာ နာဝံ အရိတ္တေနဝါ ဌပေတ္ဝာ ပါသာဏေဝါ လမ္ဗိတ္ဝာ အန္တောနဒိယံ ဇာတရုက္ခေပိ ဝါ ဗန္ဓိတ္ဝာ ကမ္မံ ကာတဗ္ဗံ အန္တောနဒိယံ ဗဒ္ဓ အတ္တကေပိ အန္တောနဒိယံ ဇာတရုက္ခေပိ ဌိတေဟိ ကာတုံ ဝဋ္ဋတိ—ဟူ၍မိန့်ဆိုတော်မူ၏။

ပန၊ ဆက်ပါဦးအုံ့။ ကမ္မ ံ၊ ကမ်ကို။ ကရိသာမာတိ၊ ပြုကုန်အုံ့-ဟူ၍။ ဂတေဟိ၊ သွားကုန်သောရဟန်းတို့သည်။ နဒီ၊ မြစ်သည်။ ပရိပုဏ္ဏာ၊ ထက်ဝန်းကျင်မှ ရေပြည့်သည်။ သမတိတ္ထိကာ၊ ဆိပ်ကမ်းနှင့်ညီမျှသော ရေရှိသည်။ သစေဟောတိ၊ အကယ်၍ဖြစ်အုံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ဥဒက သ ုဋ္ဌိကံ၊ ရေသနုပ်ကို၊ နိဝါသေတွာပိ၊ ဝတ်၍လည်း။ အနွှာနဒီယံ့ယေဝ၊ မြစ်၏အတွင်း၌သာလျှင်၊ ကမ္မ ံ၊ ကမ်ကို။ ကာတဗ္ဗ ံ၊ ပြုအပ်၏။ သစေန သ ုက္ကံ့ဝန္တိ၊ အကယ်၍မဘတ်နိုင်ကုန်အုံ့။ နာဝါယပိ၊ လှေ၌လည်း။ ဌတ္တာ၊ တည်၍။ ကာတဗ္ဗ ံ၊ ပြုအပ်၏။ ပန၊ အထူးသော်ကား။ ဂစ္ဆန္တိယာ၊ သွားသော၊ နာဝါယ၊ လှေ၌။ ဌတ္တာ၊ တည်၍။ ကမ္မ ံ၊ ကမ်ကို။ ကာတုံ၊ ပြုခြင်းငှာ၊ နဝဋ္ဋတိ၊ မအပ်။ ကသ္မာ၊ အဘယ်ကြောင့်။ ဂစ္ဆန္တိယာ၊ သွားသော။ နာဝါယ၊ လှေ၌။ ဌတ္တာ၊ တည်၍။ ကမ္မ ံ၊ ကမ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်ပါသနည်း။ ဟိယသ္မာ၊ အကြင်ကြောင့်။ ဥဒကုက္ခေပမတ္တမေဝ၊ ရေကို မြောက်၍ပစ်ရာ ရေတက္ကမျှသည်သာလျှင်။ သီမာ၊ သိမ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုရေကိုမြောက်၍ပစ်ရာ ရေတက္ကမျှဖြစ်သောသိမ်ကို။ နာဝါ၊ လှေသည်။ သီဃ ံမဝ၊ လျင်မြန်စွာသာလျှင်။ အတိက္ကာမေတိ၊ ကျော်လွန်စေ၏။ ဧဝံသတိ၊ ဤသို့ကျော်လွန်စေသည်ရှိသော်။ အညိဿ၊ တပါးသော။ သီမာယ၊ သိမ်၌။ ဥ ဏ္ဍိ၊ ဥ ဏ္ဍသည်။ ဟောတိ၊ ဖြစ်၏။ အညိဿ၊ တပါးသော။ သီမာယ၊ သိမ်၌။ အနုသ ံဝနာ၊ ကမ္မဝါစာသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထိုကြောင့်။ ဂစ္ဆန္တိယာ၊ သွားသော။ နာဝါယ၊ လှေ၌။ ဌတ္တာ၊ တည်၍။ ကမ္မ ံ၊ ကမ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ ဣတိ၊ ထိုကြောင့်။ နာဝံ၊ လှေကို။ အဂ္ဂိတ္ထေန၊ တွန်းဝါးဖြင့်။ ဌပေတ္တာဝါ၊ တည်စေ၍ရင်း။ ပါသာဏေ၊ ကျောက်၌။ လမ္ဗိတ္တာဝါ၊ ချိတ်ဆွဲ၍ရင်း။ အနွှာနဒီယံ၊ မြစ်၏အတွင်း၌။ ဇာတရူပေ၊ ယေါက်ခတ်ခြင်းသစ်ပင်၌။ ပန္ဓိတ္တာဝါ၊ ဖွဲ့ချည်၍ရင်း။ ကမ္မ ံ၊ ကမ်ကို။ ( ) ၏။ အနွှာနဒီယံ၊ မြစ်၏အတွင်း၌။ ပဒ္ဓအဋ္ဌကေပိ၊ ဖွဲ့အပ်သော ငြမ်းခို၌ရင်း။ [illegible] အနွှာနဒီယံ၊ မြစ်၏အတွင်း၌။ ဇာတရူကေ့ပိ၊ ယေါက်ခတ်ခြင်းသစ်ပင်[illegible]။ ဌိတေဟိ၊ တည်ကုန်သောရဟန်းတို့သည်။ ဝါ၊ တည်ကုန်ကျက်။ [illegible] ကမ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ (ဤကား ၎င်းအဋ္ဌ[illegible]၏အနက်။)

[illegible]ကုက္ခေပသိမ်အဆုံးအဖြတ်ပြီးပါပြီ။
[illegible]မာယတ္ထဝိနိစ္ဆယ ဤတွင်ပြီးပါပြီ။

၅၂။ ။သုံးပါးထက်အလွန် လေးပါးစသောသုံးဃာသည် ကမ္မဝါစာမရှိတ်ဖတ် ကောင်းကြောင်း ဝိနိစ္ဆယ

ဥပသမ္ပဒ စသော ဂရုကမ်တခုခုကိုပြုရာ၌ တပါး နှစ်ပါး အများဆုံး သုံးပါးသာ ကမ္မဝါစာရှိတ်ဖတ်စကောင်းပါသည်။ သုံးပါးထက်အလွန် လေးပါးကစ၍ အထက်၌ဖြစ်သောသံဃာဘုရားတို့သည်ကား ကမ္မဝါစာမရှိတ်ဖတ်ကောင်းပါ၏။ ရှိတ်ဖတ်ခြင်းငှာမအပ်ပါ။

ထိုအကြောင်းကို မဟာဝိဟာရဝင်ဧကော်မဟာနေ့ကဲ့-

အနုဇာနာမိ ဘိက္ခဝေ ဒွေတယာ ကောနုသာဝနေ ကာတုံ-ဟူ၍ ဟောတော်မူပါသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒွေဝါ၊ ကမ္မဝါစာဆရာ နှစ်ပါးရှိကုန်သော ပဋ္ဌင်းလောင်းနှစ်ပါးတို့ကိုရင်း။ တယောဝါ၊ ကမ္မဝါဆရာသုံးပါးရှိကုန်သော ပဋ္ဌင်းလောင်းသုံးပါးတို့ ကိုရင်း။ ကောနုသာဝနေ၊ တပြိုင်နက်တည်း ကမ္မဝါစာ ရှိတ်ဖတ်ခြင်းရှိသည်တို့ကို။ ကာတုံ၊ ပြုခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ (ဤကား ၎င်းပါဠိတော်၏အနက်)

ဤပါဠိတော်၌ ဒွေတယောအရကို ကမ္မဝါဆရာတို့နှင့်တကွ ပဋ္ဌင်းလောင်းတို့ကို ယူရပါမည်။

ထိုအကြောင်းကို ၎င်းပါဠိတော်၏ အဖွင့်အဋ္ဌကထာ၌-

တသ္မာ ဧကေန အာစရိယေန ဒွေဝါ တယောဝါ အနုဿာဝေတဗ္ဗာ။ ဒ္ဝိဟိဝါ တိဟိဝါ အာစရိယေဟိ ဝိသုံဝိသုံ ဧကနေကသာတိ ဝေံ ကေပေဟာရေနေဝ ဒွေတိသော ကမ္မဝါစာ ကာတဗ္ဗာ- ဟူ၍ မိန့်ဆိုတော်မူ၏။

တသ္မာ၊ ထို့ကြောင့်။ ဧကေန၊ တပါးသော။ အာစရိယေန၊ ကမ္မဝါစာဆရာသည်။ ဒွေဝါ၊ နှစ်ပါသောပဋ္ဌင်းလောင်းတို့ကိုရင်း။ တယောဝါ၊ သုံးပါးသော ပဋ္ဌင်းလောင်းတို့ကိုရင်း။ အနုဿာဝေတဗ္ဗာ၊ ကမ္မဝါစာ ရှိတ်ဖတ်အပ်ကုန်၏။ ဒ္ဝိဟိ၊ နှစ်ပါးကုန်သော။ အာစရိယေဟိဝါ၊ ကမ္မဝါစာဆရာတို့

သည်ရင်း။ တီဟိ၊ သုံးပါးကုန်သော။ အာစရိယေဟိ ဝါ၊ ကမ္မဝါစာ ဆရာ တို့သည်ရင်း။ ဝိသုံဝိသုံ၊ အသီးအသီး။ ဧကေန၊ တပါးသော။ အာစရိယေန၊ ကမ္မဝါစာဆရာသည်။ ကေဿ၊ တပါးသောပဉ္စင်းလောင်းအား။ ဣတိမေ၊ ဤသို့။ ကေပဟာရေနေဝ၊ တပြိုင်နက်အားဖြင့်သာလျှင်။ ဓဒ္ဒ၊ နှစ်ဆိုင်းကုန်သော။ ကမ္မဝါစာဝါ၊ ကမ္မဝါစာတို့ကိုရင်း။ တိသော၊ သုံးဆိုင်းကုန်သော။ ကမ္မဝါစာဝါ၊ ကမ္မဝါစာတို့ကိုရင်း။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤ အဋ္ဌကထာ၌ ဧကေနအာစရိယေနဒ္ဒေ၀ါတယောဝါအနုဿာ၀ေ တဗ္ဗာ ဟူသော စကားရပ်ဖြင့် ဒ္ဒေတယောကောနုသာ၀နေကာတုံ ဟူသော ပါဠိတော်၌ ဒ္ဒေတယောသဒ္ဒါတို့နောက် ဝါသဒ္ဒါ ကြေနေ သည် ကိုရင်း၊ ဒ္ဒေတယောအရ ပဉ္စင်းလောင်းတို့ကို ယူရမည်ကိုရင်း၊ ပြဆိုတော်မူပါသည်။ ဒ္ဒေ်ဟိ ဝါတီဟိ ဝါအာစရိယေဟိ ဝိသုံဝိသုံ ဟူသော စကားရပ်ဖြင့် ၎င်းဒ္ဒေတယော အရကို ကမ္မဝါစာ ဆရာတို့ကိုပါ ယူရမည်ကို ပြဆိုတော်မူပါသည်။ ဤအဋ္ဌ ကထာ စကားနှစ်ရပ်ကို အထောက်သာခံကပြု၍ ပါဠိတော်၌ ဒ္ဒေတယော အရကို ကမ္မဝါစာ ဆရာတို့နှင့်တကွ ပဉ္စင်းလောင်းတို့ကို ယူရမည့်အကြောင်းကို ကောင်းကောင်းကြီး သိနိုင်ပါသည်။ ထိုကြောင့် အနုဇာနာမ် ဘိက္ခဝေ၀ေသော ပါဠိတော်ကို ပြဆိုအပ်ခဲ့ပြီးသည်အတိုင်း အနက်ကို ယောဇနာရပါမည်။

ဝဇိရဗုဒ္ဓိ ဋီကာ၌လည်း-

ပေါရာဏာဂဏ္ဌိ ပဒေပိ တထေ၀ ဝတ္ဘာ တိဏ္ဏံ ဥဒ္ဒိ နကေနစိ အာကာရေန ကေတော ဝဋ္ဋတိတိ ဝုတ္တံ၊ တံ ယုတ္တံ၊ နဟိ သံ့ယော သံ့ယသ ကမ္မ ကရောတိတိ အာစရိယော ဟူ၍--မိန့်ဆိုတော်မူ၏။

ပေါ်ရာဏဂဏ္ဌိ ပဒေပိ၊ရှေးဖြစ်သော ဂဏ္ဌိ ပုဒ်၌လည်း။ တထေ၀၊ ထို့ အတူသာလျှင်။ ဝတ္ဘာ၊ မိန့်ဆိုပြီး၍။ တိဏ္ဏံ၊ ကမ္မဝါစာ ဆရာသုံးပါး ရှိကုန်သော ပဉ္စင်းလောင်းသုံးပါးတို့၏။ ဥဒ္ဒ၊ အထက်၌ဖြစ်သော ကမ္မဝါစာ ဆရာလေးပါး စသည်ရှိသော ပဉ္စင်းလောင်းလေးပါး စသည်၌။ ကေနစိ၊ တစုံတခုသော။ အာကာရေန၊ အခြင်းအရာအားဖြင့်။ ကေတော၊ တပြိုင်နက်တည်း။ နဝဋ္ဋတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ တံ၊ ထို

ပေါ်ရာဏာဂဏ္ဍီပုဒ် ဆရာတို့ဆိုသော စကားသည်။ ယုတ္တံ၊ သင့်မြတ်ပါ၏။ ကသွာ၊ အလားယ်ကြောင့်။ တံ၊ ထိုပေါ်ရာဏာဂဏ္ဍီပုဒ် ဆရာတို့ဆိုသော စကားသည်။ ယုတ္တံ၊ သင့်မြတ်ပါသနည်း။ ဟိ၊ အကြင်ကြောင့်။ သံဃော၊ လေးပါးစသော သံဃာသည်။ သံဃဿ၊ လေးပါးစသော ပဋ္ဌင်းလောင်းသံဃာအား။ ကမ္မံ၊ ကမ်းကို။ နကရောတိ၊ မပြုကောင်း။ ဣတိ၊ ဤသို့။ အာစရိယော၊ အဌကထာ ဆရာသည်။ အာဟ၊ မိန့်ဆိုပြီ။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုပေါ်ရာဏာဂဏ္ဍီပုဒ် ဆရာတို့ဆိုသော စကားသည်။ ယုတ္တံ၊သင့်မြတ်ပါ၏။ (ဤကား ၎င်းဋီကာ၏ အနက်။)

ဤဋီကာ၌ အဌကထာ၌ ပြဆိုအပ်သော ဒေတယောဒေါရကို ကမ္မဝါစာ ဆရာတို့နှင့်တကွ ပဋ္ဌင်းလောင်းတို့ကို ယူရမည်ကို ဖွင့်ဆိုသော အရာဌာန် ဖြစ်သောကြောင့် တိုဏ္ဍ အရကို ကမ္မဝါစာ ဆရာတို့နှင့်တကွ ပဋ္ဌင်းလောင်းတို့ကို ယူရမည်ကို ကောင်းကောင်းကြီး သိနိုင်ပါသည်။

ဤအရာ၌ အထူးသော်ကား လေးပါးလေးပါးထက် အလွန်ဖြစ်ကုန်သော ပဋ္ဌင်းလောင်းတို့သည် ရဟန်းအဖြစ်သို့ မရောက်သေးသောကြောင့် သံဃာဟူသော အမည်ကို မရကြကုန်။ ထိုသို့ပင် မရကြကုန်သော်လည်း စင်စစ်မြတ်စွာဘုရား ကိုယ်တော်တိုင် ပိုင်းခြားမှတ်သား၍ တယောသဒ္ဒါဖြင့် ဟောတော်မူသောကြောင့် ကမ္မဝါစာ ဆရာသုံးပါးရှိသော ပဋ္ဌင်းလောင်းသုံးပါးမှ အထက်၌ဖြစ်သော ကမ္မဝါစာ ဆရာလေးပါး စသည်ရှိသော ပဋ္ဌင်းလောင်းလေးပါးစသည်၌ ကမ်ပြုခြင်းငှာ မအပ်ဟူ၍ မှတ်ယူရပါမည်။

ထိုအကြောင်းကို ၎င်း ဝဇီရဗုဒ္ဓိ ဋီကာ၌—

ဣဒံ ပနေတ္ထ စိန္တေတဗ္ဗံ။ ကထံ၊ စတ္တာရောဝါ အတိရေကာဝါ ဥပသမ္ပဒါပေက္ခာ သံဃဝေါဟာရံ နလဘန္တိ ဘိက္ခုဘာဝံ အပ္ပတ္တတ္တာ။ ကေဝလံ ဘဝဝတာ ပဝိဋ္ဌတ္တာ တယောတိ ဝုတ္တတ္တာ ဘဂဝတာ ဥဒ္ဒေ နဝဋ္ဌတိတိ နော တက္ကော အာစရိယော—ဟူ၍ မိန့်ဆိုတော်မူ၏။

ပန၊ အထူးသော်ကား။ ဣဒံ၊ ဤအရာ၌။ ဣဒံ၊ ဤဆိုလတံ့သော ကြံစည်ခြင်းကို။ စိန္တေတဗ္ဗံ၊ ကြံစည်အပ်၏။ ကထံစိန္တေတဗ္ဗံ၊ အဘယ်သို့

ကြံ့စည်အပ်ပါသနည်း။ စတ္တာရော၊ လေးပါးကုန်သော။ ဥပသမ္မဒါပေက္ခာဝဝါ၊ ပဠုင်းလောင်းတို့သည်ရင်း။ အတိရေကာ၊ လေးပါးထက် အလွန်ဖြစ်ကုန်သော။ ဥပသမ္မဒါပေက္ခာဝဝါ၊ ပဠုင်းလောင်းတို့သည်ရင်း။ ဘိက္ခုဘာဝံ၊ ရဟန်း၏ အဖြစ်သို့။ အပ္ပတ္တတ္တာ၊ မရောက်သေးသည်၏ အဖြစ်ကြောင့်။ သံဃဒေါ ဟောရုံ၊ သံဃာဟူသော အမည်ကို။ နလဘန္တိ၊ မရကြကုန်။ ပန၊ ထိုသို့ပင် မရကြကုန်သော်လည်း။ ကေဝလံ၊ စင်စစ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပရိစ္ဆေဒ္ဒိတ္ဝာ၊ ပိုင်းခြားမှတ်သား၍။ တယောတိ၊ တယောဟူ၍။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ တတော၊ ထိုကမ္မဝါစာ ဆရာသုံးပါးရှိသော ပဠုင်းလောင်း သုံးပါးမှ။ ဥဒ္ဓံ၊ အထက်ဌဖြစ်သော ကမ္မဝါစာဆရာလေးပါး စသည်ရှိသော ပဠုင်းလောင်းလေးပါး စသည်ဌ။ နဝဋ္ဌတိ၊ မအပ်။ ဣတိ၊ ဤသို့။ စိန္တေတဗ္ဗံ၊ ကြံ့စည်အပ်၏။ ဣဒါ၊ ဤသည်ကား။ နော၊ ငါ့ဘို့၏။ တက္ကော၊ အကြံအစီတည်း။ ဣတိ၊ ဤသို့။ အာစရိယော၊ အသျှင်အာနန္ဒာဆရာသည်။ အာဟ၊ မိန့်ဆိုလေ၏။ (ဤကား ၎င်းဋီကာ၏အနက်။)

ဤ၌ ဋီကာဆရာသည် နုဟိ သံဃော သံဃသ္မိ ကမ္မံ ကရောတိ—ဟူသော အဋ္ဌကထာပါဠိတော်၌ သံဃသ္မိဟူသောသမ္မဒါန်ပုဒ်ကိုရည်၍ဖွင့်ဆိုသော စကားရပ်ဖြစ်ပါသည်။ သံဃောဟူသော ကတ္တားပုဒ်ကိုရည်၍ ဖွင့်ဆိုသော စကားရပ်မဟုတ်ဟု သိရပါမည်။

ဆက်ပါဦး၊ အုံ့။ အနုဇာနာမိ ဘိက္ခဝေ ဒွေတယော ကောနုသာဝနေ ကာတုံ-ဟူသော ပါဠိတော်ဝါကျ၌ အနုယ—ဗျတိရေက အဓိပ္ပာယ်နှစ်မျိုးကို ခဲခြားခြင်း ယူရပါမည်။ ထိုတွင် အနုယအဓိပ္ပာယ်ကား ဥပသမ္မဒကမ်တခုကို ပြုရာ၌ ကမ္မဝါစာဆရာဘပါး—နှစ်ပါး အလွန်ဆုံးသုံးပါးသာ။ ပဠုင်းလောင်းတပါး—နှစ်ပါး အလွန်ဆုံးသုံးပါသာအပ်၏။ ဤကား အနုယအဓိပ္ပာယ်တည်း။ ဗျတိရေကအဓိပ္ပာယ်ကား ဥပသမ္မဒကမ်တခုကိုပြုရာ၌ ကမ္မဝါစာ ဆရာ့လေးပါးကစ၍ အထက်ဌ၌ရင်း၊ ပဠုင်းလောင်းလေးပါးကစ၍ အုထက်ဌ၌ရင်းပြုခြင်းဌာမအပ်။ ဤကား ဗျတိရေကအဓိပ္ပာယ်တည်း။ ဤသို့လျှင် အနုယ-ဗျတိရေကနှစ်မျိုးလုံးကို ရကောင်းသောဝါကျ၌ အနုယ-ဗျတိရေက အဓိပ္ပာယ်နှစ်မျိုးလုံးကိုပင် ယူရပါမည်။ ဤအနုဇာနာမိဘိက္ခဝေဝစသော ပါဠိတော်၌

ဗျတိရေကအဓိပ္ပာယ်ကို ယူရမည့်အကြောင်းကို တိက္ခ ဉဒ္ဓ ။ လ၊ ကရောတိတိ အာစရိယော-ဟူသော ရှေးဦးဆိုအပ်ခဲ့ပြီးသော ဋီကာစကားကိုမြင်သဖြင့် သိရပါမည်။

ဆက်ပါဦးအုံ။အချို့သောစကားဝါကျတို့၌ အနှယသာရ၍ ဗျတိရေက ပြန်၍မရပါ။ ပြယုဂ်ပုံစံကား သုန္ဒရံနိဗ္ဗာန်-စသည်ပင် ဖြစ်ပါသည်။ ဤပြဟုဂ် ပုံစံ၌မကောင်းသော နိဗ္ဗာန်ဟူ၍မရှိသောကြောင့် ဗျတိရေကပြန်၍ မရဟု မှတ်ရပါမည်။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော၁ပါဠိတော်၊ အဋ္ဌကထာ၊ဋီကာတို့ကို အသောက် သာဓကပြု၍ ဘပါး-နှစ်ပါး-သုံးပါးထက်အလွန် လေးပါးစသော သံဃာသည် ဥပသမ္ပဒစသော ဂရုကမ်ကိုပြုရာ၌ ကမ္မဝါစာမရှတ်ဖတ်ထိုက် မရှတ်ဖတ်ကောင်း ကြောင်းကို ကောင်းကောင်းကြီး သိရပါမည်။

ဤကား ပါဠိတော် အဋ္ဌကထာ ဋီကာ လာရှိသည်အားလျော်စွာ ဆုံးဖြတ်အပ်သော ဝိနိစ္ဆယစကားဖြစ်ပါသတည်း။

၅၃။ ။အာစရိယဝါဒကို ပြဆိုခြင်း

ရှေးရှေးသော ဝိနည်းဓိုရ်ဆရာဘော်တို့သည်လည်း ပါဠိတော်အဋ္ဌကထာ ဋီကာတို့၌ ဥက္ကဋ္ဌအားဖြင့် သုံးပါးကိုသာ ခွင့်ပြုသောကြောင့်၎င်း၊ ဝိနယ ဝိနိစ္ဆယ၌ သုံးပါးထက်အလွန်ကို တားမြစ်သောကြောင့်၎င်း၊ လေးပါးကစ၍ အထက်၌ ဂရုကမ်ကိုပြုရာ၌ ကမ္မဝါစာကို မရှတ်ဖတ်ထိုက် မရှတ်ဖတ်ကောင်း ဟူ၍ ဗန်းမော်ဆရာဘော်စသော ဆရာတော်တို့ မိန့်ဆိုခဲ့ကြကုန်၏။

မိုးနံကုန်း ဆရာဘော်ဘုရားကြီး ညောင်လွန်းတောရ ဆရာဘော်ဘုရား ကြီးတို့ယည်းသည်း အနုဇာနှာမိ ဘိက္ခဝေ ဒ္ဒေဘဒယာ ဝကာနုသာဝနေ ကာတုံ-ဟူသော ပါဠိတော်ဝါကျ၌ ဝဇီရဗုဒ္ဓိဋီကာဆရာ ဗျတိရေကယူသည် အဘိုး ဗျတိ ;ရက အဓိပ္ပာယ်ကို ယူတော်မူကြကုန်၍ရင်း၊ ကထိန်ခင်းရာ၌ အလုံးစုံသောသံဃာသည် ကထိန်ခင်ခြင်းငှာမအပ်။ ပုဂ္ဂိုလ်ဘပါးသာ ကထိန် ခင်းအပ်သည်ကို အသောက်သာဓကပြု၍ရင်း၊ ပါတိမောက်ပြုရာ၌ အလုံးစုံ သော သံဃာသည် ပါတိမောက်ပြုရသည်မဟုတ်။ ပုဂ္ဂိုလ်တပါးကသာ ပါတိ

မောက်ပြုရသည်ကို အထောက်သာဓကပြု၍ဦး၊ ဥပသမ္ပဒကမ်စသော ဂရုကမ်ကိုပြုရာ၌ တပါး-နှစ်ပါး အလွန်ဆုံးသုံးပါးသာ ကမ္မဝါစာကို ရွတ်ဖတ်ထိုက်ရွတ်ဖတ်ကောင်း၏။ သုံးပါးထက်အလွန် လေးပါးစသော သံဃာသည် ကမ္မဝါစာကို မရွတ်ဖတ်ထိုက် မရွတ်ဖတ်ကောင်းဟု အမိန့် ရှိတော်မူကြကုန်၏။

၅၄။ ။အထူးမှတ်ဘွယ်ကို ပြဆိုခြင်း

ဆက်လက်၍ အထူးကိုမှတ်ရမည်ကား မဟာဝိဟာရနေ့က ပါဠိတော်၌ ဒေ့တယောအရကို ထို၏အဖွင့်အဋ္ဌကထာ၌ ကမ္မဝါစာဆရာနှင့်တကွ ပဋ္ဌင်းလောင်းတို့ကို ယူရမည်ဟု ဖွင့်ပြသည်ကို အထောက်သားခံကပြု၍ သံဃာဒိသိသ် ဒုတိယသံဃဘေဒက သိက္ခာပုဒ်၌ဟောတော်မူအပ်သော ဒေ့တယော ဧကတော သမနုဘာသိတဗ္ဗာ-ဟူသော ပါဠိတော်၌ ဒေ့တယောအရကိုလည်း ကမ္မဝါစာဆရာနှင့်တကွ ကမ်အပြုခံရသော ရဟန်းတို့ကိုယူရမည်ကို ကောင်းကောင်းကြီးသိနိုင်ပါသည်။ ထို့ကြောင့် ၎င်းပါဠိကော်ကို ၎ဒ၊ ကမ္မဝါစာ ဆရာနှစ်ပါးရှိကုန်သော ရဟန်းနှစ်ပါးတို့ကိုဟု၎င်း၊ တယော၊ ကမ္မဝါစာ ဆရာသုံးပါးရှိကုန်သော ရဟန်းသုံးပါ.တို့ကိုဟု၎င်း၊ ဧကတော၊ တပြိုင်နက်တည်း။ သမနုဘာသိတဗ္ဗာ၊ ဥတ်ကမ္မဝါစာဖြင့် ဆိုဆုံးမအပ်ကုန်၏။ ဤသို့ အနက်ကိုယောဇနာရပါမည်။ အဓိပ္ပာယ်ကား သမနုဘာသနနိဂ္ဂဟ ကမ်စသည်ကိုပြုရာ၌ အလွန်ဆုံး ကမ္မဝါစာ ဆရာသုံးပါး ကမ်အပြုခံရသောရဟန်းသုံးပါးသာ ရှိရမည်ဟုဆိုလိုပါသည်။

မဟာဝိ ပါဠိတော်၌ ဒေ့ဘယောအရကို အဋ္ဌကထာ၌ ဧကေနဆာစရိယေနဟု ဖွင့်ပြသည်ကိုထောက်ထား၍ ဤဒုတိယ သံဃဘေဒကသိက္ခာပုဒ်၌ဟောတော်မူအပ်သော ဒေ့တယောအရ၌လည်း နှစ်ဆ ခ်ျာသုံးသခ်ျာတို့၌ တစ်သခ်ျာသာ ယ် အတွင်းဝင်ပြီးဖြစ်သောကြောင့် ကမ္မဝါစာဆရာတပါးတည်းလည်း အပ်ဟု ဤဘာင်းကိုသိရပါမည်။

မဟာ ဝိ အဋ္ဌကထာ၌ ဒေ့ဘယောအရကို ကမ္မဝါစာ ဆရာနှင့်တကွ ပဋ္ဌင်းလောင်.တို့ကိုယူရမည်ကို ဖွင့်ဆိုသည်ကိုထောက်၍ ဒေ့တယော ဧကတော

သမနုဘာသိတဗ္ဗာ၊တတ္ထရိ နသမနုဘာသိတဗ္ဗာ-ဟူသော ဒုတိယသံယောဇနကသိက္ခာပုဒ်၌ ဒေ့တယောအရကို ဂ မ္မ ဝ စေ့ ဆရာနှစ်ပါး သုံးပါး ကင်အပ္ပုံခံရသော ရဟန်းနှစ်ပါးသုံ.ပါ:တို့ကို ယူရမည်ကို ကောင်းကောင်းကြီး သိနိုင်ပါသည်။ ထိုကြောင့် ၎င်းပါဠိတော်ကို--

ဒေ့တယော၊ ကမ္မ ဝ စော ဆရာနှစ်ပါးသုံးပါးရှိကုန်သော ရဟန်းနှစ်ပါးသုံးပါးတို့ကို။ ဧကတော၊ တပြိုင်နက်တည်း။ သမနုဘာသိတဗ္ဗာ၊ ဥတ်ကမ္မ ဝ စောဖြင့် ဆိုဆုံးမအပ်ကုန်၏။ တတော၊ ထိုကမ္မ ဝ စော ဆရာနှစ်ပါးသုံးပါးရှိသော ရဟန်းနှစ်ပါးသုံးပါးထက်။ ဥတ္တရိ၊ အလွန်ဖြစ်ကုန်သော ကမ္မ ဝ စော ဆရာလေးပါး စသည်ရှိကုန်သော ရဟန်းလေးပါးစသည်တို့ကို။ ဧကတော၊ တပြိုင်နက်တည်း။ နသမနုဘာသိတဗ္ဗာ၊ ဥတ်ကမ္မ ဝ စောဖြင့် မဆိုဆုံးမအပ်ကုန်။ ဤသို့အနက်ယောဇနာရပါမည်။

အဓိပ္ပာယ်ကား သမနုဘာသနနိဂ္ဂဟကမ် တခုကို ပြုရာ၌ ကမ္မ ဝ စော ဆရာနှစ်ပါးသုံးပါ:ထက်အလွန် လေးပါးအစရှိသည်သည် ၎င်းကမ်အပ္ပုံခံရသော ရဟန်းနှစ်ပါးသုံးပါ:ထက်အလွန် လေးပါးအစရှိသည်သည်ဝင်း မအပ်ဟု ဆိုလိုပါသည်။ ဥတ္တရိသဒ္ဒါကား အဗျယမည်သော နိပါတ်ပုဒ်ဖြစ်၍အရာဌာနအားလျော်စွာ အနက်ကိုယောဇနာ ရပါသည်။

ယသ္မာ ပန တိဏ္ဏံ ဥဒ္ဒေ ကမ္မာရဟာ နဟောန္တိ၊ နဟိ သံဃော သံဃဿ ကမ္မံ ကရောတိ-ဟူသော ဒုတိယသံယောဇနကသိက္ခာပုဒ်၏ အဖွင့် အဋ္ဌကထာ၌ တိဏ္ဏံ ဥဒ္ဒေ တို့၏အရကို ကမ္မ ဝ စောဆရာနှင့်တကွ ကမ်အပ္ပုံခံရသော ရဟန်းတို့ကို ယူရမည်ကို မဟာ ဝ ပါဠိတော်၌ ဒေ့တယောအရကို ဖွင့်ပြသော မဟာ ဝ ါ အဋ္ဌကထာစကားကို အထောက်သာခံကပြု၍ သိရပါမည်။ ဆိုလိုရင်း အဓိပ္ပာယ်ကား– နိဂ္ဂဟကမ်၌ အလွန်ဆုံး ကမ္မ ဝ ါဆရာသုံးပါးသာ အပ်၏။ သုံးပါးထက်အလွန် လေးပါးစသည်ဖြစ်လျှင်မအပ်။ ကမ်အပ္ပုံခံရသော ရဟန်းလည်း အလွန်ဆုံး သုံးပါးသာအပ်၏။ သုံးပါးထက်အလွန် လေးပါး စသည်ဖြစ်လျှင် မအပ်ဟု ဆိုလိုပါသည်။

ဤ ဆိုအပ်ခဲ့ပြီးသည်ကား– နိဂ္ဂဟကမ်ကိုပြုရာ၌ တိုက်ရိုက်လာသော နိတတ္ထအဓိပ္ပါယ်ပင်ဖြစ်ပါသည်။ ဤ ယသ္မာ ပန တိဏ္ဏံ ဥဒ္ဒေ ။လ။ ကရောတိ-

ဟူသော ဒုတိယသံဃဘေဒက သိက္ခာပုဒ်၏ အဖွင့်အဋ္ဌကထာ၌ နိဂ္ဂိဟကမ်၌ တိုက်ရိုက်လာ နိတတ္ထအဓိပ္ပာယ်ကို အနေထောက်သာခကပြု၍ အနုလောမနေယျတ္ထနည်းအားဖြင့် ပဂ္ဂဟကမ်တခုကို ပြုရာ၌လည်း ကမ္မဝါစာဆရာ အလွန်ဆုံး သုံးပါးသာအပ်၏။ သုံးပါးထက်အလွန် လေးပါး စသည်ဖြစ်လျှင် မအပ်ကြောင်းကို သိရမည်ဟု မိုးနံကုန်းဆရာတော်၊ ငါတို့၏ကျေးဇူးရှင် ညောင်လွန်တောရ ပထမဆရာတော်ဘုရားကြီးတို့ အမိန့်ရှိတော်မူကြပါသည်။

ဤသို့ အနုလောမနေယျတ္ထနည်းအားဖြင့် ပဂ္ဂဟကမ် တခုကို ပြုရာ၌ ကမ္မဝါစာဆရာ သုံးပါးသာအပ်ကြောင်း လေးပါးစသည်ဖြစ်လျှင် မအပ်ကြောင်းကို ဆိုသော ဝါဒသည် ပြဆိုအပ်ခဲ့ပြီးသော မဟာဝေါဟာရိဋီတော်၊ အဋ္ဌကထာ၊ ဝဇိရဗုဒ္ဓိဋီကာတို့ကို ထောက်ထား၍ အလွန်လျှင် ကောင်းမွန် သင့်မြော်သော ဝါဒဟူ၍သာ မှတ်ယူရပါမည်။ ထို့ကြောင့် ယသ္မာပနတိဏ္ဏံ ဥဒ္ဓံ ။လ။ ကရောတိ - ဟူသော အဋ္ဌကထာ၌ အနုလောမနေယျတ္ထနည်းအားဖြင့် ပဂ္ဂဟကမ်တခုကိုပြုရာ၌ ကမ္မဝါစာဆရာ အလွန်ဆုံး သုံးပါးသာအပ်ကြောင်း၊ လေးပါးစသည်ဖြစ်လျှင် မအပ်ကြောင်းကိုရင်း ဒေါ်တယော ကေတော သမန္နုဘာ သိုတမ္ဘာ၊ တတ္ထတ္ထရိ နသမန္နုဘာသိတမ္ဘာ ဟူသော ဒုတိယသံဃဘေဒကသိက္ခာပုဒ် ပါဠိတော်၌ နိဂ္ဂဟကမ်ကိုပြုရာ၌ တိုက်ရိုက်နိတတ္ထအဓိပ္ပါယ်။ ပဂ္ဂဟကမ်တခုကို ပြုရာ၌ အနုလောမနေယျတ္ထ အဓိပ္ပာယ်ကိုရင်း သန္နိဋ္ဌာန်ကျဆုံးဖြတ်ချက်ချ၍ မှတ်ယူရမည် ဖြစ်ပေသတည်း။

ဤတွင် သုံးပါးထက်အလွန် လေးပါးစသော သံဃာသည် ကမ္မဝါစာ ပဋ္ဌာန်ပက်ကောင်းကြောင်း ဝိနိစ္ဆယပြီးပါပြီ။

၅၅။ ။ဝိသေသဥပသမ္ပဒကမ္မဝိနိစ္ဆယကိုပြဆိုခြင်း

ပဋ္ဌင်းလောင် နှစ်ပါးတို့ကို ဥပသမ္ပဒကမ်ကိုပြုရာ၌ ဥပဇ္ဈာယ်ဆရာဘုရားဖြင့် သော်၎င်း၊ သိုမဟုတ် အသီးသီး ကိုယ်ဘုဥပဇ္ဈာယ်နှင့်ကိုယ် နှစ်ပါးဖြင့် သော်၎င်း၊ ကမ္မဝါစာ ဆရာတပါးစီအားဖြင့် နှစ်ပါးထား၍ အသီးအသီး ကိုယ်ကမ္မဝါစာဆရာနှင့်ကိုယ် တသိမ်ဘည်းတခါန်ဘည်း၌ ဥ တ်နှစ်ခုပြုင်၍လည်း ကမ္မဝါစာကိုရွတ်ဖတ်လျက် တပြိုင်နက်ကည်း ဥပသမ္ပဒကမ်နှစ်ခုကိုပြုခြင်းငှာ

အပ်ပါသည်။ သို့မဟုတ် ဥပဇ္ဈာယ်ဆရာဘုရားပါးဖြင့် ကမ္မဝါစာဆရာဘုရားပါးသည် ပဥ္စင်းလောင်းနှစ်ပါးတို့ကို ဒွန်တွဲ၍ ရွတ်ဖတ်လျက်သည်း ဥပသမ္ပဒကမ်းကို ပြုခြင်းငှာအပ်ပါသည်။

ထို့ကြောင့် မဟာဝပါဠိတော်၌-

အနုဇာနာမိ ဘိက္ခဝေ ဒွေ ကောနုဿာဝနေ ကာတုံ-ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒွေ၊ ပဥ္စင်းလောင်းနှစ်ပါးတို့ကို။ ကောနုဿာဝနေ၊ တပြိုင်နက်တည်း ကမ္မဝါစာရွတ်ဖတ်ခြင်းရှိသည်တို့ကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ (ဤကား ရင်းပါဠိတော်၏အနက်။)

ဤပါဠိတော်၌ ဒွေ ကောနုဿာဝနေ အရကို ထို၏အဖွင့်အဋ္ဌကထာ၌-

ဒွေ ကောနုဿာဝနေတိ ဒွေ ကဏ်းတာ အနုဿာဝနေ ဧကေန ကေဿ အညေန ဣတရဿာတိ ဧဝံ ဒ္ဝိဟိဝါ အာစရိယေဟိ ဧကေနဝါ ကေကွဏ္ဏေ ကမ္မဝါစံ အနုဿာဝေန္တေဟိ ဥပသမ္ပာဒေတုံ အနုဇာနာမိတိ အဒေတ္ထာ-ဟူ၍ မိန့်ဆိုတော်၏။

ဒွေကောနုဿာဝနေတိ၊ ဒွေကောနုဿာဝနေဟူသည်ကား။ ဒွေ၊ နှစ်ပါးကုန်သော။ ဥပသမ္ပဒါပေက္ခေ၊ ပဥ္စင်းလောင်းတို့ကို။ ဧကတော၊ တပြိုင်နက်အားဖြင့်။ ဝါ-တပြိုင်နက်သောခဏ၌။ အနုဿာဝနေ၊ ကမ္မဝါစာရွတ်ဖတ်ခြင်းရှိသည်တို့ကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဧကေန၊ တပါသော။ အာစရိယေန၊ ကမ္မဝါစာဆရာသည်။ ဧကဿ၊ တပါသော။ ဥပသမ္ပဒါပေက္ခဿ၊ ပဥ္စင်းလောင်းကို။ အညေန၊ တပါးသော။ အာစရိယေန၊ ကမ္မဝါစာဆရာသည်။ ဣတရဿ၊ ဤမှ ဘပါးသော။ ဥပသမ္ပဒါပေက္ခဿ၊ ပဥ္စင်းလောင်းကို။ ဣတိဧဝံ၊ ဤသို့။ ဒ္ဝိဟိ၊ နှစ်ပါးကုန်သော။ အာစရိယေဟိဝါ၊ ကမ္မဝါစာဆရာတို့သည်ရင်း။ ဧကေန၊ တပါးသော။ အာစရိယေနဝါ၊ ကမ္မဝါစာဆရာသည်ရင်း။ ဧကေကွဏ္ဏေ၊ တပြိုင်နက်သောခဏ၌။ ကမ္မဝါစံ၊ ကမ္မဝါစာကို။ အနုဿာဝေန္တေဟိ၊ ရွတ်ဖတ်ခြင်းရှိကုန်သည်ဖြစ်၍။ ဥပသမ္ပာဒေတုံ၊ ပဥ္စင်းခံဝိမ့်သောငှာ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဤတို့

ဤသည်ကား။ အဃ၊ ထို ဒွေကော နုဃာဝနေ ဟူသော ပါဠိတော်၏။ အတ္ထော၊ အနက်တည်း။ (ဤကား ၎င်း အဋ္ဌကထာ၏ အနက်။)

ဤအဋ္ဌကထာ၌ ကေန ကေဃ အညေန ဣဘာရဃာတိ ဧဝံ ဒ္ဒိဟိဝါ အာစရိယေဟိ ကေကွဏ္ဍ ကမ္မဝါစံ အနုဿာဝေန္တေဟိ-ဟူသော ပါဠိဖြင့် ကမ္မဝါစာဆရာနှစ်ပါး တို့သည် ပဉ္စင်းလောင်းနှစ်ပါးတို့ကို အသီးအသီး တပြိုင်နက်သော ခဏ၌ ကိုယ်ပဉ္စင်းလောင်းနှင့်ကိုယ် ရှင့်၍ ဥ တ်နှစ်ခု ကမ်နှစ်ခုပြိုင်လျက် ကမ္မဝါစာရှတ်ဖတ်အပ်သည်ကို ပြတော်မူပါသည်။ ဧကေနဝါ ကေကွဏ္ဍ ဟူသော ပါဠိဖြင့် ကမ္မဝါစာဆရာတပါးသည် ပဉ္စင်းလောင်း နှစ်ပါးတို့ကို ဒွနဲ့တွဲလျက် ဥ တ်ဘုတည်း ကမ်တခုတည်းပြု၍ ကမ္မဝါစာရှတ်ဖတ်အပ်သည်ကို ပြုတော်မူပါသည်။ ထိုကွင်း အသီးအသီး ကိုယ်ပဉ္စင်းလောင်းနှင့်ကိုယ် ရှင့်၍ ရှတ်ဖတ်ရာ၌ ဥပဇ္ဈာယ်ကိုယူစေသည်မှစ၍ ဥပသမ္ပဒကမ္မဝါစာဆုံးသည်တိုင်အောင် ပဉ္စင်းလောင်းတပါးကို ကမ်ပြုသောအရာ၌ကဲ့သို့ အသီးအသီး ရှတ်ဖတ်ခြင်းငှာ ၎င်း၊ ဥပသမ္ပဒကမ္မဝါစာကို ချန်လှပ်၍ ကြွင်းကျန်သော ပုမ္မကိစ္စဌာနတို့၌ တပေါင်းတည်းပေါင်း၍ ရှတ်ဖတ်ခြင်း ဆုံးမခြင်းငှာ၎င်း အပ်သည်ချည်းသာ ဟူ၍ မှတ်ရပါမည်။ ဤအဋ္ဌကထာစကားသည် နှ ဧကော်ဗ ဥပေါသထဂ္ဂေ ဒွေ ဥ တ္တဿေယော ဌပေတဗ္ဗာ-ဟူသော ပဝါရဏကွန်ရက်အဋ္ဌကထာနှင့် မဆန့်ကျင်ပါလေး ဟူပြောအံ့။ ပဂ္ဂဟကမ် နိဂ္ဂဟကမ်နှင့်မျိုးတို့တွင် ဤအရာ၌ ပဂ္ဂဟကမ်ဖြစ်သောကြောင့် မဆန့်ကျင်ပါ။ ဤသို့ အထူးကိုမှတ်ရမည်ဟု ညောင်လွန်တောရ ဆရာတော် အမိန့်ရှိတော်မူ၏။

ဤကား ပဉ္စင်းလောင်းနှစ်ပါးတို့ကို ဥပသမ္ပဒကမ်ကို ပြုရာ၌ အထူးမှတ်ဘွယ်တည်း။

ပဉ္စင်းလောင်းသုံးပါးတို့ကို ဥပသမ္ပဒကမ်ပြုရာ၌လည်း ဥပဇ္ဈာယ်ဆရာတပါးတည်းဖြင့်သော်၎င်း၊ အသီးအသီး ကိုယ်ဥပဇ္ဈာယ်နှင့်ကိုယ် သုံးပါးဖြင့်သော်၎င်း၊ ကမ္မဝါစာ ဆရာသုံးပါးတို့သည် တသိမ်တည်း တချိန်တည်း၌ ကိုယ်ပဉ္စင်းလောင်းနှင့်ကိုယ် ရှင့်၍ ဥ တ်သုံးခုပြိုင်လျက် တပြိုင်နက်တည်း ကမ္မဝါစာကို ရှတ်ဖတ်၍ ဥပသမ္ပဒကမ်ကို ပြုခြင်းငှာအပ်ပါသည်။ ဤသို့ပြုရာ၌ ပဉ္စင်းလောင်းတပါးလျှင် ဥပဇ္ဈာယ်တပါးသာ ရှိရပါမည်။ နှစ်ပါးသုံးပါးစသည် မရှိစေရ။

ထိုအကြောင်းကို မဟာဝါ မဟာခန္ဓကပါဠိတော်၌-

အနုဇာနာမိ ဘိက္ခဝေ့ ဒ္ဒုတယော ကောနုသောဝေနေ ကာတုံ၊ တဉ္စေခါ ဧကေန ဥပဇ္ဈာ ယေန၊ နတ္ထေ၀ နာနုပဇ္ဈာယေန-ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၀၊ ရဟန်းတို့။ ဒ္ဒေဘယော၊ နှစ်ပါးသုံးပါးသော ပဉ္စင်းလောင်းတို့ကို။ ကောနုသောဝေနေ၊ တပြိုင်နက်တည်း ကမ္မ၀ါစာ ရွတ်ဖတ်ခြင်း ရှိသည်တို့ကို။ ကာတုံ၊ ပြုခြင်းငှာ။အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။တဉ္စေခါ၊ ထိုကမ္မ၀ါစာ ရွတ်ဖတ်ခြင်းကိုလည်း။ ဧကေန၊ တပါးသော။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဖြင့်။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။နာနုပဇ္ဈာယေန၊ အထူးထူးသော ဥပဇ္ဈာယ်ဖြင့်။ နတ္ထေ၀အနုဇာနာမိ၊ ခွင့်ပြုတော် မ မူ သည် သာ တည်း။ (ဤကား ၎င်းပါဠိတော်၏အနက်။)

ဤပါဠိဟော်အရ ပဉ္စင်းလောင်းသုံးပါးတို့ကို တပြိုင်နက်ဘည်း ဥတ်သုံးခု ကမ်သုံ့ကမ်ပြိုင်၍ ဥပသမ္ပဒကမ်ကို ပြုခြင်းငှာလည်း အပ်ပါသည်။ ဥပဇ္ဈာယ်ဘပါးဘည်းရှိ၍ ကမ္မ၀ါစာဆရာ တပါးနှစ်ပါး အလွန်ဆုံးသုံးပါးကိုသည် ဒွန်တွဲ၍ ကမ္မ၀ါစာကို ရွတ်ဖတ်လျက် ဥပသမ္ပဒကမ်ကို ပြုခြင်းငှာလည်း အပ်ပါသည်။

ထိုကြောင့် ထို၏အဖွင့်အဋ္ဌကထာ၌-

ဒ္ဒေဘယော ကောနုသောဝေနေ ကာတုံ အနုဇာနာမိ တဉ္စေခါ ဧကေန ဥပဇ္ဈာယေနာတိ ဒ္ဒေ၀ါ တယော၀ါ ဇနေ ပုရိမနယေနေ၀ ကေဒတာ အနုသောဝေနေ ကာတုံ၊ အနုဇာနာမိ၊ တဉ္စေခါ အနုသောဝနကိရိယံ ဧကေန ဥပဇ္ဈာယေန အနုဇာနာမိတိ အတ္ထော။ တသ္မာ ဧကေန အာစရိယေန ဒ္ဒေ၀ါ တယော၀ါ အနုသာ၀ေ၀တ္ဗာ၊ ဒ္ဒေ ဟိ ၀ါ တီဟိ ၀ါ အာစရိယေဟိ ဝိသုံ့ပိသုံ့ ဧကေန ဧကသ္မိံ ဒေ၀ ကေပေ ဟာရေနေ၀ ဒ္ဒေတိယော ကမ္မ၀ါစာ ကာတဗ္ဗာ-ဟူ၍ မိန့်ဆိုးတော်မူ၏။

ဒ္ဒေတယော ဓကာနုံသာဝနေ ကာတုံ၊ တဉ္ဇခေါ ဧကေန ဥပဇ္ဈာ ယေနဿတိ၊ ဒ္ဒေတယော ကောနုသာဝနေကာတုံ၊ တဉ္ဇခေါ ဧကေန ဥပဇ္ဈာ ယေန ဟူသည်ကား။ ဒ္ဒေ၊ နှစ်ဖါးကုန်သော။ ဇနေဝါ၊ ပဉ္စင်းလောင်းတို့ကိုဂုဏ်း။ တယော၊ သုံးပါးကုန်သော။ ဇနေဝါ၊ ပဉ္စင်းလောင်းတို့ကိုဂုဏ်း။ ပုရိမနယေနေဝ၊ ရှေးဦး ဆိုအပ်ခဲ့ပြီးသော ဧကေနကေသအညေနဣတရသ အစရှိသော နည်းဖြင့်သာလျှင်။ ဧကတော၊ တပြိုင်နက်တည်း။ အနုသာဝနေ၊ ကမ္မဝါစာရွတ်ဖတ်ခြင်း ရှိသည်တို့ကို။ ကာတုံ၊ ပြုခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ တဉ္ဇခေါအနုသာဝနကိရိယံ၊ ထိုကမ္မဝါစာ ရွတ်ဖတ်ခြင်း ရှိသည်ကိုပြုခြင်းကိုလည်း။ ဧကေန၊ တပါးသော။ ဥဗဇ္ဈာယေန၊ ဥပဇ္ဈာယ်ဖြင့်။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသည်ကား၊ အသ၊ ထိုဒ္ဒေတယော စသော ပါဠိတော်၏။ အတ္ထော၊ အနက်တည်း။ တသ္မာ၊ ထို့ကြောင့်။ ဧကေန၊ တပါးသော။ အာစရိယေန၊ ကမ္မဝါစာဆရာသည်။ ဒ္ဒေနှစ်ပါးကုန်သော။ ဇနာဝါ၊ ပဉ္စင်းလောင်းတို့ကိုဂုဏ်း။ တယော၊ သုံးပါးကုန်သော။ ဇနာဝါ၊ ပဉ္စင်းလောင်းတို့ကိုဂုဏ်း။ အနုသာဝေတဗ္ဗာ၊ ကမ္မဝါစာကို ရွတ်ဖတ်အပ်ကုန်၏။ ဒ္ဒေဟိ၊ နှစ်ပါးကုန်သော။ အာစရိယေဟိဝါ၊ ကမ္မဝါစာ ဆရာတို့သည်ဂုဏ်း။ တီဟိ၊ သုံးပါးကုန်သော။ အာစရိယေဟိဝါ၊ ကမ္မဝါစာ ဆရာတို့သည်ဂုဏ်း၊ ဝိသုံဝိသုံ၊ အသီးအသီး။ ဧကေန၊ တပါးသော။ အာစရိယေန၊ ကမ္မဝါစာ ဆရာသည်။ ကေသ၊ တပါးသော။ ဇနသ၊ ပဉ္စင်းလောင်းအား။ ဣတိဧဝံ၊ ဤသို့။ ကေပဟာဝရေနေဝ၊ တပြိုင်နက်အားဖြင့်သာလျှင်။ ဒ္ဒေ၊ နှစ်ဆိုင်းကုန်သော။ ကမ္မဝါစာဝါ၊ ကမ္မဝါစာတို့ကိုဂုဏ်း။ တိသော၊ သုံးဆိုင်းကုန်သော။ ကမ္မဝါစာဝါ၊ ကမ္မဝါစာတို့ကိုဂုဏ်း။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ (ဤကား ဂင်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာ၌ဓကေန အာစရိယေန ဒ္ဒေဝါ တယောဝါ အနုသာဝေတဗ္ဗာ ဟူသော ဝါဋ်ဖြင့် ကမ္မဝါစာ ဆရာတပါးသည် ပဉ္စင်းလောင်းနှစ်ပါးသုံးပါးတို့ကို ဒ္ဒန်တဲ့၌ ရွတ်ဖတ်လျက် ဥပသမ္ပဒကမ်းကိုပြုအပ်သည်ကိုဂုဏ်း၊ ဒ္ဒေတယောတို့ နောက်၌ ဝါဆဒ္ဒါ ကြေနေသည်ကိုဂုဏ်း ပြတော်မူပါသည်။ ဒ္ဒေဟိဝါတီဟိဝါအာစရိယေဟိ ဝိသုံဝိသုံ အဲစရှိသောပါဋ်ဖြင့် ဒ္ဒေတယော အရ ကမ္မဝါစာ ဆရာတို့ကိုပါ ယူရမည်ကိုဂုဏ်း၊ နှစ်ပါးသုံးပါးသော ကမ္မဝါစာ

ဆရာတို့သည် အသီးအသီး ကိုယ်ပဋ္ဌာန်းနှင့်ကိုယ် ရှင့်၍ ရှတ်ဖတ်လျက် တပြိုင်နက်တည်း ဥတ်နှစ်ခုသုံးခုပြိုင်၍ ဥပသမ္မဒကမ်နှစ်ခုသုံးခုကို ပြုအုပ်သည်ကိုဝင်းပြတော်မူပါသည်။ တဋ္ဌခေါ အနုသာဝနကိရိယံ ဧကေန ဥပဇ္ဈာယေန အနုဇာနာမိ- ဟူသောပါဠိဖြင့် ပဋ္ဌာန်းလောင်းတပါးလျှင် ဥပဇ္ဈာယ်တပါးသာ ရှိရမည်ကို ပြတော်မူပါသည်။ ဤကား ပဋ္ဌာန်းလောင်းသုံးပါးတို့ကို ဥပသမ္မဒကမ်းကို ပြုရာ၌ အထူးမှတ်ဘွယ်တည်း။

ဆက်ပါဦးအုံ။ ပဋ္ဌာန်းလောင်းပေါင်း လေးပါးငါးပါး ဆယ်-ရာ-ထောင် ဦးပဲ့ပ်ည် အမျှားရှိရာ၌လည်း ဒေတယော ဧကာနုသာဝနေ ကာတုံ ဟူသော ပါဠိတော်ကို အထောက်သာခံကပြု၍ တပါးစီသော်ဝင်း၊ နှစ်ပါးစီသော်ဝင်း၊ အလွန်ဆုံး သုံးပါးစီသော်ဝင်း ဒုနံတွဲ၍ အသီးအသီး ကိုယ်အတွဲကိုယ်ကမ်နှင့်ကို တချိန်ထည်း တသိမ်တည်း၌ ဥတ်နှစ်ခု သုံးခုစသည် မျှားစွာပြိုင်လျက် ကမ္မဝါစာကို ရှတ်ဖတ်၍ ဥပသမ္မဒကမ်ပေါင်းမျှားစွာတို့ကို တပြိုင်နက်တည်း ပြုခြင်းငှာ အပ်ပါသည်။ ဤသို့ပြုရာ၌ ကမ္မဝါစာဆရာမှ အလွတ် ကြားနာသူ ကာရကသံဃာအသီးအခြားလည်း ရှိရပါဦးမည်။ အသီးအသီး ကမ်တခုစီတခုစီ၌လည်း ပဋ္ဌာန်းလောင်း သုံးပါး ကမ္မဝါစာဆရာ သုံးပါးထက် မပိုလွန်စေရ။ ပိုလွန်မူ ဒေ္ဒတယော-ဟူ၍ ဟောတော်မူသောကြောင့် ကမ်မမြောက်ဟူ၍သာမှတ်ရပါမည်။

ထိုအကြောင်းကို ဝင်းမဟာဝါအဋ္ဌကထာ၌—

> သစေ ပန နာနာစရိယာ နာနုပဇ္ဈာယာ ဟောန္တိ၊ တိသတ္ထေ ရော သုမနတ္ထေရသ သဒ္ဓိဝိဟာရိကံ သုမနတ္ထေရော တိသတ္ထေရသ သဒ္ဓိဝိဟာရိကံ အနုသာဝေတိ၊ အညမညဿ ဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိ-ဟူ၍ မိန့်ဆိုကော်မူ၏။

ပန၊ ထိုမှတပါး။ နာနာစရိယာ၊ အသီးအသီးသော ကမ္မဝါစာဆရာတို့သည်။ နာနုပဇ္ဈာယာ၊ အသီးအသီးသောဥပဇ္ဈာယ်တို့သည်။ သစေဟောန္တိ၊ အကယ်၍ဖြစ်ကုန်အုံ့။ တိသတ္ထေရော၊ ကမ္မဝါစာဆရာဖြစ်သော တိသထေရ်သည်။ သုမနတ္ထေရသ၊ ဥပဇ္ဈာယ်ဖြစ်သော သုမနထေရ်၏။ သဒ္ဓိဝိဟာရိကံ၊ ဥပဇ္ဈာယ်ယူတပည့်ကို။ သစေအနုသာဝေတိ၊ အကယ်၍ ကမ္မဝါစာကို ရှတ်ဖတ်အုံ့။ သုမနတ္ထေရော၊ ကမ္မဝါစာဆရာဖြစ်သော သုမနထေရ်သည်။ တိသတ္ထေရသ၊

ဥပဇ္ဈာယ်ဖြစ်သော တိသဟေရ်၏။ သဒ္ဓိဝိဟာရိကံ၊ ဥပဇ္ဈာယ်ယူတပည့်ကို။ သစေအနုသာသဝေတိ၊ အကယ်၍ကမ္မဝါစာကိုရွတ်ဖတ်အံ့။ အညမညံ၊ အချင်းချင်း။ ဝါ၊ တပါးသည်တပါးကို။ ဂဏပူရကာစ၊ ဂိုဏ်းကိုပြည့်စေတတ်ကုန်သည်လည်း။ သစေဟောန္တိ၊ အကယ်၍ဖြစ်ကုန်အံ့။ ဝဋ္ဋတိ၊ အပ်သတည်း။ (ဤကား ၎င်းအဋ္ဌကထာ၏အနက်။)

ဤအဋ္ဌကထာ၌ နာနာစရိယာနာနုဇ္ဈာယာ ဟူသော ပါဠိဖြင့် ပဋ္ဌင်းလောင်းလည်း လေးပါး- ငါးပါး- ဆယ်- ရာ- ထောင် စသည်ဖြင့် မျှားသော်ကိုဝင်း၊ ကမ္မဝါစာဆရာလည်း မျှားသည်ကိုဝင်း၊ ဥပဇ္ဈာယ်လည်း မျှားသည်ကိုဝင်း၊ ပြတော်မူပါ၏သည်။ အညမညဥဂဏ ပူရကာဟောန္တိ၊ ဝဋ္ဋတိ ဟူသော ပါဠိဖြင့် ဥပသမ္ပဒ ကမ်ပေါင်းမျှားစ့ာတို့ကို တချိန်တည်း တသိမ်တည်း၌ တပြိုင်နက်အားဖြင့် ဥ တ်ပြိုင်လျက် ပြုအပ်ပြုသင့် ပြုထိုက် ပြုကောင်းသည်ကို ပြတော်မူပါ၏သည်။

ဤသို့ပြုရာ၌ ဥပဇ္ဈာယ် (၁)ပါး၊ ပဋ္ဌင်းလောင်း (၁)ပါး၊ ကမ္မဝါစာဆရာ (၁)ပါး။

တနည်း။ ။ဥပဇ္ဈာယ် (၁)ပါး၊ ပဋ္ဌင်းလောင်း (၂)ပါး၊ ကမ္မဝါစာဆရာ (၂)ပါး။

တနည်း။ ။ဥပဇ္ဈာယ် (၁)ပါး၊ ပဋ္ဌင်းလောင်း (၃)ပါး၊ ကမ္မဝါစာဆရာ (၃)ပါး။

တနည်း။ ။ဥပဇ္ဈာယ်(၂)ပါး၊ ပဋ္ဌင်းလောင်း (၂)ပါး၊ ကမ္မဝါစာဆရာ (၂)ပါး။

တနည်း။ ။ဥပဇ္ဈာယ် (၃)ပါး၊ ပဋ္ဌင်းလောင်း (၃)ပါး၊ ကမ္မဝါစာဆရာ (၃)ပါး။

ဤသို့စသည်ဖြင့် အသီးအသီးတွဲ၍ ဥပ်သမ္ပဒကမ်ကိုပြုရမည်ဟု ညောင်လွန်တောရ ပဌမဆရာဘာ၀ အမိန့်ရှိခဲ့တော်မူ၏။

ဤကား ပဋ္ဌင်းလောင်း လေးပါး- ငါးပါး- ဆယ်- ရာ ထောင်- စသည် မျှားရာ၌ ဥပသမ္ပဒကမ်ပြုပုံ အထူးမှတ်ဘွယ်တည်း။

၅၃။ ။ဥပသမ္ပဒကမ်မမြောက်နိုင်ပုံကို ပြဆိုခြင်း

ဥပသမ္ပဒကမ်မမြောက်နိုင်ပုံကား ကမ္မဝါစာဆရာတပါးသည် **အသီး**အသီးသော ဥပဇ္ဈာယ်ရှိသော ပဋ္ဌင်းလောင်းနှစ်ပါးတို့ကိုရင်း၊ သုံးပါးတို့ကိုရင်း ဥပဇ္ဈာယ်တပါးမက မျှားလှခြင်းကြောင့် ဒုန်တွဲ၍ ကမ္မဝါစာကိုရွတ်ဖတ်ခြင်းငှာ မအပ်။ ရွတ်ဖတ်သော်လည်း ကမ်မမြောက်။ ကမ္မဝါစာဆရာ တပါး နှစ်ပါး သုံးပါးတို့သည် ပဋ္ဌင်းလောင်းတပါးကို ဥပဇ္ဈာယ်နှစ်ပါး စသည်ဖြင့် **အ**မျှားပြု၍ ရွတ်ဖတ်ခြင်းငှာရင်း၊ **အ**သီးအသီးသော ဥပဇ္ဈာယ်ရှိသော ပဋ္ဌင်းလောင်းနှစ်ပါး သုံးပါးတို့ကို ဥပဇ္ဈာယ်မျှားခြင်းကြောင့် ဒုန်တွဲ၍ ရွတ်ဖတ်ခြင်းငှာရင်း မအပ်။ ရွတ်ဖတ်သော်လည်း ကမ်မမြောက်နိုင်ပါ။

ထိုအကြောင်းကို ဂင်းမဟာဝါ**အ**ဋ္ဌကထာ၌–

> **သ**စေ ပန နာနာဥပဇ္ဈာယာ ဟောန္တိ၊ ဧကော **အ**ာစရိယော ဟောတိ၊ နတ္ထေ နာနုပဇ္ဈာယေနာတိ ပဋိက္ခိတ္တတ္တာ နဝဋ္ဋတိ၊ ဣဒံ သန္ဓာယ ဟိ ဧသ ပဋိက္ခေပေါ-ဟူ၍ မိန့်ဆိုတော်မူ၏။

ပန၊ မအပ်သည်ကိုဆိုပါဦး**အ**ုံ။ နာနာဥပဇ္ဈာယာ၊ **အ**သီး**အ**သီးသော ဥပဇ္ဈာယ်ရှိကုန်သည်။ **သ**စေဟောန္တိ၊ **အ**ကယ်၍ဖြစ်ကုန်**အ**ုံ။ ဧကော၊ တပါးသော။ **အ**ာစရိယော၊ ကမ္မဝါစာဆရာသည်။ **သ**စေဟောတိ၊ **အ**ကယ်၍ဖြစ်**အ**ုံ။ နတ္ထေ**အ**နာနုပဇ္ဈာယေနာတိ၊ နတ္ထေ**အ**နာနုပဇ္ဈာယေန ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပဋိက္ခိတ္တတ္တာ၊ ပယ်တော်မူသည်၏**အ**ဖြစ်ကြောင့်။ **အ**ဝဋ္ဋတိ၊ မအပ်။ ဟိ-သစ္စာ၊ မှန်၏။ ဣဒံ**အ**နုသာဝဝန်၊ ဤ**အ**သီး**အ**သီးသော ဥပဇ္ဈာယ်ဖြင့် တပါးသော ကမ္မဝါစာဆရာ၏ရွတ်ဖတ်ခြင်းကို။ **သ**န္ဓာယ၊ ရည်ရွယ်တော်မူ၍။ **ဧ**သ**ဧ**သောပဋိက္ခေပေါ၊ ဤ**အ**နုပဇ္ဈာယေန ဟူ၍ မြစ်ပယ်ခြင်းကို။ ကတော၊ ပြုတော်မူ**အ**ပ်သတည်း။ (ဤ**ကား** ဂင်း**အ**ဋ္ဌကထာ၏**အ**နက်။)

ဤတွင် ဝိ**ဧ**သ**ဥ**ပ**သ**မ္ပ**ဒ**ကမ္မ**ဝ**ိ**နိ**စ**္ဆ**ယ**ပြီး**ပ**ါ**ပြီ**။

၅၄။ ။ရတနတ္တယပူဇောကထာ-

ဗုဒ္ဓံ ပူဇေမိ ဧတေန၊ သာသနဿ ပကာသကံ။
သဒ္ဓမ္မံ တေန ဒိဋ္ဌေယျ၊ သံဃံ ဥ တဿ သြရသံ။

ဆဟံ၊ ရုပ်နာမ်နှစ်ရပ်၊ ပရမတ်ကို၊ ပညတ်မှည့်ခေါ်၊ သောဘိတမည့် သောတပည့်ခံတော်သည်။ ဧတေန၊ သီမာယတ္ထဝိနိစ္ဆယ၊ နာမတင့်ဆန်း၊ ဤစာကျမ်းကို၊ ကြိုးပမ်းတီထွင်၊ ရေးစီရင်ရသော ဤဓမ္မဒါနဖြင့်။ သာသနာ၊ ပရိယတ်နှင့်၊ ပဋိပတ်၊ပဋိဝေဓ၊ သုံးဝသခ်ျာ၊ သာသနာကို၊ ၀ါ-သီလသမာဓိပညာဟု သိက္ခာသုံးဖြာ၊ သာသနာကို။ ပကာသကံ၊ လက်ငယ် တင်ထား၊ ပတ္တမြားသို့၊ ထင်ရှားဆတ်ဆတ်၊ ဟောကြားပြသတော်မူတတ်သော၊ ဗုဒ္ဓံ၊ သစ္စာလေးတန်၊တရားမှန်ကို၊ ဝေဘန်သိတတ်၊ဘုရားရှင်ကဲ့ယ်တော်မြတ်ကိုရင်း။ တေနဗုဒ္ဓေန၊ သစ္စာလေးတန်၊ တရားမှန်ကို၊ ဝေဘန်သိတတ်၊ ထိုဘုရားရှင်ကိုယ်တော်ခြေတ်သည်။ ဒိဋ္ဌေယျ၊ ဒါနစသည်၊ ပါရမီတော်တို့ကြောင့်၊ သိမြင်တော်မူအပ်၊ ဝေနေယျတို့ကိုလည်း ဟောကြားတော်မူအပ်သော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့၏ မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မခန်ပရိယတ်၊ ဆယ်ပါးသောတရား တော်မြတ်ကိုရင်း၊ တဿ ဗုဒ္ဓဿ၊ သစ္စာလေးတန်၊ တရားမှန်ကို၊ ဝေဘန်သိတတ်၊ ထိုဘုရားရှင်ကိုယ်တော်မြတ်၏။ သြရသံ၊ ရှေရှင်တော်နှစ်၊ သားတော်စစ်ဖြစ်သော။ သံဃဉ္စ၊ မဂ္ဂဋ္ဌာန်ဖလဋ္ဌာန်၊ ရှစ်ဘန်ထင်ပေါ်၊ အရိယာသံဃာတော်မြတ်အပေါင်းကိုရင်း။ ပူဇေမိ၊ ဒုက္ခကင်းပျောက်၊ နိဗ္ဗာန်ရောက်ဖို့၊ ချီးမြှောက်ကော်ရော်၊ ပူဇော်ကန်တော့ပါ၏ အရှင်ဘုရား။

၅၅။ ။နိဂမကထာ-

သဒ္ဓါဒိ ဂုဏဝန္ဒေဟိ၊ ဂုဏ္ဆန္ဒေဟိ သုနိစ္ဆယံ။
ဝိနယာစာရ ယုတ္တေဟိ၊ သိဿာဒီဟိ ဘိယာစိတော။
ဝိမ်ာန ရည ဝိဟာရေ၊ တောင်တွင်းကြီးပုရ နိသိတေ။
ဝသတာ ဘာရဟာရေန၊ နာမေန သောဘိတောတိ မေ။
ရစိတော အတ္ထသမ္ပန္နော၊ အယံဂန္ထော ဝိနိစ္ဆယော။
ဇနေသု ဒယ မာဂမ္မ၊ သီမာယတ္တ ပကာသကော။
နဝ တံ သတိ သတေက၊ သဟဿ ဝဿ ပါပုဏော။

ဇေဋ္ဌ မာသိက ကဏ္ဍသ၊ ဒိနေ ဒ္ဝါရသကေ ဣတိ။
ဟုတ္ဝာ အနန္တရုယောစ၊ ဂန္ဓော ယံ နိဋ္ဌိတော ယထာ။
တထာ ကလျာဏ သက်ပ္ပာ၊ သီဃ သိဒ္ဓန္တ ပါဏိနံ။
ဣတိ သီမာယတ္ထ ဝိနိစ္ဆယော နိဋ္ဌိတော။

သဒ္ဓါဒိဂုဏဝန္တေဟိ၊ ကြောင်းကျိုးနှစ်ဖုံ၊ ကုံ–ကံ၏အကျိုး ရတနာသုံးပါးတို့၏ဂုဏ်ကိုယုံကြည်သော သဒ္ဓါအစရှိသောဂုဏ်တို့နှင့် ပြည့်စုံကုန်ထသော။ ဝိနယာစာရယုတ္တေဟိ၊ ပါတိမောက္ခသံဝရအစရှိသောဝိနယ၊ သမဏသာရုပ္ပစသည်အပြားရှိသော အာစရ၊ စသည်ဥသုံ၊ အကျင့်ဂုဏ်တို့နှင့်ပြည့်စုံကုန်ထသော။ သုနိစ္ဆယုံ၊ ကောင်းမြတ် မှန်ကန်သော အဆုံးအဖြတ်ကို။ ဣစ္ဆန္တေဟိ၊ အလိုရှိကုန်ထသော။ သိဿာဒီဟိ၊ သဒ္ဓိဝိဟာရိက အန္တေဝါသိက ဖြစ်ကြကုန်သော တပည့်အစရှိသည်တို့သည်။ အဘိယာစိတော၊ ရိုသေလေးမြတ်တောင်းပန်အပ်သည်ဖြစ်၍။ (ရစိတောဋ္ဌစပ်လေ။)

တောင်တွင်းကြီးပုရနိသိတော၊ ရတနာတင်းတိမ်အမည်ရှိသော တောင်တွင်းကြီးမြို့မ၏ အနောက်တောင်ထောင့် ကုလလေးတာ အပြန်ငါးရာခန့်ရှိသောအရပ်ဌာနတည်ရှိ၍ ထိုတောင်တွင်းကြီးမြို့လျှင်ဆုမ်းအစရှိသော ပစ္စည်းလေးပါးတို့ဖြင့် မှီရာရှိထသော။ ဝိမာနာရညဝိဟာရေ၊ သူတော်ကောင်းတို့၊ ခိုအောင်းပျော်ပိုက်၊ ရတနာဗိမာန်ကြီး တောရကျောင်းတိုက်၌။ ဘာဝ်ရဟာရေန၊ ပရိယတ္တိမမ္မကို ချပို့ခြင်းစသည်ဖြင့် သာသနာတော်၏ တာဝန်ကို ကျေပွန်စွာရွက်ဆောင်သဖြင့်။ ဝသတာ၊ လေးဖြာစက္ကာ၊ ယားပထဖြင့်၊ မျှတပျော်ပိုက်၊ နှစ်ခြိုက်စွာနေထသော။ နာမေန၊ ဆရာသမား၊ ပညတ်ထားသည့်၊ မွတ်သားဘို့ရာ၊ အဲ့မည်သည်ရှာအားဖြင့်။ သောဘိတောတိ၊ သောဘိတဟူ၍။ သုတေန၊ ထင်ရှားထသော။ (ဌင်းပုဒ်ထည့်သည်) မေ-မယာ၊ ဝါလေးဆယ်ကျော်ရှည်၊ ငါမထေရ်သည်။ (ရစိတောဋ္ဌစပ်)

ဇနေသု၊ ဆိုအပ်ခဲ့ပြီးသော သဒ္ဓိဝိဟာရိက အန္တေဝါသိကတပည့်အစရှိသော အဘိယာစက ပုဂ္ဂိုလ်တို့၌။ ဒယံ၊ ကရုဏာထား သနားခြင်းကို။ အာဝကမ္မ၊ စွဲမြဲသမျှ၊ အကြောင်းပြု၍။ ဝိနိစ္ဆယော၊ အထူးထူးအပြားပြား၊ ဆရာတော်အမျှားတို့၏အထံမှ၊ ရအပ်သောအဆုံးအဖြတ်ရှိသော။ သီမာယတ္ထ ပကာသကော၊ သီမံနှင့်စပ်ကာ၊ မျှားစွာသောအကြောင်းအကျိုးကို ပြတတ်

ထသော။ သတ္ထသမ္ဘဝနှောဝ၊ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ လာသော အနက်အဓိပ္ပာယ်နှင့် ပြည့်စုံထသော။ အယံဂန္ထော၊ သီမာယတ္တဝိနိစ္ဆယ၊ နာမတင့်ဆန်း၊ ဤစာကျမ်းကို။ ရေစီတော၊ အတ္တုက္ကံသန–ပရဝံမ္ဘန–ဥပါရမ္ဘ စသည်ကင်းဝေး၊ ညစ်ကြေးမတင်၊ စီရင်အပ်ပါသတည်း။

အယံဂန္ထော၊ သီမာယတ္တဝိနိစ္ဆယ၊ နာမတင့်ဆန်း၊ ဤစာကျမ်းသည်။ နဝတိ သတိသဒေတက၊ သဟာသပါပုဏော၊ သက္ကရာဇ်ကောဇော (၁၃၃၉) တထောင် သုံးရာ သုံးဆဲ့ကိုး ခုနှစ်သို့ ရောက်လတ်သောအခါ၌။ ဇေဋ္ဌမာသိက ကဏှသ၊ စမ္မယ်ပန်းပွင့်ခ၊ နယုန်လ၌ ဖြစ်သော လဆုတ်ပက္ခ၏။ ဒွါရသကေ၊ ရောင်စုံပျော့ကာ်၊ တဆဲ့နှစ်ရက်မြောက်ဖြစ်သော။ ဒိနေ၊ တနင်္ဂနွေနေ့၌။ ဣတိ–သဒ္ဒတ္ထော၊ အောင်လံစိုက်ဆောက်၊ ခရီးပေါက်၍၊ အပြီးအဆုံးသို့ ရောက်ပါသတည်း။

အယံဂန္ထော၊ သီမာယတ္တဝိနိစ္ဆယ၊ နာမတင့်ဆန်း၊ ဤစာကျမ်းသည်။ အနန္တရာဒယောစ၊ အနန္တရာယ်ကင်းဆိတ်၊ ကိုယ်စိတ်ရှင်လန်း၊ မပင်ပန်းသည် သာလျှင်။ ဟုဘုဝ၊ ဖြစ်၍။ နိဋ္ဌိဒေတာယထာ၊ အောင်လံစိုက်ဆောက်၊ ခရီး ပေါက်၍၊ ပြီးဆုံးခြင်းသို့ရောက်သကဲ့သို့။ တထာ၊ ထိုနှင့်မခြားအလားတူစွာ။ ပါဏိနံ၊ လုံးစုံမျှားစွာ၊ သတ္တာ ဝါ ဘိုဒ်။ ဝါ·သတ္တဝါတို့အား။ ကလျာဏ သက်ပွား၊ လူနတ်နိဗ္ဗာန်၊ သုံးဘန်ချမ်းသာ၊ ရဟုရကြောင်း၊ အကြံအစည် ကောင်းတို့သည်။ သီဃံ၊ မကြာမတင်၊ လျင်လျင်မြန်မြန်။ သိဒ္ဓန္တု၊ အောင်လံ စိုက်ဆောက်၊ ခရီးပေါက်လျက်၊ ပြီးမြောက် အောင်မြင်နိုင်ကြ ပါစေကုန် သတည်း။

ဤဘိဤမိနာဝစနက္ကမေန၊ ဤသို့ရေးသားစီရင်၊ တိထွင်အပ်ခဲ့သော စကားအစဉ်ဖြင့်။ သီမာယတ္တဝိနိစ္ဆယော၊ သီမာယတ္တဝိနိစ္ဆယ၊ နာမတင့်ဆန်း၊ ဤစာကျမ်းသည်။ နိဋ္ဌိတော၊ နိဂုံးထပ်လျှောက်၊ တံခွန်ဆောက်သို့၊ အပြီး အဆုံးသို့ရောက်သတည်း။

တောင်တွင်းကြီးနဂရေ
ဝိမာနာရညကဝိဟာရံ ဝိပတိ
ဂဏစေ ါစကခမ္ဘာစရိယော
ဘဒန္တသောဘိတောနာမ မဟာထေရော။ ။

ဤသီမာယတွဲကျမ်းဝိနိစ္ဆယကျမ်းကို

တောင်တွင်းကြီးမြို့မှ ဦးတင်လှ(ခေါ)ဦးလေးလှနှင့်

သိန်းဆန်းဦး ပုံနှိပ်တိုက်ပိုင်ရှင် ဦးမြင့်ဦး-ဇနီး ဒေါ်ယဉ်နု မိသားစုတို့က

ဓမ္မဒါနအဖြစ်လှူဒါန်းပါသည်။

ဤသီမာယတ္တဝိနစ္ဆယ ကျမ်းသည် သိမ်သမုတ် လိုသော ရဟန်းတော်များအဖို့ မည်သည့်သိမ်မျိုးကို သမုတ်လိုသော် မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို ကျမ်းဂန် ပေါင်းစုံ ရှာဖွေ လှန်လှောကြည့်ရှုနေစရာမလိုပဲ အလွယ်တကူ ရှာဖွေ ကြည့်ရှု နိုင်ရန် နည်းအမျိုးမျိုး ပုံအမျိုးမျိုးဖြင့် မီးမောင်းထိုးပြ ထားသည့် အပြင် ကျမ်းဂန်ဆရာချင်း အယူဝါဒ မညီမျှ ကဲ့ပြား ခြားနားမှု ကိုလည်း အာစရိယဝါဒ အတွေ့နှောမတိ စသည်ဖြင့် ညွှန်ပြ ထားသည့် ကျမ်းမြတ်စာဆု ဖြစ်သည့်အတွက် ရဟန်းတော်များ ဆောင်ထားထိုက်သည့် အပြင် သိမ်ဒါယကာပြုလုပ်လိုသူများအတွက်လည်း လေ့လာ သင့် လေ့လာထိုက်သော စာအုပ်ကောင်းတအုပ်ဖြစ်ပါသည်။